
www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

လျှို့ဝှက်ဆန်းကြယ်စာရေးဆရာကြီး

# သူရိန်ဇော

# ဘိုင်ဘိုနန်းထိုက်နှင့်သံမဏိမုဆိုး

စဆုံးလုံးချင်း

အသစ်စက်စက်

www.burmeseclassic.com

www.burmeseclassic.com

စာမူခွင့်ပြုချက်အမှတ် - ၅၈၈ / ၂၀၀၃ (၅)
မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၆၃၈ / ၂၀၀၃ (၆)

ပထမအကြိမ်
၂၀၀၃–ခုနှစ် ဇူလိုင်လ၊ ဩဂုတ်လ

တန်ဖိုး - ၅၀၀ ကျပ်
အုပ်ရေ - ၅၀၀
အတွင်းနှင့်အဖုံးပုံနှိပ် - ဒေါ်ခင်စန်းမြင့် (၀၅၅၄၉)
ဟသ်ာပုံနှိပ်တိုက်
အမှတ်–၁၁၊ ၁၂၅–လမ်း၊
မင်္ဂလာတောင်ညွန့်၊
ရန်ကုန်မြို့။
ထုတ်ဝေသူ - ဦးနှင်းဆွေ (၀၉၈၃)
ပန်းလက်ဆောင်စာပေ
အမှတ်–၅၁၆(ခ)၊ ပုလဲ ၄–လမ်း
၅–ရပ်ကွက်၊ မ/ဥက္ကလာပ၊
ရန်ကုန်မြို့။

BURMESE CLASSIC .com



ညသည် လိုသည်ထက် ပို၍မှောင်မဲတိတ်ဆိတ်နေ၏။ ကွယ်ညတော့ မဟုတ်ပါ။ သို့သော် ကောင်းကင်ယံတွင် ထူထပ် ှောင်မဲသော တိမ်သားများက ပိတ်ဆို့ထားသောကြောင့် လရောင် ကြယ်ရောင်များပါ ထွန်း၀ လင်းလက်နိုင်ခြင်း မရှိတော့။

သစ်ပင်ရင်များ၊ အရောင်မဲ့လမ်းမီးတိုင်များက တိတ် တ် ငြိမ်သက်နေသော ရပ်ကွက်ကလေးကို ပို၍ အမှောင်ထု သွမ်းစေရန် အားပေးနေသကဲ့သို့ပင်၊ ဤအချိန်မျိုး ဤနေရာ သည်ပင် ဒုစရိုက်သမားတို့၏ နှစ်သက်ရာ သည်းခြေကြိုက် ရာမျိုးဟု ဆိုရပေမည်။

မြို့စွန်ရပ်ကွက်ရှိ ခြံ၀င်းကျယ်ကြီးတစ်ခုတွင် သစ်သား မ်လေးတစ်လုံး ရှိသည်။ ထိုသစ်သားအိမ်လေးမှာ အမှောင်ထု တွင် အေးဆေးတည်ငြိမ်စွာ အိပ်မောကျနေသည်ဟု ထင်မှတ်ရ

www.burmeseclassic.com

www.burmeseclassic.com



၏။ လမ်းပေါ်တွင် လူသွားလူငယ်များ ကင်းမဲ့လျက်ရှိ နေလေပြီ။

သို့သော် ခြံဝင်းထောင့်ရှိ ခရေပင်ကြီးအောက်တွင် လူ တစ်ယောက်သည် မားမားမတ်မတ်ရပ်လျက် ခြံဝင်းထဲရှိ အိမ်ကြီး ကို မျက်မတောင်မခတ်တန်း ကြည့်ရှုနေ၏။ အမှောင်ရိပ်ထဲတွင် ရှိနေသော လူသည်ခပ်တိုးတိုး ဘျိတ်၍ ဆုတောင်းနေသည်။

"မိုးတော့ မရွာလိုက်ပါနဲ့ မိုးရွာရင်တော့ အကုန်ရှုပ် ထွေးကုန်မှာပဲ"

အမှောင်ရိပ်မှလူသည် ကျင့်သားရနေသော မျက်လုံး များဖြင့် ခြံဝင်းထဲရှိ အိမ်ကြီးရှိရာသို့သာ ငေးမော၍ကြည့်ရှုလျက် ရှိသည်။ ထိုအိမ်ထဲတွင် မီးရောင်ဟူ၍ လုံးဝမရှိပါချေ။ မီးထွန်း ညှိထားခြင်းမရှိသည်မှာ အပြင်မှ မီးရောင်ကြောင့် သွားလာလှုပ် ရှားမှုများကို မြင်တွေ့ရမည်စိုးသောကြောင့်ပင် ဖြစ်ဟန်ရာသည်။

မကြာမီ အိမ်ကြီးရှိရာသို့ လူအုပ်စု တစ်ခုချဉ်းကပ်လာ သည်။ အမှောင်ထဲတွင် တွားသွားသတ္တဝါများကဲ့သို့ တရွေ့ရွေ့ ချဉ်းကပ်လာကြခြင်းပင် ဖြစ်၏။ သူတို့၏လက်ထဲတွင်လည်း လက်နက်များကို ကိုင်ဆောင်လာကြလေသည်။

ဤသို့ဆိုလျှင် ထိုသူများသည် အကြောင်းမဲ့သက်သက် တော့ ခြံဝင်းကျယ်ကြီးရှိရာသို့ အပျင်းပြေ လာရောက်ကြခြင်း မဖြစ်နိုင်ပေ။ ဤမျှမှောင်မိုက်သော ကာလတွင် အိမ်ကြီးရှိရာသို့ ချဉ်းကပ်လာကြသည်မှာ အရေးကြီးသော အကြောင်းတစ်ခု



တစ်ရာရှိပေမည်။

အိမ်ကြီးအနားသို့ ရောက်ရှိလာသည်နှင့် တစ်စုတဝေး သည်ရှိနေသော လူများမှာ ခြံဝင်းပတ်ပတ်လည်တွင် လူဖြန့်ကာ င်းလိုက်ကြသည်။

"ဟော"

လရောင်သည် တိမ်ထုကြားမှ မနဲကြီး ရုန်းကန်ကာ သဘာ လောကကြီးကို အလင်းရောင်ပေးဝေရန် ကြိုးစားထွက်ပြူ သာရှာ၏။

ထိုအခါ လရောင်ကြောင့် သစ်သားပျဉ်ထောင်အိမ်ကြီး ခြံဝင်းကျယ်ကြီးထဲတွင် ငြိမ်သက်နေသည်ကို ထင်ရှားစွာ င်ရသည်။ အိမ်မှာသိပ်တော့ မကြီးလှ၊ နှစ်ထပ်ပျဉ်ထောင်အိမ် မျိုးသာ ဖြစ်သည်။

အပေါ်ထပ်ရော အောက်ထပ်မှာပါ မီးရောင်ဟူ၍ လုံးဝ မြင်ရ။ ပုလိပ်အဖွဲ့များကို ဦးဆောင်ကာ ရာဇဝင်လူဆိုး "ဂျော့ သာ" ကိုဖမ်းဆီးရန် ဦးဆောင်လာသည့် ရာဇဝတ်အုပ် ဦးသိုက် န်းမှာ ဇဝေဇဝါဖြစ်သွားသည်။

ထို့ကြောင့် ခရေပင်အောက်ရှိ မှောင်ရိပ်တွင်ရပ်နေကြ သော ပုလိပ်သုံးဦးနှင့် အစောင့်ထားခဲ့သော ပုလိပ်မောင်စိန်တို့ ရှိရာသို့ တိုးကာလာရင်. . .

"မင်းတို့ သတိထားကြနော် ဂျော့ဖိုးသာတို့က လက်ရဲ

www.burmeseclassic.com

www.burmeseclassic.com



ဇက်ရဲ လူသတ်သမား တစ်ယောက်ပဲ၊ လူသတ်မှုကိုအကြိမ်ကြိမ် ကျူးလွန်လာတဲ့ ကောင်ဆိုတော့ ခုခံဖို့ဝန်လေးမှာ မဟုတ်ဘူး၊ သူတို့အရင်တစ်ခါက ဒီလိုပဲ တို့ဝိုင်းပြီး ဖမ်းခဲ့ဖူးတယ်၊ ဒါပေမယ့် သူကပြန်ခုခံပြီး ထွက်ပြေးသွားတယ်။ ဒီတုန်းက သူ့ကို လုယက်မှုနဲ့သာ တို့အလိုရှိတာ ခုလိုလူသတ်မှုနဲ့ မဟုတ်ဘူး။ ခုဆိုပိုဆိုးတာ ငါမခုခံဘဲငြိမ်ပြီးတော့ အဖမ်းခံမှာ မဟုတ်တာ ကြိမ်းသေတယ်။

ပုလိပ်များမှာ သူတို့ခေါင်းဆောင်၏ စကားကြောင့် အထူးဂရုစိုက်ရန် လိုအပ်ကြောင်းကို သဘောပေါက် နားလည် သွားကြ၏။

“ဘာပဲဖြစ်ဖြစ် သတိရှိပါစေ၊ သတိလွတ်လို့ကတော့ ဂျော့ဖိုးသာရဲ့ ကျည်ဆံဦးက အသည်းနှလုံးတွေကို ပေါက်သွားလိမ့်မယ် ဆိုတာပဲ”

*

လူတိုင်းသည် မိမိအသက်ကို နှမြောတသကြသည်သာ ဖြစ်လေသည်။သာမန်အချိန်များတွင် သေရမှာကို မကြောက်ဟု ပြောဆိုရင်တော့ သတ်ကြသူများပင် တကယ်သေရမည့် အရေးနှင့် ကြုံလာသောအခါ ဂယောင်ချောက်ချားဖြစ်ကာ ထိတ်လန့် လှုပ်ရှားခြင်းမျိုး ပြုတတ်သည်မှာ ဓမ္မတာပင် ဖြစ်သည်။



လူသည် အသက်နှင့်ခန္ဓာ မြဲနေသမျှတော့ မိမိကိုယ်က သူတစ်ပါးတို့ သတ်၍မသေစေရန် ခုခံကြစမြဲဖြစ်ရာ ရာဇဝ အုပ် ဦးသိုက်ထွန်းသည် ပုလိပ်အဖွဲ့က လက်ရဖမ်းဆီးမိပါက ကြိုးစင်သို့တက်ရန်သာ အကြောင်းရှိသော ဂျော့ဖိုးသာ လွယ်လွယ် နှင့် အဖမ်းခံမည်မဟုတ်ဘဲ ခုခံပစ်ခတ်မည်ဟု ကြိမ်းသေပေါက် တွက်ထား၏။

ဂျော့ဖိုးသာသည် နားပါး၏။ မျက်စိလျင်၏။ အလွန် ကြ တည်း ကျဉ်းမြောင်းသော နေရာမှာပင် ထွက်ပေါက်ကိုရှာကာ လွတ်မြောက်အောင်လည်း လုပ်တတ်သူမျိုးဖြစ်သည်။ သာမန် ဝရမ်းပြေးတစ်ဦးကို ဖမ်းသလိုမျိုး အနီးသို့တိုးကာ ဝုန်းကနဲ ဖမ်းခြင်းမျိုးကို မပြုလုပ်ရဲ။

ပြုလုပ်ရဲသည့်တိုင် ထိုသို့ပြုလုပ်ခြင်းဖြင့် လျင်မြန်ပါးနပ် လှသော ဂျော့ဖိုးသာက ပုလိပ်အဖွဲ့ဝင် အကြီးအကဲတစ်ဦးအား တန်ဆာခံလုပ်ကာ ထွက်ပြေးလွတ်မြောက်ဖို့ လမ်းစရသွားနိုင်၏။ တစ်ခါကလည်း ဂျော့ဖိုးသာသည် ရာဇဝတ်အုပ်တစ်ဦးကို တန်ဆာခံလုပ်ကာ ပုလိပ်များအား ခုခံကာကွယ်၍ လွတ်မြောက် တိမ်းရှောင်သွားခဲ့ဖူး၏။

ပုလိပ်မောင်စိန်၏ ပခုံးကို ဦးသိုက်ထွန်းကာ ကုတ်လိုက်သည်။

“မောင်စိန်”

BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



"ဗျာ"

"ဒီကောင် ဒီအိမ်ထဲကိုဝင်သွားတာ သေချာပါတယ်နော်"

"သေချာပါတယ် ဆရာ၊ ကျွန်တော်နဲ့ ပုလိပ်မှုစောဦး နှစ်ယောက်လုံး မြင်တာပါ။ ဒါကြောင့် ကျွန်တော်က သူတို့ကို မျက်ခြေမပြတ် စောင့်ကြည့်ဖို့နေခဲ့ပြီး စောဦးကို ဆရာတို့ဆီအကြောင်းကြား ခိုင်းလိုက်တာပါ"

အသံခပ်တိုးတိုးဖြင့် ရာဇဝတ်အုပ်ဦးသိုက်ထွန်းကို ပုလိပ်မောင်စိန်က ရှင်းပြလိုက်သည်။ ရာဇဝတ်အုပ် ဦးသိုက်ထွန်းက သူ့လူများ အိမ်ပတ်ပတ်လည်တွင် နေရာယူပြီးသည်အထိ အခြေအနေကို စောင့်နေခြင်းဖြစ်၏။

"မောင်စိန်"

"ဗျာ"

"မင်း စောင့်ကြည့်နေတဲ့ အချိန်မှာ ဘာလှုပ်ရှားမှုတွေ ရှိလဲ"

"ဘာမှ လှုပ်ရှားမှုတော့ မရှိဘူးဆရာ၊ အိမ်ထဲကို ကျော့ဖိုးသာ ဝင်သွားတဲ့ အချိန်ကစပြီးတော့ မီးရောင်ကို မမြင်ရတော့ဘူး၊ မီးမှိတ်ပြီးတော့ ငြိမ်သက်သွားကြတာပါပဲ"

"အေး ဒီကောင်က တစ်ခြားရာဇဝတ် ကောင်တွေထက် ဉာဏ်များတယ်၊ မင်းတို့ သူ့နောက်ခြေရာခံပြီး လိုက်လာတာကို မသိဘူးဆိုရင်တော့ ဒီကောင် ဒီအိမ်ထဲမှာ ခိုအောင်းနေဖို့ စိတ်ကူး

BURMESE CLASSIC .com



တာအမှန်ပဲ၊ ကဲ. . ဟိုကောင်တွေ နေရာယူပြီးရင် ငါ ခြံရှေ့က ဝင်မယ်"

"ဖြစ်ပါမလား ဆရာ"

ပုလိပ်မောင်စိန်က စိုးရိမ်သံဖြင့် ပြောလိုက်လေသည်။ ရာဇဝတ်အုပ် ဦးသိုက်ထွန်းက စိတ်ကိုတင်းလိုက်ပြီး. . .

"မဖြစ်လို့မရဘူး၊ ဒီကောင့်ကိုမိဖို့ အရေးကြီးတယ်၊ ဒီကောင်တွေရဲ့ လက်ထဲမှာ လက်နက်ရှိတယ်၊ ဒီတော့ လက်နက်ချခိုင်းရမယ်"

ဟု ပြောလိုက်သည်။ ထို့နောက် လက်ထဲတွင် ကိုင်ထားသော စတင်းဂန်းသေနတ်ကိုဗိုက်လျက် ခြံဝသို့ တရွေ့ရွေ့လှမ်းသွားလေတော့သည်။ ပုလိပ်မောင်စိန်တို့ သုံးဦးသည်လည်း သူတို့၏ ခဲဖယ် သေနတ်များကို အသင့်ပြင်ကာ နောက်မှကပ်၍ လိုက်သွားကြလေသည်။

ခြံဝင်းပေါက်ဝမှ သစ်သားပျဉ်ထောင် အိမ်ရှိရာသို့ ရာဇဝတ်အုပ် ဦးသိုက်ထွန်းသည် စတင်းဂန်းကိုကိုင်ကာ ခြံပေါက်သို့ ချဉ်းကပ်လာခဲ့လေသည်။

လရောင်ကြောင့် သစ်သားပျဉ်ထောင် အိမ်ကြီးထဲသို့ အပြင်မှလူများက မမြင်တွေ့နိုင်သော်လည်း အိမ်ထဲတွင်ရှိသူများကမူ ခြံဝင်းစပ်သို့ ကပ်လာသူများအား မြင်တွေ့နိုင်သည် ရှိသည်။

www.burmeseclassic.com

www.burmeseclassic.com



လေသည်။

"ဟော့. . . ဂျော့ဖိုးသာ လက်နက်ချပြီး အပြင်ကို ထွက်ခဲ့ပေတော့၊ မင်းကိုပုလိပ်အဖွဲ့တ ဝိုင်းထားပြီး ထွက်မလာရင် အိမ်ထဲကို ကျည်ဆံတွေတို့ ပစ်ထည့်ရလိမ့်မယ်"

"ဖောင်း"

"ချွမ်"

အော်ဟာစ်အမိန့်ပေး သံနှင့်အတူ ရာဇဝတ်အုပ် ဦးသိုက်ထွန်းက သေနတ်တစ်ချက်ကို ပစ်ဖေါက်ကာ ပျဉ်ထောင်အိမ်မှ မှန်တံခါးတစ်ချပ်ကို ခွဲပစ်လိုက်သည်။

"ဟင်"

ညအမှောင်ထဲတွင် ဦးသိုက်ထွန်း၏ အသံက ကျယ်လောင်စွာ ထွက်ပေါ်လာသော်လည်း အိမ်ထဲမှလူများ၏ ပြန်လည်ပြောဆိုသံ၊ ပစ်ခတ်သံကို မကြားရပေ။ ဂျော့ဖိုးသာသည် ဒေါသကြီးသူ ဖြစ်သည်။ သူသည် ပုလိပ်အဖွဲ့များကို ရင်ဆိုင် တိုက်ခိုက်ဖူးသူ ဖြစ်သောကြောင့် လက်တုန့်ပြန်တော့ တိုက်ခိုက်ဖို့လည်း ဝန်လေးသူမျိုး မဟုတ်ပေ။

ရာဇဝတ်အုပ် ဦးသိုက်ထွန်းသည် ခြံဝထောင့်ရှိ ပန်းခုံအကွယ်တွင်ဝပ်ကာ စတင်းဂန်သေနတ်ကို အသင့်ကိုင်ထားရင်းမှ စောင့်ကြည့်နေသည်။ ထူးတော့ ထူးခြားလှသည်။

ပျဉ်ထောင်အိမ်ထဲတွင် သက်ရှိသတ္တဝါဟူ၍ တစ်ဦးတစ်



ယောက်မျှပင် မရှိတော့သယောင် ငြိမ်ချက်သား ကောင်း၍နေ၏။ ပုလိပ်မောင်စိန်မှာ ရဲအဖွဲ့တွင် အတွေ့အကြုံရှိသော လုပ်သက်ရင့် ပုလိပ်တစ်ဦး ဖြစ်သောကြောင့် ဂျော့ဖိုးသာ အိမ်လေးထဲသို့ ဝင်သွားသည်ကို မျက်ဝါးထင်ထင် မြင်တွေ့ခဲ့သူ ဖြစ်သည်။

"ဆရာ. . . ဒီကောင် အိမ်ထဲမှာ ရှိကိုရှိတယ်၊ ဘာအကြံအစည် လုပ်နေသလဲ မသိဘူး"

ပုလိပ်မောင်စိန်က ပျဉ်ထောင်အိမ်ရှိရာသို့ သေနတ်ဖြင့် ချိန်ရွယ်ကာ ဝပ်နေရင်း နောက်ဖက်မှ သတိပေးလိုက်ပြန်သည်။

"သေချာရဲ့လား"

"သေချာပါတယ် ဆရာ၊ တစ်ချိန်လုံး ကျွန်တော် ဟို ခရေပင်အောက်က စောင့်ကြည့်ခဲ့တာပဲ၊ အိမ်ထဲက ဘယ်သူမှ အပြင်မထွက်သေးဘူး"

ရာဇဝတ်အုပ် ဦးသိုက်ထွန်းက ရှေ့သို့ သုံးလေးလှမ်းမျှပြေးတက်ကာ ချုံဘေးတွင်ဝပ်ရင်း. . .

"ဟော့. . . ဂျော့ဖိုးသာ မင်း မသေချင်ရင် လက်မြှောက်ပြီး ထွက်ခဲ့ပါ၊ တို့အိမ်ပတ်ပတ်လည်ကို ဝိုင်းထားတယ်၊ မင်း လက်မြှောက်ပြီး ထွက်လာရင် 'အသက်ချမ်းသာပေးမယ်၊ ဂျော့ဖိုးသာ မင်း မသေချင်ရင် အေးအေးဆေးဆေး ထွက်လာခဲ့ပါ၊ တို့ မင်းကို တစ်မိနစ်တိတိ အချိန်ပေးမယ်"

အိမ်တွင်းမှ အသံမှာ လုံးဝတိတ်ဆိတ်မြဲ တိတ်ဆိတ်လျက်

BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



ရှိလေသည်။ အချိန်မှာ ညကိုးနာရီ ကျော်နေပြီဖြစ်ကြောင်း သူ၏ အနုမြူလက်တံနှင့် နံပါတ်ပါသော ဘယ်လက်ရှိ ညကြည့်နာရီက ဖော်ပြလျက် ရှိလေသည်။

ရာဇဝတ်အုပ် ဦးသိုက်ထွန်းသည် သူ၏အိမ်တွင် ကျန်ခဲ့သော ဇနီးနှင့် သမီးငယ်လေးများကို မျက်လုံးထဲတွင် မြင်ယောင်လာသည်။ ပုလိပ်မင်းကြီးက. . .

"မင်းတို့ ဒီဂျော့ဖိုးသာဆိုတဲ့ ဝရမ်းပြေးတစ်ယောက်ကိုမှ မဖမ်းနိုင်ရင် ပုလိပ်အဖွဲ့က နုတ်ထွက်ပေတော့"

ဟုဆိုသော အသံကိုလည်း နားထဲတွင် ကြားယောင်လာသည်။

တစ်မိနစ်ဆိုသော အချိန်မှာကာ နည်းလှသည်တော့ မဟုတ်ပါ။ တစ်စက္ကန့်ချင်း တစ်စက္ကန့်ချင်း ကျော်ဖြတ်နေသည့် အချိန်ကိုစောင့်ရင်း ရာဇဝတ်အုပ် ဦးသိုက်ထွန်းသည် သူသေကိုယ်သေ တိုက်ခိုက်ရမည့် ဂျော့ဖိုးသာနှင့်ရင်ဆိုင်ဖို့ တွေးလာရသည်။

ဤတစ်ပွဲတွင်တော့ သူ့အသက်လည်း သေချင်သေမည်။ မတတ်နိုင်တော့ အချိန်တစ်မိနစ် ပြည့်သည်နှင့်ပင် ရာဇဝတ်အုပ် ဦးသိုက်ထွန်းသည် အိမ်ထဲသို့ စတင်းဂန်း ကျည်ဆံများကိုပစ်ရင်း ပန်းချုံဘေးမှ ပြေးထွက်လာလေတော့သည်။

"ဒက်. . . ဒက်. . . ဒက်. . . ဒက်"



အိမ်နှင့် နီးရာသို့ပစ်ရင်း ပြေးဝင်လာသော ရာဇဝတ်အုပ် ဦးသိုက်ထွန်းသည် သဲကန္တာရကို အလျားလိုက် ပြေးနေရသကဲ့သို့ပင် ခရီးဝေးလှသည်ဟု ထင်မိ၏။

"ဝုန်း"

မကြာမီပင် အိမ်လှေကားရင်းသို့ သူ ရောက်လာခဲ့သည်။ လှေကားရင်းတွင် သူ ဝပ်ချကာ အိမ်တံခါးပိတ်ထားသည့် ပျဉ်ထောင်အိမ်ကြီးကို ကြည့်နေသည်။ စက်တင်းဂန်းကိုလည်း တံခါးဝသို့ ချိန်ရွယ်ထားခဲ့သည်။

သို့သော် အိမ်တံခါးကြီးသည် ဝုန်းကနဲ ပွင့်မလာခဲ့ပါချေ။ သေနတ် ကျည်ဆံများလည်း ထွက်ပေါ်လာခြင်းမရှိခဲ့။

"အင်း. . . ဒီကောင် အိမ်ထဲမှာပဲ သေနတ်မှန်ပြီး သေနေပြီလား"

သူ ဒရဟောပစ်ခဲ့သော ကျည်ဆံများကပင် ဂျော့ဖိုးသာကို ထိမှန်သွားပြီလားဟု ထင်မှတ်ခဲ့လေသည်။ သို့သော် သေချာအောင်တော့ ကြည့်ဖို့လိုသည်။ သူသည် အိမ်လှေကားထစ်များပေါ်သို့ ပြေးတက်ကာ တံခါးဝမှရပ်၍ အိမ်ထဲသို့ စတင်းဂန်းဖြင့် မွှေ့ကာဆွဲရမ်းလိုက်ပြန်လေသည်။

"ဒက်. . . ဒက်. . . ဒက်. . . ဒက်"

နေရာအနှံ့အပြားသို့ တရစပ်ပစ်လိုက်ခြင်း ဖြစ်လေသည်။ သို့တိုင်အောင် အိမ်ထဲမှ လှုပ်ရှားသံလုံးဝမရှိ သေချာသွားပြီ။

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



ဂျော့ဖိုးသာ အိမ်ထဲတွင်ရှိလျှင်လည်း သေလောက်ပြီး အကယ်၍ မရှိလျှင်လည်း ထွက်ပြေးလွတ်မြောက်သွားပြီဟု ဦးသိုက်ထွန်းက ယူဆလိုက်လေသည်။

ထို့ကြောင့် သူသည် အိမ်တံခါးကို ခြေထောက်နှင့် တအားဆန့်ကာ ဖွင့်လိုက်လေတော့သည်။

"ဝုန်း. . ."

အိမ်တွင်းသို့ သူ လျင်မြန်စွာ လှမ်းဝင်လိုက်သည်နှင့် အသင့် လှေကားရတွင် တန်းထားသော ကြိုးကိုခလုတ်တိုက်ကာ မှောက်လျက် လဲကျသွားလေသည်။

BURMESE CLASSIC .com

*

"အား"

"ဝုန်း. . . ဝုန်း. . . ဝုန်း"

ဆိုးရွား လှဘိတော့သည်။ ကြိုးတန်းပေါ်မှ လဲကျလာသော ရာဇဝတ်အုပ်ဦးသိုက်ထွန်းသည် ကြိုးတန်းနှင့် ဆက်သွယ်ထားသော ဗုံးများကိုခလုတ်ဆွဲကာ ဖေါက်ခွဲလိုက်သကဲ့သို့ ဖြစ်သွားသည်။

သူမှောက်လျက်လဲသည် ဝမ်းဗိုက်အောက် တည့်တည့်မှ



တစ်လုံးက သူ့ကိုယ်ခန္ဓာကြီး တစ်စစီဖြစ်အောင် ဖောက်ခွဲလိုက်သည်။

ထောင်ချောက်ဆင်ထားသော ယမ်းအိုးလူးဖြင့် လုပ်ထားသော ပစ်ဗုံးမျိုး ဖြစ်သည်။ ကုလားမ ချင်းတောင်းတံဆိပ်ပါသော ဘူးခွံထဲတွင် သံတိုသံစများနှင့် ယမ်းများထည့်ကာ ပေါက်ကွဲအောင် စီစဉ်ထားခြင်းဖြစ်၍ ပေါက်ကွဲမှုက ပြင်းထန်လှသည်။

ဗုံးသုံးလုံးက တစ်လုံးပြီးတစ်လုံး အဆက်မပြတ် ပေါက်ကွဲသောကြောင့် ရာဇဝတ်အုပ် ဦးသိုက်ထွန်းမှာ ထိုနေရာတွင် အသက်ပျောက်သွားပြီ ဖြစ်လေသည်။ ထိုအချိန်တွင် ပေါက်ကွဲသံကို နားထောင်နေသော လူတစ်ဦးသည် ရာဇဝတ်အုပ် ဦးသိုက်ထွန်းတို့ ဝိုင်းရံကာ ပစ်ခတ်နေသည့် ခြံဝင်းထဲမှ ထောင်အိမ်နှင့် သုံးလမ်းကျော်တွင်ရှိသော အော်စတင်အစား ကားကလေးထဲတွင် ထိုင်၍နေခဲ့လေသည်။

အနောက်တိုင်းဝတ်စုံကို ကျကျနန ဝတ်ဆင်ထားပြီး ခေါင်းပေါ်တွင် သက္ကလပ်ဦးထုပ်ကို ခပ်ငိုက်ငိုက်ဆောင်ကာ ပိုလိုပ်ရက်ကို ခပ်အေးအေး ဖွာလျက်ရှိသော ဂျော့ဖိုးသာပင် ဖြစ်သည်။

ဂျော့ဖိုးသာသည် ပုလိပ်မောင်စိန်နှင့် ပုလိပ်စောဦးတို့ နောက်ကို ခြေရာခံလိုက်ပါလာကတည်းက သူရိပ်မိသည်။ နောက်သို့ မကြာမီပုလိပ်များ လိုက်ပါလာကြတော့မည်ကို

www.burmeseclassic.com

www.burmeseclassic.com



သူရိုပ်မိသည်။ ထို့ကြောင့် အဆင်သင့်ယူလာသော သုံးဆင့်ပေါက်ကွဲသည့် လုပ်လက်ပစ်ဗုံးကို သူသည် အိမ်ထဲတွင် ကြိုးနှင့်ဆက်ကာ ထောင်ချောက် ဆင်ထားလိုက်သည်။

သူ အလွန်မုန်းသော ရာဇဝတ်အုပ် ဦးသိုက်ထွန်းက သူ့ကို အသက်စွန့်ကာ ဝင်ရောက်တိုက်ခိုက်ဖမ်းဆီးမည်ကို သူတွက်ဆထားပြီးသား ဖြစ်လေသည်။ ထို့ကြောင့်လည်း သူသည် စနက်တံနေရာကို တဲတဲလေးထားကာ တံခါးဝရှိကြိုးကို ချိတ်ထားလိုက်သည်။

စတင်းဂန်း သေနတ်သံကို ကြားကတည်းက သူခိုအောင်းခဲ့သော အိမ်တလေးကို ဝိုင်းနေကြောင်း သူ သိလိုက်လေသည်၊ သူသည် နှုတ်ခမ်းကို တွန့်၍ပြုံးကာ. . .

"အင်း. . . ပုလိပ်ရာဇဝတ်အုပ် ဦးသိုက်ထွန်းက သူ့အသက်သူ သေကြောင်း ကြံစည်မှုကတော့ စနေပြီပဲ"

ဟု တွေးလိုက်လေသည်။

မကြာမီ နောက်ထပ်ပစ်လိုက်သော စတင်းဂန်း သေနတ်သံကိုကြားရပြီး သူဆောင်သည့် ဗုံးပေါက်ကွဲသံကို ကြားလိုက်ရသောအခါတွင် ပိုလိုစီးကရက်ကို လွှတ်ပစ်လိုက်ကာ အော်စတင်ကားကို စက်နှိုး၍ မောင်းထွက်သွားလေတော့သည်။

ဗျဉ်ထောင်အိမ်ကလေးထဲသို့ ပုလိပ်မောင်စိန်၊ စောဦးနှင့် အဖွဲ့သားများ ပြေးတက်ကာ လက်နှိပ်ဓာတ်မီး ထိုးကြည့်



လိုက်သောအခါ မြင်မကောင်းအောင် တစ်စစီဖြစ်နေသော ရာဇဝတ်အုပ် ဦးသိုက်ထွန်း၏ အလောင်းကိုသာ တွေ့ကြရလေတော့သည်။

တစ်အိမ်လုံးကို လှည့်ပတ် ရှာဖွေသောအခါတွင်ကား ချော့ဖိုးသာ၏ အရိပ်အယောင်ကိုပင် မတွေ့ရတော့ဘဲ နောက်ဖေးဖက်ချုံကြားမှ ဖောက်ထွက်ပြေးသွားသည့် ချုံပေါက်ရာကိုသာ တွေ့ရလေတော့သည်။

ပုလိပ်မောင်စိန်မှာ ခြံရှေ့ရှိ ခရေပင်အောက်မှ စောင့်ကြည့်နေသောကြောင့် အိမ်နောက်ဖေးပေါက်မှ ချုံခိုကာ ထွက်သွားသော ချော့ဖိုးသာကို မမြင်တွေ့ခဲ့ခြင်းပင် ဖြစ်၏။

ယခုတစ် ကြိမ်တွင်လည်း ပုလိပ်အဖွဲ့ကြီးသည် လူသတ်သမား ရာဇဝင်လူဆိုး ချော့ဖိုးသာ၏ တစ်ပတ်ရိုက်ခြင်းကို ခံလိုက်ရခြင်းဖြစ်ကြောင်း နောက်တစ်နေ့ သတင်းစာများတွင် ရေးသားဖော်ပြကြသည်။

ကြေကွဲဖွယ်ရာ ကောင်းသည်မှာကား ပုလိပ်အဖွဲ့ကြီး၏ တာဝန်ကို အသက်စွန့်ကာ ထမ်းဆောင်သွားသော ရာဇဝတ်အုပ် ဦးသိုက်ထွန်း၏ သုံးနှစ်ရွယ်သားကလေးနှင့် ဇနီးဖြစ်သူ မမြရင် တို့ငိုကြွေးကာ ယူကြုံးမရ ဖြစ်နေသည့်ဓာတ်ပုံကို ဖော်ပြထားခြင်းပင် ဖြစ်တော့သည်။

*

www.burmeseclassic.com

www.burmeseclassic.com



အိုင်အိုနန်းထိုက်သည် သူ့လက်ထဲမှ သတင်းစာကို စားပွဲပေါ်သို့ ပစ်ချကာ ခေါင်းခါလိုက်သည်။

"အင်း. . . ဒါကတော့ တော်တော့်ကိုလူမဆန်တဲ့ လုပ်ရပ်ပဲ မြကေသီ"

အိုင်အိုနန်းထိုက်သည် သူ၏တပည့်မလေးဖြစ်သူ မြကေသီအား ပြောလိုက်သည်။

"ဂျော့ဖိုးသာဟာ တော်တော်ဉာဏ်များပြီး ကြောက်စရာကောင်းတာပဲနော်. . . ကိုနန်းထိုက်"

"ဟုတ်တယ် ရာဇဝတ်အုပ် ဦးသိုက်ထွန်းဆိုတာ ပုလိပ်အဖွဲ့မှာ သိပ်အားကိုးရပြီးတော့ သိပ် သတ္တိရှိတဲ့လူ၊ ဒီလိုလူမျိုးကိုတောင် ရက်ရက်စက်စက် အနိုင်ယူလိုက်တယ်ဆိုတော့ အစ်ကိုတို့ ရပ်ကြည့်နေလို့ မဖြစ်တော့ဘူး မြကေသီ"

မြကေသီ၏ မျက်နှာလေးမှာ အိုင်အိုနန်းထိုက်၏ စကားကြောင့် စိုးရိမ်စိတ်လွှမ်းသည့် အမူအရာများ ပေါ်လာလေသည်။

"ကိုနန်းထိုက်တို့ကို ပုလိပ်မင်းကြီးက ခေါ်တွေ့တယ်ဆို"

"ဟုတ်တယ်၊ ခုတော့ အစ်ကိုရော မူးသာရောပါ ပုလိပ်မင်းကြီးက ဂျော့ဖိုးသာကို မရအရဖမ်းဖို့ တာဝန်ပေးလိုက်ပြီ မြကေသီ"

"ဟင်. . ."



"ဒါကတော့ တာဝန်ဝတ္တရားပဲလေ၊ အစ်ကိုတို့လ ဦးသိုက်ထွန်းလိုပဲ အသက်စွန့်သင့်ရင် စွန့်ရတော့မှာပေါ့"

အိုင်အိုနန်းထိုက်က ဆုံးဖြတ်ချက် ချထားဟန်ဖြင့် ပြောလိုက်လေသည်။

"ခုလောက်ဆိုရင် ဂျော့ဖိုးသာက ရန်ကုန်မြို့က ထွက်ဖို့ကြိုးစားနေရောပေါ့"

မြကေသီက ထင်မြင်ချက် ပေးလိုက်သည်။

"ဒါကတော့ ပုလိပ်အဖွဲ့ကြီး တစ်ဖွဲ့လုံးကလ ဒီလိုတွက်ဆပြီးသားပါ၊ ဒါကြောင့် လေဆိပ်၊ သင်္ဘောဆိပ်၊ ဘူတာရုံနဲ့ မြို့ဝင်မြို့ထွက် ကားလမ်းတွေမှာ ဝင်ထွက်ရှာဖွေမှုတွေ လုပ်နေကြပါပြီ"

အိုင်အိုနန်းထိုက်က ပုလိပ်အဖွဲ့ကြီး၏ စီစဉ်ဆောင်ရွက်ချက်ကို သိရှိထားသောကြောင့် မြကေသီကို ဖွင့်ဟပြောကြားလိုက်သည်။

"ကိုနန်းထိုက် သူ့ကိုတော့ ပေါ့ပေါ့တန်တန် ရင်ဆိုင်လို့ရမှာ မဟုတ်ဘူးနော်"

မြကေသီက သတိပေးစကား ပြောကြားလိုက်လေသည်။

"အစ်ကိုကလ အလွယ်တကူဖမ်းလို့ရတဲ့ တရားခံမျိုးကို စိတ်မဝင်စားပါဘူး၊ ဂျော့ဖိုးသာကတော့ သိပ်ပါး သိပ်လျှင်ပြီးတော့ သိပ်ဉာဏ်ကောင်းတဲ့ သူဆိုတော့ ဒီလိုလူမျိုးနဲ့ ယှဉ်ပြိုင်ပြီးတော့ အစ်ကိုအသက် ဆုံးရရင်တောင် တန်တယ်လို့ထင်တယ်"

www.burmeseclassic.com

www.burmeseclassic.com



"အို. . ."

မြကေသီက သူမ၏ပါးစပ်လေးကို ထိတ်လန့်အံ့သြစွာ "အို"ဟုပြောရင်း လက်နှင့်ပိတ်လိုက်၏။

မိန်းမချောလေး မြကေသီမှာ အိုင်အိုနန်းထိုက်ထံသို့ လက်အောက် အမှုထမ်းအနေဖြင့် ရောက်ရှိလာသည်မှာ မကြာ သေးပေ။

အိုင်အိုနန်းထိုက်၏ ကိုယ်ရေးအရာရှိ တစ်ဦးကဲ့သို့ အစ အရာရာ အနီးကပ်ဆောင်ရွက် လုပ်ကိုင်ပေးနေရ၍ မသိမသာ သံယောဇဉ် တွယ်တာနေသော မိန်းမပျိုလေးလည်း ဖြစ်သည်။

မြကေသီသည် အိုင်အိုနန်းထိုက်ရှေ့ရှိ ကော်ဖီပန်းကန် လေးထဲသို့ သူမ ကိုယ်တိုင်ဖျော်ထားသည့် ကော်ဖီပူပူကို ကြွေကရား အိုးထဲမှ လောင်းထည့်ပေးလိုက်လေသည်။

"အစ်ကိုသတိထားရမှာ သူဟာဘယ်တော့မှ အသွ သဏ္ဌာန် တစ်မျိုးတည်းနဲ့နေတာ မဟုတ်ဘူး၊ ပြီးတော့ သူက မှော ထဲကလူ အစ်ကိုက အလင်းကလူဆိုတော့ သူဟာ သူ့ရန်သူ အမြဲလက်ဦးအောင် ကြိုတင်လုပ်ကြံတတ်တယ် ဆိုတာပါပဲ"

အိုင်အိုနန်းထိုက်က ကော်ဖီပန်းကန်ကို ယူကာ တ ငုံ့ငုံ့ကာ မြို့ချလိုက်၏။

"မြကေသီ"

"ရှင်. . ."



"မနက်ဖြန်ပဲ အစ်ကို ခရီးထွက်ရလိမ့်မယ်၊ ရှုံးကိစ္စတွေ ကို တာဝန်ယူလိုက်ပါနော်"

*

မကြာသေးမီကမှ ဘဏ်တိုက်တစ်ခုကို ဓားပြတိုက်ထား သောကြောင့် ဂျော့ဖိုးသာတွင် ငွေကြေးအလုံအလောက် ရှိနေ လေသည်။ သူသည် ပုလိပ်အဖွဲ့က မြင်သာထင်သာသော ရာဇ တ်မှု ကျူးလွန်တတ်လေသူများနှင့် အသင်းအဖွဲ့ဖွဲ့ကာ လုပ် ရှားမှုမျိုးကို မြုလုပ်လေ့ မရှိပေ။

အဘယ်ကြောင့်ဆိုသော် ရာဇဝတ်မှု ကျူးလွန်သော သာမန်လူဆိုး၊ သူခိုးတို့မှာ စရိုက်ကြမ်းတမ်း၍ ဉာဏ်ပညာ နည်း ကြလေ့ရှိသည်။ ထိုသူမျိုးနှင့် ပူးပေါင်းဆောင်ရွက်ပါက မကြာခင် ပုလိပ်အဖွဲ့သို့ သစ္စာဖောက်ကာ ထွက်ဆိုသောကြောင့် သူ့ကို ဖမ်းဆီးရမိသွားနိုင်ကြောင်း နားလည်းထားသည်။

ဂျော့ဖိုးသာသည် ကျူးလွန်ခဲ့သော ရာဇဝတ်မှုများအရ ညှိသည့် ပုလိပ်အဖွဲ့၏လက်သို့မျှ အရောက်မခံနိုင်။ ပုလိပ် အဖွဲ့က သူ့ကို ဖမ်းမိ၍ တရားရုံးသို့သာ ပို့ဆောင်ခြင်းခံရပါက သူ့အတွက် ကြိုးဒဏ်မှလွဲ၍ အခြားသက်သာစရာ လမ်းမရှိနိုင်ပေ။

ဤကိစ္စရပ်ကို သိထားသော ဂျော့ဖိုးသာသည် ဉာဏ်

www.burmeseclassic.com

www.burmeseclassic.com



ကောင်း၍ သွေးအေးလှသော ရာဇဝတ်မှု ကျူးလွန်ရဲသူမျိုးကိုသာလျှင် ရွေးချယ်ကာ ပေါင်းသင်းလေ့ ရှိခဲ့သည်။

ယခုလည်း ထားဝယ်မြို့သို့ ထွက်ခွာမည့် လေယာဉ်ကို စီးရန် မင်္ဂလာဒုံလေဆိပ်သို့ ဂျော့ဖိုးသာ ရောက်ရှိလာသည်။ သူသည် အပြာရောင် အနောက်တိုင်း ဝတ်စုံကိုဝတ်ဆင်ထားပြီး ဆံပင်ကိုလည်း အနောက်တိုင်းဆန်ဆန် သပ်ရပ်စွာ ဆီလိမ်း၍ ဖြီးသင်ထားသည်။

လက်ထဲတွင် နိုင်ငံခြားသားတို့သာ ကိုင်လေ့ရှိသည့် ခရီးဆောင်အိတ်အနက်ပြားကို ဟန်ပါပါ ဆွဲလာခဲ့၏။ သူ၏ ဝတ်စားဆင်ယင်ပုံနှင့် မျက်နှာအမူအရာကို ကြည့်ခြင်းဖြင့်ပင် လေဆိပ်တွင် စောင့်ကြပ်နေသူတို့မှာ နိုင်ငံခြားသား ခရီးသည်တစ်ဦးဟု ထင်မှတ်ဖွယ်ရာ ဖြစ်သည်။

သို့မဟုတ် အင်္ဂလိပ်ကပြားတစ်ဦးဟု ထင်ဖွယ်ရာရှိသောကြောင့် ဆံပင်ဖားလျား ကုတ်အင်္ကျီအညိုရောင် ခပ်ဖွာဖွာနှင့် လှုပ်ရှားလေ့ရှိသော ဂျော့ဖိုးသာ၏ ရုပ်ရည်နှင့်မည်သို့မျှ သက်ဆိုင်ခြင်း မရှိပေ။

လေဆိပ်တွင် စောင့်ကြပ်ရန် တာဝန်ကျသော ပုလိပ်အရာရှိ ဦးသက်ဝေက ဂျော့ဖိုးသာကိုလှမ်း၍ မြင်သွားလေသည်။ သို့သော် ဂျော့ဖိုးသာဟု လုံးဝမထင်ပေ။

"ဟော့. . ဟိုခရီးသည်က ဘယ်သူလဲ"



သူ့လက်အောက် ပုလိပ်ဝန်ထမ်းကို မေးငေါ့ပြရင်း စုံစမ်းလိုက်သည်။

"အဲဒါ စက်လှေပိုင်ရှင် ဦးရန်နိုင်ကျော်တဲ့ ဆရာ၊ သူနဲ့ စကားပြောနေတာက ထားဝယ်မြို့က ကုန်သည်ကြီးဦးခွန်သာ ဆိုတာပဲ"

ဦးခွန်သာကိုတော့ လူသိများကြသည်။ စစ်ကြီးခေတ်တွင် စက်လှေများ ပိုင်ဆိုင်လျက် ကုန်ရောင်း ကုန်ဝယ်လုပ်ငန်းဖြင့် ကြီးပွားချမ်းသာသူ တစ်ဦးဖြစ်၏။

ပုလိပ်အဖွဲ့ကြီးနှင့် အုပ်ချုပ်သူ အရာရှိပိုင်းတို့နှင့် အတော်အတန်လည်း သိကျွမ်းနေသူဖြစ်ရာ ဦးခွန်သာနှင့်စကားပြောဆိုသူမှာ တော်ရုံတန်ရုံ လူမဟုတ်ကြောင်းကို သိရှိသဘောပေါက်သင့်ပေသည်။

မကြာမီမှာပင် မင်္ဂလာဒုံလေဆိပ်မှာ ထွက်ခွာတော့မည်ပါကာ လေယာဉ်ကြီးရှိရာသို့ ဦးခွန်သာနှင့်အတူ ဂျော့ဖိုးသာသည် စကားတပြောပြောဖြင့် ထွက်ခွာသွားလေတော့သည်။ ပုလိပ်အရာရှိ ဦးသက်ဝေသည် ဂျော့ဖိုးသာ၏ နောက်ကျောကို ကြည့်ရင်း ခေါင်းတညိတ်ညိတ်ဖြင့်. . .

"အင်း. . . စက်လှေပိုင်ရှင် သူဌေးတွေကတော့ သိပ်ခန့်ကျတာပေါ့ဗျာ သူတို့အဖို့ လေယာဉ်ပျံနဲ့ ထားဝယ်သွားတာယ်ဆိုတာ အိမ်ရှေ့ကအိမ်နောက် လျှောက်သလောက်ပါပဲ"

www.burmeseclassic.com

www.burmeseclassic.com



ဟု မှတ်ချက်ချလိုက်လေ၏။

ပုလိပ်ဝန်ထမ်းများမှာကား လေဆိပ်သို့ ဝင်လာသည့် ခရီးသည် ကြိုသူပို့သူများထဲ၌ ဂျော့ဖိုးသာဟု မသင်္ကာဖွယ်ရာ ရှိသူများကို ရှာဖွေလျက် ရှိနေလေသည်။

ထိုစဉ်မှာပင် ဂျော့ဖိုးသာ ဝတ်လေ့ရှိသော ကုတ်အညို ရောင် ခပ်ဖွာဖွာနှင့် ဆံပင်ရှည်ရှည် လူတစ်ဦးကိုတွေ့၍ လေဆိပ် အပြင်ဖက်သို့ ပုလိပ်များက ခြေရာခံရန်လိုက်မသွားခဲ့ကြသည်။ ဤသည်မှာလည်း ဂျော့ဖိုးသာ၏ အစီအစဉ်ပင်ဖြစ်ပေတော့၏။

*

ရန်ကုန်မြို့ကြီးတစ်မြို့လုံး၌ ဂျော့ဖိုးသာကို ခြေရာခံကာ လိုက်လံ ရှာဖွေခဲ့ကြသော်လည်း အရိပ်အယောင်မျှကိုပင် မတွေ့ ခဲ့ကြတော့ပေ။ အဘယ်မှ တွေ့ရတော့မည်နည်း။ ဂျော့ဖိုးသာမှာ ရန်နိုင်ကျော် ဟူသော စက်လှေပိုင်ရှင် တစ်ဦးအသွင်ဖြင့် ထား ဝယ်မြို့သို့ လေယာဉ်ပျံဖြင့် လိုက်ပါရောက်ရှိသွားခဲ့ပြီ ဖြစ်ပါ၏။

အင်းစိန်စီအိုင်ဒီရှိ ရုံးခန်းထဲသို့ သန်မာဖျတ်လတ်သော လူငယ်တစ်ဦး ခြေလှမ်းမှန်မှန်ဖြင့် ဝင်ရောက်လာလေသည်။ ရုံး



ခန်း ဆင်နှခါးရွက်တံခါးဝမှ အတွင်းသို့ ဝင်ရောက်လာသည်နှင့် အိုင်အိုနန်းထိုက်သည် ပြုံး၍နှုတ်ဆက်လိုက်သည်။

"မူးသာ မင်းရောက်လာပြီကိုး"

"ဟုတ်ပါတယ် ကိုနန်းထိုက်၊ ကိုနန်းထိုက်က အရေး ပေါ်ကိစ္စနဲ့ တွေ့ချင်တယ်ဆိုလို့"

အိုင်အိုနန်းထိုက် စားပွဲရှေ့ရှိ ခုံလွတ်တွင် ဝင်ထိုင်လိုက် ရင်း ဂျာမဒါမူးသာက ပြောလိုက်သည်။

"ခု ရာဇဝတ်ဝန်ကြီးက မင်းကို မျှော်နေတယ်ကွ"

ခရီးရောက်မဆိုက်ပင် အိုင်အိုနန်းထိုက်က ဂျာမဒါမူး သာကို ပြောလိုက်၏။ ဂျာမဒါမူးသာသည် စုံထောက်ပညာကို အိုင်အိုနန်းထိုက်၏ ကျေးဇူးဖြင့် တတ်မြောက်ကျွမ်းကျင်ခဲ့သူ ဟု ဆိုရပေမည်။

တာဝန်ထမ်းဆောင်ခြင်း မပြုမီကတည်းက အိုင်အိုနန်း ထိုက်သည် ဂျာမဒါမူးသာနှင့် ခင်မင်ရင်းနှီးခဲ့၏။ ထို့ကြောင့် ...းရည်နပ်ရည်ရှိ၍ တိုက်ခိုက်မှုပညာရပ်များနှင့် ကျွမ်းကျင်သော ...ာမဒါမူးသာကို အမှုလိုက်ခြင်းနှင့် ရာဇဝတ်မှုဆိုင်ရာ ပညာ ...ပ်များအတွက် အမေရိကန်ပြည်ထောင်စုသို့ စေလွှတ်ကာ သင် ကြားဖို့ ကူညီခဲ့သည်။

ထက်မြက် စွန့်စားလိုစိတ်ရှိသော ဂျမဒါမူးသာမှာသည်း အမေရိကန် ပြည်ထောင်စုတွင် သုံးနှစ်မျှ မှုခင်းဆိုင်ရာနှင့် စုံ

www.burmeseclassic.com

www.burmeseclassic.com



ထောက်ပညာရပ်များကို လေ့လာဆည်းပူးခဲ့ရလေသည်။ ထို့အကြောင်းကို သိသော ရာဇဝတ်ဝန် မေဂျာအောင်ဒင်သည် အိုင်အိုနန်းထိုက်မှ တစ်ဆင့် ဂျမဒါမူးသာကို စီအိုင်ဒီရုံးတွင် အမှုထမ်း တစ်ယောက်ဖြစ်စေရန် အပူကပ်ကာ ခေါ်ဆောင်ခဲ့ရသည်။

ထို့ကြောင့်ပင် ဂျမဒါမူးသာမှာ မငြင်းသာတော့ဘဲ စီအိုင်ဒီမှာ အမှုထမ်းတစ်ယောက် ဖြစ်လာခဲ့ရလေသည်။

ဂျမဒါမူးသာသည် မြန်မာလက်ဝှေ့၊ အင်္ဂလိပ်လက်ဝှေ့နှင့် လူမျိုးအသီးသီးတို့၏ သိုင်းပညာ၊ နပန်းပညာတို့အပြင် တိုက်ခိုက်မှုအမျိုးမျိုးကို အမြဲသုတေသနပြု လေ့လာကာကျင့်၍ နေတတ်သူ ဖြစ်သည်။

ဝရမ်းပြေး လူဆိုးဓားပြများနှင့် ရင်ဆိုင်ရာတွင် သာမန်အတွေးအခေါ်နှင့် သိုင်းပညာရပ် အနည်းငယ် တတ်ရုံလောက်နှင့် မလုံလောက်ပေ။ ကိုယ်ခံပညာနှင့်သေနတ်ပစ် ကျွမ်းကျင်သော လူဆိုးဓားပြများကို ဖမ်းဆီးဖြိုခွဲနိုင်ရန်မှာ တိုက်ခိုက်မှုရေး လက်နက်များမှာ ကျွမ်းကျင်လုံလောက်သူ တစ်ဦးဖြစ်ဖို့လိုလေသည်။

ဂျမဒါမူးသာသည် အိုင်အိုနန်းထိုက်က ထိုသို့ကျွမ်း ကျင်သူ ထောက်လှမ်းရေးသမား တစ်ဦးဖြစ်အောင် လေ့ကျင့်ပျိုးထောင်ပေးခဲ့သူ တစ်ဦးဟုဆိုလျှင်ကား မမှားပေ။

"ဘာကိစ္စတွေများ ဒီလောက်အရေးကြီးလို့ မင်းကြီး



ကိုယ်တိုင်က ကျွန်တော့်ကို စေလွှတ်ရတယ်ဆိုတာ ပြောပါဦး"

ဂျမဒါမူးသာက စားပွဲပေါ်တွင် လက်တင်ထိုင်ရင်းက ပြောလိုက်၏။

"ကဲ. . မကြာခင် သိရမှာပေါ့ မူးသာရာ၊ ဒါပေမယ့် ငါက ပြောပြတာထက် ရာဇဝတ်ဝန်ကပြောတာ နားထောင်ရတာကို ကောင်းပါတယ်၊ ကဲ. . . သွားစို့"

ရာဇဝတ်ဝန်၏ ရုံးခန်းသို့သွားရန် အိုင်အိုနန်းထိုက်က ဦးဆောင်ကာ ထလိုက်၍ ဂျမဒါမူးသာသည်လည်း အိုင်အိုနန်းထိုက်နောက်သို့ လိုက်ပါလာခဲ့တော့သည်။ ဂျမဒါမူးသာနှင့် အိုင်အိုနန်းထိုက်တို့နှစ်ဦး ရုံးခန်းများထဲမှဖြတ်ကာ သွားသည်ကို မြင်ရင်း စီအိုင်ဒီရုံးမှ ဝန်ထမ်းများသည် တစ်ဦးနှင့်တစ်ဦး လက်တို့လိုက်ကြ၏။

"ဟော့ မောင်နန်းထိုက်နဲ့ ဂျမဒါမူးသာနှစ်ယောက်အတူ ရာဇဝတ်ဝန်ရဲ့အခန်းကို သွားနေပါလား"

"ဟော့. . . ဒါဆိုရင်တော့ ကိစ္စတစ်ခုခု အရေးတကြီး ပေါ်တာ သေချာတယ်"

"သေချာတာပေါ့ကွာ ရာဇဝတ်ဝန် မေဂျာအောင်ဒင်ရယ် အိုင်အိုနန်းထိုက်ရယ်၊ ဂျမဒါမူးသာရယ် သုံးယောက် ခေါင်းချင်းဆိုင်ပြီဆိုမှတော့ တော်ရုံတန်ရုံ ပြဿနာတော့ ဘယ်ဟုတ်တော့

www.burmeseclassic.com

www.burmeseclassic.com



အတွေ့အကြုံရှိကြသော စီအိုင်ဒီအမှုထမ်းများမှာ အိုင်အိုနန်းထိုက်နှင့် ဂျမဒါမူးသာတို့ ထွက်ခွာသွားသည်ကို ကြည့်ရင်း ဝေဖန်ပြောဆိုလျက် ရှိကြလေသည်။ ဂျမဒါမူးသာသည် အိုင်အိုနန်းထိုက်က သာမန်ကိစ္စရပ်များဆိုလျှင် ရာဇဝတ်ဝန်ရှိရာသို့ မခေါ်ဘဲ သူ့ကိုရှင်းလင်းပြောဆိုကာ စေခိုင်းတတ်မြဲ ဖြစ်သည်။

ယခုကိစ္စမှာ ရာဇဝတ်ဝန်ကိုယ်တိုင် သူ့အားတာဝန်ပေးမည့် ကိစ္စဖြစ်သောကြောင့် ယခင်က ကြုံခဲ့ဘူးသော "ကုဋ္ဌာသယဂိုဏ်း" ကဲ့သို့ကြီးမားသော ကိစ္စရပ်ကြီးတစ်ခု ဖြစ်လိမ့်မည်ဟု ခန့်မှန်းမိလိုက်တော့သည်။

အိုင်အိုနန်းထိုက်မှာ အလွန်ပွင့်လင်း၍ စိတ်ကူးဉာဏ်ကောင်းသူဖြစ်ရာ သာမန်ကိစ္စရပ်များ၌ လျှို့ဝှက်ထားတတ်သော အကျင့်မရှိ။ ယခုတော့ တစ်လုံးတစ်ပါဒမျှ မပြောဆိုဘဲ ရေငုံနှုတ်ပိတ်နေသည်ကို တွေ့ရသောကြောင့် အထူးအရေးပေါ် ကိစ္စဟုလည်း နားလည်ထားလိုက်လေတော့သည်။

ထိုအချိန်မှာပင် အိုင်အိုနန်းထိုက်သည် ဆင်နားရွက်တံခါးကို တွန်းကာ အခန်းထဲသို့ ဝင်လိုက်၍ လိုက်ပါသွားရလေတော့၏။

*



အိုင်အိုနန်းထိုက် ဝင်လာသည်ကို တွေ့သည်နှင့် မေဂျာအောင်ဒင်သည် ပြုံး၍ခေါင်းညိတ် ပြလိုက်သည်။

"ထိုင်ပါ၊ ထိုင် မောင်နန်းထိုက်၊ ဩော် . . ဂျာမဒါမူးသာ ပါလာပြီကိုး"

ဂျမဒါမူးသာကလည်း မေဂျာအောင်ဒင်ကို အလေး ပြုကာ ရှေ့ရှိခုံတွင် ဝင်၍ထိုင်လိုက်လေတော့သည်။

"မောင်နန်းထိုက်က သူ့ကို အကြောင်းကြားပြီး ချက်ချင်း ခေါ်လိုက်တော့တာကိုး"

ရာဇဝတ်ဝန် မေဂျာအောင်ဒင်က ဆေးပြင်းလိပ်ကို မီးညှိရင်း ပြောလိုက်၏။

"ဟုတ်ပါတယ် ရာဇဝတ်ဝန်က အရေးကြီးတဲ့ ကိစ္စလို့ ပြောတာနဲ့ ချက်ချင်း လူလွှတ်ပြီးတော့ ခေါ်ခိုင်းလိုက်တာပါ"

"မူးသာက ဘယ်မှာ ရောက်နေလို့လဲ"

ရာဇဝတ်ဝန်က ဂျမဒါမူးသာကိုကြည့်ရင် မေးလိုက်သည်။

"ကျွန်တော်က ရှမ်းပြည်နယ် နောင်ချိုမြို့မှာ ရောက်နေတာပါ"

"ဘာ သွားလုပ် နေတာတုန်း"

"ရုံးမှ အရေးတကြီး မှုခင်းမရှိတာနဲ့ ခွင့်ယူပြီးတော့ နောင်ချိုမြို့က စော်ဘွားတစ်ဦးဆီမှာ "ကမ္ဘောဇ နူးခါချုန်" သိုင်းပညာ

www.burmeseclassic.com

သင်ရင်း လေ့ကျင့်နေတာပါ”

ရာဇဝတ်ဝန် မေဂျာအောင်ဒင်က တဟားဟား ရယ်လိုက်လေသည်။

“ဟား. . . ဟား. . . ဟား . . . မှူးသာမင်းကတော့ ကိုယ်ခံပညာ တစ်မျိုးမျိုးတတ်တဲ့ အာကာသထဲက ဂြိုဟ်ပေါ်မှာ ရှိတယ်ဆိုရင်တောင် ဂြိုဟ်ပေါ်ကို လိုက်ပြီးတော့ သင်မယ့်ကောင်မျိုးပဲ”

သိုင်းပညာနှင့် ကိုယ်ခံပညာများကို အလွန်ဝါသနာပါကာ လိုက်စားလေ့ရှိသော ဂျမဒါမှူးသာ၏ အကြောင်းကိုသိ၍ ဝေဖန်ပြောကြားလိုက်ခြင်း ဖြစ်၏။ ဂျာမဒါမှူးသာက ခေါင်းငုံ့ထားလိုက်လေသည်။

ခဏကြာမှ မေဂျာအောင်ဒင်သည် မျက်နှာထား တည်တည်ဖြင့် အိုင်အိုနန်းထိုက်ကိုကြည့်ကာ . . .

“ကိုနန်းထိုက် ဒီကိစ္စဟာ ပေါ့သေးသေး ကိစ္စတော့ မဟုတ်ဘူး ထင်တယ်”

“ဟုတ်ပါတယ် ခင်ဗျား၊ ကျွန်တော်အထင်ပဲ ဒီကိစ္စဟာ “ဣစ္ဆာသယ”ဂိုဏ်းကို အုံနဲ့ကျင်းနဲ့နောက်မှာ မြန်မာပြည်ကို ဒုက္ခပေးဖို့ အန္တရာယ်ကြီးကြီးမားမား ရှိနေတယ်လို့ ယူဆပါတယ်၊ ကျွန်တော် အထင်မမှားဘူး ဆိုတာပေါ့လေ”

အိုင်အိုနန်းထိုက်က သူ့ထင်မြင်ချက်ကို ပြောလိုက်၏။



ရာဇဝတ်ဝန် မေဂျာအောင်ဒင်က ခေါင်းညိတ်၍ ထောက်ခံလိုက်သည်။

“ဖြစ်နိုင်ပါတယ်၊ ကျုပ်လဲ ဒီလိုပဲ ထင်လို့ အရေးတကြီး အစီအစဉ်တွေ ရေးဆွဲပြီးတော့ တာဝန်ခွဲဝေပေးဖို့ စီစဉ်ရတော့ပါ”

မေဂျာအောင်ဒင်နှင့် ရာဇဝတ်ဝန် မေဂျာအောင်ဒင်တို့ အချီအချ ပြောနေသည်ကို နားထောင်နေသော ဂျာမဒါမှူးသာမှာ ရှင်းလင်းစွာ မသိရှိရသေးသောကြောင့် . . . .

“ကျွန်တော့်ကိုလဲ ပြောပြပါဦး၊ ဘာကိစ္စတွေ စီအိုင်ဒီမှာ အရေးတကြီး ရှိတယ်ဆိုတာ သိချင်ပါတယ်”

ဟုဝင်၍ ပြောလိုက်လေတော့၏။

“ပြောပါ့မယ် မှူးသာ၊ ခု သတင်းစာထဲမှာပါတဲ့ တို့ရုံးက ရာဇဝတ်အုပ်လေး ကိုသိက်ထွန်းသေဆုံးတဲ့ကိစ္စ ဖတ်လိုက်ရတယ် မဟုတ်လား”

မေဂျာအောင်ဒင်က ဂျမဒါမှူးသာကို မေးလိုက်သည်။

“ကြားလိုက်ပါတယ် ခင်ဗျာ၊ ဒါ ဓားပြဓားဖျော့ဖိုးသာဆိုတဲ့ သူယုတ်မာ ဝရမ်းပြေးရဲ့လက်ချက်ပဲ မဟုတ်လား”

“အေးဟုတ်တယ် မှူးသာ၊ ဓားဖျော့ဖိုးသာက ရက်ရက်စက်စက် သတ်ကြဲခဲ့တာပဲ”

အိုင်အိုနန်းထိုက်ကဝင်၍ ဖြေကြားလိုက်ခြင်းဖြစ်လေ

www.burmeseclassic.com

www.burmeseclassic.com



သည်။

"ဒီ ဝရမ်းပြေး မားပြတစ်ယောက် ရန်လောက်များ ဘာပူစရာရှိသလဲ ကိုနန်းထိုက်ရယ်"

"သူ တစ်ယောက်တည်း ဆိုရင်တော့ ဘာမှမပူလောက်ဘူးပေါ့ကွာ၊ ဒါပေမယ့် သူ့နောက်မှာ နိုင်ငံခြားသား အရင်းရှင်ကုန်သည်တွေက မြန်မာစီးပွားရေးလောကကို လက်ဝါးကြီးအုပ်မထားရားလုပ်ကြဲဖို့ စီစဉ်တာတွေ ရှိတယ်။ ဒါကြောင့် သူရှိတဲ့နေရာကို ခြေရာခံပြီးတော့ အမြန်ဆုံးဖမ်းဆီးနိုင်ဖို့ လိုတာပေါ့"

အိုင်အိုနန်းထိုက်ကပင် ဆက်လက်၍ ရာဇဝတ်အုပ်ကိုယ်စား ပြောပြလိုက်ပြန်လေသည်။

"ဒါဆိုရင် ရာဇဝတ်ဝန်ကြီးက ကျွန်တော့်ကို တာဝန်တစ်ခုခုပေးဖို့ ခေါ်တာပေါ့"

"ဟုတ်တယ် မူးသာ၊ မင်းကိုအဲဒီ ဂျော့ဖိုးသာဆိုတဲ့ ဓားပြကောင်ရဲ့ နောက်ကိုလိုက်ပြီးတော့ ဖမ်းဆီးဖို့ တာဝန်ပေးချင်တာပါပဲ၊ ဒီကောင်က ဉာဏ်တော့များတယ်နော်၊ ကိုယ်ခံပညာရော လက်နက်အသုံးပြုမှုပါ ကျွမ်းကျင်တယ်"

ရာဇဝတ်ဝန် မေဂျာအောင်ဒင်က ဂျမဒါမူးသာကို ရှင်းပြလိုက်၏။ ဂျမဒါမူးသာက ခေါင်းညိတ်၍ တာဝန်ထမ်းဆောင်ဖို့ သဘောတူလိုက်၏။

"ကောင်းပါတယ် ခင်ဗျာ၊ ဒီလိုပုလိပ်အဖွဲ့က လူတွေကို



ကွပေးနေတယ့် နာမည်ကြီးလူဆိုးတစ်ယောက်ကို ကျွန်တော်ကဲ သေသေကြေကြေ ရှင်ဆိုင်ဖို့ ဝမ်းမြောက်ဝမ်းသာ တာဝန်ယူပါတယ်"

*

"မြိတ်တို့ ထားဝယ်တို့မှာ အရင်က တိုင်းရင်းသား စက်လှပိုင်ရှင်တွေ ငါးဖမ်းသမားတွေဟာ ခေတ်အဆက်ဆက်သိမ်ကိုင်ပိုင်ဆိုင်ခဲ့ကြတာ မင်းတို့လဲ အသိပါပဲ၊ ခုဒီစက်လှေတွေနဲ့ ငါးဖမ်းတဲ့အလုပ်ဟာ စစ်ပြီးခေတ်မှာ သိပ်တွင်ကျယ်လာပြီး နိုင်ငံခြားငါးခိုးလှေတွေကလဲ မြန်မာ့ရေပိုင်နက်မှာ ကျူးကျော်လာသလို နိုင်ငံခြားသား စီးပွားရေးသမားတွေကလဲ ဒီလုပ်ငန်းရဲ့ အကျိုးအမြတ် ကြီးမားမှုကို မြင်လာပြီး မျက်စောင်းထိုးလာခဲ့ကြတယ်။

သူတို့ဟာ ဒီလုပ်ငန်းကြီးတစ်ခုလုံးကို ကြီးစိုးဖို့အထိလဲ ကြံရွယ်လာခဲ့ကြတယ်လေ။ ဒီအခါမှာ သူတို့လက် သူတို့ခြေဖြစ်အောင် မြန်မာတိုင်းရင်းသားတွေကို မသမာတဲ့နည်းနဲ့ ဒီလုပ်ငန်းကနေ မောင်းထုတ်ပြီး သူတို့ချည်း လက်ဝါးကြီးအုပ်ဖို့ ကြံစည်တာကို တွေ့ရတယ်။ ဒီကိစ္စရပ်တွေဟာ သေချာတွေးကြည့်တော့ သာမန်ကိစ္စပဲလို့ ထင်ရပေမည့် စီးပွားရေးကနေ နိုင်ငံ

www.burmeseclassic.com

www.burmeseclassic.com



ရေအထိ ဖြန့်ခဲ့ပျက်စီးအောင် လုပ်ဆောင်လာနိုင်တယ်ဆိုတာ မင်းတို့ သဘောပေါက် နားလည်ဖို့လိုတယ်"

ရာဇဝတ်ဝန် မေဂျာအောင်ဒင်က ဂျော့ဖိုးသာနှင့် ပတ်သက်ဆက်နွယ်နိုင်သည့် စီးပွားရေး လုပ်ငန်းကိစ္စကို ရှင်းလင်းပြောကြားလာသည်။

အိုင်အိုနန်းထိုက်က ငြိမ်၍နားထောင်လျက် ရှိသော်လည်း ဂျာမဒါမူးသာက. . .

"ဟိုအရင်က ပေါ်ခဲ့ဘူးတဲ့ 'ကုဋ္ဌာသယ' ဂိုဏ်းကြီးလိုဟာမျိုးပေါ့ ခင်ဗျာ"

ဟု ဝင်၍ပြောကြားလိုက်သည်။

"အေးပေါ့ကွာ ခုလဲ မင်းတို့ကြားမိလား မသိဘူး၊ {SEA HUNTER} ဆီးဟန်းတား ပင်လယ်မုဆိုး ဆိုပြီးတော့ စီးပွားရေးအသင်းတစ်သင်း မြိတ်ကျွန်းစုမှာ ပေါ်ပေါက်လာတယ်၊ သူတို့ဟာ ငွေပင်ငွေရင်းကို အသုံးပြုပြီးတော့ ငါးဖမ်းစက်လှေတွေနဲ့ လုပ်သားတွေ စုဆောင်းနေတယ်"

"သူတို့က သွေးရိုးသားရိုး စီးပွားရေး လုပ်ငန်းရှင်အဖွဲ့ မဟုတ်ဘူးလား"

"အင်း. . လောလောဆယ်မှာတော့ ဘာမှ အစအနရှာလို့ မတွေ့ရသေးဘူး ဆိုပါတော့၊ ဒါပေမယ့် ပင်လယ်မှာ ငါးဖမ်းတဲ့ စီးပွားရေး လုပ်ငန်းရှင်လေးတွေ ရှိတယ်လေ၊ အဲဒီလုပ်ငန်းရှင်



လေးတွေကတော့ "ပင်လယ်ကျား"တို့ "ရေနတ်သမီး" "ပင်လယ်ဘုရင်"တို့ဆိုတဲ့ လုပ်ငန်းအုပ်စုတွေပဲ၊ ဒီစီးပွားရေးလုပ်ငန်း အုပ်စုတွေကတော့ ရိုးရိုးသားသား ဘိုးဘွားစဉ်ဆက် လုပ်လာခဲ့ကြတဲ့ စက်လှေပိုင်ရှင်တွေပေါ့။ ဒီစက်လှေ ပိုင်ရှင်တွေက ဝုန်းကနဲ ပေါ်လာတဲ့ ပင်လယ်မုဆိုးအဖွဲ့ရဲ့ ထူထောင်လုပ်ကိုင်မှုကို အံ့အားသင့်ပြီး ထိတ်လန့်လာကြတယ်၊ ဒါကြောင့် အိုင်အိုနန်းထိုက်ကို ငှားရမ်းပြီး စုံစမ်းခိုင်းခဲ့တယ်၊ ဒါကြောင့် အိုင်အိုနန်းထိုက်က ငါတို့ထက်အရင် ဒီပင်လယ်မုဆိုးဂိုဏ်း အကြောင်းကို အကုန်သိရှိနေခဲ့တာပေါ့။ ကျန်တာကိုတော့ ကိုနန်းထိုက်က မင်းကို ရှင်းပြပါလိမ့်မယ်"

ရာဇဝတ်ဝန် မေဂျာအောင်ဒင်က စကားစကိုဖြတ်ကာ အိုင်အိုနန်းထိုက် ပြောဆိုရန် လွှဲပြောင်းပေးလိုက်လေသည်။

"ကဲ . . . ကိုနန်းထိုက် ပြောပါဦးဗျာ"

ဂျာမဒါမူးသာက ပင်လယ်မုဆိုးအဖွဲ့နှင့် ဂျော့ဖိုးသာ ပတ်သက်ဆက်နွယ်ပုံကို သိလိုသောကြောင့် မေးမြန်းလိုက်လေတော့သည်။

"အင်း. . ပင်လယ်ပြင်မှာ စက်လှေတွေ ပိုင်ဆိုင်ထားတဲ့ သူတွေက သူတို့ရဲ့ စက်လှေတွေအတွက် အာမခံကုမ္ပဏီတွေမှာ အာမခံထားကြတာတော့ မူးသာလဲ သိပါတယ်နော်"

"ဟုတ်ကဲ့၊ ဒါတော့ သိပါတယ် ကိုနန်းထိုက်"

"အာမခံကြေး ပေးဆောင်ပြီးတော့ သူတို့စက်လှေတွေကို

www.burmeseclassic.com

www.burmeseclassic.com



ကာကွယ်ကြပါတယ်၊ ဒီအခါမှာ "ရွှေပန်းသီး" အာမခံ ကုမ္ပဏီကြီးဟာ သူ့ဆီမှာ အင်မတန် တန်ဖိုးကြီးတဲ့ စက်လှေတွေကို အာမခံထားတော့ ဒီ "ပင်လယ်မုဆိုး" လုပ်ငန်းအဖွဲ့ကို ခြေခြေမြစ်မြစ်သိလိုတာနဲ့ စုံစမ်းထောက်လှမ်းဖို့ လူတစ်ယောက် ငှားခဲ့တယ်ဒီလူက "စကော့ တလန်ယာဒ်" စုံထောက်အဖွဲ့မှာ သင်တန်းတက်ခဲ့ဖူးတဲ့ "ဂျွန်စမစ်" ဆိုတဲ့ အင်္ဂလိပ်ကပြား တစ်ယောက်ပဲ"

အိုင်အိုနန်းထိုက်က အာမခံကုမ္ပဏီမှ ပင်လယ်မုဆိုး စက်လှေလုပ်ငန်းအဖွဲ့ကို စုံစမ်းသူ၏နာမည်ကို ထုတ်ဖော်ပြောကြားလိုက်၏။

"ဒီတော့ ဂျွန်စမစ်က ထောက်လှမ်းရော ဆိုပါတော့. . . ဒါဆိုရင် ကိုနန်းထိုက် သူ့ဆီက အကူအညီတွေ အများကြီးရမှာပဲပေါ့"

"အင်း. . ရတယ်ဆိုပါတော့ အနည်းအကျဉ်းတင် မဟုတ်ဘူး၊ အပြည့်အစုံရတယ်လို့တောင် ပြောလို့ရပါတယ်၊ ဒီလို ထောက်လှမ်းတဲ့အခါကျတော့ ဂျွန်စမစ်ဟာ သူ့ရဲ့တွေ့ရှိချက်တွေကို အစီရင်ခံစာရေးပြီး တင်ပြခဲ့တယ်၊ ဒါပေမယ့် ကုမ္ပဏီရဲ့ ဒါရိုက်တာအဖွဲ့တစ်ဖွဲ့လုံးဆီကို တရားဝင်တင်သွင်းတာ မဟုတ်ဘူး။ သူ့ကိုတာဝန်ပေးတဲ့ ဥက္ကဋ္ဌဆီကိုသာ တိုက်ရိုက် တင်သွင်းခဲ့တာဆိုပါတော့"

အိုင်အိုနန်းထိုက် ရှင်းလင်းပြောပြသောအထဲတွင် သူ



ရှာဖွေဖမ်းဆီးပေးရမည့် ဂျော့ဖိုးသာနှင့်ပတ်သက်၍ ရှင်းရှင်းလင်းလင်း မပါရှိသေးသော်လည်း ပြဿနာတစ်ရပ်၏ နောက်ခံအကြောင်းများဟု သိရှိသောကြောင့် စိတ်ဝင်စားစွာ နားထောင်နေခဲ့လေသည်။

"ဒီတော့ ဒီရွှေပန်းသီး အာမခံကုမ္ပဏီရဲ့ ဥက္ကဋ္ဌဟာကုမ္ပဏီနဲ့ ပတ်သက်တဲ့ အစီရင်ခံစာမို့ ကုမ္ပဏီကပိုင်ဆိုင်တဲ့ ရွှေပန်းသီးဘဏ်တိုက်မှာ လွှဲအပ်ပြီး ဘဏ်အာမခံ သေတ္တာထဲမှာ သိမ်းဆည်းထားလိုက်သတဲ့"

*

အိုင်အိုနန်းထိုက်က စကားကို လက်စသတ်ရာ ဂျာမဒါမူးသာ၏ မျက်နှာကို ဖျတ်ကနဲ လှည့်ကြည့်လိုက်၏။

"ကဲ. . . မူးသာ၊ ဒါဆိုရင် ဂျော့ဖိုးသာနဲ့ ဒီပင်လယ်မုဆိုးစက်လှေပိုင်ရှင်အဖွဲ့ဟာ ဘယ်လိုပတ်သက်သလဲဆိုတာ မင်း ရိပ်မိရောပေါ့"

ဂျာမဒါမူးသာက ခေါင်းညိတ်ပြလိုက်၏။

"ကျွန်တော် သဘောပေါက်ပါပြီ၊ ဆရာနန်းထိုက်မကြာသေးခင်က ဂျော့ဖိုးသာတစ်ယောက်တည်း စွန့်စားပြီးတော့ ရွှေပန်း

www.burmeseclassic.com

www.burmeseclassic.com



သီးဘဏ်ကို ဓားပြတိုက်ခဲ့တာ ဒီကိစ္စပဲကိုး”

ဂျာမဒါမှူးသာ၏ မှတ်ချက်ချ စကားမှာ မှန်ကန်လှသည်ဟု ဆိုရပေမည်။ ဂျော့ဖိုးသာသည် ထိုကဲ့သို့ ဓားပြတိုက်နိုင်ရန် ရွှေပန်းသီးဘဏ်နှင့် ကြိုတင်ကာ ဆက်ဆံခဲ့သည်။ ဘဏ်တွင် ငွေများအပ်ကာ ငွေသွင်းငွေထုတ်ကိစ္စကို တစ်ပတ်အတွင်း သုံးလေးကြိမ်လုပ်ကာ ဘဏ်မန်နေဂျာနှင့် ရင်းနှီးအောင် ပေါင်းသင်းခဲ့လေသည်။

ဘဏ်မန်နေဂျာမှာ ရုပ်ရည်သန့်ပြန့်သော သူဌေးတစ်ဦး၏ အသွင်ကဲ့သို့ဆောင်နေသော ဂျော့ဖိုးသာကို မိတ်ဆွေကောင်းအဖြစ် ရင်းနှီးခဲ့လေသည်။ တစ်နေ့တွင်ကား ဂျော့ဖိုးသာသည် ငွေငါးသောင်းကို ထုတ်ယူရန် ဘဏ်မန်နေဂျာ ရှိရာလာခဲ့၏။

ဘဏ်မန်နေဂျာက မီးခံသေတ္တာများထားရာ အတွင်း မှုခန်းထဲတွင် ကော်ဖီနှင့်မုန့်ချကာ ဧည့်ခံဖို့ပြင်ဆင်နေစဉ် ဂျော့ဖိုးသာသည် ဘဏ်မန်နေဂျာကို သေနတ်နှင့်တော့ကာ မီးခံသေတ္တာထဲမှ ဂျွန်စမစ်၏ အစီရင်ခံစာကို ထုတ်ယူနိုင်ခဲ့သည်။

အထွက်တွင် ဘဏ်မန်နေဂျာအား တန်ဆာခံလုပ်ကာ ဘဏ်အပြင်ဘက်သို့ ထွက်ခဲ့ရာ ပါးနပ်သော ဘဏ်အစောင့်ကတားမြစ်ရန် ကြိုးစားစဉ် ဂျော့ဖိုးသာက ရက်စက်စွာ သေနတ်ဖြင့် ပစ်ခတ်ကာ ဘဏ်စောင့်သေနတ်ကိုင် အိန္ဒိယလူမျိုးကို



ပစ်ခတ် သတ်ဖြတ်ခဲ့လေသေသည်။

ဘဏ်ထဲမှ ငွေသုံးသိန်းခန့်ကိုပါ သူသည် တိုက်ခိုက်ယူဆောင်ကာ ဘဏ်မန်နေဂျာကို ကားပေါ် ဆွဲတင်လျက် ဘဏ်ရှေ့မှ မောင်းနှင် ထွက်ခွာသွားခဲ့လေတော့သည်။

ဘဏ်ဓားပြမှုဖြစ်ပွားပြီး မိနစ်ပိုင်းအတွင်းမှာပင် ပုလိပ်အဖွဲ့က ဘဏ်တိုက်သို့ ရောက်ရှိဝိုင်းဝန်းကြသော်လည်း ဂျော့ဖိုးသာမှာ လွတ်မြောက်သွားခဲ့တော့၏။ ညနေပိုင်းတွင်မှ ဘဏ်မန်နေဂျာကို ကန်တော်ကြီးစောင်းတွင် ဦးခေါင်းတွင် ရိုက်နှက်ခံရသောဒဏ်ရာဖြင့် သတိမေ့နေသည်ကို ရှာဖွေ တွေ့ရှိခဲ့ကြရလေတော့၏။

ထို့ကြောင့် ဂျွန်စမစ် ရေးသားခဲ့သည့် အစီရင်ခံစာမှာ ဂျော့ဖိုးသာ၏ လက်ထဲသို့ ရောက်ရှိသွားသောအဖြစ်မှာ စိတ်ဝင်စားဖွယ်ရာ ကောင်းလှတော့၏။ ထိုအစီရင်ခံစာထဲတွင် မည်သည့်အကြောင်းရပ်များ ရေးသားထားသည်ကို ရွှေပန်းသီးအဖွဲ့ အာမ ဒါရိုက်တာများ ဖတ်ရှုဆွေးနွေးသည့် အစည်းအဝေးသို့ မရောက်သေးသောကြောင့် သိရှိခွင့် မရလိုက်ကြတော့ပေ။

“ဒါဆိုရင်တော့ ပင်လယ်မှုဆိုးအဖွဲ့က ဂျော့ဖိုးသာကို သူတို့နဲ့ ပတ်သက်တာတွေ မသိနိုင်အောင် ကာကွယ်ဖို့အတွက် အသုံးချခဲ့တာလို့ ဆိုလိုတာလား”

ဂျာမဒါမှူးသာက သူတွေးမိသည်ကို မေးခွန်းထုတ် လိုက်ပြန်လေသည်။ အိုင်အိုနန်းထိုက်က ခေါင်းခါလိုက်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဒါကို လွယ်လွယ်နဲ့တော့ မသိနိုင်ဘူး၊ မီးခံသေတ္တာထဲက အစီရင်ခံစာကိုဆို အတုထည့်ထားခဲ့ပြန်တယ်၊ အဲဒီ အစီရင်ခံစာကတော့ ပင့်လယ်မုဆိုးအဖွဲ့ကြီးဟာ ဘာမှမသက်ဆိုင်တဲ့ စီးပွားရေးလုပ်ငန်း အဖွဲ့သက်သက်လို့ အထင်အရှား ရေးသားထားခဲ့တာကို တွေ့ရတယ်"

"တော်တော် အကြံကြီးတဲ့လူတွေပဲ ဆရာနန်းထိုက်ရေ"

မေဂျာအောင်ဒင်က မှတ်ချက် ချလိုက်လေသည်။ ဂျမဒါမှူးသားမှာလည်း သူ ထောက်လှမ်း ဖမ်းဆီးရမည့်သူမှာ နယ်နယ်ရရ လူတစ်ဦး မဟုတ်ကြောင်း သိလိုက်ရသောကြောင့် ကျေနပ်နှစ်သက် သွားလေသည်။

"ဒီလိုလူမျိုးကို ရှာဖွေဖမ်းဆီးခွင့်ရတဲ့ ရာဇဝတ်ဝန်ကို ကျေးဇူးတင်ပါတယ်"

*

"ဒါတတော့ ကျော့ဖိုးသာရဲ့ ပါးနပ်မှုလို့ဆိုရမှာပေါ့ ကိုနန်းထိုက်ရာ၊ သူရဲ့ ခေါ်ပြုမှုတွေ၊ လူသတ်မှုတွေကို ကြည့်ရင် သူဟာ သိပ်ပြီးတော့ လျင်မြန်ပါးနပ်ပြီး အကွက်စေ့တဲ့ သူဆိုတာ ထင်ရှားနေတယ်။ အခု သူဟာ ဘဏ်ကို ရှိုးရိုးခေါ်ပြတိုက်တယ်လို့ အများက



ထင်ကြရတယ်၊ အစက ကျုပ်တို့ဆဲဒီလိုပဲ ယူဆကြတယ် မဟုတ်လား ကိုနန်းထိုက်"

ရာဇဝတ်ဝန် မေဂျာအောင်ဒင်က အိုင်အိုနန်းထိုက်ကို ပြောလိုက်သည်။

"ဘဏ်ခေါ်ပြုမှုကြီး ပြီးတာတောင်မှပဲ မီးခံသေတ္တာထဲက အစီရင်ခံစာဟာ ဂျွန်စမစ်ရဲ့ အစီရင်ခံစာ အစစ်ဟုတ်မဟုတ်ကို စုံစမ်းဖို့ စိတ်ကူးမရခဲ့ကြဘူး၊ ဒါပေမယ့် နောက်ဆက်တွဲ ဖြစ်ရပ်ကြောင့်သာ ဒါကို စုံစမ်းဖို့လိုအပ်တယ်လို့ ယူဆခဲ့ကြတာပါ ခင်ဗျာ"

အိုင်အိုနန်းထိုက်က ရာဇဝတ်ဝန်ကို ပြောလိုက်သောစကားကြောင့် ဂျမဒါမှူးသာသည် နောက်ဆက်တွဲ ဖြစ်ရပ်တစ်ခုရှိသေးကြောင်း နားလည်သဘောပေါက် မိလိုက်လေတော့၏။

"ဘာများ ထပ်ပြီးဖြစ်ခဲ့သေးလို့လဲ ဆရာနန်းထိုက်၊ ကျော့ဖိုးသာက ဘာများ ထပ်လုပ်ခဲ့သေးလို့လဲ"

ဂျမဒါမှူးသာက သိလိုစိတ်ဖြင့် မေးလိုက်သည်ကို အိုင်အိုနန်းထိုက်က ပြုံး၍. . .

"ဒါကတော့ ဘဏ်ကမီးခံသေတ္တာထဲက အစီရင်ခံစာ အတုဖြစ်ကြောင်း သိဖို့အတွက် ဆက်စပ်ယူနိုင်စရာ နောက်ဆုံးသတင်းဆက်လို့ အသေအချာပြောနိုင်တဲ့ အချက်အလက်ပဲပေါ့၊ ပင်လယ်မုဆိုး စက်လှေပိုင်ရှင်အဖွဲ့ကို စုံစမ်းထောက်လှမ်းတဲ့ ဂျွန်စမစ်ဟာ ဗားကရာချောက်နားမှာ သေနတ်ဒဏ်ရာအချက်နဲ့ ပစ်

www.burmeseclassic.com

www.burmeseclassic.com



သတ်ထားတာကို တွေ့ရတာပါပဲ"

"ဟင်. . ."

ဂျမဒါမှူးသာ အံ့အားသင့်သွားလေတော့၏။

"ပထမတော့ ဂွန်စမစ်ဟာ လူဆိုးတစ်ဦးက လုယက်တာ

ကိုခံလို့ သေနတ်ပစ်ခံရတာလို့ ယူဆခဲ့ကြပါတယ်၊ ဒါပေမဲ့ မားပြူ

အစီရင်ခံစာကိစ္စ၊ ဂွန်စမစ် အသတ်ခံရမှုတွေကို ပေါင်းလိုက်တ

အခါကျတော့ ဒါဟာ ပင်လယ်မုဆိုးဂိုဏ်းက လျှို့ဝှက်စီစဉ်မှု ဖြ

တယ်ဆိုတာရယ်. . . ပြီးတော့ ဒီအစီအစဉ်ကို ဆောင်ရွက်ခဲ့သူဟာ

ဂျော့ဖိုးသာဖြစ်တယ် ဆိုတာရယ် ပေါ်လာရော မဟုတ်လား"

"အိုင်အိုနန်းထိုက်ရဲ့ ဆက်စပ်တွေးတောမှုတွေက သဘာ

ကျပါတယ်ဗျာ"

ရာဇဝတ်ဝန်က ချီးကျူးစကား ပြောလိုက်၏။ အိုင်အိုန

ထိုက်သည် ရာဇဝတ်မှုကို ထောက်လှမ်းရန် စဉ်းစားတွေးခေါ် ရာ

အချက်အလက်များကို စုဆောင်းရာတွင် အလွန်တော်သူ တစ်

ဖြစ်ကြောင်း ဂျမဒါမှူးသာက ကောင်းကောင်းသိပြီးသား ဖြစ်

လေသည်။

"ဒီလိုဆိုရင် ရန်ကုန်မြို့ကနေ ဂျော့ဖိုးသာ ဘယ်ကို ထွ

သွားတာ ဖြစ်နိုင်မလဲ ကိုနန်းထိုက်"

"ဒါကလည်း လွယ်လွယ်လေးပါဗျာ. . ပုလိပ်မောင်စိန်

ဟာ သူနောက်ကိုခြေရာခံပြီး လိုက်ခဲ့ကြတယ်၊ ပုလိပ်စောဦး



ာဇဝတ်အုပ် ဦးသိုက်ထွန်းနဲ့အဖွဲ့ကို အကြောင်းကြားခဲ့တယ်၊ ဒါကို

းနပ်တဲ့ ဂျော့ဖိုးသာဟာ ရိပ်မိတယ်၊ ရိပ်မိရတဲ့ အကြောင်းကတော့

လိပ်မောင်စိန်တို့ နောက်ကလိုက်တာ ခြေသံမလုံလို့ မဟုတ်

င်ဘူး"

"ဒါဖြင့် ဘာကြောင့်သိတာလဲ"

"ဂျော့ဖိုးသာဟာ သူသွားလာ လှုပ်ရှားနေတာကို ဘယ်

ူတွေက စောင့်ကြည့်နေတတ်သလဲ၊ ဘယ်သူတွေ သူနောက်

ိုက်လာသလဲဆိုတာ သိနိုင်အောင် သူသွားရာမှာ သူနောက်က

ူတပည့်တစ်ဦးကို စောင့်ကြည့်ဖို့ အမြဲတာဝန် ပေးတတ်တယ်၊

ာ အရင်အမှုတွေကတည်းက အထောက်အထား ရှိခဲ့တယ်၊

ြီးတော့ တယ်လီဖုန်းရုံး တစ်ခုခုမှာ သူအမြဲဝင်ပြီးတော့ အဆက်

အသွယ် လုပ်လေ့ရှိတယ်၊ ဒီနည်းနဲ့ ပုလိပ်မောင်စိန်တို့ ခြေရာခံ

ိုက်လာတာကို သူတပည့်က သူ့ကို သတင်းပို့ လိုက်တာပဲပေါ့"

"ဒါကြောင့် သူဟာ လမ်းမှာသူတို့အဖွဲ့က ထည့်ထွင်း

ထားတဲ့ ဗုံးကို ဝင်ယူခဲ့တာပေါ့၊ ပြီးတော့ မောင်စိန်တို့ကို မျှားခေါ်

ခဲ့တယ်၊ သူဟာ အိမ်ထဲမှာ ဗုံးထောင်ပြီးတော့ သူ့ရဲ့ကားထဲမှာ

တ်အစား လဲခဲ့တယ်၊ ဘာလို့သိရသလဲဆိုတော့ ဗုံးပေါက်ကွဲတဲ့

ရဲ့ နောက်နှစ်လမ်းကျော်မှာ မောင်စိန်တို့တွေ့ခဲ့တဲ့ သူ့အဝတ်

အစားတွေကို မြောင်းထဲမှာ ပစ်ချထားခဲ့လို့ပဲ"

"ကျွန်တော်သိချင်တာက ဂျော့ဖိုးသာ ဘယ်ကိုရန်ကုန်

www.burmeseclassic.com

www.burmeseclassic.com



က လစ်ထွက်သွားသလဲဆိုတာပေါ့"

"အေး. . လေယာဉ်ရုံးက မှတ်ပုံတင် စစ်ဆေးကြည့်တော့ ထားဝယ်လေကြောင်း ပျံသန်းတဲ့လေယာဉ် ခရီးသည်တွေထဲမှာ မသက်ာစရာ အင်္ဂလိပ်ကပြား လူတစ်ယောက်ရဲ့ နာမည်ကို တွေ့ ခဲ့ရတယ်၊ စစ်ဆေးရေးဌာနက အဲဒီလူရဲ့ မျက်နှာပေါက်ဟာ ဂျော့ ဖိုးသာရဲ့မျက်နှာနဲ့ တော်တော်တူတယ်၊ ဦးရန်နိုင်ကျော် ဆိုသို့သာ ကြည့်နေရတယ်လို့ ပြောခဲ့တယ်၊ သူဟာ ဦးရန်နိုင်ကျော်အနေနဲ့ မနေ့ညနေက လေကြောင်းနဲ့ထားဝယ်ကို လစ်ထွက်သွားတာ အမှန် ပဲ"

"အစောင့် ပုလိပ်တွေကရော"

"အစောင့်ပုလိပ်တွေကတော့ မုတ်ဆိတ်တွေ ဝတ်စုံတွေ ပြောင်းထားတဲ့ ဦးရန်နိုင်ကျော်ကို ဂျော့ဖိုးသာမှန်း လုံးလုံး မရိပ်မိ လိုက်လို့ လွှတ်ပေးလိုက်ကြရတာပေါ့၊ သူနဲ့စကားပြောနေတဲ့ ရေနံတ သမီးကုမ္ပဏီက စက်လှေပိုင်ရှင် ဦးခွန်သာဆိုတာလဲ ပင်လယ်မုဆိုး အဖွဲ့နဲ့ တစ်နည်းမဟုတ်တစ်နည်း အဆက်အသွယ်ရှိတဲ့သူ ဖြစ်ရ လိမ့်မယ်"

"ဒါဆိုရင်တော့ ဒီဂျော့ဖိုးသာနဲ့ ဆက်သွယ်နေတဲ့ နောက် ခံလူတွေဟာ လက်နက်ရော ငွေအင်အားရော ရှိတဲ့သူတွေ ဖြစ် နိုင်တာပေါ့၊ ဒီဂိုဏ်းဟာ မြန်မာနိုင်ငံလုံးကိုတောင် စီးပွားရေးအ လွှမ်းမိုးပြီး ဒုက္ခပေးနိုင်တဲ့ ဂိုဏ်းမျိုးပဲ"



ဂျမဒါမှူးသာက မှတ်ချက် ချလိုက်လေတော့သည်။

"ဟုတ်တယ် မြန်မာ့ရေပိုင်နက်နဲ့ တနင်္သာရီတစ်ကြော တော့ စက်လှေတွေ တဖြည်းဖြည်း ဝယ်ယူပိုင်ဆိုင်လာတာ င်လယ်မုဆိုးဂိုဏ်းကပဲ၊ ဒါပေမယ့် ဘယ်လိုနည်းနဲ့ ဒီလိုငွေကြေး တွေ အမြောက်အမြား ပိုင်ဆိုင်ပြီး စက်လှေတွေ ဝယ်နိုင်နေတယ် ဆိုတာကိုတော့ ဘယ်သူမှ တိတိကျကျ မသိဘူးကွ"

အိုင်အိုနန်းထိုက်မှ မှတ်ချက် ချလိုက်လေတော့သည်။

"ရွှန်စမစ်ကတော့ တော်တော် အတွင်းကျကျ သိအောင် ာက်လှမ်းလာနိုင်ခဲ့ပုံရပါတယ် ကိုနန်းထိုက်၊ ဒါကြောင့်လဲ သူတို့ င်းက ရိပ်မိပြီးတော့ အစီရင်ခံစာကို အချိန်မီ ပြန်ပြီးရအောင် ဆောင်ခဲ့တာပဲ၊ တကယ့် ရာဇဝင်လူဆိုးတို့မှ သူတို့ အသုံးချ တာဟာ သူတို့အတွက်တော့ အောင်မြင်မှုရတယ်လို့ ပြောရမှာ

ဂျမဒါမှူးသာက ရာဇဝင်လူဆိုးကို ပိုင်ပိုင်နိုင်နိုင် သိမ်း တာ အသုံးချနိုင်ခဲ့သော ပင်လယ်မုဆိုးဂိုဏ်းကို ချီးကျူး ၏။

"ကဲ. . မင်း အခြေအနေတွေ အားလုံးကို ဒီလောက်ဆို သိလောက်ပါပြီ၊ ဒီတော့ တို့လုပ်ရမယ့် အစီအစဉ်ကိုလဲ လို ပြီး လုပ်ရလိမ့်မယ်၊ သူတို့ဟာ သိပ်အကင်းပါးတဲ့ သူတွေမို့လို ဒီရိယ ရှိဖို့လိုတယ်၊ အိုင်အိုနန်းထိုက်နဲ့ ဂျမဒါမှူးသာက

www.burmeseclassic.com

www.burmeseclassic.com



ထားဝယ်ကို စုံစမ်းထောက်လှမ်းဖို့ ထွက်ခွာကြရမယ်"

ရာဇဝတ်ဝန် မေဂျာအောင်ဒင်က သူ၏အစီအစဉ်ကို ချမှတ်ပြောဆိုလိုက်လေသည်။

"ပင်လယ်မှုဆိုးဂိုဏ်းက လူတွေ မရိပ်မိအောင်တော့ တော်တော် အကြောင်းပြချက် ခိုင်လုံဖို့လိုတယ် မူးသာ"

အိုင်အိုနန်းထိုက်က ဝင်၍ မှတ်ချက် ပေးလိုက်လေသည်။

"အကြောင်းပြချက်ကတော့ ဂျော့ဖိုးသာကို ရှာဖွေဖို့ ရာဇဝတ်မှုခင်းဆိုင်ရာ ထောက်လှမ်းမှုအနေနဲ့ သွားရမှာပဲ၊ ဒါဟာ ရာဇဝတ်မှုဖြစ်တဲ့အတွက် ခိုင်လုံတယ်၊ ဒီလိုဖြစ်အောင်မှ ပင်လယ်မှုဆိုးဂိုဏ်းက စီစဉ်ခဲ့ကြတာပဲ"

ဂျမဒါမူးသာက ခေါင်းညိတ် လိုက်လေသည်။

"ကောင်းပါတယ်၊ ကျွန်တော်မှာ ပင်လယ်လေ မရှု တာကြာပြီ၊ ပင်လယ်ရေနဲ့ ပင်လယ်လေကိုတော့ ကောင်းကောင်း ရှူရှိုက်ရတော့မှာပေါ့"

ဂျမဒါမူးသာက ထားဝယ်ကို သွားရမည်ကို သဘောက သည့်အနေဖြင့် ပြောလိုက်သောကြောင့် အိုင်အိုနန်းထိုက်က ပခုံးနှစ်ဖက်ကို တွန့်လိုက်လေသည်။

"အေး. . ယမ်းနံ့တွေ များများမရဖို့ဘဲ အရေးကြီးတယ် မူးသာရေ၊ ကဲ. . ငါ့ဆီ စီစဉ်စရာရှိတာတွေ စီစဉ်ရဦးမယ်"

အိုင်အိုနန်းထိုက်က နေရာမှထ,ရပ် လိုက်လေသည်။



သူတို့နှစ်ဦး ရာဇဝတ်ဝန် မေဂျာအောင်ဒင်ကို နှုတ်ဆက်ထွက်လာပြီး. . .

"ကိုနန်းထိုက်က မြကေသီကို ချော့မော့ဖို့လဲ တာဝန်ရှိတယ် မဟုတ်လား"

ဟု ရွှယ်ကျဲကျဲနှင့် ပြောလိုက်လေတော့၏။

*

www.burmeseclassic.com

www.burmeseclassic.com



မြကေသီသည် နံနက်ပိုင်း စားသောက်ရန်အတွ
ပေါင်မုန့်ကြက်ဥ ကြော်ပြီးနောက် ကော်ဖီကို ဖျော်လျက်ရှိသည်
ကော်ဖီမှုန့်နဲ့ နို့ဆီသကြားများ သမစေရန် မွှေပေးနေစဉ်မှာပ
အိမ်ရှေ့မှ တံခါးခေါက်သံ ပေါ်ပေါက်လာသည်။

နံနက်(၇)နာရီပင် မထိုးသေး။ ဘယ်က ဧည့်သည်ပါလိမ့်
အိမ်ရှေ့တံခါးဝကို ဖွင့်ပေးလိုက်သောအခါတွင် မားမားကြီး ရ
လျက်ရှိသော အိုင်အိုနန်းထိုက်ကို တွေ့လိုက်ရလေတော့သည်၊

"မပြုမပြင်ပင် ကိုယ်လှ ယဉ်ဆိုသမျှ ယဉ်ထက်ယဉ်"
ဟု ဆိုရလောက်အောင် ဆံနွယ်စလေးများ နံဖူးပေါ်တွ



ဲကျလျက် မလိမ်းမခြယ် မပြုမပြင်ဖြင့် ဝင်းဝင်းပပ ချောနေသော
ြကေသီကို အိုင်အိုနန်းထိုက်က ပြုံးပြုံးပြီး ကြည့်နေသည်။

"အို. ."

မြကေသီမှာ မပြင်မဆင် မဖီးမလိမ်းရသေးမီ အိမ်သို့
အစောကြီး ရောက်ရှိလာသော ဧည့်သည်ကြောင့် ရှက်သွေး
ြဖ်သွားကာ ခေါင်းငုံ့လိုက်လေသည်။

"အံ့ဩသွားသလား ကေသီ၊ ကိုယ်က အိပ်ရာမှတောင်
ိုးမှ နိုးပါ့မလားလို့"

အိုင်အိုနန်းထိုက်က မြကေသီ ဖွင့်ပေးသောတံခါးမှ အိမ်
ဲသို့ လှမ်းဝင်လိုက်ရင်း ပြောလိုက်သည်။

"ကေသီက အစောကြီးနိုးနေပါတယ် အစ်ကို၊ ဘုရား
ောင်ရှိခိုးပြီး ဘုရားပန်တွေလဲပြီးပြီ၊ ခုပဲ ပေါင်မုန့်ကြက်ဥကြော်နဲ့
ော်ဖီသောက်တော့မလို့ ကော်ဖီဖျော်နေတာ အတော်ပဲပေါ့၊
ာလေး စောင့်နော်"

"ရပါတယ် ကေသီ၊ လုပ်စရာရှိတာ လုပ်ပါ"

အိုင်အိုနန်းထိုက်က ပြောပြောဆိုဆို ဧည့်ခန်းစားပွဲတွင်
င်၍ ထိုင်လိုက်၏။ မြကေသီက ကပျာကယာလေး အိမ်ထဲသို့
င်သွားသည်။ ပြီးနောက် ကော်ဖီဖျော်လက်စကိုထားကာ အသ
ာစားလဲ၍ မှန်ရှေ့တွင်ထိုင်ကာ သနပ်ခါးရေကျဲကို ရအောင်လူး
ိုက်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



မုန့်နှင့်ကော်ဖီများယူကာ အိမ်ရှေ့သို့ ပြန်ထွက်လာသော အချိန်တွင် အိုင်အိုနန်းထိုက်မှာ "ရီးဒါးဒိုင်ဂျက်" မဂ္ဂဇင်းတစ်စော ကို စိတ်ဝင်တစားထိုင်၍ ဖတ်ရှုနေသည်ကို တွေ့လိုက်ရလေသည် စာထဲတွင် အိုင်အိုနန်းထိုက် စိတ်ဝင်တစားနေရာမှ သနပ်ခါး သင်းသင်းလေးကို ရလိုက်တော့မှပင် မဂ္ဂဇင်းစာအုပ်ကို ပိတ်က စားပွဲပေါ်တင်လိုက်သည်။

ပူပူနွေးနွေး ပေါင်မုန့်ကြွက်ဥကြော်နှင့် ကော်ဖီပန်းက ကို မြကေသီက ဗန်းလေးဖြင့်ထည့်ကာ စားပွဲပေါ်တွင် တင်ထာ သည်ကို သူ သတိထားမိသွားသည်။

မြကေသီ၏မျက်နှာကို သူသည် ငေးစိုက်ကြည့်နေ သည်။ မြကေသီမှာ နှာတံပေါ်ပေါ် မျက်လုံးဝိုင်းဝိုင်း ပါးမို့မို့နှင့် မြန်မာဆန်ဆန် ချောမောသော မိန်းကလေးဟု အိုင်အိုနန်းထိုက် သတိထားကြည့်နေခြင်းပင် ဖြစ်သည်။

"ကိုနန်းထိုက်"

"ဟင်. ."

"ကေသီ့ကို ဘာစိုက်ကြည့်နေတာလဲ"

"ကိစ္စရှိလို့ ကေသီရဲ့. ."

"ရှင်. . ."

"ဟုတ်တယ် ကေသီရဲ့မျက်နှာပြင်ကို ကိုယ်လေ့လာ တာ"



"အို. . ."

မြကေသီက ရှက်၍ ခေါင်းငုံ့လိုက်သည်။

"ကိုယ်က အတည်ပြောနေတာပါ၊ မြကေသီကို နောက် နေတာ မဟုတ်ဘူး"

"မမြင်ဘူးတာတာ ကျနေတာပဲ"

မြကေသီက နှုတ်ခမ်းလေးစူကာ ပြောလိုက်လေသည်။

"မြင်ဖူးပေမယ့် ခုက သေချာအကဲခတ်ရတယ်၊ ဘာဖြစ် လို့လဲဆိုတော့ အလုပ်ကိစ္စရှိလို့"

"ဘာရယ် အလုပ်ကိစ္စ ဟုတ်လား"

"ဟုတ်တယ်"

"အလုပ်ကိစ္စက ကေသီမျက်နှာက ဘာဆိုင်လို့လဲ ကိုနန်း ထိုက်ရယ်. . ."

အိုင်အိုနန်းထိုက်က ပခုံးကိုတစ်ချက်တွန့်၍ ပြုံးလိုက် လေသည်။

"အခု ရာဇဝတ်ဝန်ကြီးက မြန်မာပြည်ကို ဒုက္ခပေးနိုင် တဲ့ ဒုစရိုက်ဂိုဏ်းကြီး တစ်ဂိုဏ်းကို ဖြိုခွဲဖို့ အစီအစဉ်တစ်ရပ် ချ မှတ်လိုက်ပြီး အဲဒီမှာ ကိုယ်ရယ်၊ ဂျမဒါမှူးသာရယ် အဓိက ဦး ဆောင်ရမှာ"

"အဲဒါ ကေသီနဲ့ဘာဆိုင်လို့လဲ ကိုနန်းထိုက်ရဲ့. ."

"အရင်ကတော့ ကေသီနဲ့ မဆိုင်ဘူးပေါ့လေ. ကေသီ

www.burmeseclassic.com

www.burmeseclassic.com



အကူအညီကိုထဲ မယူခဲ့ရဘူး၊ အခုကိစ္စကတော့ ထားဝယ်မှာတင် မဟုတ်ဘူး ကော့သောင်းတို့၊ မော်လမြိုင်တို့ဖက်တွေရယ်၊ မြိတ်ကျွန်းစုဖက်တွေမှာရယ်ပါ။ ပင်လယ်မှုဆိုးဂိုဏ်းကို ဖြိုခွဲဖို့အတွက် စုံစမ်းလှုပ်ရှားရမှာ ကေသီ၊ ဒီတော့ ကေသီပါ ကိုယ်တို့နဲ့အတူ ထားဝယ်ကို လိုက်ခဲ့ရလိမ့်မယ်"

"ဟင်. . တကယ်. . "

"တကယ် ပြောတာပေါ့"

"ကေသီ ဝမ်းသာလိုက်တာ ကေသီက မောင်းမကန် ထဲ ရောက်ဖူးချင်တာ၊ ပြီးတော့ ထားဝယ်ဖက်က ရှုခင်းတွေလဲ စိတ်ဝင်စားတယ်၊ ကေသီ ဘာလုပ်ရမလဲဆိုတာ ပြော. . "

"အင်း. . အဲဒါကြောင့် ကေသီ့ကို ဘာလုပ်ငန်းလုပ်တဲ့ လူတစ်ယောက်အနေနဲ့ လွှတ်ရရင်ကောင်းမလဲလို့ ကိုယ်တွေးနေတာပါ၊ ကေသီက လှတယ်၊ ချောတယ်၊ ယဥ်တယ်"

"မြှောက်နေပြန်ပြီ"

"မြှောက်တာ မဟုတ်ပါဘူး၊ အတည်ပြောနေတာပါ ဒီတော့ စီးပွားရေး လုပ်ငန်းလုပ်တဲ့ ပိုင်ရှင်တစ်ဦးဦးအနေနဲ့ ကေသီ့ကို လွှတ်ရမယ်"

"ကိုနန်းထိုက်တို့ကရော. . "

"ကိုနန်းထိုက်ကတော့ လျှို့ဝှက်ပြီး ထောက်လှမ်းရမယ် ဒါပေမယ့် ကေသီ မပူပါနဲ့၊ မူးသာက တရားဝင်စုံထောက်အနေ



ရှိနေမှာပါ"

"တရားဝင်စုံထောက် ဟုတ်လား"

"ဟုတ်တယ် ဗျော့ဖိုးသာကို ဖမ်းဆီးဖို့အတွက် လိုက်လံရှာဖွေနေတဲ့ စီအိုင်ဒီက စုံထောက်အဖြစ်နဲ့ မူးသာက ထားဝယ်ကို ထင်ထင်ပေါ်ပေါ် သွားရလိမ့်မယ်၊ ကေသီနဲ့ ကိုယ်နဲ့ကတော့ အကြောင်းပြချက် တစ်ခုခုနဲ့သွားတာ အကောင်းဆုံးပဲ"

"အင်း. . ဒါဆို"

ကေသီက မေးကိုထောက်၍ စဉ်းစားလိုက်လေသည်။

"ကေသီ သိပ်တော့ အတင့်မရဲနဲ့၊ ပင်လယ်မှုဆိုးဂိုဏ်းက လူတွေက ထားဝယ်မှာ အနှံ့အပြား ရှိနေနိုင်တယ်၊ ကေသီ့လို လှပပ မိန်းကလေးတစ်ယောက် သူတို့လက်ထဲ ရောက်သွားရင်"

အိုင်အိုနန်းထိုက်က စကားကို အဆုံးမပြောဘဲ ရပ်ထားလိုက်၏။

"ကေသီ သိပါတယ်၊ ကေသီ့ကို တန်ဆာခံလုပ်မယ်၊ ပြီးတော့ အကြွပ်ကိုင်မယ်"

"ဒါလောက်ဆို တော်သေးတာပေါ့"

"ဒါမှမဟုတ် ကေသီ့ကို သူတို့သဘောကျပြီးတော့ တစ်ယောက်ယောက်က လက်ထပ်ပြီး အပိုင်သိမ်းမယ်"

"ဒါဆိုရင်ဖြင့် လူဆိုးရဲ့ဇနီးဖြစ်ရရုံပဲ ဘာမှ သိပ်ကိစ္စမရှိ

www.burmeseclassic.com

www.burmeseclassic.com



အိုင်အိုနန်းထိုက်က အမှုမအထားသလို စီးကရက်တ[illegible]
လိပ်ကို မီးညှိရင်း ပြောလိုက်သည်။

"ရာဇဝတ်မှုကျူးလွန်တဲ့ လူဆိုးရဲ့မိန်းမ ဖြစ်ရတာ ဒီထက်
ဆိုးတာ ရှိသေးလား ကိုနန်းထိုက်ရဲ့. . "

"ရှိတာပေါ့ ကောသီ"

"ဘာလဲ"

"ကောသီ့ကို သူတို့ဖျက်ဆီး လိုက်ကြမယ်၊ ပြီးတော့ သတ်ပြီ
ပင်လယ်ထဲ ပစ်ချလိုက်ကြလိမ့်မယ်၊ အဲဒါ အဆိုးဆုံးပေါ့ ကောသ
ရဲ့. . "

"အို. . "

*

အိုင်အိုနန်းထိုက် ပြောလိုက်သော စကားကြောင့် [illegible]
ကောသီမှာ သူမ၏ရင်လွှာမို့မို့ကို လက်နှင့်ဖိထားလိုက်လေသည်၊

"ဘုရား. . ဘုရား. . ကြောက်စရာ တော်တော် ကောင
ပါလား"

မြကောသီက ထိတ်လန့်စွာ ဘုရားတနေသည်ကို ကြည့်ရင
အိုင်အိုနန်းထိုက်က ရယ်လိုက်သည်။



"ဟား. . ဟား. . ဟား. . ခုမှတွေးပြီး ကြောက်မနေပါနဲ့
ကောသီ၊ စီအိုင်ဒီမှာ အမှုထမ်းတဲ့သူတွေကသာ အစကတည်းက
အသက်နဲ့ခန္ဓာကို စွန့်ပြီးသာ မဟုတ်လား၊ ကိုယ်က အဆိုးဆုံး
အခြေအနေကို ပြောပြတာပါ၊ ဒါကြောင့် ကောသီဟာ ရန်သူ့လက်ထဲ
ကို မရောက်အောင် သိပ်သတိထားရမယ်၊ ပြီးတော့ ကိုယ့်ကိုနှိပ်စက်
ဖျက်ဆီးမယ့်ရန်သူရဲ့ အခြေအနေကို ကြိုတင်ပြီး သိရှိထားရမယ်၊
ဒါဆိုရင်တော့ ကောသီ အဆိုးဆုံး အခြေအနေကို မရောက်နိုင်
ပါဘူး"

"ဒါဆို ကိုနန်းထိုက်တို့က ကောသီကို တကယ့်လျှို့ဝှက်
အစီအစဉ်ထဲမှာ ထည့်သွင်းတာဝန် ပေးပြီးပြီပေါ့"

"ပေးပြီးပြီ. ... မနေ့ကပဲ ရာဇဝတ်ဝန် မေဂျာအောင်ခင်
က အစီအစဉ်ရေးဆွဲပြီး တာဝန်တွေ ပေးအပ်လိုက်ပြီ၊ ဒီတော့
ကောသီ ခရီးသွားဖို့ ပြင်ပေတော့"

"ဘယ်တော့လဲ"

"တနင်္ဂနွေနေ့ ညလေယာဉ်နဲ့ပဲ"

"ရှင်. . "

အစီအစဉ်က သိပ်မြန်လွန်းနေ၍ မြကောသီ မျက်လုံးများ
[illegible]င်းသွားသည်။ ငါးရက်ခန့်သာ လိုတော့၏။

"ကိုနန်းထိုက်ရော တစ်ပါတည်း လိုက်မှာလား"

"မလိုက်သေးပါဘူး၊ ကိုယ်က ရွှေပန်းသီးကုမ္ပဏီမှာ

www.burmeseclassic.com

www.burmeseclassic.com



ကုမ္ပဏီပိုင်ရှင် ဒါရိုက်တာ ဦးထွန်းမြနဲ့ မေးမြန်းစုံစမ်းစရာတွေ ရှိသေးတယ်၊ သူတို့ အာမခံကုမ္ပဏီက ငှားရမ်းထားတဲ့ စုံစမ်းရေးသမား ဂျွန်စမစ်က အသတ်ခံလိုက်ရပြီလေ"

"ဟင်. . . ဂျွန်စမစ်ပါ သေသွားပြီ ဟုတ်လား"

"ဟုတ်တယ် ဒါဟာ အထူးလျှို့ဝှက်ချက်မို့ပါ၊ ကေသီကို အသိမပေးဘဲထားတာ ခုတော့ ဒီလျှို့ဝှက်ဖြန့်ခွဲရေး အစီအစဉ်ထဲမှာ ကေသီပါလာလို့ အသိပေးပြီး ဖွင့်ပြောပြရတာပဲ"

မြကေသီက အိုင်အိုနန်းထိုက်၏ စကားကို နားထောင်ရင်း မျက်လုံးများက လေးလေးနက်နက် စူးစိုက်ကာ အိုင်အိုနန်းထိုက်ကို ကြည့်နေသည်။

"ဂျွန်စမစ်ဆိုတာ ဘယ်သူလဲဆိုတာ ကေသီ သိပြီးသားပါ သူသာ အင်္ဂလန်ပြည်က စကော့တလန်ယာဒ် စုံထောက်သင်တန်းမှာ တက်လာခဲ့ဖူးတဲ့ အလွတ်စုံစမ်းရေးသမားပဲ၊ ဒါပေမယ့် သူဟာ သေနတ်နဲ့သုံးချက်တိတိ ပစ်သတ်ခံလိုက်ရရှာတယ်"

"သူ့ကို ပစ်သတ်လိုက်တာ ဂျော့ဖိုးသာလား"

"ဘယ်သူလဲဆိုတာတောင် ခုထိ စုံစမ်းလို့ မရသေးပါဘူး ဒါပေမယ့် သူက သူတို့နဲ့ပတ်သက်တဲ့ အဖွဲ့ထဲကပဲ ဖြစ်ရမယ်၊ ပြီးတော့ နောက်ထပ်မသင်္ကာစရာ လူတစ်ယောက် ရှိသေးတယ်"

"ဘယ်သူလဲ ကိုနန်းထိုက်"

"သူကတော့ မင်္ဂလာဒုံဇေလဆိပ်မှာ တာဝန်ကျ ပုလိပ်တွေ



သတိထားမိလိုက်တဲ့ ဂျော့ဖိုးသာနဲ့ စကားပြောနေတဲ့ စက်သူပိုင်ရှင် သူဌေးဦးခွန်သာပဲ"

"ဦးခွန်သာ ဟုတ်လား"

"ဟုတ်တယ် ဘာဖြစ်လို့လဲ"

"ဦးခွန်သာက 'ပင်လယ်ကျား'ကုမ္ပဏီက စက်လှေသူဌေး သူက ထားဝယ်တို့ တနင်္သာရီတို့မှာ အုပ်ချုပ်တဲ့ နယ်ပိုင်တွေ ထောက်တွေကတောင် လေးစားရတဲ့ လူတစ်ယောက်ပဲ"

မြကေသီက ဦးခွန်သာ၏ အကြောင်းကို သိရှိသည့်အ း မှတ်ချက်ချလိုက်၏။

"ဟုတ်တယ် ကေသီ၊ ဒါပေမယ့် သူဟာ သူ့ကုမ္ပဏီရဲ့ ငွင်းရေးမှူး တစ်ယောက်အနေနဲ့ ဝရမ်းပြေး လူသတ်သမား ဖိုးသာကို ခန့်အပ်ထားသတဲ့"

"ဟင်. . ဒါဆိုရင် ဦးခွန်သာကို လူသတ်တရားခံနဲ့ ပူး းသူအဖြစ် ဖမ်းဆီးလိုက်ပါလား"

"ဒီလိုလုပ်လို့ မရဘူးကေသီရဲ့. . ဂျော့ဖိုးသာရဲ့ လူ မှုတွေ ခားပြမှုတွေကို သူ မသိပါဘူးလို့ ငြင်းလိုက်ရင် သူ အဝါနဲ့ကိုယ်တို့ ဘယ်လိုမှ တရားစွဲလို့မရဘူး"

"ဒါဆို ရာဇဝတ်မှုတွေ ဘယ်လို ကျူးလွန်တယ်ဆိုတဲ့ သာက်အထားတွေကို ရအောင် စုံစမ်းရမှာပေါ့နော်"

"ဟုတ်တယ်၊ ဒါကြောင့် ယောက်ျားသား တစ်ဦးထက်

www.burmeseclassic.com

www.burmeseclassic.com



စာရင် မြကေသီလို ပါးနပ်လိမ္မာတဲ့ မိန်းမချောတစ်ဦးရဲ့ အကူ
အညီ ကိုယ်တို့မှာလိုနေပြီ"

"ဟင်. . ဒါဆို ကိုနန်းထိုက်တို့က ကေသီ့ကို တည်ချက်
လုပ်တဲ့ သဘောပေါ့"

"ဒီသဘောတော့ မဟုတ်ပါဘူး၊ ကေသီ့ကို သိတဲ့လူက
နည်းတယ်လေ၊ ဌာနထဲမှာပဲနေတော့ ဒုစရိုက်သမား တော်တော်
များများက ကေသီ့ကို ပုလိပ်ဌာနက အမှုထမ်းမှန်း မသိကြဘူး
ဒါဟာ ကိုယ်တို့ဖက်က တပန်းသာတာပဲ"

မြကေသီမှာ သူ တာဝန်ထမ်းရွက်ရမည့် ကိစ္စမှာ ပေ
သေးသေး မဟုတ်ကြောင်း သိရှိလိုက်ရသောကြောင့် သက်ပြင်း
ချလိုက်မိတော့သည်။

"ကိုယ်တို့ဆဲ ထားဝယ်မှာ အတူရှိနေမှာပါ ကေသီရယ်"

အိုင်အိုနန်းထိုက်က အားပေးစကား ပြောလိုက်လေ
သည်။

"ဒါပေမယ့် ကေသီက ကိုနန်းထိုက်ကို ဘယ်လို ဆက်
သွယ်ရမလဲ"

"ခဏနေဦး ကေသီ့ကို တစ်ခုပြောရဦးမယ်၊ ဂျမဒါမှူး
သာနဲ့ ကေသီနဲ့ကလည်း ခရီးသွားရင်းမှသိရတဲ့ မိတ်ဆွေတွေအဖြ
နဲ့ ဆက်ဆံရမှာနော်"

"ဒါဆို ကြိုပြီးဇာတ်တိုက် ထားရမှာပေါ့ ကိုနန်းထိုက်"



"ဟုတ်တယ် မှူးသာကတော့ အစည်းအဝေးမှာရှိလို့ အကုန်
သိပြီးပါပြီ၊ ကေသီ သိဖို့ပဲလိုတာ နောက်တစ်ခုက ကေသီနဲ့မှူးသာ
တို့က ကိုယ့်ကို ဆက်သွယ်စရာ မလိုဘူး၊ ရန်သူတွေက ရိပ်မိသွား
သိမ့်မယ်၊ ကိုယ်ကပဲ မှူးသာနဲ့ကေသီတို့ကို နည်းလမ်းရှာပြီး လိုအပ်
တဲ့အခါ လာပြီးဆက်သွယ်ပါ့မယ်"

"ဒါဆို ကိုနန်းထိုက်မှာ ပိုပြီးအန္တရာယ်တွေ ဝိုင်းနေမှာ
ပေါ့"

"ကိစ္စမရှိပါဘူး၊ အသက်စွန့်ပြီး လုပ်မှဖြစ်မယ့် တာဝန်
ဆိုတော့ လုပ်ရမှာပဲ"

"သတိထားပါ ကိုနန်းထိုက်ရယ်"

မြကေသီ၏ သတိပေးသော စကားသံတွင် သံယောဇဉ်
အရိပ်အငွေ့များ ပါလာလေသည်။

*

ဂျမဒါမှူးသာသည် စီအိုင်ဒီရုံးမှ တာဝန်ပေးအပ်ခြင်း
ခံရပြီးနောက် သူ့အိမ်ရှိရာ ကြည့်မြင်တိုင်ဈေးကလေး ရှေ့တွက်
ပြန်ရန် လမ်းလျှောက်လာခဲ့လေသည်။ မြေနီကုန်းမှ ဘားကရာ

www.burmeseclassic.com

www.burmeseclassic.com



ဖက်သို့သွားသော လမ်းအတိုင်း လျှောက်လှမ်းလာခဲ့ရာ လမို ညဖြစ်၍ ခုနှစ်နာရီကျော်ကျော်ပင် ရှိသေးသော်လည်း လမ်းပေ တွင် လူသွားလူလာ ပြတ်လပ်လျက် ရှိသည်။

အချိန်မဟုတ်သော မိုးက တဖွဲဖွဲရွာလျက် ရှိသောကြော အသင့်ပါလာသော ဦးထုပ်ကို ငိုက်ငိုက် မျက်နှာဖုံးအောင် ဆော ကာ လျှောက်လှမ်းလာခဲ့လေသည်။

ရှမ်းလမ်းကို ဖြတ်ကျော်ကာ ကိုးထပ်ကြီးဘုရားရှေ ရောက်သောအခါတွင် ရှေ့မှမောင်းနှင် လာသော ကားတစ်စီး မီးရောင်ကြောင့် လမ်းဘေးတွင် ရပ်နေသော မိုးကာအင်္ကျီနှ လူတစ်ယောက်ကို တွေ့လိုက်ရသည်။

"ဟင်. . ."

မိုးကာအင်္ကျီနှင့်လူမှာ သက္ကလပ်ဦးထုပ်ကို ခပ်ငိုက်ငို ဆောင်းထားပြီး ဗားကရာချောက်သို့ မရောက်မီ သစ်ပင်ကြီး တ ပင်အောက်၌ ရပ်နေသည်ကို အမှတ်မထင် တွေ့လိုက်ရလေသည

ဂျမဒါမူးသာသည် ထိုသူရှိရာသို့ ဦးတည်ကာ မလျှော တော့ဘဲ ကြည့်မြင်တိုင် ဘူတာဖက်သို့သွားသည့် ဖြတ်လမ်းရှိရာ လမ်းကူးလိုက်၏။ ထိုအခါတွင်မှ ကြည့်မြင်တိုင် ဘူတာဖက် ဝင်ရာ ကုန်းမြင့်လမ်းကြားလေးထဲမှ လူနှစ်ယောက် ထွက်လာသ ကို တွေ့လိုက်ရလေသည်။

ထိုသူများသည် လက်ထဲတွင် ပြောင်လက်သော ဓားမျာ



ကိုင်ဆောင်လာသည်ကို လမ်းဓာတ်မီးရောင်ဖြင့် အမှတ်မထင် တွေ့မြင်လိုက်၏။

ဂျမဒါမူးသာမှာ သတိရှိသူ ဖြစ်သောကြောင့် နောက်သို့ လှည့်ကြည့်လိုက်သောအခါတွင် လမ်းတစ်ဖက် သစ်ပင်အောက်၌ ရပ်နေသော မိုးကာအင်္ကျီနှင့် သက္ကလပ်ဦးထုပ် ဆောင်းထားသူမှာ သူ့ နောက်မှလမ်းဖြတ်ကူး၍ လိုက်လာသည်ကို တွေ့လိုက်ရ၏။ ထိုသူ၏ လက်တစ်ဖက်က လှုပ်ရှားလိုက်သည်ကို တွေ့မြင်ရ၏။

"ဖောက်. ."

"အို. . ."

အသံတိတ် တပ်ထားသော သေနတ်သံတစ်ချက် ထွက် ပေါ်လာသည်။ ဂျမဒါမူးသာက ပလက်ဖောင်းပေါ်သို့ ဝမ်းလျား ထိုးမှောက်ကာ လှိမ့်ပစ်လိုက်၏။

မိုးကာအင်္ကျီနှင့် သေနတ်သမားမှာ နောက်ထပ် သေနတ် နှစ်ချက် ထပ်ပစ်ရင်း ပြေးလာသည်။ လမ်းကြားထဲမှ ဓားသမား နှစ်ဦးကလည်း ဂျမဒါမူးသာရှိရာသို့ ဦးတည်လာကာ ပြေးဝင်၍ ခုတ်ပိုင်းလိုက်၏။

"ဖွစ်. ."

"ချွမ်"

ဂျမဒါမူးသာက သူ့ပေါ်သို့ ပိုင်းခုတ်ချလိုက်သည့် ဓား သမားတစ်ဦး၏ လက်ထဲမှဓားကို ပက်လက် အနေအထားဖြင့်

www.burmeseclassic.com

www.burmeseclassic.com



ပင် ခြေနှင့် ခတ်ထုတ်ပစ်လိုက်လေသည်။

မားကိုင်လက်ကို မိမိရရ ထိသွားသောကြောင့် လက် ထဲမှဓားသည် လွင့်ထွက်သွားသည်။ ထိုစဉ်မှာပင် ဂျမဒါမူးသာ သည် သူ့အားသေနတ်နှင့် နှစ်ချက်ပစ်ကာ ပြေးလာသူ့ထံသို့ လွှား ကာနဲ ခုန်ဝင်လိုက်လေတော့သည်။

"ဖောက်. . "

ထင်သည့်အတိုင်းပင် သေနတ်သမားက ဂျမဒါမူးသာကို သေနတ်နှင့် ထိုးပစ်လိုက်သည်။ သို့သော် သေနတ်သည် ဂျမဒါ မူးသာ၏ ချိုင်းအောက်သို့ လက်လျှိုဝင်သွား၍ လွဲချော်ကာ နောက် မှဓားနှင့် ပိုင်းရန်ပြေးလာသော လူတစ်ဦးကို ထိမှန်သွားလေသည်။

"အား. . . "

ဓားသမားမှာ ရင်ဝသို့ တည့်တည့်ထိမှန်ခြင်း ခံရသော ကြောင့် ပလက်ဖောင်းပေါ်တွင် လဲကျသွားလေတော့၏။ ဂျမ ဒါမူးသာက သေနတ်သမား၏ လက်ကိုဆွဲ၍လိမ်ကာ ကိုင်ပေါက် ချလိုက်လေသည်။

"ဘုန်း. . "

"အား. . . "

သေနတ်သမားမှာ လက်ထဲမှသေနတ် လွတ်ကျသွားပြီ နောက် လူးလဲထကာ ထွက်ပြေးသွားလေသည်။ ဓားသမားတ ဦးလည်း ထွက်၍ပြေးသွားလေတော့၏။



မိုးက တဖွဲဖွဲ ရွာနေသည်။ ဂျမဒါမူးသာသည် ပလက် င်းပေါ်မှ ပြောင်လက်နေသော သေနတ်ကို ကောက်ယူလိုက် ။ သေနတ်ထဲတွင် ကျည်နှစ်တောင့် ကျန်နေသေး၍ ပလက် င်းပေါ်တွင် ရင်ဘတ်ကိုဖိကာ ညည်းညူနေသူကို ချိန်ရွယ် သည်။

ထိုသူသည် ရင်ဝကိုဖိကာ ဒယိမ်းဒယိုင်ဖြင့် ပြေးလွှားဖို့ ားကြည့်သော်လည်း မပြေးနိုင်သောကြောင့် သုံးလေးလှမ်း တ်တွင် လမ်းဘေးသို့ လဲကျသွားလေတော့သည်။

ဂျမဒါမူးသာသည် ထိုသူရှိရာသို့ ပြေးသွားကာ နားထင်ကို တ်နှင့် ထောက်ထားလိုက်သည်။

"မင်း ဘယ်သူလဲ၊ မင်းကို ဘယ်သူက ငါ့ကို သတ်ဖို့ တာလဲ"

ဖိုးတာသည် မျက်နှာကို ရှုံ့မဲ့ရင်း. . .

"ကျုပ်ကို ကြည့်မြင်တိုင် ကဖီးနားမှာ ဆိုက်ကပ်ထားတဲ့ ပေါ်က လူကြီးက ဒီလူနှစ်ယောက်နဲ့ လိုက်သွားပါ၊ သူတို့ခိုင်း ပ်ပါ ဆိုပြီးတော့ ငွေငါးရာ ပေးပါတယ်"

သေနတ်ဒဏ်ရာ ပြင်းထန်သောကြောင့် ဖိုးတာမှာ ထိုမျှ ပြောနိုင်ပြီး ငြိမ်သက်သွားလေတော့သည်။

*

www.burmeseclassic.com

www.burmeseclassic.com



မိုးတဖျောက်ဖျောက် ရွာနေရာမှ တဖြည်းဖြည်းစဲ
မိုးက တိတ်သွားသည်။ ဂျမဒါမူးသာသည် သေနတ်ကို အိတ်ထဲ
ထည့်ကာ ကြည့်မြင်တိုင် ကမ်းနားသို့ ဆင်းလာခဲ့လေသည်
ကမ်းနားတွင် လှေများဆိုက်ကပ်ထား၍ လှေပေါ်တွင် မီးရော
တလက်လက်များကို မြင်နေရသည်။

ကြည့်မြင်တိုင်ဆိပ်ကမ်းသို့ ကုန်များလာရောက် ရော
ချသော ကုန်တင်လှေများ ညအိပ်ရပ်နားထားခြင်း ဖြစ်နိုင်သေ
သည်။ လှေမှာ ငါးစီးတိတိရှိ၍ သူ့အားသတ်ရန် စေခိုင်းသော
လူ၏လှေမှာ မည်သည့်လှေ ဖြစ်သည်ကို စုံစမ်းသိရှိနိုင်ရန် ဂျမ
မူးသာသည် အခြေအနေကို စောင့်ကြည့်နေ၏။

ကုန်တင်လှေများထဲတွင် အချို့မိသားစုများက ဆီမီးခွ
ဖြင့် ပဲ့ပိုင်းတွင် ထမင်းစားနေကြသည်ကို တွေ့ရသည်။ မိသား
လိုက် ကုန်ရောင်းလာသော လှေတစ်စီးဖြစ်သည်။ ဂျမဒါမူး
သည် မှောင်ရိပ်ကိုခို၍ ကမ်းနားသို့ ဆင်းသက်ကာ ထိုလှေ
ပေါ်သို့ လှမ်းတက်လိုက်လေသည်။

အသက်ငါးဆယ်ကျော် အရွယ်လူကြီးမှာ သူတို့လှေ
သို့ လှမ်းတက်လာသော လူစိမ်းတစ်ဦးကို တွေ့ရ၍ အံ့အားသ
သွားသည်။ ထိုအချိန်က လူဆိုးဓားပြ တိုက်လုယက်လေ့ရှိ၍ မျ
နှာသုတ်ပုဝါကို ခေါင်းပေါင်ပေါင်းထားသော လူကြီးက လှေ
ထဲရှိ အသင့်ရှိသော ငှက်ကြီးတောင်ဓါးကြီးကို ဆွဲယူလိုက်၏။



"အဘ ကျွန်တော် လူကောင်းပါ"

ဂျမဒါမူးသာက အသံခပ်တိုးတိုးဖြင့် ပြောလိုက်လေ
သည်။ ဓားကိုဆုပ်ကိုင်ထားရာမှ. . .

"လူကောင်းဖြစ်ဖြစ်၊ လူဆိုးဖြစ်ဖြစ် လှေပေါ်က ခုဆင်း"
ဟု ခေါင်းပေါင်းနှင့် လူကြီးက မောင်းချသည်။

"ကျွန်တော် ဆင်းမှာပါ၊ ဒါပေမယ့် ကျွန်တော် မေးစရာ
သေးတစ်ခု မေးပါရစေ"

ဦးထုပ်ကိုချွတ်ရင်း ပြေပျစ်စွာ ပြောလိုက်သောကြောင့်
လှေပေါ်မှ အသက်ငါးဆယ်ကျော် လူကြီးမှာ ဂျမဒါမူးသာ၏
က်နှာကို အနီးကပ် အကဲခတ်ရင်း. . .

"ဘာမေးစရာရှိလို့လဲ ညအချိန် လှေပေါ်တက်လာရင်
တော့ လူဆိုးဓားပြအဖြစ် သတ်မှတ်ပြီး လက်ဦးအောင် ကျုပ်တို့
သတ်ရမှာပဲ"

ဟု ပြောပြန်လေသည်။

"ကျွန်တော်က ပုလိပ်ဖက်ကပါ အဘ၊ ကျွန်တော် စုံစမ်း
စရာရှိလို့ လာတာပါ"

ဂျမဒါမူးသာက ကည်တည်ကြည်ကြည် ပြောလိုက်တော့မှ
က်နှာသုတ်ပုဝါ ခေါင်းပေါင်းနှင့်လူကြီးက မျက်နှာပြောင်းသွား၏။

"ကျွန်တော် စကားနည်းနည်း ပြောပါရစေ၊ တိုဖက်က
တ အသံမကြားရအောင် ခပ်တိုးတိုးပဲ စကားပြောစေချင်

www.burmeseclassic.com

www.burmeseclassic.com



ပါတယ်"

မျက်နှာသုတ်ပုဝါ ခေါင်းပေါင်းနှင့် လူကြီးက လက်တို့ကာ လှေဝမ်းထဲသို့ ခေါ် သွားလေသည်။

"မောင်ရင်လေးက ပုလိပ်ဖက်က ဆိုရင်တော့ ကျုပ် အားကိုးပါရစေ"

လှေဂမ်းထဲသို့ ရောက်သောအခါမှ နေရာထိုင်ခင်းပေးရင်း မျက်နှာသုတ်ပုဝါ ခေါင်းပေါင်းထားသော လူကြီးက ခပ်တိုးတိုး ပြော၏။

"ပြောပါ အဘ၊ အဘနာမည် ဘယ်သူလဲ"

"ကျုပ်နာမည်က ဖိုးသိးပါ၊ အသီးအနှံတွေကို ဟိုဖက်ကမ်းက ရွာတွေက ကောက်သိမ်းပြီး ဒီဈေးမှာ လာရောင်းတာပါ၊ ဒီဆိပ်ကမ်းမှာ တစ်ရက်နှစ်ရက်လောက် အမြဲအိပ်ပါတယ်"

ဦးဖိုးသိးက သူတို့အကြောင်းကို ရှေးဦးစွာ ပြောပြလေသည်။ ပွဲစင်ဖက်တွင် အသက်နှစ်ဆယ်အရွယ် မိန်းမပျိုတစ်ဦး အသက် လေးဆယ်အရွယ် မိန်းမကြီးတစ်ဦးနှင့် ဆယ်နှစ်ကျော်ခန့် ယောကျ်ားလေးတစ်ဦးတို့ ထမင်းစားလျက် ရှိနေကြလေသည်၊

"ကျွန်တော် ရောက်လာတာနဲ့ အဘ ထမင်းစားပျက်သွားတယ် ထင်တယ်၊ ကျွန်တော် ဒီဆိပ်ကမ်းမှာ မသင်္ကာစရာ လှေတစ်စီး ဆိုက်နေတယ်ကြားလို့ စုံစမ်းတာပါ"

"ကောင်းပါပြီ ဟုတ်ပါတယ် မောင်ရင်၊ ပါးမှာ ဓားဒဏ်



ရာနဲ့ လူကြီးတစ်ဦးနဲ့ လူလေးယောက် စီးလာတဲ့လှေ ညနေက ဒီလှေဆိပ်ကို လာဆိုက်ပါတယ်၊ အဲဒီလှေကတော့ ဒီလှေလေးစီးရဲ့ ဟိုဖက်အစွန်းဆုံးက လှေပါပဲ"

"ကျေးဇူးပဲ၊ အဘ ထမင်းစား ကျွန်တော် ဒီလှေထဲကနေ ခဏစောင့်ကြည့်ခွင့် ပေးပါနော်"

"ရပါတယ် ကလေးတွေက ဘာမှန်းမသိသေးဘူး၊ ကျုပ် ထမင်းသွား စားလိုက်ဦးမယ်"

"စား အဘ၊ သူတို့ကိုလဲ တိုးတိုးတိတ်တိတ် ရှင်းပြလိုက်ပါဦး"

"အေး. . အေး. . ."

ဦးဖိုးသီးသည် ပေါင်းမိုးထဲမှကုန်း၍ ထွက်ကာ ပဲ့ပိုင်းရှိ ဖြစ်သလို ပန်းကန်များဖြင့် လှေကြမ်းပြင်တွင်ချကာ ထမင်းစားနေသော သူ၏မိသားစုရှိရာသို့ ထွက်ခွာသွားလေသည်။

ထို့နောက် သူ၏ဇနီး ဖြစ်ဟန်တူသော မိန်းမကြီးနှင့် မိန်းမပျိုလေးတို့ကို ခပ်တိုးတိုး ပြောပြနေရာ မိန်းမပျိုက သူ့ဖက်သို့ လှည့်ကြည့်လိုက်၍ အတော်ချောမောလှပသော မိန်းကလေးဖြစ်ကြောင်း ဂျမဒါမှူးသာ သတိထားလိုက်မိလေတော့၏။

*

www.burmeseclassic.com

www.burmeseclassic.com



ဂျမဒါမူးသာသည် လှေလေးစီး ဆိုက်ကပ်ထားရာမှ အစွန်ဆုံးရှိ လှေကြီးရှိရာသို့ လှမ်းမျှော်ကြည့်ရှုသောအခါတွင် ကြားမှလှေများ ခံနေသောကြောင့် မည်သည့် လူရိပ်လူယောင်မျှ မမြင်တွေ့ရပေ။

သူသည် လှေဦးတွင် မတ်တပ်ရပ်ကာ ကြားလှေများကိုကျော်၍ ကြည့်သောအခါတွင်မှ အစွန်ဆုံးလှေရှိ လှေကြီး၏ဦးပိုင်းတွင် လူသုံးယောက်ထိုင်ကာ စားသောက်နေကြသည်ကိုတွေ့ရ၏။

သူသည် လေတိုက်၍ လှုပ်ယိမ်းနေသော ရေနံဆီမီးခွက်ကို အလယ်တွင်ချကာ လူသုံးဦးသည် အရက်ပုလင်းတစ်လုံးထောင်ကာ သောက်နေကြသည်ကို တွေ့ရ၏။ မျက်နှာတွင် ဓားဒဏ်ရာရှိသော လူကြီးမှာ သူ ရပ်ကြည့်နေသောဖက်သို့ မျက်နှာလှည့်ထားသောကြောင့် ဂျမဒါမူးသာသည် ထိုသူကို မှတ်မိသွားလေတော့သည်။

သူတစ်ခါက အသက်စွန့်ကာ ဖမ်းဆီးဖေးခဲ့ရဖူးသော 'ကျွန်းပြန်သိန်းမောင်' ဆိုသူပင် ဖြစ်သည်။

"ကျွန်းပြန်သိန်းမောင် ဘယ်လိုလုပ်ပြီးတော့ ဒီကိုရောက်နေပါလိမ့်၊ သူ့ကိုဖမ်းဆီးပြီး ထောင်ချခဲ့တဲ့ ငါ့ကို မကျေနပ်လို့ဘဲ လူဆိုးတွေကိုခေါ်ပြီး လုပ်ကြံခိုင်းတာလား၊ မဟုတ်သေးပါဘူး



ထောင်ကလွတ်တော့ ငါက ထောက်ပံ့ကြေးတွေ ဘာတွေပေး၍ အိမ်တိုင်ရာရောက် လိုက်ပို့ခဲ့တာပဲ၊ သူ ကားဘော်ဒီရုံမှာ ဝင်လုပ်နေတာ တစ်ခါနှစ်ခါတောင် ငါတွေ့သေးတာ ငါ့ကို ဖော်ဖော်ရွေရွေ ဆက်ဆံတာပဲ"

ဂျမဒါမူးသာ အစဉ်းစားရ ခက်သွားသည်။ သို့သော် ခါးကိုက်ဖိုးတာ စကားအရ သူ့အား မားသမားနှစ်ဦးနှင့် သေနတ်သမားတစ်ဦးတို့ သတ်ရန်စေလွှတ်သူမှာ ကျွန်းပြန်သိန်းမောင်ဖြစ်ကြောင်း သိရှိရပြီဖြစ်သည်။

ဂျမဒါမူးသာသည် သိပ်စဉ်းစားမနေတော့ ထမင်းဆိုင်မှ ...က်လှမ်းကြည့်နေသည့် အပျိုမလေးနှင့် ဦးဖိုးသီးတို့ကို လက်...ငြိမ်နေရမ်း အချက်ပြကာ ရေထဲသို့ အသံမကြားအောင် အသာအယာ ဆင်းလိုက်လေတော့သည်။

ထို့နောက် လှေနှစ်စင်း၏ နောက်ဖက်မှ ရေကိုအသာအသာယက်၍ ကူးကာ ကျွန်းပြန်သိန်းမောင်တို့၏ လှေပဲ့ပိုင်းသို့ ...ခတ်သွားခဲ့လေသည်။ လှေပဲ့ပိုင်းကို အသာအယာခိုကာ တွယ်...တက်၏။

အထူးသဖြင့် လှေကိုလှုပ်ရမ်း မသွားအောင် သတိထား...ကာ လှေပေါ် တွယ်တက်လိုက်၏။ သို့တိုင်အောင် လှေမှာငြိမ့်ကနဲ...သွားခဲ့လေသည်။

"ဟော့. . သန်းတင် ဘာထလုပ်တာလဲကွ၊ ဒီမှာအရက်

www.burmeseclassic.com

www.burmeseclassic.com



ပုလင်းက မှောက်တော့မယ်”

ကျွန်းပြန်သိန်းမောင်က အသားမည်းမည်း ပိန်ရှည်ရှည်
လူ ထ,ရပ်လိုက်၍ လှေက လှုပ်ခါသွားသည်ထင်၍ အော်လိုက်
သည်။

“မဟုတ်ပါဘူး ဆရာသိန်းရာ၊ ညနေက အမဲခြောက်
ကင်ထုပ်ကို လှေခေါင်မိုးထဲ ထိုးထားလို့ ဆရာသိန်းတို့ မြင်
ရအောင် ထယူတာပါ”

သန်းတင်ဆိုသူ၏ လှမ်းပြောသံကြားရ၏။ လှေပေါ်
ဂျမဒါမှူးသာ တက်လိုက်သည့် အချိန်တွင် သန်းတင်က ထရပ်လိုက်
ခြင်းနှင့် တိုက်ဆိုင်နေ၍ သန်းတင်ကြောင့်ဟု ကျွန်းပြန်သိန်းမော
က ထင်မှတ်မှားသွားခြင်း ဖြစ်၏။

“ကျွန်တော် ရပ်တာနဲ့တော့ လှေက မလှုပ်ပါဘူး ဆ
သိန်းရဲ့ ဒီမှာ. . ဒီလိုခုန်တာတောင် လှေက မလှုပ်ဘူး”

သန်းတင်က လှေပေါ်တွင် အသာအယာ ခုန်ကာပြ
ပြောလိုက်၏။

“ဒါဆို လှေက ဘာလို့ လှုပ်ရမှာလဲ”

ကျွန်းပြန်သိန်းမောင်က ဇဝေဇဝါဖြင့် မေးလိုက်
သည်။

“ဟိုဖက်လှေက တိုးလို့ဖြစ်မှာပေါ့ ဆရာသိန်းရာ”

“ဟုတ်ပါတယ်ဗျာ. . မကျေနပ်ရင် ကျုပ် ဟိုဖက်လှေ



လူတွေခေါ်ပြီး နားရင်းအုပ်လိုက်မယ်လေ”

လူမိုက်များဖြစ်၍ ကျန်တစ်ဦးက ပြောလိုက်၏။

“ကမ်းနားမှာ ပတ္တရောင် ပုလိပ်တွေရှိတယ် မောင်ပု၊ ထင်
ရာတွေ လျှောက်လုပ်မနေနဲ့ ပတ္တရောင်နဲ့တွေမှ ကွိကနဲ မိနေဦး
မယ်”

ကျွန်းပြန်သိန်းမောင် သတိပေးစကား ပြောလိုက်ပြန်၏။
သူတို့သုံးယောက် ပြောဆိုနေသော စကားသံများကို ဂျမဒါမှူးသာ
သည် လှေပဲ့ပိုင်းရှိ စဥ့်အိုးတစ်လုံးအကွယ်တွင် ထိုင်ရင်း ကောင်း
စွာ ကြားနေရလေသည်။

သူသည် ဗားကရာ ချောက်နားတွင် တိုက်ခိုက်ရာမှ ရရှိ
ထားသော ကျည်နှစ်တောင့်ပါသည့် ခြောက်လုံးပြူးသေနတ်ကို
ထုတ်ကာ ဆုပ်ကိုင်ထားလိုက်လေသည်။

“ဗလနဲ့ အေးမောင်တို့ကသေ ဖိုးတာတစ်ယောက်ပါ၊ ငါ့ရှာ
ပြီး အဖော်ထည့်ပေးတာတောင် ခုထိ ပြန်မလာကြသေးဘူး”

“ပြီးတော့ ဆရာသိန်းက သေနတ်ပါ ပေးလိုက်တယ်
မဟုတ်လား”

သန်းတင်က မေးလိုက်ခြင်း ဖြစ်၏။

“အေးလေကွာ. . ဗလက သေနတ်သိပ်အားကိုးတဲ့ ကောင်၊
ဂျမဒါမှူးသာလို လူကို သူတို့သုံးယောက် ဝိုင်းပြီး တိုက်ရတာတောင်
သေနတ်က တောင်းသေးတယ်၊ ခက်တာပဲကွာ. . အခုခုဖြစ်ရင်

www.burmeseclassic.com

www.burmeseclassic.com



တော့ တို့လှေကို အမြန်ဆုံးကမ်းက ခွာမှဖြစ်မယ်"

ကျွန်းမြန်သိန်းမောင်က စကားအဆုံးတွင် အရက်ခွက်ကိုကောက်ကာ တိုင်၍မော့လိုက်၏။

ဂျမဒါမူးသာသည် သူ့အား ဗားကရာချောက်အနီးတွင် စောင့်ကြိုကာ တိုက်သူသုံးဦးတွင် မိုးကာအကျီနှင့် သက္ကလပ် ဦးထုပ်ဆောင်ထားသူမှာ ဗလဟု သိလိုက်ရ၏။

သေနတ်မှန်သွားသူမှာ ဖိုးတာဖြစ်နေ၍ ကျန်ထွက်ပြေးသွားသော ဓားသမားမှာ အေးမောင်ဖြစ်ကြောင်း ကျွန်းမြန်သိန်းမောင်၏ စကားအရ သိရှိလိုက်ရလေတော့သည်။

"ကဲ. . ကဲ. . မြန်မြန်သောက် လမ်းမပေါ်တက်ပြီးတော့ အခြေအနေလေးဘာလေး လဲကြည့်၊ ဒီကောင်နှစ်ကောင် မြန်လာရင် လှေကမ်းက ခွာမှဖြစ်မယ်"

ထိုအချိန်မှာပင် လှေပဲ့ပိုင်း စဉ့်အိုးနောက်တွင် ရပ်နေသော ဂျမဒါမူးသာမှာ ထရပ်၍ ကျွန်းမြန်သိန်းမောင်တို့သုံးဦးကို သေနတ်နှင့် ချိန်ရွယ်ထားလိုက်လေတော့၏။

"ကျွန်းမြန်သိန်းမောင် မင်းတို့နည်းနည်းမှ မလှုပ်ကြနဲ့နော်၊ မင်းတို့ လှုပ်ရှားတာနဲ့ ငါ့လက်ညှိုးက ခွင့်လွှတ်မှာ မဟုတ်ဘူး"

"ဟင်. . ."

"ဟာ. ."



ကျွန်းမြန်သိန်းမောင်တို့သုံးဦးမှာ ဂျမဒါမူးသာ၏ လက်သံမှသေနတ်ကို ကြည့်ရင်း ကြက်သေ သေသွားကြသည်။

*

ကြည့်မြင်တိုင်ကမ်းနားသို့ မဆင်းမီကပင် ကြည့်မြင် တိုင်ရှိ သိမ်မှာနသို့ ဂျမဒါမူးသာက ဝင်ရောက် အကြောင်းကြားခဲ့သောကြောင့် ဆိပ်ကမ်းရှိ ဂိုဒေါင်များကြားတွင် ပုန်းအောင်းနေသော ဌာနအုပ်နှင့် ပုလိပ်များက အချုပ်ခန်းရှိရာသို့ ကျွန်းမြန် သိန်းမောင်တို့ သုံးဦးကို လက်ထိပ်ခတ်ကာ ခေါ်ဆောင်သွားလေတော့သည်။

ညတွင်းချင်းပင် ပုလိပ်များ ပိုက်စိပ်တိုက် ရှာဖွေဖမ်းဆီးမှုကြောင့် အရက်ပုန်းဆိုင်တစ်ဆိုင်တွင် ပုန်းခိုနေသော ဗလနှင့် အေးမောင်တို့ကို ဖမ်းဆီးရမိလိုက်ကြ၏။

ဂျမဒါမူးသာက လူဆိုးများ ပုန်းအောင်းသော လှေကြီးကို ချက်တရက်ဝင်၍စီးကာ ဖမ်းဆီးလိုက်ခြင်းကြောင့် ဟင်းသီးဟင်းရွက် လှေပေါ်မှဦးဖိုးသီးမှာ များစွာကျေးဇူးတင်သွားလေသည်။

www.burmeseclassic.com

www.burmeseclassic.com



အဘာယ်ကြောင့်ဆိုသော် သူတို့သည် သစ်သီးသစ်နှံများ
တစ်ဖက်ကမ်းရှိ အေးရွာမှ အခင်းများချိ၍ ဝယ်ယူကာ လှေဖြ
ကြည့်မြင်တိုင် တစ်ဖက်ကမ်းသို့ လာရောက်ရောင်းချသူများ ဖြ
သည်။

မိသားစုတစ်စုလုံး လှေပေါ်တွင် ချက်ပြုတ်စားကာ လေ
ပေါ်တွင်ပင် အိပ်ကြလေသည်။ အေးရွာတွင် သူတို့၏အိမ် ရှိသေ
လည်း စိုက်ခင်းများ လှိုင်လှိုင်ပေါ်ကာ အသီးအနှံ ပေါချိန်တွ
အိမ်သို့မပြန်ဘဲ လှေပေါ်တွင်သာ နေလေ့ရှိလေသည်။

လွန်ခဲ့သော နှစ်ရက်ခန့်က သူတို့ကဲ့သို့ပင် ကုန်မ
လာရောက်ရောင်းချသော ထန်းလျက်နှင့် မန်ကျည်းသီးလှေ
ကွမ်းသီးလှေတို့မှာ တွေ့နေကျဖြစ်သော်လည်း ဓားဒဏ်ရာနှင့် လ
ကြီးတစ်ဦး၏ လှေကပ်လာသောကြောင့် စိုးရိမ်ထိတ်လန့် နေကြ

ထိုသို့ ထိတ်လန့်နေရသည့်အထဲတွင် နှုတ်ခမ်းမွှေးက
ကားနှင့် ဗလဆိုသောလူသည် ဦးဖိုးသီး၏သမီး မနှင်းခိုင်
လာရောက်ရောနှော စကားပြောသည်။ မနှင်းခိုင်က ကြောက်
ခေါင်းငုံ့ထားသော်လည်း ဗလက ဇွတ်အတင်းပင် ချစ်စကား ကြိ
စကား ပြောသည်ဆို၏။

ဦးဖိုးသီးမှာ လူဆိုးကြီး၏တပည့် ဗလက သူ၏သမီး မနှ
ခိုင်အား မည်သည့်အချိန်တွင် လာရောက်ကာ အတင်းအ
ခေါ်ယူ ဖျက်ဆီးမည်ကို မသိရ၍ တထိတ်ထိတ်နှင့် ဓားကိုဘေး



ာ စောင့်နေရလေသည်။ နှစ်ရက်မြောက်နေ့တွင် ဂျမဒါမှူးသာက
ာက်ရှိလာကာ ကျွန်းပြန်သိန်းမောင်နှင့် လူဆိုးနှစ်ဦးကို ဖမ်း
က်၍ စိတ်အေးသွားရလေသည်။

ဂျမဒါမှူးသာသည် လှေဖြင့် သီးနှံရောင်းချကာ အသက်
းမြူသော ဆင်းရဲသည့်မိသားစုမှ ပေါက်ဖွားလာသည့် မိန်း
ချောလေး မနှင်းခိုင်ကို သံယောဇဉ် တွယ်တာမိလေသည်။

ထားဝယ်သို့ သွားရောက် တာဝန်ထမ်းဆောင်ရန် ရက်
းလိုသေးသောကြောင့် ညနေပိုင်းသို့ရောက်လျှင်၊ ကြည့်မြင်
င်ကမ်းနားသို့ ဂျမဒါမှူးသာ ရောက်ရှိလာတတ်သည်။

ထို့အတူပင် မနှင်းခိုင်သည်လည်း ညနေပိုင်းသို့ ရောက်
ည်နှင့် ဂျမဒါမှူးသာ လာတတ်သည့်လမ်းသို့ မျှော်တမ်းကာ ငေး
ာနေတတ်သည်။ သူမသည် သနပ်ခါးကိုလည်း မှုံနေအောင်
မ်းကာ အဝတ်အစားကိုလည်း သပ်သပ်ရပ်ရပ် ဝတ်ဆင်တတ်
။

နောက်တစ်နေ့တွင် ထားဝယ်သို့ မြဲကေသီနှင့်အတူ ခရီး
က်ရတော့မည့် ဂျမဒါမှူးသာသည် ထုံးစံအတိုင်း ကြည့်မြင်တိုင်
တမ်းနားရှိ မနှင်းခိုင်တို့ လှေရှိရာသို့ လျှောက်လှမ်းလာခဲ့သည်။

မနှင်းခိုင်သည် ဂျမဒါမှူးသာက လျှောက်လှမ်းလာသည်
 အဝေးမှမြင်တွေ့ လိုက်ရသည်နှင့်ပင် မြစ်ကမ်းစပ်ပေါ်သို့
ာ တက်လာလေသည်။ လှေထဲတွင် မနှင်းခိုင်၏ မောင်လေး

www.burmeseclassic.com

www.burmeseclassic.com



သဲမောင်က ထမင်းအိုးတည်ကာ စောင့်နေခဲ့လေသည်။

"အစ်ကို"

"ဟင်. . အနှင်း ဘာလို့ ကမ်းပေါ်တက်လာတာလဲ အစ်ကို လှေထဲဆင်း လာမှာပေါ့"

ဂျမဒါမှူးသာက ပြုံး၍ပြောလိုက်၏။ မနှင်းခိုင်က ခေါင်းကလေးစောင်းကာ. . .

"အစ်ကိုကလဲ အနှင်းက လှေထဲမှာ အမြဲနေရတာ ပျင်းတာပေါ့။ ဒီနေ့ အဘတို့က ကုန်ဖိုးငွေတွေ ရှင်းစရာရှိလို့ ပွဲရုံမှာ အကြာကြီးနေရမှာ"

"အဲဒီတော့"

"အဲဒီတော့ အနှင်းက အစ်ကိုနဲ့ လျှောက်လည်မှာပေါ့"

"ဩော်. . ဒါကြောင့် အနှင်းက အစ်ကို့ကို မျှော်နေတာပေါ့"

"မမျှော်ပါဘူး၊ အစ်ကိုက လာချင်မှလာမှာ အစ်ကိုလာရင်သာ ကိုးထပ်ကြီးဘုရားကို လိုက်ပို့ခိုင်းမယ်ဆိုပြီးတော့ အနှင်းက စိတ်ကူးထားတာ"

"အနှင်းက မရောက်ဖူးဘူးလား"

"ရောက်ဖူးပါတယ်၊ ဒါပေမယ့် အစ်ကိုနဲ့အတူ ဘုရားဖူးရင်း စကားပြောချင်လို့"

ပွင့်လင်း၍ ချစ်စရာ ကောင်းလှသော မနှင်းခိုင်မှာ အ



သံလေး တစာစာဖြင့် ကလေးငယ်လို စကားပြောရင်း ဂျမဒါမှူးသာ၏ ဘေးမှလိုက်ပါလာသည်၊ ဂျမဒါမှူးသာသည် သူ၏အပေါ်တွင် ကလေးလို ဆိုးနွဲ့နေသော မနှင်းခိုင်ကို စွဲလန်းနေမိပြီဖြစ်၏၊

"အစ်ကို"

"ဟင်. ."

"ဘာဖြစ်နေတာလဲ"

"ဘာမှ မဖြစ်ပါဘူး အနှင်းရဲ့. ."

"အစ်ကိုက စကားလဲ မပြောဘူး၊ ဘာလဲ လူဆိုးတွေကို ဖမ်းဖို့ စိတ်ကူးနေတာလား"

စိအိုင်ဒီမှ အမှုထမ်းတစ်ဦးမှန်းသိ၍ မနှင်းခိုင်က ဂျမဒါမှူးသာကို ခပ်နွဲ့နွဲ့လေး မေးလိုက်သည်။

"ဟုတ်တယ်. . အစ်ကို လူဆိုးတွေကို သွားဖမ်းစရာရှိတယ်"

"ဟောတော့. . . တကယ်"

"တကယ်ပြောတာပေါ့ အနှင်းရဲ့"

"ဘယ်တော့လဲ အခုလား"

"အခု မဟုတ်ပါဘူး၊ မနက်ဖြန်မှပါ"

"ဒါဆို အစ်ကိုမနက်ဖြန် အနှင်းတို့လှေဆီ မလာနိုင်တော့ဘူးပေါ့"

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ် လာလို့မရတော့ဘူး အနှင်းရဲ့. . ."

"ဟင်. ."

မနှင်းခိုင်သည် ခြေလှမ်းများ တုန့်ကနဲ ရပ်သွားကာ မျက်ရည်များ ဝဲသွားလေသည်။

"ကဲပါ အနှင်းရယ်. . အစ်ကိုက အမြဲတမ်း ထားဝယ်မှာ သွားနေတာမှ မဟုတ်ဘဲ၊ ကိစ္စရှိလို့သွားရတာ ပြန်ရောက်ရောက်ချင်း အနှင်းတို့ဆီ လာမှာပေါ့"

"အနှင်းက အစ်ကို ရန်ကုန်မြန်မြန် ပြန်လာပါစေလို့ ဆုတောင်းနေမယ်နော်"

မနှင်းခိုင်က မျက်ရည်ဝဲသော မျက်လုံးများဖြင့် ပြုံးကာမော့ရင်း ပြောလိုက်ပြန်သည်။ ကိုးထပ်ကြီးဘုရား လှေကားထစ်များပေါ်သို့ နှစ်ဦးသား လျှောက်ခဲ့ကြသည်။ ဘုရားမုခ်ဝရှိ ပန်းဆိုင်မှပန်းတစ်စည်းဝယ်ကာ မနှင်းခိုင်ကို ဂျမဒါမှူးသာက ပေးလိုက်၏။

"ရော့. . အစ်ကိုဖဲ့ တစ်ဝက်ယူလေ၊ အနှင်းတစ်ဝက် အစ်ကိုတစ်ဝက်ပေါ့"

မနှင်းခိုင်က ပန်းစည်းကိုဖြေကာ ဂျမဒါမှူးသာကို တစ်ဝက်ပေးလိုက်၏။ နှစ်ဦးသား ဘုရားကန်တော့ပြီးသောအခါတွင် ဂျမဒါမှူးသာသည် မနှင်းခိုင်ထံမှပန်းများကို ယူကာ သူ့ လက်မှ ပန်းများနှင့် ပေါင်း၍ ဘုရားရှေ့ရှိ ပန်းအိုးကြီးထဲတွင် စိုက်ထိုး



လှူဒါန်း လိုက်လေသည်။

ဘုရားထဲမှ ပြန်ထွက်လာကြသောအခါတွင် တစ်ဦးနှင့်တစ်ဦး စကားမပြော ဖြစ်ကြတော့ပေ။ ကိုယ်အတွေးနှင့် ကမ်းစပ်ရှိလှေကြီးရှိရာသို့ လျှောက်လှမ်းလာခဲ့ကြ၏။ ဂျမဒါမှူးသာ၏ ရင်ထဲတွင် မနှင်းခိုင်ဆိုသော သံယောဇဉ်တစ်မျှင် တွယ်တာ င်မြဲ၍ နေခဲ့လေပြီ။

*

"မှူးသာ မင်းကခေါ် အားရင် ကြည့်မြင်တိုင်တမ်းနားက ောင်မလေးဆီပဲ သွားနေတာပဲ၊ ဒီညနေတော့ မသွားနဲ့တော့ နော်"

"မသွားတော့ပါဘူး ဆရာနန်းထိုက်ရယ်. . . မနေ့က ည်းက နှုတ်ဆက်ပြီးသားပါ။ သွားတာကလဲ အကြောင်းမဲ့ မဟုတ် ါဘူး"

"ငါ သိပါတယ်ကွာ၊ ကျွန်းမြန်သိန်းမောင်တို့ ငွေတွေပေး ြီး မင်းတို့ သတ်ခိုင်းတဲ့လူရဲ့ မော်တော်မြစ်ထဲကို ထပ်ဝင်မ ားလို့ စောင့်ကြည့်ဖို့လို့ အကြောင်းပြမလို့ မဟုတ်လား"

"အကြောင်းပြမလို့ မဟုတ်ပါဘူး။ အဲဒါ အမှန်ပါပဲ"

www.burmeseclassic.com



ဂျမဒါမှူးသာက မလုံမလဲ ရယ်ကျဲကျဲနှင့် ပြောလိုက်ခြင်း ဖြစ်၏။

"ဘုရားဖွဲ့ဖူး လိပ်ဥလိုတူးပေါ့ကွာ. . မှူးသာ၊ ငါ့ကို ပ မနေစမ်းပါနဲ့၊ ကြည့်မြင်တိုင်ဂါတ်တဲက ပုလိပ်ဇော်လေးက အကုန်ပြောပြီးပြီ၊ ဆရာ့တပည့် မှူးသာ လေ့တစ်စင်းက ကျော ချတဲ့ကြိုးနဲ့ ငြိနေသတဲ့"

"ဟာဗျာ"

"ရှက်မနေပါနဲ့ကွာ. . လူပျိုနဲ့အပျိုကြိုက်တာ ရှက်စ မဟုတ်ပါဘူး၊ အဲဒီကောင်မလေးက မနှင်းခိုင်ဆိုတာ မဟုတ်လား သူ့အဖေက ကုန်စိမ်းတွေ သစ်သီးတွေရောင်းတဲ့ ဦးဖိုးသီးလေ. ."

"ဟောဗျာ ဆရာတို့ စီအိုင်ဒီကလူတွေက စုံစမ်းစရာ လို့ သူများ ကိုယ်ရေးကိုယ်တာလိုက်များ စေ့စေ့ငှငှ စုံစမ်းနေ သေးလား"

"ငါက မစုံစမ်းဘူး မှူးသာရ. . သူ့အလိုကို သတင်းပေ တဲ့ သူတွေက ပေါ်ပေါက်လာတာ၊ ကဲ. . မင်းရဲ့ ခရီးဆောင်အိတ် ကို ပြင်ထား၊ လိုတာတွေ အကုန်ထည့်၊ ရည်းစားဆီ သိပ်သတိ မနေနဲ့ လူဆိုးရဲ့လက်ချက် မိသွားမယ်"

ဂျမဒါမှူးသာက ခေါင်းခါ လိုက်လေသည်။

"မဟုတ်သေးပါဘူး၊ စကားတစ်ခွန်းပြောတိုင်း ဆရာ အ ကီစွမပါရင် မရဘူးလား"



"ရပါတယ်ကွာ. . မင်းကို တမင်နောက်ချင်လို့ပဲ၊ ကဲ. . . င်းမကြိုက်ရင် မနောက်တော့ပါဘူး၊ ဒါနဲ့ ဆရာပန်းသီး ကုမ္ပဏီ ါရိုက်တာကြီး ဦးထွန်းမြနဲ့ သွားတွေ့ပြီးပြီလား"

"ငါ မနက်ဖြန်သွားဖို့ စိတ်ကူးထားတယ် မှူးသာ၊ မင်း ိတဲ့အတိုင်း ရုံးမှာအလုပ်တွေ ရှုပ်နေတာနဲ့ ငါလဲ မင်းတို့သွား ဲ့ ထားဝယ်ကို တစ်ရက်နှစ်ရက်အတွင်း လိုက်လာမှာပါကွ"

"အစီအစဉ်ကတော့ အရင်ပြောထားတဲ့အတိုင်း ဆိုပါ တော့ ထားဝယ်က အာဏာပိုင်အဖွဲ့အစည်းတွေရော အကြောင်း ကြားပြီးပြီလား"

"ဒါတွေ ပူမနေနဲ့ မင်းအတွက်ရော မြကေသီအတွက်ပါ အစီအစဉ်တွေ လုပ်ထားတယ်၊ ဒီတော့ ဘာမဆို ပိပိရိရိနဲ့ သေ သေသပ်သပ်လုပ်၊ ပင်လယ်မုဆိုးအဖွဲ့ဟာ မင်းယောက္ခမ ဖိုးသီး ဟုတ်ဘူးဆိုတာ မှတ်ထား"

ဂျမဒါမှူးသာ၏ တဟားဟား ရယ်သံ ကျယ်လောင်စွာ ထွက်ပေါ်လာလေတော့၏။

*

www.burmeseclassic.com

www.burmeseclassic.com



အိုင်အိုနန်းထိုက်သည် ရွှေပန်းသီး အာမခံကုမ္ပဏီ ဒ
ရိုက်တာကြီး ဦးထွန်းမြနှင့် တွေ့ဆုံစကားပြောရန် ကိစ္စရှိသေ
ကြောင့် ရွှေပန်းသီးကုမ္ပဏီရှိရာ ကမ်းနားလမ်းသို့ ထွက်ခွာလာ
လေတော့သည်။ ဂျွန်စမစ် သေဆုံးသွားခြင်း၊ ဂျွန်စမစ်၏ အ
ရင်ခံစာမှာ အစစ်နှင့်အတု လဲလှယ်ခံရခြင်းတို့ကြောင့် ကုမ္ပ
ဒါရိုက်တာ ဦးထွန်းမြက အခြေအနေမှန်ကို မသိလိုက်ရဘဲ ဖြ
သွားခဲ့သည်။

ထို့ကြောင့်ပင် အိုင်အိုနန်းထိုက်အား ကုမ္ပဏီမှ စုံ
ရေးမှူး တစ်ဦးအနေဖြင့် ပင်လယ်မုဆိုးစက်လှေ ပိုင်ရှင်အဖွဲ့
စုံစမ်းရန်ထပ်မံ၍ တမ်းလှမ်းခဲ့၏။

စီအိုင်ဒီမှ တာဝန်အရ ပင်လယ် မုဆိုးအဖွဲ့ကို ထော
လှမ်းစုံစမ်း ဖော်ထုတ်ရန် တာဝန်ရှိနေသော အိုင်အိုနန်းထိုက်
အချိုးရှာ သကြားစက်ထဲရောက် ဆိုသကဲ့သို့ သဘေ
အကြိုက်တွေ့ကာ ရွှေပန်းသီးကုမ္ပဏီ ရှိရာသို့ သူ၏ ကားလေး
မောင်းလာကာ 'ရွှေပန်းသီး အသက်အာမခံ ကုမ္ပဏီ' ဟု ဆိုင်းဘ
ရေးထားသောရှေ့တွင် ကားကိုထိုး၍ ရပ်လိုက် တော့၏။

ရွှေပန်းသီး အသက်အာမခံ ကုမ္ပဏီမှာ ကုမ္ပဏီအ
ဆောင်များက ရှယ်ယာငွေ ထည့်ဝင်ကာ ထူထောင်ထားသေ
အသင်းအဖွဲ့တစ်ခု ဖြစ်၏။ ကုမ္ပဏီတွင် အသက်အာမခံ၊ မီးအ
မခံနှင့် ပစ္စည်းအာမခံဟူ၍ အာမခံပစ္စည်းကို သုံးမျိုးခွဲခြား



သည်။

အရေးကြီးသော အာမခံပစ္စည်းများကိုလည်း ထိန်း
မ်းထားကာ ငွေကြေးတန်ဖိုး အဆများစွာဖြင့် အလျော်ပေး
ရှိသောကြောင့် နှစ်အနည်းငယ်အတွင်းတွင် တိုးတက်လာသော
မ္ပဏီကြီးတစ်ခုဟု ဆိုသင့်ပေသည်။

ကုမ္ပဏီ၏ အုပ်ချုပ်ပုံ လုပ်ကိုင်ဆောင်ရွက်ပုံတို့မှာ အိန္ဒိယ
ည်ရှိ ကုမ္ပဏီကြီးများကို အတုယူကာ လုပ်ကိုင်ဆောင်ရွက်ခဲ့သော
ကြောင့် စနစ်တကျရှိလှလေသည်။

ကုမ္ပဏီဝင်ပေါက်ဝသို့ ရောက်သောအခါ ဧည့်သည်များ
ောင့်ဆိုင်းရန် ဧည့်ခန်းလေးသို့ ရောက်ရှိလာ၏။ ဧည့်ခန်းတွင်
ောင်းမွန်ခမ်းနားလှသော ဆိုဖာကုလားထိုင်နှင့် စားပွဲချထား
 ကုလားထိုင်နှစ်လုံးတွင် သူ့အလျှင်ရောက်ရှိနေသော ဧည့်
ည်နှစ်ဦးကို အိုင်အိုနန်းထိုက် တွေ့ရှိလိုက်ရလေသည်။

ဧည့်သည်သစ်တစ်ဦး ဝင်လာလျှင် ကိစ္စရပ်ကိုမေးမြန်း
ောင်ရွက်လေ့ရှိသော ကုမ္ပဏီမှ အသက်အစိတ်အရွယ် စာရေး
ေးတစ်ဦး ထွက်လာသည်။

"ဘာကိစ္စ ရှိလို့ပါလဲရှင်. . ."

"ကုမ္ပဏီဒါရိုက်တာကြီး ဦးထွန်းမြနဲ့ တွေ့ချင်လို့ပါ"

"ဒါရိုက်တာကြီးက အလုပ်များနေပါတယ်၊ ကိစ္စရှိရင်
မတို့ပြောပါ၊ အာမခံကိစ္စလား၊ ကျွန်မ ဆောင်ရွက်ပေးပါမယ်"

www.burmeseclassic.com

www.burmeseclassic.com



အိုင်အိုနန်းထိုက်က ခေါင်းခါလိုက်၏။

"ကျွန်တော်က လူကိုယ်တိုင်တွေ့ရမှ ဖြစ်မှာပါ။ ကျွန်တော့်နာမည် အိုင်အိုနန်းထိုက်ပါ။ သူက တွေ့ချင်လို့ ဖိတ်ကြားထားတဲ့ ဧည့်သည်ပါပဲ"

"ကောင်းပါပြီရှင့် . . ဒါဆိုရင်ခဲ ဒီကခဏစောင့်ပါ။ ကျွန်မ အကြောင်းကြားပေးပါ့မယ်"

အိုင်အိုနန်းထိုက်က ခေါင်းညိတ်ပြလိုက်လေသည်။ အိုင်အိုနန်းထိုက်သည် သူနှင့်ကုမ္ပဏီမှ စာရေးမလေးတို့ စကားပြောနေသည်ကို စောင့်ကြည့်နားထောင်နေသော လူနှစ်ဦးကို အခုမှ အကဲခတ် လိုက်မိတော့သည်။

လူတစ်ဦးမှာ အသက်ငါးဆယ်ကျော် အရွယ်ခန့်မျှရှိပြီး ကုတ်အင်္ကျီ ကွက်စိပ်အနက်ရောင်ကို ဝတ်ဆင်ထားပြီး ခေါင်းတွင် ကက်ဦးထုပ်တစ်လုံးကို ဆောင်းထားသည်။ မျက်နှာပြင်မှာ ပေါင်မုန့်တစ်လုံးကဲ့သို့ ပါးစုံ့များထွက်ကာ ဖောင်းအိနေ၏။

လက်ထဲတွင်လည်း သောက်လက်စ ဆေးပြင်းလိပ်တိုကို ညှပ်ထားသည်ကို တွေ့ရပြီး ဘောင်းဘီရှည်ကို ကျကျနန ဝတ်ဆင်ထားသည်။

ထိုသူ၏ဘေးတွင် ထိုင်နေသူမှာ အသားညိုညိုနှင့် ကုလားကပြားရုပ်ပေါက်နေသော အပြာရောင်ကုတ်အင်္ကျီ လည်စီးအဖြူ ဝတ်ဆင်ထားပြီး မျက်နှာမှာ တစ်စုံတစ်ရာအား သောကမကင်း



သော အရိပ်အယောင်များ ထင်ဟပ်လျက် ရှိနေလေသည်။

သူသည် စိတ်လှုပ်ရှားမှုတစ်ခုကို မထိန်းသိမ်းနိုင်သည့်အသွင်ဖြင့် လက်တန်းပေါ်တွင် တင်ထားသော တစ်ဖက်ကိုတော့ ဝါးဖြန်ကာ စီးချက်ကျကျ လယ်တန်းပေါ် ရိုက်နေလေသည်။

အသံတော့ မထွက်ပါ။ သို့သော် တစ်ခုခုကို တွေးကာ စိတ်မငြိမ်သက်သော သဏ္ဍာန်မှာကား ပေါ်လွင်လျက် ရှိနေလေသည်။ မျက်လုံးများမှာလည်း ရှေ့မှန်ရံကို နစ်နစ်နဲနဲ ပေါက်ထွက်သွားမတတ် စူးစိုက်ကြည့်ရှုလျက် ရှိနေလေ၏။

ထိုသူနှစ်ဦးကို သေချာအကဲခတ်နေစဉ်မှာပင် ကုမ္ပဏီမှ စာရေးမလေးသည် အခန်းထဲသို့ပြန်၍ ဝင်လာသည်ကို တွေ့ရ၏။

"ကြွပါရှင့် . . ကုမ္ပဏီဒါရိုက်တာကြီးက ရှင့်ကို အထဲဝင်ဖို့ ပြောပါတယ်"

"ကောင်းပါပြီ"

အိုင်အိုနန်းထိုက်သည် ဝင်ခွင့်ရသည်နှင့်ပင် နေရာမှထကာ စာရေးမလေး၏ နောက်မှလိုက်၍ ဝင်လာခဲ့သည်။ ဧည့်ခန်းမှာ ခြောက်ပေအကျယ်ရှိသော လူသွားလမ်းလေး အတိုင်း လျှောက်လှမ်းလာခဲ့ရလေသည်။

*

www.burmeseclassic.com

www.burmeseclassic.com



"ဒီအခန်းပါပဲ၊ အထဲမှာ ကုမ္ပဏီဒါရိုက်တာကြီး အသင့်စောင့်နေပါတယ်"

ဆင်နားရွက် တံခါးတစ်ခုရှိရာသို့ ရောက်သည်နှင့် စာရေးမလေးက ထိုသို့ပြောကာ သူမ၏ တာဝန်ကုန်ဆုံးသွားသည့်သဘောဖြင့် ချာကနဲလှည့်ကာ ပြန်သွားလေတော့၏။

ဆင်နားရွက် တံခါးကိုတွန်းကာ အခန်းထဲသို့ ဝင်လိုက်သောအခါ တောက်ပြောင်ခမ်းနားသည့် အခန်း၏ အလယ်ရှိ ကျွန်းစားပွဲရှည်ကြီး၏နောက်တွင် ဆုံလည်ကုလားထိုင်၌ ထိုင်နေသော အလွန်ခံ့ငြားထည်ဝါသည့် လူကြီးတစ်ယောက်ကို တွေ့လိုက်ရသည်။

ဦးထွန်းမြသည် ဆံပင်ကို သပ်ရပ်စွာ ဖီးသင်ထားပြီး ဆီကိုပြောင်အောင် လိမ်းထား၏။ အနောက်တိုင်းဝတ်စုံကို နက္ကတိုင်ခေါ် လည်စီးနှင့် ကျကျနန ဝတ်ဆင်ထားသည်။

စားပွဲပေါ်တွင် တယ်လီဖုန်းနှစ်လုံးရှိပြီး ဖိုင်တွဲများကို ဘယ်ဖက်ခြမ်းတွင် ထပ်၍ထားသည်ကို တွေ့ရလေသည်။

"ထိုင်ပါ ကိုနန်းထိုက်၊ ကိုနန်းထိုက် ရောက်လာမယ်ဆိုလို့ ကျုပ် မျှော်နေတာ ကြာပါပြီ၊ ကျုပ်တို့ကုမ္ပဏီရဲ့ တာဝန်ကို ထမ်းဆောင်ဖို့ စိတ်ဆုံးဖြတ်ပြီးပြီလား"

"ဆိုပါတော့ ခင်ဗျာ"



"ဒါဆိုရင်တော့ ဟော့ဒီက ဗွန်စမစ်ရဲ့ အစီရင်ခံစာဆိုတာကို အလျင်ဖတ်ကြည့်ပါဦး"

ဖိုင်တွဲတစ်ခုကို ဆွဲထုတ်ကာ အိုင်အိုနန်းထိုက်၏ ရှေ့သို့ထိုးပေးလိုက်သည်။ စာမျက်နှာ နှစ်ဆယ်ခန့်ရှိသော ဖိုင်တွဲ ထဲမှ အစီရင်ခံစာကို လှန်လှောကာ ဖတ်ကြည့်လိုက်သည်။ အစီရင်ခံစာကို အရိုးရှင်းဆုံး ရေးသားထားသည်။

ပင်လယ်မုဆိုး စက်လှေပိုင်ရှင် အဖွဲ့ကို စုံစမ်းကြည့်သောအခါ မည်သည့်မသင်္ကာဖွယ်ရာမှ မတွေ့ရှိရကြောင်းနှင့် အလွန်စနစ်ကျနသော စီးပွားရေးလုပ်ငန်းရှင်များသာ ဖြစ်ကြောင်းရေးသားထားသည်ကို ဖတ်ရှုလိုက်ရ၏။ အောက်တွင်ကား ဗွန်စမစ်၏ဆိုင်းကို ရေးထိုးထားလေသည်။

"ဒီစာဟာ ဗွန်စမစ်ကိုယ်တိုင် ရေးခဲ့တဲ့စာ မဟုတ်ဘူးဆို့ မောင်နန်းထိုက် သေသေချာချာ ပြောနိုင်ရဲ့လား"

"ပြောနိုင်ပါတယ် ခင်ဗျာ"

အိုင်အိုနန်းထိုက်က ရဲဝံ့စွာ ပြောလိုက်လေသည်။

"ဘာ အထောက်အထားနဲ့ ပြောမှာလဲ အောက်မှာ ဗွန်စမစ်ကိုယ်တိုင် ထိုးထားတဲ့ လက်မှတ်ပါနေတယ် မဟုတ်လား"

အိုင်အိုနန်းထိုက်က ခေါင်းညိတ်လိုက်၏။

"လက်မှတ်ကတော့ ဗွန်စမစ်ရဲ့လက်မှတ် ဖြစ်ချင်ဖြစ်ပါတယ်၊ ဒါပေမယ့် စာကတော့ ဗွန်စမစ် ရေးလေ့ရေးထရှိတဲ့

www.burmeseclassic.com

www.burmeseclassic.com



စာမျိုး မဟုတ်ဘူး၊ ရေးဟန် မတူဘူး"

"ရေးဟန်ဟုတ်လား ရေးဟန်ဆို ကျုပ် ကောင်းကောင်း နားမလည်ဘူး ရှင်းပြပါလား"

ကုမ္ပဏီဒါရိုက်တာကြီး ဦးထွန်းမြက စေ့စပ်သေချာသူ ပီပီ အိုင်အိုနန်းထိုက်ထံမှ ရှင်းလင်းချက်ကို တောင်းခံလိုက်၏။

"ဒါကို နားလည်အောင် ပြောရမယ်ဆိုရင်တော့ လူတစ်ယောက်မှာ ပြောဟန်၊ ရေးဟန်ဆိုတာ ရှိပါတယ် ခင်ဗျာ၊ ဥပမာ အညာသားတွေ စကားပြောတဲ့အခါ 'တယ်'အစား 'သယ်'လို့ သန့် ပြောတတ်တာမျိုးပေါ့၊ စကားလုံးနဲ့ လေယူလေသိမ်းကို ပြောဟန်လို့ ခေါ်တာပါပဲ၊ ရေးဟန်ဆိုတာကလဲ ကိုယ့်ရေးနေကျအတိုင်း စာရေး တာကို ပြောတာပါ"

"ဥပမာလေး ဘာလေး ပေးပါဦး"

"ဥပမာဗျာ. . မြန်မာစာပေကို လေ့လာရင် စာဆိုတစ်ဦး ရဲ့စာ ဟုတ်မဟုတ်ကို သူရေးနေကျ စာတွေနဲ့ ချိန်ထိုး လေ့လာ တယ်၊ 'နတ်ရှင်နောင်'ရဲ့ ကဗျာဆိုရင် 'စိမ်းဝါမိုးပန်း'တို့ 'သက်လုံး' 'သက်မျှကြင်သူ'တို့ စတာတွေ ပါတတ်တယ်၊ ဒီလိုပဲ ခပ်လှလှ ခပ်နွဲ့နွဲ့ စကားလှလှ ရေးတတ်တဲ့ နတ်ရှင်နောင်က တရားဓမ္မဆန်ဆန် ပါဠိများများနဲ့ ကဗျာမရေးဘူး၊ ဒီကဗျာမျိုး သူရေးတာ မဖြစ်နိုင် ဘူးပေါ့၊ ဒါကို ရေးဟန်လို့ ပြောတာပဲ"

"အင်း. . ရေးရေးတော့ ရှိပါရဲ့"



"ဒီလိုပါပဲ ဂျွန်စမစ်က သူ စုံစမ်းရတဲ့ ကုမ္ပဏီတွေ အ ကြောင်းရေးရင် 'ကောင်းပါတယ် စနစ်ကျပါတယ်'လို့ တစ်ခါမှ မရေးဘူးဖူးဗျ၊ ခု ဒီအစီရင်ခံစာမှာ အဲဒီသဘောမျိုး ပါနေတယ်"

ကုမ္ပဏီဒါရိုက်တာကြီးက ခေါင်းညိတ်လိုက်လေသည်။ [illegible]သော် မေးခွန်းတစ်ခု ထပ်မေးလာပြန်လေသည်။

"ကောင်းတာတွေရင် ကောင်းတယ်လို့ ဂျွန်စမစ်က မရေး [illegible]လား"

အိုင်အိုနန်းထိုက်က ခေါင်းညိတ်လိုက်ရင်း. . .

"ဒီလို ဘယ်တော့မှ မရေးဘူး၊ ခပ်တိုတို 'မသက်ာဖွယ် [illegible] မရှိပါ'လို့ပဲ ရေးလေ့ရှိတယ်၊ သူ ဒီလိုရေးသား အစီရင်ခံခဲ့ တဲ့ [illegible]ဘက်လှမ်းမှု အစီရင်ခံစာတွေကို ကျွန်တော် လေ့လာပြီးပါပြီ [illegible]ဗျာ"

ထိုအခါတွင်မှ ကုမ္ပဏီဒါရိုက်တာကြီးမှာ [illegible] [illegible]သက်သွားဟန်ဖြင့်. . .

"ဟုတ်ပြီ၊ ဒါကြောင့် ဂျွန်စမစ်ရဲ့ စာမဟုတ်ဘူးလို့ ကိုနန်း [illegible]က ပြောနိုင်တာကိုး၊ ဒါဖြင့် သူ့ရဲ့ လက်မှတ်ကိုရော သူ့ [illegible]က်မှတ်အစစ်လို့ ကိုနန်းထိုက် လက်ခံသလား"

"လက်မှတ်တု ပိုဇာတွေရှိတော့ တော်ရုံ သုတေသ[illegible] [illegible]ခြားနိုင်ပါဘူး၊ သူ့လက်မှတ် စစ်စစ်တုတု စာက အတု[illegible]နေ [illegible]တော့ ဒါကို ကျွန်တော်တို့ ထည့်မစဉ်းစားသင့်တော့[illegible]လို့ ထင်

www.burmeseclassic.com

www.burmeseclassic.com



ပါတယ်"

အိုင်အိုနန်းထိုက်က သူ့ထင်မြင်ချက်ကို ပြတ်ပြတ်သားသား ပြောလိုက်၍ ကုမ္ပဏီဒါရိုက်တာကြီး ဦးထွန်းမြမှာ နှုတ်ပိတ်သွားလေတော့သည်။

"ကျွန်တော့်ကို ခု ထောက်လှမ်းဖို့ ထပ်ပြီးကမ်းလှမ်းတာက ဦးတို့အနေနဲ့ ပင်လယ်မုဆိုးအဖွဲ့ရဲ့ အခြေအနေမှန်ကို တိတိကျကျသိချင်လို့ မဟုတ်လား ခင်ဗျာ"

"ဟုတ်ပါတယ် ကိုနန်းထိုက်၊ ကျွန်တော်တို့က အသက်အာမခံကုမ္ပဏီဆိုတော့ အစိုးရနဲ့မကင်းပါဘူး၊ ဒါကြောင့် ရာဇဝတ်မှုခင်းတွေနဲ့ ငြိစွန်းနေတဲ့ အဖွဲ့အစည်းတွေဆိုရင် အာမခံထားတာကို လက်မခံနိုင်ပါဘူး၊ တကယ်လို့ ပင်လယ်မုဆိုးအဖွဲ့ ဟာ ဒုစရိုက်လုပ်ငန်း ကင်းရှင်းတယ်ဆိုရင်တော့ ကျွန်တော်တို့အတွက် အကျိုးအမြတ် အများဆုံးရနိုင်တဲ့ အသင်းအဖွဲ့ ဖြစ်တဲ့အတွက် ဆက်သွယ်လုပ်ကိုင်လိုတဲ့စိတ် ရှိပါတယ်"

"ဦးပြောတာ ကုမ္ပဏီရဲ့အကျိုးကျေးဇူးကို ကြည့်ပြီးတော့ ပြောတာဖြစ်တဲ့အတွက် မှန်ပါတယ် ခင်ဗျား၊ ဦးအနေနဲ့ ကရောဒီပင်လယ်မုဆိုး စက်လှေလုပ်ငန်းရှင် အဖွဲ့နဲ့ပတ်သက်လို့ ဘယ်လိုသတင်းများ ရရှိထားပါသလဲ"

"သတင်းတစ်ခုတော့ ကျုပ် ရထားပါတယ်"

"ဟုတ်ကဲ့. . ပြောပါ"



"သူတို့ ပင်လယ်မုဆိုးအဖွဲ့ကို စီးပွားရေးအရ ကူညီထောက်ခံနေတဲ့ လူတွေဟာ နိုင်ငံခြားသားတွေလို့ သိရပါတယ်၊ နိုင်ငံခြားသားဆိုတာ ကုမ္ပဏီလက်ရှိ လုပ်ကိုင်ပြီး နိုင်ငံထဲမှာနေတဲ့ လူတွေမဟုတ်ဘဲ အကြောင်းတစ်ခုခုကြောင့် သူတို့နိုင်ငံက ထွက်ပြေးပြီး မြိတ်ကျွန်းစုမှာ အခြေချနေတဲ့သူတွေလို့ သိရပါတယ်"

"ဗျာ. . ဟုတ်လား"

"ဟုတ်ပါတယ်၊ ဒါကတော့ တရားဝင် အထောက်အထားနဲ့ သတင်းတော့ မဟုတ်ပါဘူး၊ တစ်ဆင့်စကားနဲ့ ကျုပ်နဲ့ပတ်သက်တဲ့ လူတွေဆီကရတဲ့ သတင်းပါ၊ ဒါကို တိတိကျကျသိချင်လို့ ကိုနန်းထိုက်ကို တာဝန်လွှဲအပ်ချင်တာပါပဲ"

"ဟုတ်ကဲ့. . ကျွန်တော် အတတ်နိုင်ဆုံး ကြိုးစားပြီး ထောက်လှမ်း တင်ပြနိုင်အောင် စီစဉ်ပါ့မယ်၊ ဒီလို ရာဇဝတ်မှု မကင်းတဲ့ နိုင်ငံခြားသားတွေ မြန်မာ့ပင်လယ်ပြင်မှာလာပြီး ခိုမှာကိုတော့ လက်မခံသင့်ပါဘူး"

အိုင်အိုနန်းထိုက်က သူ၏စိတ်သဘောထားကို ပြောပြလိုက်သောအခါ ကုမ္ပဏီဒါရိုက်တာကြီးသည် ထောက်လှမ်းမှုအတွက် သူတို့ကုမ္ပဏီမှကြိုတင်၍ စရိတ်နှင့်ဝန်ဆောင်မှု ကိစ္စများအတွက် ငွေကြေးကို စရံပေးချေရန် တိုင်ပင်ဆွေးနွေးလေတော့၏။

*

www.burmeseclassic.com

www.burmeseclassic.com





အိုင်အိုနန်းထိုက်သည် ရွှေပန်းသီးအာမခံ ကုမ္ပဏီ ဒါရိုက်တာ ဦးထွန်းမြနှင့် ၎င်းစမစ်၏ အစီရင်ခံစာ အကြောင်းကို ဆွေးနွေးပြောဆိုပြီး ပြန်ရန်ပြင်လိုက်၏။

"ကိုနန်းထိုက် ပြန်တော့မလို့လား"

"ဟုတ်ကဲ့. . အစီအစဉ်လုပ်စရာတွေ ကျန်တော့မှာ မို့ သေးလို့ပါ၊ ဪ. . ဦးထွန်းမြကို မေးစရာကိစ္စတစ်ခု ရှိနေတယ်"

ပြန်ရန်ပြင်ဆင်ပြီးမှ တံခါးဝရှိ ဧည့်ဆောင်တွင် သူတွေ့ မြင်ခဲ့ရသော လူနှစ်ဦး၏အကြောင်းကို မေးမြန်းစုံစမ်းရန် သတိရ မိ၍ ပြန်ထိုင်လိုက်၏။

"မေးပါ. . ကိုနန်းထိုက်၊ ကိုနန်းထိုက်က ကျုပ်တို့ကုမ္ပဏီရဲ့ စုံစမ်းရေး ကိုယ်စားလှယ် ဖြစ်သွားပြီဆိုတော့ ကုမ္ပဏီနဲ့ ပတ်သက်



တဲ့ ကိစ္စရပ်တွေကိုပဲ မေးမြန်းခွင့်ပြုပါတယ်"

ဦးထွန်းမြက ကိုနန်းထိုက် အားတုံ့အားနာ ရှိနေမည် စိုးသောကြောင့် ပွင့်ပွင့်လင်းလင်း ပြောဆိုလိုက်သည်။

"တံခါးဝမှာရောက်နေတဲ့ ဧည့်သည်နှစ်ယောက်က"

"ဪ. . ကိုနန်းထိုက်က ဦးထွန်းလူနဲ့ ဦးကျော်မြင့်တို့ ကို တွေ့လာခဲ့တယ် ထင်ပါရဲ့"

"ဟုတ်မလား မသိဘူးဗျ၊ တစ်ယောက်ကတော့ ခပ်ဝဝ ဘတုံး ဆံတောက်ဆံပင်နဲ့ တစ်ယောက်ကတော့ ခပ်ပိန်ပိန် ရှည် ရှည် အရုပ်မြင့်မြင့်ပါပဲ၊ သူကြည့်ရတာတော့ ဝတ်လုံတစ်ယောက် တူပါရဲ့"

အိုင်အိုနန်းထိုက်က ထင်မြင်ချက် ပေးလိုက်သည်။

"ဪ. . ဟုတ်တယ်၊ ဟုတ်တယ်၊ ကိုထွန်းလူက ကျုပ် တို့ရဲ့ ကုမ္ပဏီမှာ အမှုထမ်းသက် ကြာပါပြီ၊ ဒီနေ့တော့ ကျုပ် သူကို အနားယူခိုင်းတော့မယ်လို့ စိတ်ကူးပြီး ချိန်းထားလိုက်တာပဲ"

အိုင်အိုနန်းထိုက်က ထိုင်ခုံလက်တန်းကို လက်ဖြင့်ဖိနေ သော ခပ်ဝဝလူကို ဦးထွန်းလူဟု သိလိုက်သည်။

"ဟုတ်လိမ့်မယ်ဗျ၊ သူကိုကြည့်ရတာတော့ တော်တော် ကြတ်လှုပ်ရှားနေတဲ့ပုံပဲ၊ ခင်ဗျားပြောတာ မှန်ပါတယ်"

အိုင်အိုနန်းထိုက်က ဦးထွန်းမြ၏စကားကို ထောက်ခံ လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ဦးကျော်မြင့်ကတော့ ကျုပ်တို့ကုမ္ပဏီမှာ အာမခံထား
တဲ့ လူတစ်ယောက်နဲ့ပတ်သက်ပြီး လိုက်ပါဆောင်ရွက်နေတဲ့ ရှေ့
နေတစ်ဦးပါ"

"ဪ. . ရှေ့နေဦးကျော်မြင့်ဆိုတာ ရန်ကုန်မှာတော့
ထင်ရှားတဲ့ ရှေ့နေကြီးပဲ"

အိုင်အိုနန်းထိုက်က မှတ်ချက်ချလိုက်သည်။

"ဟုတ်ပါတယ် သူကဆဲ့ သူနဲ့ပတ်သက်တဲ့ အမှုသည်
တစ်ဦးက ကျုပ်တို့ဆီမှာ အာမခံထားတော့ လိုက်ပြီးဆောင်ရွက်
ပေးနေတာပါ။ ဘာများသိချင်ပါသေးသလဲ"

"ဘာမှ မရှိတော့ပါဘူးဗျာ၊ ကျွန်တော့်ကို ခွင့်ပြုပါဦး
ကျွန်တော် သွားစရာလေးတစ်ခုရှိလို့ အချိန်များမှ မီပါတော့မလား
မသိဘူး"

အိုင်အိုနန်းထိုက်က နှုတ်ဆက်စကားပြောရင်း ထလိုက်
သည်။

"ကိုနန်းထိုက် စုံစမ်းရင်တော့ အောင်မြင်မယ်လို့ ကျ
မျှော်လင့်ပါတယ်ဗျာ. . ."

*



အိုင်အိုနန်းထိုက်သည် ရွှေပန်းသီးကုမ္ပဏီမှ ထွက်လာ
ပြီးနောက် သူ၏ အော်စတင်းကားလေးကို မောင်းကာ ရန်ကုန်
၏ ဆင်ခြေဖုံးရပ်ကွက် တစ်ခုဖြစ်သည့် ဗဟန်း ကြားတောရ
သမ်းရှိရာသို့ ထွက်လာခဲ့သည်။

ကြားတောရ လမ်းလေးမှာ အုတ်လမ်းကလေးဖြစ်၍
ားဝင်၍မရသောကြောင့် သူ၏ကားကို လမ်းထိပ်တွင် ရပ်နား
ားကာ ကားပေါ်မှဆင်းလာခဲ့သည်။ ဂျွန်စမစ်သည် မသေဆုံး
နောက်ဆုံးအထိ ကြားတောရလမ်းရှိ ဗျဉ်တောင်အိမ်ကလေးတွင်
နေထိုင်သွားခဲ့သည်။

ကြားတောရလမ်းမှာ လူသွားလူလာများသည့် ဖြတ်
မ်းတစ်ခုဖြစ်ရာ ရွှေတိဂုံဘုရား အရှေ့မုခ်သို့ သွားလိုသည့်သူများ
ှင့် ဘုရားမှ ကန်တော်ကြီးဖက်သို့ ထွက်သူများ မပြတ်မလပ်
နေသည်။

အိုင်အိုနန်းထိုက်သည် လိပ်စာအတိုင်း ကြားတောရလမ်း
အလယ်လောက် ရောက်သောအခါ ခြံဝင်းတစ်ခုထဲရှိ ဗျဉ်
ောင်အိမ်လေးကို လှမ်းမြင်ရသဖြင့် အသင့်ဖွင့်ထားသော ခြံ
ါးဝမှ အတွင်းသို့ ဝင်လာခဲ့လေသည်။

သူထင်သည့်အတိုင်းပင် ဂျွန်စမစ်၏အိမ်တွင် လိပ်
ဝတ်အုပ် ဦးထွန်းဇံ ရောက်နေသည်ကို တွေ့ရသည်။ ဦးထွန်းဇံ

www.burmeseclassic.com

www.burmeseclassic.com



မှ မှုခင်းထောက်လှမ်းမှုနှင့် ပတ်သက်၍ တစ်ခါတစ်ရံတွင် အိုင်အို
နန်းထိုက်နှင့် မိတ်ဆွေရင်းချာ ဖြစ်ခဲ့တတ်သော်လည်း တစ်ခါတစ်ရံ
တွင်ကား အယူအဆချင်းဆန့်ကျင်ကာ ရန်သူသဘောမျိုး ဆောင်
ချင်ဆောင်တတ်သည်။

သို့သော် ယခုအချိန်တွင် အမှုတစ်ခုကြောင့် အိုင်အိုနန်း
ထိုက်နှင့် မိတ်ဆွေရင်းပမာ ခင်နေလျက်ရှိချိန် ဖြစ်သောကြောင့်
အိုင်အိုနန်းထိုက် ဝင်လာသည်ကို တွေ့သည်နှင့်. . .

"ဟာ. . ကိုနန်းထိုက် ဂျွန်စမစ်ကိစ္စက ကိုနန်းထိုက်နဲ့
ပါလာပြီး ပတ်သက်နေပြီ ထင်ပါရဲ့"

ဟု နှုတ်ဆက်လိုက်သည်။

"ဟုတ်တယ်ဗျာ. . ရာဇဝတ်ဝန် ဦးအောင်ဒင်က တွန်း
နေတာနဲ့ ကျုပ်လဲ ခိုင်းတာ လုပ်နေရတော့တာပဲ၊ ဦးထိုက်စံတို့
ရောက်နေတာ ကြာပြီလား"

"သိပ်တော့ မကြာသေးဘူးဗျ၊ လူသတ်သမား ခြေရာခံ
မိမလားလို့ သူ့မိတ်ဆွေတွေ အပေါင်းအသင်း စာရင်းကလေး
ရှာကြည့်တာပါ"

"တွေ့လားဗျ"

"မတွေ့ပါဘူးဗျာ၊ ကိုနန်းထိုက်ကရော ဘာများ ရှာဖွေ
ချင်လို့လဲ"

ရာဇဝတ်အုပ် ဦးထိုက်စံက သူ့ဝါသနာအတိုင်း အိုင်အို



နန်းထိုက် မည်ကဲ့သို့ စုံစမ်းမည်ကို သိချင်၍ စုံစမ်းမေးမြန်းလိုက်
သည်။

"အင်း. . ကျုပ်လဲ လူသတ်တရားခံနဲ့ ပတ်သက်လို့ပဲ
ပါတော့ဗျာ၊ သူ စာရေးခဲ့တဲ့ စာရွက်စာတမ်းတွေ နည်းနည်း
ကြည့်ချင်တယ်"

"ကြည့်ချင်ရင်လဲ ဝင်ပါဗျာ၊ သူ့ စာဖတ်ခန်းထဲမှာ သူ
တ်သွားခဲ့စဉ်ကအတိုင်း လက်ရာမပျက် ရှိနေပါတယ်"

အိုင်အိုနန်းထိုက်သည် ဧည့်ခန်းနှင့်တစ်ဆက်တည်း ဖြစ်
သော ဂျွန်စမစ် စာဖတ်ခန်းထဲသို့ ဝင်လာခဲ့သည်။ ဂျွန်စမစ်ဆို
မှာ စာရေးဝါသနာပါ၍ ကျမ်းပြုသောစနစ်ကို အောက်စဖို့
တ္တသိုလ်နှင့် ကင်းဂရစ်တက္ကသိုလ်များတွင် တက်ရောက်ကာ
ယူဖူးသူ ဖြစ်သည်။

အချို့သော သုတေသနဆောင်းပါးများနှင့် အစီရင်ခံ
များကိုလည်း ရေးသားဖူးသူ ဖြစ်လေသည်။ ထို့ကြောင့် သူ၏
တ်ခန်းရှိ စာအုပ်စင်များမှာ အမျိုးအစားအလိုက် "Classici-
ation" (မျိုးတူစု) ပြုလုပ်ကာ ခွဲခြားထားသည်။

စာဖတ်ခန်း ပတ်ပတ်လည်တွင် စာအုပ်စင် သုံးစင်ရှိ
သည်။ စာအုပ်စင်တစ်စင်မှာ အဘိဓာန်စာအုပ်များဖြစ်၍ ထို
တွင် ရှားပါးလှသော မြန်မာပါဠိ အဘိဓာန်၊ အင်္ဂလိပ်မြန်
အင်္ဂလိပ်-ဂျာမန်၊ အင်္ဂလိပ်-ဂျပန် အဘိဓာန်များ ပါ တွေ့

www.burmeseclassic.com

www.burmeseclassic.com



ရှိရသည်။

ထိုစင်မှာပင် ဗြိတိန်နိုင်ငံကာခေါ် ဗြိတိသျှ စွယ်စုံကျမ်းကြီး များမှာလည်း အခန့်ချုပ်ဖြင့် အနီရောင်အနှောင့်များပေါ်က မိန့်မိန့်ကြီး နေရာယူထားသည်ကို တွေ့မြင်ရသည်။ ထိုစာအုပ်စင် ကို ကြည့်ခြင်းဖြင့်ပင် သေဆုံးသူ ဂျွန်စမစ်မှာ စာပေသုတေသ လုပ်ငန်းတွင် တော်တော်တန်တန် ပါမောက္ခများထက်ပင် အဆ နိမ့်သူတစ်ဦး မဟုတ်ကြောင်း အကဲခတ်မိလေသည်။

နောက်ထပ်စာအုပ်စင်တွင်ကား ဆိုက်ကိုလိုဂျီခေါ် စိတ် ပညာ စာအုပ်များ၊ လက်တွေ့ရာ စုံစမ်းနည်းများ၊ လျှို့ဝှက် ကျ လွန်တတ်သော ဒုစရိုက်သမားတို့၏ အခြေခံ အမူအကျင့်များသည် အင်္ဂလိပ်ဘာသာဖြင့် ရေးသားထားသော စာအုပ်များကို တွေ့ရပြ သည်။

အိုင်အိုနန်းထိုက်သည် စာအုပ်စင်မှ စာအုပ်များကို စိတ် ဝင်စားနေမိရာမှ လုပ်ငန်းကို သူပြန်၍ သတိကပ်လိုက်ရသည် သူ စုံစမ်းရမည့်ကိစ္စမှာ 'ပင်လယ်မုဆိုး'နှင့် ပတ်သက်၍ နောက် ဆုံး အစီရင်ခံစာမရေးမီက စုဆောင်းထားသော အချက်အလက် မှုကျမ်းများကို ရှာဖွေရန်ဖြစ်သည်။

သူသည် စာအုပ်စင်များ အလယ်ဘွင်ရှိသော စာရေး စားပွဲများရှိရာသို့ မျက်စေ့ရောက်သွားသည်။ စာရေးစားပွဲပေါ် တွင် ရေးလက်စ စာမူဖိုင်များရှိသည်။ အကောင်းစား ဖိုက်ဘာ



ကြီးများ ဖြစ်သည်။

ထိုဖိုင်ကြီးများကိုလှန်ကာ သူ လိုချင်သော စာရွက်မျိုး ရှိ-မရှိ ရှာဖွေကြည့်သည်။ မြန်မာနိုင်ငံနှင့် ပတ်သက်သော ဘာဝ ရှုခင်းများ၊ ကျေးငှက်တိရစ္ဆာန်များ အကြောင်းကို ဂျွန်စ စုဆောင်းထားသည်ကို တွေ့ရသည်။

ပင်လယ်မုဆိုး စက်လှေလုပ်ငန်း ကိစ္စနှင့်ပတ်သက်၍ တစ်လုံးတစ်ပါးမျှ ရေးသားထားသည်ကို မတွေ့ရပေ။ ဤတွင် အိုနန်းထိုက်၏ ခေါင်းထဲ၌ စဉ်းစားစရာများ ပေါ်လာသည်။

ဂျွန်စမစ်သည် အချက်အလက်များကို မစုဆောင်းဘဲ တန်းပင် ရေးချခဲ့သလော. . .။

မဖြစ်နိုင်ပေ သုတေသန ဝါသနာပါ၍ သုတေသနလုပ် လုပ်ကိုင်ဖူးသူသည် အချက်အလက် အထောက်အထားကို ချာစုဆောင်းမှု မပြုဘဲ စိတ်၌ရော်ယမ်း ထင်မြင်ချက်ကို ဘူးယဉ် စာရေးဆရာလို ရေးချတတ်သူမျိုး မဟုတ်ပေ။

ဤသို့ဆိုလျှင် ဂျွန်စမစ်သည် အချက်အလက်များကို ဆောင်းထားသည့် အထောက်အထားများ ရှိရမည်မှာ သေချာ သည်။

သို့ဆိုလျှင် ဂျွန်စမစ်၏ စာအုပ်စင်နှင့် စာရေးစားပွဲပေါ် အဘယ်ကြောင့် သက်သေခံ မတွေ့ရသနည်း။

ဖြစ်နိုင်ခြေ နှစ်ခုရှိသည်။ တစ်ခုမှာ ဂျွန်စမစ်၏ အစီရင်

www.burmeseclassic.com

www.burmeseclassic.com



ခံစာကို အဏ်မှလဲလှယ်ယူကာ သိမ်းဆည်းသွားသကဲ့သို့ တစ်
တစ်ယောက်က ဂျွန်စမစ်၏အိမ်မှ မှုကျမ်းအချက်အလက်များ
လာရောက် ဖျောက်ဖျက်ခြင်း၊ သိမ်းဆည်းခြင်း ပြုလုပ်လိုက်
ဖြစ်သည်။

ဒုတိယဖြစ်နိုင်ခြေမှာ ဂျွန်စမစ် ကိုယ်တိုင်က အခြားသူ
တစ်စုံတစ်ယောက် ထိုကိစ္စကို မသိစေလိုသောကြောင့် တစ်
ရာရာသို့ ယူသွားကာ ဖျောက်ဖျက်ပစ်လိုက်ခြင်းပင် ဖြစ်နိုင်
သည်။

ထိုဖြစ်နိုင်ခြေ နှစ်ခုအနက်မှ မည်သည့်အရာသည် မှ
နိုင်သနည်း။ စဉ်းစားတွေးခေါ်ရင်း အခန်းထဲတွင် စေ့စပ်နိုင်သ
စေ့စပ်အောင် ရှာဖွေကြည့်လိုက်ပြန်တော့၏။ စာဖတ်ခန်းထဲ
ဖိုင်များကို သူပြန်၍လှန်နေစဉ်မှာပင် အခန်းထဲသို့ ဝင်လာသော
ခြေသံကြားလိုက်ရသည်။

နောက်သို့လှည့်မကြည့်ဘဲနှင့် အိုင်အိုနန်းထိုက်က သ
ရှာဖွေနေသော စာဖတ်ခန်းထဲသို့ ဝင်လာသူမှာ ရာဇဝတ်အ
ဦးထွန်းဇံ ဖြစ်ရမည်ဟု တွက်ဆမိလိုက်၏။

"ဦးထွန်းဇံ ကျုပ် ရှာဖွေနေတာကို စိတ်ဝင်စားလို
ဗျ"

နောက်လှည့်မကြည့်ဘဲ မေးလိုက်သော အိုင်အို
ထိုက်၏ စကားကြောင့် ရာဇဝတ်အုပ် ဦးထွန်းဇံ အံ့အားသ



သွားလေသည်။

"ဘာတွေများ စိတ်ဝင်စားစရာတွေ့လဲ"

အိုင်အိုနန်းထိုက်က တစ်ချက်ရယ်လိုက်ရင်း. . .

"ဘာမှ စိတ်ဝင်စားစရာကို ရှာမရတာက တော်တော်
သူးဆန်းတာပဲဗျ"

ဟု ပြန်ပြော လိုက်လေတော့၏။

*

ရာဇဝတ်အုပ် ဦးထွန်းဇံတို့သည် အိုင်အိုနန်းထိုက် ဂျွန်စ
စ်၏အိမ်သို့ မရောက်မီကတည်းက ကြိုတင်ရောက်ရှိနေကြသူ
ား ဖြစ်သောကြောင့် ရှာဖွေစရာရှိသည့် ကိစ္စများကိုရှာဖွေပြီး
ပေပြီ။ အတွေ့အကြုံရှိသော အိုင်အိုနန်းထိုက်သည် ထိုအချက်
သိရှိထား၏။

သို့သော် ဦးထွန်းဇံ မရောက်ရှိမီ တစ်စုံတစ်ဦးသည်
စမစ်အိမ်သို့ ကြိုတင်ရောက်ရှိပြီး ရှာဖွေခြင်းပြုချင်ပြုခဲ့
ခဲ့မည်ဟု တွေးမိလေသည်။

"ဦးထွန်းဇံတို့ မရောက်ခင်က တစ်ယောက်ယောက်များ

www.burmeseclassic.com

www.burmeseclassic.com



ဒီအိမ်ထဲကို ဝင်သွားသေးသလား၊ ဝင်သွားရင် ဝင်တဲ့သူ ဘယ်သူလဲဆိုတာများ သိသေးလားဗျာ"

အိုင်အိုနန်းထိုက်၏ အမေးကြောင့် ဦးထွန်းဇံက ခေါင်းခါလိုက်သည်။

"ကျုပ်လဲ ဒါကို စုံစမ်းနေတုန်းပဲဗျာ၊ ခုထိတော့ ဘယ်သူဘယ်ဝါ ဒီအိမ်ထဲကို ရောက်တယ်ဆိုတာ ကျုပ်တို့ မသိရသေးဘူး၊ ရှာဖွေထားတဲ့ လက္ခဏာရှိလို့လား"

"ထင်ထင်ရှားရှားတော့ ဘာမှမရှိသေးပါဘူး ဦးထွန်းဇံ ဒါပေမယ့် သိပ်ပိရိသေသပ်တဲ့ ရှာဖွေရေးသမားဟာ သူလိုချင်တာကို ယူပြီးတော့ လက်ရာမပျက် ထားခဲ့နိုင်တာပေါ့"

"ကိုနန်းထိုက်က ဘယ်လိုထင်လို့လဲ"

"ဂျွန်စမစ် သေဆုံးရမှုဟာ ရာဇဝတ်အုပ် ဦးသိုက်ထွန်း အသတ်ခံရတဲ့ အမှုနဲ့ဆက်စပ် နေနိုင်တယ်လို့ ကျုပ် ထင်တယ် ဦးထွန်းဇံ"

"ဟုတ်တယ် ကိုနန်းထိုက်ရာ. . ဦးသိုက်ထွန်းက ကျုပ်ရဲ့သိပ်ခင်တဲ့ မိတ်ဆွေလဲဖြစ် လုပ်ဖော်ကိုင်ဖက်လဲဖြစ်တော့ ဒီ လိုသာမှန်ရင် ဒီအမှုကို ကျုပ် တရားခံမြန်မြန်ပေါ်ပြီး မြန်မြန် ဖမ်းမိစေချင်တယ်"

"အေးဗျာ. . တကယ်လို့များ ကျုပ်တို့ ခင်ဗျားတို့ မရောက်ခင် အိမ်ထဲကိုဝင်ခဲ့တဲ့သူ ရှိရင်တော့ ရာဇဝတ်ဝန် ဦးအောင်ဒင်



ကို ဆက်ဆက် ဖုန်းဆက်သတင်း ပို့လိုက်ပါနော်"

"စိတ်ချ ကိုနန်းထိုက်ရေ. . ဘာလဲ ဒီရက်မှာ ကိုနန်း ထိုက်က ရန်ကုန်မှာ မရှိဘူးလား"

"ဟုတ်တယ်. . ကျုပ် ခရီးသွားမလို့"

"ကောင်းပြီလေ. . ကျုပ် တာဝန်ယူပါ့မယ်"

အိုင်အိုနန်းထိုက်က တစ်စုံတစ်ရာကို စဉ်းစားလိုက်လေ သည်။

"ဪ. . ဒါနဲ့ ဦးထွန်းဇံ"

အိုင်အိုနန်းထိုက်က စကားစလိုက်၍ ဦးထွန်းဇံက မော့ ကြည့်သည်။

"ပြော. . ကိုနန်းထိုက်"

"ခင်ဗျားတို့ ရှာသင့်တာရှာ သိမ်းသင့်တာသိမ်းတဲ့ အထဲ မှာ ဂျွန်စမစ်ရဲ့ဓာတ်ပုံလေး ဘာလေးများ မတွေ့မိဘူးလား"

"တွေ့တော့ တွေ့မိတယ် ဗျို့. . ဒါပေမယ့် တစ်ယောက် တည်း ရိုက်ထားတဲ့ ဓာတ်ပုံတော့ မဟုတ်ဘူး၊ ဒီမှာ တစ်ခြားလူ တွေနဲ့ တွဲရိုက်ထားတဲ့ ဓာတ်ပုံ"

ပို့စကဒ်စာရွက်ရှိ ဓာတ်ပုံတစ်ပုံကို သူ၏ ကုတ်အင်္ကျီ အိတ်ထဲမှ ဦးထွန်းဇံက ထုတ်ယူကာ အိုင်အိုနန်းထိုက်သို့ ပေးသည်။ အိုင်အိုနန်းထိုက်က ဓာတ်ပုံကို သေချာကြည့်လိုက်၏။

ဓာတ်ပုံထဲတွင် အမျိုးသမီးတစ်ဦးနှင့် ဂျွန်စမစ်တွဲရိုက်

www.burmeseclassic.com

www.burmeseclassic.com



ထားသည်ကို တွေ့ရသည်။ ထိုအမျိုးသမီးမှာ ဖြူဖြူချောချောဖြစ်၍ ခာတ်ပုံနောက်ကျောဖက်တွင် ဂျွန်စမစ်အတွက် 'မစ္စအေမီ' ဟု ရေးသားထားသည်ကို အိုင်အိုနန်းထိုက် ဖတ်ရှုလိုက်ရသည်။

"မစ္စအေမီဆိုတာကတော့ ဂျွန်စမစ်ရဲ့ အစ်မပဲဗျ၊ အင်္ဂလိပ်ကပြား အမျိုးသမီးပဲ"

ခာတ်ပုံကို ကြည့်နေသော အိုင်အိုနန်းထိုက်ကို ဦးထွန်းဖံက ရှင်းပြလိုက်၏။ မစ္စအေမီဆိုသော အမျိုးသမီးကြီးမှာ နှာတံပေါ်ပေါ်နှင့် ဗိုလ်ဆန်ဆန်ချောသော အမျိုးသမီးတစ်ဦး ဖြစ်၏။

သူမ၏ အဝတ်အစားများမှာ အထက်တန်းစားများ ဝတ်လေ့ရှိ သော လည်ဟိုက် ပိုးဂါဝန်ကို ဝတ်ဆင်ထား၍ မြင့်မားသော အရပ် အမောင်းနှင့် လိုက်ဖက်နေပြီးလျှင် ခြေထောက်တွင် ဒေါက်ဖိနပ် မြင့်ကို စီးထားသည်ကို တွေ့ရသည်။

"ခင်ဗျား မစ္စအေမီကိုရော တွေ့ပြီးပြီလား ဦးထွန်းဖံ"

"တွေ့ပြီးပါပြီဗျာ. . သူ့ဆီကိုသဲ ကျွန်တော်က ဂျွန်စမစ်ရဲ့အမှုနဲ့ ပတ်သက်ပြီး မေးမြန်း၍ စစ်ရတာပေါ့ဗျာ"

"ကျေးဇူးပဲဗျာ. ."

အိုင်အိုနန်းထိုက်က ဂျွန်စမစ်နှင့် သူ့အစ်မတို့နှစ်ဦး ရိုက်ထားသော ခာတ်ပုံကို ပေးလိုက်သည်။ ထို့နောက် ဦးထွန်းဖံနှင့် အတူ ဧည့်ခန်းထဲသို့ ထွက်ခွာလာခဲ့လေသည်။ ထိုအချိန်မှာပင် ခြံဝင်းထဲသို့ လူနှစ်ဦးဝင်ရောက်လာသည်ကို တွေ့မြင်လိုက်ရ၏။



အမျိုးသမီးမှာကား ပိုးဂါဝန်အနီရဲရဲကို လက်မောင်း အသည်းနှင့် ဝတ်ဆင်ထားပြီး ဆံပင်မှာဂုတ်ပေါ်တွင် ဝဲနေသော ကြောင့် ကြည့်လိုက်သည်နှင့်ပင် ခာတ်ပုံနောက်ကျော၌ စာရေးသားသော ဂျွန်စမစ်၏အစ်မဖြစ်သူ မစ္စအေမီဆိုသော အမျိုးသမီးဖြစ်ကြောင်း အိုင်အိုနန်းထိုက် သဘောပေါက် နားလည်လိုက်တော့သည်။

နက်မှောင်ကော့ပျံသော မျက်ခုံး၊ တောက်ပသော မျက်လုံးအစုံဖြင့် မစ္စအေမီက ရပ်နေသော အိုင်အိုနန်းထိုက်နှင့် ရာဇဝတ်အုပ်ဦးထွန်းဖံတို့ကို အကဲခတ်ကြည့်ရှုလိုက်သည်။ ကြည့်ရှုပုံတလည်း တည်ကြည်၍ စူးစမ်းသော သဘောမျိုး ဖြစ်နေ၏။

အထူးသဖြင့် မစ္စအေမီသည် အိုင်အိုနန်းထိုက်အား သေချာအကဲခတ်ကာ အကြည့်တစ်ချက်တည်းနှင့်ပင် ခြေဆုံးခေါင်းဆုံး မှတ်သားလိုက်ကြောင်း အိုင်အိုနန်းထိုက်က ရိပ်မိလိုက်တော့၏။မျက်နှာအမူအရာနှင့် ကြည့်ပုံရှုပုံမှာ အကင်းပါး ဖျတ်လတ်၍ ဉာဏ်ကောင်းသောအသွင် ရှိနေသည်။

"ကျွန်မက ဂျွန်စမစ်ရဲ့အစ်မ မစ္စအေမီပါ၊ ခု သူ့ကျန်ခဲ့တဲ့ ပစ္စည်းတွေကို စာရင်းရေးမှတ်ဖို့ လာခဲ့တာပါ"

ရာဇဝတ်အုပ် ဦးထွန်းဖံက အိမ်ထဲသို့ ဖိတ်ခေါ်လိုက်၍ အိုင်အိုနန်းထိုက်လည်း နှုတ်ဆက်ကာ ထွက်လာခဲ့လေတော့သည်။

*

www.burmeseclassic.com

www.burmeseclassic.com



အိုင်အိုနန်းထိုက် သူ၏ရုံးခန်းသို့ ပြန်ရောက်သောအခါ
တွင် တပည့်ဖြစ်သူ ကျော်မိုးက သူ၏ရုံးခန်းထဲတွင် အသင့်စောင့်
ဆိုင်းနေသည်ကို တွေ့ရလေသည်။

"ကျော်မိုးရေ. . ဧည့်သည် ဘယ်သူလာသေးလဲဟေ့"

"ဘယ်သူမှတော့ မလာပါဘူး ဆရာ.

"အေး. . နောက်နေ့တွင် ဆိုရင်တော့ လာတဲ့ဧည့်သည်
တွေရဲ့ ကိစ္စရပ်တွေကို မင်းပဲမေးပြီးတော့ မှတ်တမ်းတင် ထား
လိုက်ပေတော့. . ."

"ဘာဖြစ်လို့လဲ ဆရာ"

ကျော်မိုးက အံ့အားသင့်သံဖြင့် မေးသည်။

"ငါ ခရီးထွက်စရာရှိလို့ကွ၊ ထားဝယ်ဖက်ကို ခရီးထွက်
ရလိမ့်မယ်"

"ကျွန်တော်ပါ တစ်ပါတည်း လိုက်လို့မရဘူးလား ဆရာ
ဟိုကျ ဆရာ့ဝေယျာဝစ္စတွေ ဘာတွေ လုပ်ကိုင်ပေးနိုင်တာပေါ့"

"မလိုက်ပါနဲ့ကွာ. . ဒီမှာ လူစောင့်တစ်ယောက် ရှိဖို့တော့
လိုတယ်လေ"

"မမြကေသီ ရှိသားပဲ"

"ကေသီ့ကို ငါနဲ့တစ်ပါတည်း ခေါ်သွားမလို့ကွ"

"ဗြော်. . ."



အိုင်အိုနန်းထိုက် စုံစမ်းထောက်လှမ်းရန် ကိစ္စရှိလျှင်
က်တိုလက်တောင်း ကိစ္စများ၌ ခိုင်းစေနိုင်ရန်အတွက် ကျော်
ကို ခေါ်သွားလေ့ရှိတတ်သည်။ ကျော်မိုးကလည်း ခရီးထွက်
ည်ဆိုလျှင် အလွန်ပျော်သည်။ ယခု သူ မလိုက်ရတော့ဟု သိ
က်ရသောအခါတွင် စိတ်ပျက်သွားပုံရလေသည်။

"စိတ်မပျက်ပါနဲ့ ကျော်မိုးရာ. . အေးအေးဆေးဆေး
မ်းပြီးနေဖို့ ကိစ္စဆိုရင်တော့ မင်းကို ငါ ခေါ်မှာပါ၊ နောက်ထပ်
းသွားဖို့ ကိစ္စတွေပေါ်လာဦးမှာပါ၊ အခုကိစ္စကတော့ မိုးထဲ
သထဲမှာ အန္တရာယ်ကလဲ များတယ်"

"ကျွန်တော် သဘောပေါက်ပါတယ် ဆရာ၊ မမြကေ
ကတော့ ဆရာနဲ့ ခရီးသွားရမယ်ဆိုရင် ပျော်မှာပဲ"

မြကေသီမှာ ဤဌာနသို့ အလုပ်ဝင်လာသည်မှာ နှစ်ပိုင်း
ရှိသေးသော်လည်း အိုင်အိုနန်းထိုက်နှင့်က အထက်အောက်
ထမ်းသဘောမျိုးထက် ပိုရင်းနှီးနေသည်ကို သူ သိသည်။

အိုင်အိုနန်းထိုက်က မြကေသီ၏အပေါ်တွင် လုပ်ဖော်ကိုင်
က် ထက် ပိုလွန်သော စိတ်စေတနာနှင့် သံယောဇဉ် ရှိသကဲ့သို့
ကေသီကလည်း နားလည်မှုရှိနေသည်ကို ရိပ်မိနေ၏။

မူလကတော့ စီအိုင်ဒီ၏ ရုံးအုပ်တာဝန်ကို ဆောင်ရွက်
သော မြကေသီက အလုပ်ဝင်ခဲ့ခြင်း ဖြစ်သည်။ နောက်တော့
င်အိုနန်းထိုက်၏ လက်အောက်တွင် လုပ်ကိုင်ဆောင်ရွက်ရင်း

www.burmeseclassic.com

www.burmeseclassic.com



ထောက်လှမ်းရေးနှင့် စုံစမ်းမှုဆိုင်ရာ လုပ်ငန်းများကို ညက်ကောင်း၍ ဖျတ်လတ်သော မြကေသီက နားလည်သိကျွမ်း၍ အကူအညီ ပေးနိုင်လာသည်။

တစ်ခါတစ်ရံတွင် အိုင်အိုနန်းထိုက် ကိုယ်တိုင်မေ့လျော့နေသော ကိစ္စမျိုးကိုပင် မြကေသီက ဝင်ရောက်ကာ သတိပေး၍ ကူညီတတ်သည်။

အစစအရာရာ စိတ်ချရသော မြကေသီကို ရုံးခန်းထဲတွင်သာ အားကိုးအားထားပြုလျက် အန္တရာယ်ကင်းအောင် အိုင်အိုနန်းထိုက်က မူလအတိုင်း နေစေချင်ခဲ့သည်။

သို့သော် စွန့်စားခြင်းနှင့် ရာဇဝတ်မှုခင်း ကျူးလွန်သူများနှင့် ညက်ကစားလိုသော မြကေသီက အပြင်ဖက်ရှိ အိုင်အိုနန်းထိုက် ဖြေရှင်းနေရသည့် ကိစ္စရပ်များကိုပါ မသိမသာဝင်၍ စွန့်စားလာသည်။

မြကေသီသည် ဂျူဒိုနှင့်ဗန်ဒိုများသာမက ရှမ်းသိုင်းအချို့ကိုပါ တတ်ကျွမ်း၍ သေနတ်ပစ်ပညာကိုလည်း အိုင်အိုနန်းထိုက်နှင့် ဂျမဒါမူးသာတို့က သင်ကြားထားပြီးသား ဖြစ်နေသည်။

အချို့သော မှုခင်းများ၌ မြကေသီသည် အန္တရာယ်ကြားသို့ပင် အိုင်အို နန်းထိုက်တို့နှင့် လက်တွဲကာ အောင်မြင်အောင် ဝင်ရောက် ကူညီ နိုင်ခဲ့ပေါင်း များခဲ့ပြီ ဖြစ်သည်။

ဤနေရာတွင်တော့ သူ့ထက် မြကေသီက အစစအရာ



သာနေသည်ကို ကျော်မိုးလည်း သဘောပေါက် နားလည်ထားသည်။

"မမြကေသီက ထားဝယ်သွားမယ့်ကိစ္စမှာ လိုအပ်လို့လား ဆရာ"

ကျော်မိုးက ကုလားထိုင်များပေါ်မှ ဖုန်များကို ကြက်မွေးနှင့်လှဲနေရင်းမှ မေးလိုက်သည်။

"လိုအပ်လို့ ဆိုပါတော့ကွာ. . ခု သူ ဘယ်သွားလဲ"

"ရှိပါတယ် ဆရာ၊ ခုနလေးတင် လက်ဖွေ့ပုံစံဌာနကို သွားတယ်၊ ပြန်လာပါလိမ့်မယ်"

အိုင်အိုနန်းထိုက် ပွဲလိုစီးကရက်တစ်လိပ်ကို ထုတ်ကာ ရုံးခန်းထဲတွင် ထိုင်ဖွာလိုက်၏။ စီးကရက်တစ်လိပ် မကုန်မီမှာပင် အခန်းတွင်းသို့ ဝင်ရောက်လာသော မြကေသီကို တွေ့မြင်လိုက်ရသည်။

သူမ၏ လမ်းလျှောက်ပုံမှာ ကန့်ကလျ နိုင်လှလေသည်။ မြကေသီသည် ရိုးရိုးယဉ်ယဉ်နှင့် မြန်မာဆန်ဆန် ဝတ်ကာ ဆံနွယ်စကို နောက်ဖက်တွင် သပ်သပ်ရပ်ရပ် ထုံးဖွဲ့ထားသည်။

"ဆရာ ကိုနန်းထိုက် ရောက်နေတာ ကြာပြီလား"

"သိပ်တော့ မကြာသေးပါဘူး၊ ခုပဲ ကျော်မိုးနဲ့ စကားပြောနေတာ နောက်ငါးမိနစ်လောက် ဆိုရင်တော့ လက်ဖွေ့ပုံကို လိုက်ခေါ်ခိုင်းမလို့"

www.burmeseclassic.com

www.burmeseclassic.com



"အရေးကြီးလို့လား"

*

"ဟိုတစ်နေ့က ပြောထားတဲ့ ကိစ္စလေ"

အိုင်အိုနန်းထိုက်၏ ရှေ့ခုံတွင် ပျော့ပျော့လေး ဝင်ထိုင်လိုက်ရင်း မြကေသီက မျက်ခုံးလေးပင့်ကာ. . .

"ရှန်စမစ် အသတ်ခံရတဲ့ အမှုကိစ္စနဲ့ ခရီးထွက်ဖို့လား"

ဟု မေးလိုက်၏။

"ဟုတ်တယ် မြကေသီ၊ ဒီတစ်ခါကတော့ မြကေသီ စွန့်စားရလိမ့်မယ်"

မြကေသီက နှုတ်ခမ်းလေးတွန့်ရုံ ပြုံးလိုက်လေသည်၊

"ကျွန်မလဲလိုက်ပြီး စားလိုက်သောက်လိုက် လည်လိုက် ပတ်လိုက် နေရတာ သဘောမကျပါဘူး၊ ကိစ္စတစ်ခုခုနဲ့ စိတ်ပူနေရမှ ကြိုက်တာ"

"ဘာ. . ဘယ်လို ကေသီ၊ စိတ်ပူနေရမှ ဟုတ်လား"

"ဟုတ်တယ်လေ ဘယ်သူက ဘယ်အချိန် အန္တရာယ်ပေးမလဲ ငါက ဘယ်လိုရှောင်ရမလဲ၊ ဘယ်လို သူ့ကို နိုင်အောင်



တိုက်ခိုက် ဖမ်းဆီးရမလဲဆိုပြီး တထိတ်ထိတ်နဲ့ တွေးရတာ ကိုနန်းထိုက်တို့ စုံထောက်တွေရဲ့ အရသာပဲ မဟုတ်လား"

"ကေသီက ပြောတော့မယ်"

"ကေသီက တကယ်ပြောတာ၊ အခု ကေသီမှာတောင် ဒီရောဂါ ကူးစက်ပြီး အရသာခံတတ်နေပြီ"

"အရသာခံတတ်နေပြီ မလုပ်နဲ့ မချောရေ. . သူတို့က လက်ဦးရင်လဲ သိတဲ့အတိုင်း ဦးသိုက်ထွန်းတို့လို လောကကြီးက နှုတ်ဆက်ချိန်မရဘဲ ထွက်သွားရတာမျိုး"

အိုင်အိုနန်းထိုက်စကားကို နားထောင်ရင်း မြကေသီက ကြည်ငြိမ်သော မျက်နှာလေးဖြင့် ခေါင်းညိတ်ရင်း. . .

"ဒီလိုဆိုရင်လဲ ကိုနန်းထိုက် ပြောလေ့ရှိတဲ့ စကားကိုပဲ ကေသီ ပြောရမှာပေါ့၊ အများကောင်းကျိုးအတွက် ကိုယ့်အသက်ချောင်းကို စွန့်လိုက်ရတာဖြစ်တယ် ဆိုတာလေ"

အိုင်အိုနန်းထိုက်က မြကေသီ၏ စကားကြောင့် တဟားဟား ရယ်မောလိုက်လေသည်။

"အင်း. . . ဒီဌာနကိုရောက်ပြီးမှ ကေသီလဲ စီအိုင်ဒီကအရာက်တွေရဲ့ စိတ်မျိုးဝင်နေပြီကိုး၊ ကဲ. . အရေးကြီးတာပြောမယ် ကေသီ"

ရယ်မောနေရာမှ စကားကိုရပ်ကာ အိုင်အိုနန်းထိုက်က ဘယ်သို့ ခရီးထွက်ရမည့် အစီအစဉ်ကိုပြောရန် စကား စလိုက်

www.burmeseclassic.com

www.burmeseclassic.com



လေ၏။ မြကေသီက စာအုပ်လေးတစ်အုပ်ကို ဖွင့်လိုက်သည်။

"အခုသွားရမယ့် ခရီးစဉ်က ထားဝယ်ဆိုပေမယ့် လိုအ
ရင် မြန်မာနိုင်ငံရဲ့ နယ်နိမိတ်ဆုံး ကော့သောင်းကိုလဲ ရောက်
ချင်ရောက်မယ်။ ဒါတင်မက မြိတ်ကျွန်းစုတွေရှိရာကို စွန့်
ပြီးတော့ ခရီးထွက်ချင်လဲ ထွက်ရလိမ့်မယ်"

"ဟုတ်ကဲ့"

"ကေသီမှာ လိုအပ်တာတွေကို ထုံးစံအတိုင်း ခရီး
ထွက်ဖို့ ပြည့်စုံအောင်ထည့်ခဲ့ပါ"

မြကေသီက ပြုံးလိုက်သည် အမျိုးသမီးကိစ္စများတ
အိုင်အိုနန်းထိုက်သည် စေ့စေ့စပ်စပ် မှာတတ်သည်။ လမ်း
ဖျားနာပါက သောက်ရန်ဆေး၊ ပွန်းပဲ့ထိခိုက်ရှနာ ဖြစ်လာပါ
လိမ်းရန် မြန်မာဆေး၊ အင်္ဂလိပ်ဆေးနှင့် မိမိကိုယ်ကို ကာကွယ်
သေနတ်၊ ဓားစသည့် လက်နက်ပစ္စည်းများက အစ တိတိကျ
စာရင်းလုပ်၍ ကြိုတင်ထည့်သိုထားရန် မှာကြားနေသည်။

"ကဲပါ ကိုနန်းထိုက်ရယ် ကေသီက ကလေးလဲ မဟုတ်
ပြီးတော့ တစ်ခါမှ ခရီးမသွားဘူး မလာဘူးတဲ့ သူလဲ မဟုတ်
အခုကလိုအပ်တာက 'ပင်လယ်မုဆိုး' ဂိုဏ်းရဲ့ ခေါင်းဆောင်
ဘယ်သူလဲ၊ သူ့ဆီမှာ လူအင်အား ဘယ်လောက်ရှိသလဲ၊ သူပိုင်
ထားတာတွေဟာ ဘာလဲ၊ သူနဲ့ဆက်သွယ်နေတဲ့သူ၊ သူ့ကို ထော
အားပေးနေတဲ့ သူတွေ ဒါတွေကိုသိရအောင် ကိုနန်းထိုက်



သက်တွဲပြီးတော့ ကေသီက လိုအပ်တဲ့ နေရာက ဝင်ကူညီရမှာ
ဟုတ်လား"

အိုင်အိုနန်းထိုက်က ဆက်၍ ပြောကြားတော့မည့် စကား
များကို မြကေသီက ပြောလိုက်သောကြောင့် အိုင်အိုနန်းထိုက်က
ခေါင်းညိတ်လိုက်ရလေတော့၏။

*

"ဟုတ်ပြီ ကေသီပြောတာမှန်တယ်၊ ဒါပေမယ့် အခါ
လို လူဆိုးတစ်ယောက် နှစ်ယောက်ကို ရှာဖွေဖမ်းဆီးတာမျိုး
ခိုက်မှောင်ခိုဂိုဏ်း တစ်ဂိုဏ်းကို စုံစမ်းဖမ်းဆီးတာမျိုး မဟုတ်
ဆိုတာတော့ ကေသီ ကြိုတင်သိထားဖို့ လိုတယ်"

"ကိုနန်းထိုက် ဘာကိုဆိုလိုတာလဲ"

အိုင်အိုနန်းထိုက်၏ စကားကို နားမရှင်းသောကြောင့်
သီက ထပ်မေးလိုက်သည်။

"ဒါကအခု ပင်လယ်မုဆိုးဂိုဏ်းဆိုတာ အဆက်အသွယ်
ကောင်းတယ်၊

www.burmeseclassic.com

www.burmeseclassic.com



"ဒါဆိုရင်တော့ တိုင်းပြည်အတွက် တော်တော်... အန္တရာယ်ကြီးမားတဲ့ ဂိုဏ်းမျိုးပဲပေါ့"

"ဟုတ်တယ် မကေသီ၊ ကေသီ ပေါ့ပေါ့တန်တန် သဘော... ထားမှာစိုးလို့ ပြောနေတာ မဟုတ်ဘူး၊ လက်ရှိအခြေအနေကိုသ... အစ်ကိုက ရှင်းပြနေတာပါ"

"အရင်ကြုံတွေ့ရတာတွေထက် ပိုပြီး ဆိုးရွားတဲ့ အတွေ့... အကြုံမျိုး ဖြစ်လိမ့်မယ်လိုတော့ ကေသီ အဆိုးဆုံးကို တွေးထား... ရမယ်ဆိုပါတော့ ကိုနန်းထိုက်"

"ဟုတ်တယ် ကေသီက စကားတစ်ခွန်းကို နားလည်... လွယ်သားပဲ"

"ကေသီကို မြှောက်မနေပါနဲ့ ကိုနန်းထိုက်၊ ကေသီကတော... ကိုနန်းထိုက်ကို ယုံတယ်၊ ကိုနန်းထိုက်က ဒီနေရာကိုဝင် လိုက်ဆို... ကျားရဲတွင်းထဲကိုပဲဖြစ်ဖြစ် ကေသီက ခုန်ချလိုက်မှာပဲ"

မြကေသီ၏ စကားကြောင့် အိုင်အိုနန်းထိုက်က မြ... သီကို သနားကြင်နာသော မျက်လုံးများဖြင့် ငေးကြည့်နေသ...

"ဒီတစ်ခါ ကေသီကို အစ်ကိုတို့ရဲ့ စွန့်စားရမယ့် ... ထဲကို ခေါ်တာဟာ သင့်မသင့်ဆိုတာ ချီတုံချတုံဖြစ်ပြီး အ... ကြီး စဉ်းစားခဲ့ရတယ်။ ဒါတောင်မှ ခုထိ အစ်ကို စိတ်မချ... ဘူး ကေသီ"

အိုင်အိုနန်းထိုက်၏ စကားသံမှာ နှစ်ကိုယ်ကြား ...



...လောက်ရုံ ငြိမ်သက်နူးညံ့နေသည်။

"ကေသီအတွက် ဒီလောက်တောင်ပဲ စိုးရိမ်နေသလား ...နန်းထိုက်"

"ဟုတ်တယ် ဒါ အစ်ကိုရင်ထဲမှာ တကယ်ဖြစ်ပေါ်နေတဲ့ ...ထဲပဲ ကေသီ၊ ကေသီ ယုံချင်မှယုံပါ"

သူ့တပည့် ကျော်မိုးမှာ အခန်းပြင်သို့ ထွက်သွားပြီဖြစ်... အိုင်အိုနန်းထိုက်က ရင်ထဲမှ စကားများကို ပွင့်ပွင့်လင်းလင်း ...ပြောပြလိုက်၏။

"ကဲပါ ကိုနန်းထိုက်ရယ် ကိုနန်းထိုက် ဒီလောက်ပြောနေ...တော့ အစစအရာရာ သတိထားပါ့မယ်၊ ဘာမဆို အသေးအ...လေးကအစ ဂရုစိုက်ပါ့မယ်၊ ဘာမှစိတ်မချ မဖြစ်ပါနဲ့။"

"ကေသီပြောသလို ဂရုစိုက်စိုက်နိုင်ရင် အကောင်းဆုံးပါပဲ၊ ...သတိတစ်ချက် လွှတ်တာနဲ့ ရန်သူကလက်ဦးမှုရမှာပဲ"

"ကဲ . . . ကေသီ ဘယ်တော့ ခရီးထွက်ရမလဲ မနက်ဖြန် ...ဂ်နေ့နေ့ပဲ"

အရင်က အိုင်အိုနန်းထိုက် ပြောကြားခဲ့သော စကား...ကို သတိရ၍ ပြောလိုက်၏။

"ဟုတ်တယ် မနက်ဖြန် ကေသီ ခရီးထွက်ရလိမ့်မယ်၊ ...ကြောင့် ဒီနေ့ဒီစကားတွေ ပြောနေရတာပေါ့"

"ဆက်သွယ်ဖို့ကျတော့ ကိုနန်းထိုက်က အရင် ကေသီ

www.burmeseclassic.com

www.burmeseclassic.com



တို့ကို ဆက်သွယ်မှ အဆက်အသွယ် ရမယ်ဆိုပါတော့"

"ဟုတ်တယ် . . . အခုကိစ္စမှာ အဲဒါ သိပ်အရေးကြီးတယ် အမှတ်တမဲ့ ကေသီ စိတ်ကူးပေါ်လာပြီးတော့ ဆက်သွယ်တာမျိ မလုပ်မိစေနဲ့၊ သူတို့ဖက်က တန်ပြန်ခြေရာခံမှုက သိပ်ကောင် တယ်။ ရာဇဝတ်အုပ် ဦးသိုက်ထွန်းကို လုပ်ကြံသွားတာ တန်ပြ ခြေရာခံကို အသုံးချလိုက်တာပဲ"

"စိတ်ချပါ၊ ကေသီက . . . ကိုနန်းထိုက် သိတဲ့အတိုင် ဘယ်တော့မှ ကြောက်ရွံ့တဲ့ စိတ်နဲ့ထင်တာကို ထ,မလုပ်ဘူး။ ကေ ဆီမှာလဲ နည်းပရိယာယ်တွေရှိတာ ကိုနန်းထိုက် သိပြီးသားပါ"

အိုင်အိုနန်းထိုက်က မျက်ခုံးလေးချီကာ ပြောလိုက်သေ မြကေသီအား ငေး၍သာ ကြည့်နေမိတော့၏။

*

မြကေသီအား ပြောစရာရှိသည့် စကားများကို ပြော ကြားပြီးနောက် အိုင်အိုနန်းထိုက်သည် ရုံးခန်းထဲမှ ထွက်လာ ရာဇဝတ်ဝန် မေဂျာအောင်ဒင်နှင့် သွားရောက်တွေ့ဆုံကာ အ သေးစိတ် အချက်အလက်များကို တင်ပြဆွေးနွေးလိုက်လေသည် သူ ဂျာမဒါမူးသာနှင့် မြကေသီတို့ ဆောင်ရွက်ရမည့် အချက်အလ



းကို မေဂျာအောင်ဒင်က စနစ်တကျ စီစဉ်ညွှန်ကြားပေးလေ သည်။

"မောင်နန်းထိုက် တစ်ခုသိထားရမှာက ကျုပ်တို့ဆီကနေ သူတို့နောက်ကို လိုက်လာပြီဆိုတာ စောစောစီးစီး သူတို့ သိမနေဖို့ "

"ဟုတ်ကဲ့ ဒါဟာလဲ တစ်ချိန်မဟုတ် တစ်ချိန်မှာ သိမှာ ပဲ။ ခုတော့ ကျွန်တော် ဒီကိစ္စကို ပါဝင်ပတ်သက်မယ်လို့ သူတို့ ပင်ချင်မှ ထင်ပါလိမ့်မယ်"

"ဟုတ်တယ် . . . ဂျာမဒါမူးသာကိုတော့ အမှုလိုက် စုံ ထောက်ဆိုပြီးတော့ သူတို့ကြိုတင်ရှင်းပစ်ဖို့ ကြိုးစားခဲ့ကြတယ်။ ပေမယ့် ဖမ်းမိလာတဲ့ ကျွန်းပြန်သိန်းမောင်တို့ အဖွဲ့ကို စစ်ဆေး အခါကျတော့ သူတို့ဆီက ဘာမှ ခိုင်ခိုင်လုံလုံ ဖော်ထုတ် မပေးနိုင် ဘူး"

"ခိုင်းစေတဲ့သူက သိပ်လျှို့ဝှက်ပြီးတော့ ငွေပေးရုံပေး ပြောစရာရှိတာ ပြောဖို့ ကြားခံလူတစ်ယောက်ကို လွှတ်လိုက်လို့ပါ။ ကျွန်းပြန်သိန်းမောင်တို့ အုပ်စုကို ငွေပေးတဲ့လူက ဘာမှမသိတဲ့ ငါသည် အဖိုးကြီးဖြစ်နေတယ်။ အဖိုးကြီးကလဲ မော်တော်ပေါ် လူက နာမည်နဲ့လူရယ်၊ လုပ်ရမယ့် နေရာရယ်ကို စာရေးပြီ စ်ဆင့်မှာတာ၊ ဒီတော့ သူတို့အဖွဲ့က လူနောက်လိုက်ဖို့ အဆက် ပြတ်သွားရတာပေါ့"

www.burmeseclassic.com

www.burmeseclassic.com



"အေး ဒါကိုကြည့်တာနဲ့ ဒီလူတွေဟာ အတွေ့အကြုံ သိပ်များပြီး သိပ်ကြောက်စရာကောင်းတဲ့ ရာဇဝတ်ကောင် အကြီးစားတွေပဲလို့ ခန့်မှန်းရတယ်။ ကဲ. . လုပ်စရာရှိတာ ဆက်လုပ်ပါ"

အိုင်အိုနန်းထိုက်က မေဂျာအောင်ဒင်ကို အလေးပြုကာ အခန်းထဲမှ ထွက်ခွာလာခဲ့သည်။ သူသည် ရုံးခန်းသို့ ပြန်ရောက်သောအခါတွင် စီစဉ်ဆောင်ရွက်စရာများ ဆောင်ရွက်ရန် အတွက် မြကေသီမှာ သူမ၏အိမ်သို့ ပြန်သွားခဲ့ပြီ ဖြစ်လေသည်။

အိုင်အိုနန်းထိုက်သည် ဂျာမဒါမူးသာထံသို့ ဖုန်းဆက်လိုက်၏။ ဂျာမဒါမူးသာက. . .

"ဟဲလို. . . ဆရာကိုနန်းထိုက် ပြောပါ"

ဟု ဖုန်းကိုင်လိုက်သည်။

"မူးသာ. . . မင်းတို့ မနက်ဖြန် ခရီးထွက်ရမယ်နော်"

"ဟုတ်ကဲ့၊ ခုပဲ ရာဇဝတ်ဝန်က ဖုန်းဆက်ပြီး သတိပေးပြီးပါပြီ"

"ဒါဆိုရင် ဒီလိုလုပ်ကွာ. . . ဒီနေ့ညနေ ညစာအတူတူ စားကြရအောင် မြကေသီကိုလဲ ဖုန်းဆက်လိုက်မယ်"

အိုင်အိုနန်းထိုက် ဖုန်းဆက်သောအခါတွင် မြကေသီက ဖုန်းနားတွင် အဆင်သင့်ရှိနေ၏။

"ကေသီ ထင်သားပဲ၊ ကိုနန်းထိုက် ကေသီဆီကို ဖုန်းနဲ့ ကွန့်တက် လုပ်ဦးမယ်ဆိုတာလေ ဘာများပြောစရာ ပေါ်လာလဲ"



"ဘာမှ ထွေထွေထူးထူး မရှိပါဘူး၊ ကေသီ့ကို သတိရလို့"

"တော်ပါ အပိုတွေ ပြောနေပြီ"

မြကေသီထံမှ ကနွဲ့ကရ အသံလေး ပေါ်လာသည်။

"တကယ်ပြောတာပါ။ ရုံးခန်းမှာ ကေသီရှိနေမယ်ထင်လို့ မတွေ့တာနဲ့"

"ကိုနန်းထိုက်"

"ပြော. . ကေသီ"

"ဒီစကားတွေ ပြောမှာဆိုရင် ကေသီဖုန်းချလိုက်မယ် နော်၊ ဝတ်အစားတွေ ထည့်နေတာ မသိဘူးလား"

"ဟိုး ဟိုး . . . ဖုန်းမချပါနဲ့ဦး ပြောစရာရှိတယ်"

"ပြော"

"ဒီနေ့ည ကေသီတို့အိမ်မှာ အစ်ကိုနဲ့ ဂျာမဒါမူးသာတို့ ခင်းစားမယ်"

"ကေသီကသိလို့ ဒေါ်နန်းကို ဈေးဝယ်ခိုင်းထားပြီးပါရှင့်"

"ဒါကြောင့် ကေသီကို အစ်ကိုက တော်တယ်လို့ ချီးကျူးတာ"

စကားမဆုံးမီ မြကေသီက ဖုန်းချသွားလေသည်။

*

www.burmeseclassic.com

www.burmeseclassic.com



ဂျာမဒါမူးသာနှင့် မြကေသီတို့သည် တနင်္ဂနွေညနေ
လေယာဉ်ဖြင့် ထားဝယ်မြို့သို့ လိုက်ပါသွားကြလေသည်။ ထား
ဝယ်မြို့ရှိ "စိမ်းရွက်ဝါ" တည်းခိုခန်းတွင် တစ်ယောက်အိပ်ခန်း
နှစ်ခု ငှားရမ်းနေထိုင်ရန် ကြိုတင်စီစဉ် ပေးထားသောကြောင့်
ဂျာမဒါမူးသာရော မြကေသီတို့နှစ်ဦးပါ ထားဝယ်သို့ ရောက်
သည်နှင့် အဆင်ပြေသွားလေတော့သည်။

မြကေသီမှာ ထားဝယ်မြို့သို့ အလည်အပတ် ရောက်ရှိလာ
သော ခရီးသွားတစ်ဦး၏ အသွင်မျိုး ဝတ်ဆင်ထားကာ ငွေကြေး
ချမ်းသာလျက် ပညာတတ်သော အမျိုးသမီးတစ်ဦးဟု အများက
ထင်မှတ်အောင် ဟန်ဆောင်နေလေသည်။

ဂျာမဒါမူးသာမှာ တည်းခိုခန်းငှားရင်း မြကေသီနှင့်
သိကျွမ်းခင်မင်သည့် ပုံမျိုးသူတို့ မိတ်ဆက်စကား ပြောကြ၏။

"ကျွန်မက ရန်ကုန်ကပါပဲ၊ အရင်ကတော့ မော်လမြိုင်
မှာ နေဖူးပါတယ်"

ကောင်တာရှေ့တွင် မြကေသီက ဂျာမဒါမူးသာကို ခပ်
တည်တည် ပြောသည်။

"ကျွန်တော်ကတော့ အစိုးရကိစ္စနဲ့ လာတာပါ ဗျာ၊ မြင်
ဖူးသလားလို့ပါ"

"ဟုတ်ကဲ့ မြင်ဖူးချင်လဲ မြင်ဖူးမှာပေါ့၊ ကျွန်မတို့က မ



မ်းမှာတော့ မသိတဲ့သူ ရှားတယ်လေ၊ ကဲ . . . ကျွန်မအခန်းကို
သွားမလို့ ခွင့်ပြုပါဦး"

"ဟုတ်ကဲ့ ခင်ဗျာ"

မြကေသီက ကောင်တာမှ တည်းခိုခန်းပိုင်ရှင် လူဝကြီး
ထံမှ အခန်းငှားခပေးပြီး၍ အခန်းသော့ယူကာ သူမ နေထိုင်ရန်
အပေါ်ထပ်သို့ တက်သွားလေသည်။ မြကေသီ ငှားရမ်းသော အ
ခန်းမှာ အခန်းနံပါတ် (၉) ဖြစ်လေသည်။

"ဆရာ. . . ကောင်မလေးက မဆိုးဘူးနော်"

ဟိုတယ်ကောင်တာမှ လူဝကြီးက မြကေသီ၏ နောက်
ကျောကိုကြည့်ရင်း ဂျာမဒါမူးသာကို ဝေဖန်ပြောဆိုလိုက်သည်။

"ဒါကြောင့် ကျွန်တော်လဲ စကားစကြည့်မိတာပေါ့၊ ကျွန်
တော့်ကိုလဲ အခန်းလွတ် တစ်ခုပေးပါ"

ဂျာမဒါမူးသာအတွက် အိပ်ခန်းနံပါတ် (၁၀) သော့ကို
လူဝကြီးက ပြုံး၍ပေးလိုက်သည်။

"ရော့. . ဆရာ၊ ခရီးသွားရင်း လာရင်း မိတ်ကောင်း ဆွေ
ကောင်းရပါစေ"

ပျော်တတ်ပုံရသော လူဝကြီးက တဟားဟားရယ်၍ ပြော
လိုက်သည်။ ဂျာမဒါမူးသာကလည်း မြကေသီ တက်သွားသည့် လှေ
ကားအတိုင်း လိုက်၍ တက်လာခဲ့လေသည်။ တည်းခိုခန်းနှစ်ခု
တွင် အခန်းချင်းကပ်လျက် ရရှိသောကြောင့် မည်သည့်ကိစ္စမဆို

www.burmeseclassic.com

www.burmeseclassic.com



တစ်ဦးနှင့်တစ်ဦး ကူညီဆောင်ရွက်နိုင်မည် ဖြစ်လေသည်။

အိုင်အိုနန်းထိုက်ကတော့ နောက်တစ်နေ့ လေယာဉ်ဖြ
လိုက်ပါလာခဲ့ပြီးနောက် ခပ်ညံ့ညံ့ တရုပ်စားသောက်ဆိုင်ရှိ တည်း
ခန်း တစ်ခန်းတွင် ငှားရမ်းနေထိုင်လိုက်လေတော့၏။

ထားဝယ်မြို့မှာ ထိုခေတ်ထိုအခါက သာမန်အားဖြ
ငြိမ်းချမ်းစိုပြေလျက် နေချင်စဖွယ်ကောင်းသော မြို့လေးတစ်မြ
ဖြစ်သည်။ မြို့တွင်းရှိ စီးပွားရေးလုပ်ငန်း တော်တော်များများမှ
တိုင်းရင်းသားလူများ လုပ်ကိုင်လျက်ရှိကြရာ တံငါလုပ်ငန်း၊ အိ
တွင်းမှုလုပ်ငန်းများ လုပ်ကိုင်သူ များကြလေသည်။

ပင်လယ်နှင့်နီးသောကြောင့် သား၊ ငါး၊ ပုဇွန်၊ ငါးပိငံ
ခြောက်လုပ်ငန်းကို လုပ်ကိုင်သူများပြားပြီး ကိုယ့်အစုနှင့် ကိုယ်
ထိုလုပ်ငန်းတို့ကို ဘိုးဘွားစဉ်ဆက် လုပ်ကိုင်လာခဲ့ကြသူ မှာ
သည်ကို အိုင်အိုနန်းထိုက် လေ့လာတွေ့ရှိရလေသည်။

အိုင်အိုနန်းထိုက်သည် စိမ်းရွှက်ဝါ တည်းခိုခန်းတွ
တည်းခိုနေကြသော ဂျာမဒါမူးသာနှင့် မြကေသီတို့ကို သူရောက်
သည့်နေ့တွင် ဆက်သွယ်မည်ဟု ပြောကြားထားခဲ့သည်။

ဆက်သွယ်နိုင်ရန်အတွက် အနီးဆုံးနှင့် အကောင်းဆုံ
စားသောက် ဆိုင်ကို ရွေးချယ်၍ ညနေသုံးနာရီထိုးတွင် ထိုင်
ညနေသုံး နာရီမှ (၆) နာရီမတိုင်မီ သူရောက်လာမည်ဖြစ်ကြောင်း
အိုင် အိုနန်းထိုက်က ညစာစားသည့် ညမှာပင် ကြိုတင်ညှိနှိုင်းထာ



လေသည်။

ထို့ကြောင့် အချိန်လိုသေးသဖြင့် အိုင်အိုနန်းထိုက်သည်
အုပ်တစ်အုပ်ကို ဆွဲယူကာ ကုတင်ပေါ်တွင် ပက်လက်လှန်ကာ
တ်ရှုနေလိုက်လေတော့၏။

*

စိမ်းရွှက်ဝါ တည်းခိုခန်းမှာ ထားဝယ်မြို့တွင် တော်ရုံ
န်ရုံ ငွေကြေးချမ်းသာသူများ တည်းခိုနိုင်သော တည်းခိုခန်းမျိုး
တ်ပေ။ တည်းခိုခန်းပိုင်ရှင်မှာ အင်္ဂလိပ်မျက်နှာဖြူ အရေးပိုင်
 အလွမ်းသင့်သော "ဦးရွှေတိုး" ဆိုသည့် သူဌေးတစ်ဦး ဖြစ်၏။

နေရာကလည်း ကောင်း၍ ဝင်းခြံလည်းကျယ်ကာ
ည်းခိုခန်း၏ရှေ့တွင် အပန်းဖြေရန် ထိုင်ခုံလေးများနှင့် အုန်း
်များ ပတ်ပတ်လည် အစီအရီ ရှိနေသောကြောင့် မျက်စေ့
သာဒကို ဖြစ်စေလေသည်။

စက်လှေပိုင်ရှင် သူဌေးကြီး ဦးခွန်သာသည် စိမ်းရွှက်ဝါ
ည်းခိုခန်းကို သဘောကျသောကြောင့် အပေါ်ထပ်ရှိ သူဌေး
နှင့် မျက်နှာဖြူအရာရှိများသာ ငှားရမ်းနိုင်သော အထူးခန်းမ

www.burmeseclassic.com

www.burmeseclassic.com



ကျယ်တစ်ခုတွင် လပေါင်းများစွာ ငှားရမ်းနေထိုင်ခဲ့သည်။

ထားဝယ်မြို့မှာပင် သူ၏အိမ်ရှိသည်သာမက ငှက်မည်... ကျွန်းနှင့် ရွှေကျွန်းတို့တွင်လည်း ဦးခွန်သာပိုင်သော နှစ်ထ... တိုက်ကြီးများ ရှိလေသည်။ သို့သော် ဦးခွန်သာသည် မည်သည်... အခါမျှ နေရာတစ်နေရာတွင် အတည်တကျ နေလေ့မရှိပေ။

နဖူးကျယ်ကျယ် မျက်ခုံးထူထူ နှာတံပေါ်ပေါ်နှင့် မုတ်... ဆိတ်မွေး ပါးမြိုင်းမွေးများရှိသော ဦးခွန်သာမှာ စက်လှေမျာ... ပိုင်ဆိုင်သော သူဌေးကြီးတစ်ဦး ဖြစ်သောကြောင့် လူအများအ... လေးစား၍ ဦးခွန်သာဟု ခေါ်ကြရသော်လည်း သူ၏အသက်... ရွယ်မှာ လေးဆယ်ကျော်ခန့်သာ ရှိလေသည်။

ယနေ့နံနက်ပိုင်းတွင်လည်း သူနေထိုင်သော အခန်း... ပြတင်းတံခါးကိုဖွင့်ကာ ဦးခွန်သာသည် စိမ်းရွက်ဝါ တည်းခိုခ... ရှေ့မှ ရေကန်ကို ကြည့်နေမိသည်။

အနီရဲရဲ ဝတ်စုံနှင့် ဆံနွယ်စများ ချထားသော မိန်းမငယ်... လေးတစ်ဦးသည် နေရောင်အောက်တွင် နေပူစာလှုံနေသည်... သူ လှမ်းမြင်လိုက်ရလေသည်။ အခြားနေပူစာလှုံသူ လမ်းလျှော... သူများ ရှိကြသော်လည်း ဦးခွန်သာ၏ မျက်လုံးများသည် ... အနီရောင်ဝတ်စုံနှင့် မိန်းကလေးထံတွင်သာ မကြာမကြာ တဝဲလည်... လည် ဖြစ်နေလေသည်။

မိန်းမပျိုလေးမှာ ယမန်နေ့များက ရှိသေးဟန်မတူ။ ...



သောက်ခန်းမနှင့် စိမ်းရွက်ဝါတည်းခိုခန်း ပတ်ဝန်းကျင်တွင် ထို ...န်းမပျိုကို မတွေ့ဖူးသေး။

မိန်းမချော မိန်းမလှကိုတွေ့လျှင် ဟန်မဆောင်တတ်သော ဦးခွန်သာမှာ အနောက်တိုင်းဝတ်စုံကို ကျကျနန ဝတ်ဆင်ကာ သူ့အခန်းထဲမှာထွက်၍ အောက်သို့ ဆင်းလာခဲ့လေတော့သည်။

ပင်လယ်ကမ်းစပ်နှင့် သိပ်မဝေးလှသော နေရာတွင်ရှိသော တည်းခိုခန်းဖြစ်၍ နံနက်ပိုင်းမှာပင် အေးမြသောလေက ...တိုက်ခိုက်နေသည်။ ဆွယ်တာအနီရောင်ကို ဝတ်ဆင်ထားသော ...မြကေသီမှာ ကန်ရေပြင်ကို ငေးကြည့်ရင်း ပတ်ဝန်းကျင်ကို မသိ...သော ဇေ့ဝဲအကဲခတ်နေလေသည်။

ထိုအချိန်မှာပင် စားသောက်ဆိုင် တံခါးဝမှ ခံ့ငြားသော အစိမ်းရောင် အနောက်တိုင်းဝတ်စုံနှင့် သပ်ရပ်သော လူရွယ်... တစ်ဦး ထွက်လာသည်ကို တွေ့လိုက်ရသည်။ ဆံပင်ကို ဘီးကြောင်း ...ပေါ်အောင် သပ်သပ်ရပ်ရပ် ဖီးသင်ထားသည့် ဦးခွန်သာ၏ ...ရည်မှာ ကြည့်လိုက်သည်နှင့်ပင် ငွေကြေးချမ်းသာသော လူကြီး ...ကောင်း တစ်ဦး၏အသွင် ထင်ရှားနေလေသည်။

ဦးခွန်သာသည် ဆွယ်တာအနီရောင် ဝတ်ဆင်ထားပြီး ...မီအနီနှင့်ဖြစ်၍ အစိမ်းရောင်နှင့်ငွေရောင် နောက်ခံရှင်း... ...ားတွင် ပေါ်လွင်နေသော မြကေသီရှိရာသို့ပင် ဆိုက်ဆိုက် မြိုက် ...ကျ် လျှောက်လှမ်းလာလေတော့၏။

www.burmeseclassic.com

www.burmeseclassic.com



မြကေသီသည် မသိမသာ မျက်လုံးတစ်ချက် ဝေ့ကြည့်လိုက်သည်နှင့်ပင် သူဌေးဦးခွန်သာ ဖြစ်ကြောင်းကို သိလိုက်၏၊ ထို့ကြောင့် မသိမသာ မျက်လုံးလွှဲကာ သူမသည် လမ်းလျှောက်သူများ ရှိရာသို့သာ ငေးကြည့်နေလေသည်။

"ဒီက ညီမက ဧည့်သည်ထင်ပါရဲ့"

ဦးခွန်သာက နူးညံ့သိမ်မွေ့သောအသံဖြင့် မြကေသီ၏ အပါးတွင်ရပ်ကာ မေးလိုက်၏။ မြကေသီက လှည့်ကြည့်ကာ ပြုံး၍. . .

"ဟုတ်ပါတယ်ရှင်၊ အစ်ကိုကြီးကရော ဧည့်သည်ပဲလား"

"အင်း. . . အစ်ကိုကြီးကတော့ ဧည့်သည်မဟုတ်ပါဘူး ဒီစိမ်းရွက်ဝါမှာ ကိုယ့်အိမ်ကိုယ်ရာလို ဖြစ်ပါပြီ၊ ဒီဟိုတယ်မှာ ကြိုက်လို့ အခန်းတစ်ခန်းယူပြီး အမြဲတန်း လစာ ပေးထားတာပေါ့"

"ဪ. . ."

မြကေသီက အိန္ဒြေကိုဆယ်ကာ သိပ်လိုက်လိုက်လျောလျောဟန်မျိုးမပြဘဲ မျက်လွှာချနေ၏။

"မိသားစုအဖော်တွေ ပါသေးလား၊ ထားဝယ်မြို့မှာရှိတဲ့ ရှုခင်းတွေကို လိုက်ပြချင်လို့. . . မိတ်ဖြစ်ဆွေဖြစ်ပေါ့"

"ဟင့်အင်း. . . မိသားစုတွေက မော်လမြိုင်မှာ ကျန်ခဲ့ပါတယ်၊ ကျွန်မက အေးအေးဆေးဆေး အနားယူချင်လို့ ထွက်လာတာပါ"



"ဟာ ဒါဆိုရင် အတော်ပဲ၊ ထားဝယ်က ရှုခင်းတွေလိုက်ပြပါရစေ အားရင်လိုက်ခဲ့ပါ"

ဦးခွန်သာသည် မိန်းမပျိုတို့၏ စိတ်ကိုခန့်မှန်းတတ်သူဖြစ်သည့်အတိုင်း ချိုချိုသာသာဖြင့် ခေါ်ဆောင်နေတော့၏။

"အားနာစရာ ကောင်းပါတယ် ရှင်၊ ကျွန်မက ရှုခင်းတွေကိုကြည့်ရင်း အေးအေးဆေးဆေး ကြည့်တတ်တာ၊ မြင်းလှည်းတစ်စီးစီး ငှားသွားမလားလို့ စိတ်ကူးနေတာ"

မြကေသီ၏ စကားကြောင့် ဦးခွန်သာမှာ အကြိုက်တွေ့သွားတော့သည်။

"မြင်းလှည်းနဲ့ သွားတာက ကြာကြာစီးလို့ ဘယ်ကောင်းမလဲ ညီမရဲ့. . . လာပါ၊ အစ်ကိုကြီးနဲ့ စကားပြောဖော် မရှိလို့ မိတ်ဖြစ် ဆွေဖြစ်ပေါ့၊ ဘယ်လိုမှ သဘောမထားပါနဲ့၊ အစ်ကိုအစ်ယောက်လို ခင်ခင်မင်မင်နဲ့ လိုက်ခဲ့နိုင်ပါတယ်။ ခုပဲ မြို့တစ်ပတ် သွားတော့မလို့"

ရှက်ရွံ့ဟန်လေးဖြင့် မြကေသီက ထရပ်လိုက်လေသည်။

"တော်ကြာ အစ်ကိုကြီးရဲ့ အိမ်သူကတွေ့လို့ တစ်မျိုးထင်နေပါ့မယ်"

"အစ်ကိုကြီးမှာ အိမ်သူမရှိပါဘူး၊ ဒီတည်းခိုခန်းမှာ တစ်ယောက်တည်းနေတာပါ"

မြကေသီမှာ စိမ်းရွက်ဝါတည်းခိုခန်းဘေးမှ ရပ်ထားသည့်

www.burmeseclassic.com

www.burmeseclassic.com



ကားလေးရှိရာသို့ လိုက်ပါလာခဲ့လေတော့သည်။

*

ညနေပိုင်းသို့ ရောက်ရှိလာပြီ ဖြစ်သောကြောင့် "နတ်မြင်းပျံ" စားသောက်ဆိုင်ထဲတွင် လူများစည်ကားနေသည်။ ကမ်းစပ်နားတွင်ရှိသော စားသောက်ဆိုင်ဖြစ်သောကြောင့် ရေလုပ်ငန်းမှ တံငါများနှင့် ပိုက်လှေမှလူများ စားသောက်ဆိုင်ထဲတွင် ဆူညံနေကြသည်။

စိမ်းရွက်ဝါနှင့် အနီးဆုံးစားသောက်ဆိုင်မှာ နတ်မြင်းပျံစားသောက်ဆိုင်ပင် ဖြစ်သည်။ အကောင်းဆုံး စားသောက်ဆိုင်တော့ မဟုတ်။ သို့သော် အနီးဝန်းကျင်တွင် အခြားသော စားသောက်ဆိုင် မရှိသောကြောင့် ဂျာမဒါမှူးသာသည် ချိန်းဆိုထားသော အိုင်အိုနန်းထိုက် ရှိပါမလားဟု သံသယမျက်လုံးဖြင့် ဝေ့ကြည့်ရင်း ဆိုင်ထဲသို့ ဝင်လိုက်လေသည်။

အိုင်အိုနန်းထိုက်သည် ဆိုင်ထောင့်အတွင်းရှိ စားပွဲတစ်လုံးတွင် သူ့အားကျောပေး၍ ထိုင်နေသည်ကို တွေ့ရတော့မှပင် စိတ်အေးသွားသည်။



"ဆရာနန်းထိုက်က ရောက်နေပြီကိုး၊ သူဇော်ငါနဲ့ စိတ်ကူး
င်း တူသွားပဲ"

ဂျာမဒါမှူးသာက မနီးမဝေးရှိ စားပွဲဝိုင်းတွင် ဝင်ကာ
င်လိုက်လေသည်။ ဂျာမဒါမှူးသာ ဆိုင်ထဲသို့ဝင်လာသည်ကို၊
လုပ်ငန်းလုပ်သော တံငါများကဲ့သို့ပင် အဝတ်အစားမျိုး ဝတ်
င်ထားသောကြောင့် ဆိုင်ထဲမှ လူများနှင့် မကွဲမပြားဖြစ်နေ
ည်ကို တွေ့ရ၏။

ဂျာမဒါမှူးသာသည် ပတ်ဝန်းကျင်ကို မျက်လုံးဝေ့ကြည့်
က်သည်။ လက်မောင်းများပေါ်အောက် ဝတ်ဆင်ထားသော
ကောင်းကောင်းနှင့် လူနှစ်ဦးက သူ့ကိုလှမ်း၍ အကဲခတ် ကြည့်
နေလေသည်။

"ဝီစကီ နှစ်ပက်ပေးပါ"

စားပွဲထိုးလေးက ဝီစကီဖန်ခွက်ကို လာချပေးသည်။
ခန်းမှာပင် လက်ပြတ်ဆွယ်တာနှင့် ဘောင်းဘီပွဝတ်ထား သူက
အပေါ်ကို ကြည့်လိုက်သည်။

"ဘယ်က ကောင်လဲ ဘအေး"

လက်ပြတ်အကျီနှင့် လူက သူ့ဘေးမှ ကတုံးဆံထောက်
င်နှင့် စွပ်ကြယ်အကျီဝတ်ဆင်ထားသူကို မေးလိုက်သည်။

"အလကားပါ သောင်းထိုက်ရာ ဟန်နဲ့ပန်နဲ့ပါ သိပ်ရှုပ်
ဘူး"

www.burmeseclassic.com

www.burmeseclassic.com



စွပ်ကြယ်အကျီနှင့်လူက ဆွယ်တာချိုင်းပြတ်နှင့်လူ ပြန်ပြောလိုက်သည်။

"ငါ ဝီစကီ သောက်ချင်တယ်ကွာ"

"ချက်အရက်ပဲ သောက်စမ်းပါကွာ"

သောင်းထိုက်ဆိုသူက သူ့အဖေါ် ကိုဘအေးကို တ မြစ်လိုက်သည်။

"မင်းသိတဲ့အတိုင်းပဲကွာ၊ ငါက ငါသောက်ချင်တဲ့ အ ရက်သောက်ရမှ ဖြစ်တာ၊ မင်းမတိုက်နိုင်ရင် ငါ ဟိုကောင်လေး က ယူသောက်ရလိမ့်မယ်"

ဘအေးနှင့်သောင်းထိုက်တို့ ပြောဆိုနေကြသည်ကို ဇ ပွဲချင်း ကပ်နေသောကြောင့် သဲကွဲစွာကြားနေရသော အိုင် နန်းထိုက်က သူ၏ နှုတ်ခမ်းကို လက်သုတ်ပုဝါနှင့် သုတ်ရ ဂျာမဒါမူးသာကို မသိမသာ အချက်ပြလိုက်သည်။

"အေးလေ . . မင်းသောက်ချင်သပဆိုဖဲ ယူပြီးသော ပေါ့၊ ဒါပေမယ့် ဘအေး မင်းပြဿနာကို ငါဘယ်တော့မှ ကြည့်မ ဘူးဆိုတာ သိတယ်မဟုတ်လား"

ဘအေးက သိပါသည်ဟူသော သဘောဖြင့် ခေါင် ညိတ်ကာ စားပွဲမှ လက်ထောက်၍ ထလိုက်သည်။ ထို့နောက် ဂျမ မူးသာ၏ စားပွဲရှိရာသို့ လျှောက်လှမ်းသွားလေသည်။

ဂျာမဒါမူးသာ၏ စားပွဲနားသို့ ရောက်သည်နှင့် အသ



သားသော ဝီစကီဖန်ခွက်ကို ဘအေးက လှမ်း၍ကိုင်လိုက် သသည်။

"ဖပ်"

သို့သော် ဘအေး၏လက်သည် ဝီစကီဖန်ခွက်ရှိရာသို့ ရောက်ရှိမသွားပေ။

လျှင်မြန်စွာလှမ်း၍ ဖမ်းလိုက်သော ဂျာမဒါမူးသာ၏ က်ကြောင့် ဘအေး၏ ညာလက်မှာ ဂျာမဒါမူးသာ၏ ဘယ် က်ထဲတွင် မိနေ၏။ ဘအေးမှာ "နတ်မြင်းပျံ" တစ်ဆိုင်လုံး က က်မြှောက်ထားရသော လူစွာတစ်ဦး ဖြစ်ပုံရသည်။

ဘအေးကို မည်သူမျှ မပြောရဲဘဲ၊ ဘေးဝိုင်းမှ လူများ ကြည့်နေကြ၏။

"ခင်ဗျား ဘာလုပ်တာလဲ"

ဂျာမဒါမူးသာက ဘအေး၏ ညာလက်ကို ဖမ်းဆုပ် ထားရင် မေးလိုက်သည်။

ဘအေးက ပါးစပ်ဖြင့် မဖြေဘဲ၊ သူ၏ ဘယ်လက်သီးဖြင့် မဒါမူးသာကို ထိုးချလိုက်လေသည်။ ဂျာမဒါမူးသာက ဘအေး၏ က်သီးကို ခေါင်းကိုင့်ကာ ရှောင်လိုက်ပြီးနောက် ဘအေး၏ ယ်ကြီးကို ဗိုက်မှပခုံးဝင်ကာ လျှိုထမ်းလိုက်သည်။

"အ. . ."

ဘအေး ရုတ်တရက် အံ့အားသင့်သွားလေသည်။ သို့သော်

www.burmeseclassic.com

www.burmeseclassic.com



ဘအေး ရုန်းကန်ချိန် မရလိုက်ပါ။ ဂျာမဒါမူးသာက ဘအေး ကိုယ်ခန္ဓာကြီးကို လှို့၍ထမ်းထားရာမှ အဖော် သောင်းထိုက်ရှိ စားပွဲသို့ ပစ်ပေါက်ချလိုက်တော့၏။

"ဝုန်း"

"အား. . ."

ဘအေးသည် မြေကြီးပေါ်တွင် ပက်လက်ကျသွားသကဲ့ သောင်းထိုက် ထိုင်နေသော စားပွဲမှာလည်း လဲပြိုကျသွားသော ကြောင့် သောင်းထိုက်မှာ နောက်သို့ ဆုတ်လိုက်ရတော့၏။

သို့တိုင်အောင် သောင်းထိုက်၏ အကျီနှင့် လုံချည်မှာ တွင် စားပွဲပေါ်မှ အချဉ်ရေများက စွန်းပေသွားလေတော့သည် သောင်းထိုက်သည် သူ၏ခါးကြားမှ ဓားကောက်ကို ဆွဲထု လိုက်လေတော့သည်။

"ဟော့ . . . မင်း စော်ကားလှချည်လား၊ ငါတို့နှစ်ယော ကို ဘာများထင်လို့လဲ"

သောင်းထိုက်က ဓားကိုတွေ့လျှင် ကြောက်ရွံ့လိမ့်မည် အထင်ဖြင့် ဂျမဒါမူးသာ၏ လည်တိုင်ကို ချိန်ရွယ်ကာ ပြော လိုက်သည်။

ဂျမဒါမူးသာက. . .

"ကျုပ်က စော်ကားတာ မဟုတ်ဘူး၊ ခင်ဗျား လူ ကျူးကျော်လာတာ"



ဟုပြောလိုက်၏။

"ဒါ တို့ သောက်နေကျ ဆိုင်ကွ၊ ဒီဆိုင်မှာ တို့က ဘယ် သူမှ ဗိုလ်မထားဘူး"

"ဒါဆိုရင်တော့ ကျုပ်ကို ဗိုလ်ထားပေတော့ပေါ့"

ဂျမဒါမူးသာက မခိုးမခန့် ပြောလိုက်သောကြောင့် သူ၏လက်ထဲမှ ဓားကောက်ဖြင့် ဂျမဒါမူးသာ၏ လည်ပင်းကို မ်းချိတ်လိုက်သည်။

ဂျမဒါမူးသာက ထိတ်လန့်သည့် သဘောဖြင့် နောက် ခုန်ကာ ဆုတ်လိုက်၏။ သူ့လက်ထဲမှ စီးကရက်ဗူးက အောက် လွတ်ကျ သွားလေသည်။

လွတ်ကျသွားသည့် စီးကရက်ဗူးမှာ နောက်တွင်ထိုင်နေ သော အိုင်အိုနန်းထိုက်၏ ရှူးဖိနပ်ဦးပေါ်သို့ ကျသွား၏။ အိုင်အို န်းထိုက်က စီးကရက်ဗူးကို ငုံ့ကောက်ကာ ကိုင်ထားလိုက်သည်။

ရှေ့သို့ခုန်တိုးကာ ဓားကောက်ဖြင့် လှမ်းခုတ်လိုက်သည့် သောင်းထိုက်၏ လက်ကို ဂျမဒါမူးသာက ညာခြေနှင့် ခတ်ထုတ် က်လေတော့သည်။

"ဖောင်း. . . ."

"အား. . . ."

ဂျမဒါမူးသာ ကန်ထုတ်လိုက်၍ ဓားကောက်လွင့် ဘအေးသို့ ကျသွား၏။ ဆိုင်ထဲမှလူများ ရန်ပွဲကြီးကြည့်လာ၍

www.burmeseclassic.com

www.burmeseclassic.com



ဆိုင်ပြင်သို့ ဝုန်းကနဲထွက်ပြေးကာ သွားကြတော့၏။

*





နတ်မြင်းပျံ စားသောက်ဆိုင်ထဲတွင် ရုတ်ရုတ်သဲသဲ ဖြစ်သွားသည်။ လူအုပ်ကြီးက ဝုန်းကနဲ အပြင်သို့ ပြေးထွက်သွားသည် လဲကျသွားသော ဘအေးသည် ကုန်းထလိုက်၏။ သောင်းထိုက်ကလည်း ဂျာမဒါမှူးသာကို တိုက်ခိုက်ရန် အသင့်ပြင်လိုက်လေသည်။

အိုင်အိုနန်းထိုက်က သူ့စားပွဲမှ ဂျာမဒါမှူးသာနှင့် လူနှစ်ယောက် တိုက်ခိုက်နေသည်ကို ဝီစကီ တစ်ခွက်သောက်ရင်း ခပ်အေးအေးပင် ကြည့်နေလေသည်။

"မင်းတို့ သတ္တိရှိရင် ဆိုင်ပြင်ထွက်လိုက်ကြ၊ ငါက ညည့်သည်. ဆိုင်ရှင်ကို အနှောင့်အယှက် မပေးချင်ဘူး"

"ဝုန်း. . . "

ဂျာမဒါမှူးသာက သူ့ဘေးမှ စားပွဲပေါ်ကို လက်တစ်

www.burmeseclassic.com

www.burmeseclassic.com



ဖက်နှင့် ဆောင့်ကာရိုက်ရင်း ပြောလိုက်သည်။ ဂျမဒါမူးသာ၏ လက်ထဲမှ စီးကရက်ဗူးသည် စားပွဲပေါ်တွင် ပြားသွားလေသည်။ ပြားသွားသော စီးကရက်ဗူးခွံကို ဂျမဒါမူးသာက လက်နှင့်ခတ် ထုတ်လိုက်ရာ အိုင်အိုနန်းထိုက်၏ စားပွဲပေါ်သို့ ဖျတ်ခနဲ ကျ သွားလေသည်။

"လူပါးဝတဲ့ကောင် မင်းထွက်ခဲ့၊ မင်းကို မသေမချင်း သတ်မယ်"

အရှက်ကွဲသွားသော ဘအေးက ဆိုင်ပြင်သို့ လှမ်းထွက် ရင်း ဂျမဒါမူးသာကို စိန်ခေါ်လိုက်သည်။ သောင်းထိုက်နှင့် ဘ အေးတို့သည် ဂျမဒါမူးသာ ထွက်လာမည်ကို ဆိုင်ပြင်မှ စောင့် နေသည်။

ဆိုင်ထဲတွင် အိုင်အိုနန်းထိုက်နှင့် လူသုံးလေးဦးသာ ကျန်တော့သည်။ ကျန်လူများမှာ အသက်အရွယ် ကြီးရင့်သော အဖိုးကြီးများဖြစ်၍ သူတို့ဟာသူတို့ အရက်ကို အေးအေးဆေးဆေး သောက်ချင်ပုံရသည်။

ဂျမဒါမူးသာက ဆိုင်ပြင်သို့ ခြေလှမ်းခပ်မှန်မှန်ဖြင့် ထွက် လာခဲ့သည်။ သူ့လက်ထဲတွင် မည်သည့်လက်နက်မှ ပါမလာပါ။

ဘအေး၏ လက်ထဲတွင် ကြေးဝက်အူ တပ်ဆင်ထားသော ကြိမ်တုတ်တစ်ချောင်းကို ကိုင်ထားပြီး သောင်းထိုက်၏ လက်ထဲ တွင်ကား ဓားမြှောင်ကို ကိုင်ထား၏။ သူတို့နှစ်ဦး၏ အမူအရာက



ဂျမဒါမူးသာကို အမဲဖျက်မည့်ပုံမျိုး ပေါ်နေလေသည်။ ဂျမဒါမူးသာ ဆိုင်ပြင်သို့ လှမ်းထွက်လာသည်နှင့်ပင် ဘအေးက. . .

"မင်း ဘယ်သူလဲ၊ ဘာကိစ္စနဲ့ ထားဝယ်ကို ရောက်လာ ရတာလဲ"

ဟု မေးလိုက်သည်။

"ငါ့နာမည် ဂျမဒါမူးသာပဲ၊ ငါ ရာဇဝတ်ကောင် တစ် ယောက်ကို ဖမ်းဖို့ ရောက်လာတာပဲ"

ဂျမဒါမူးသာက ခပ်တည်တည် ပြောသည်ကို ဂရုမစိုက် ဘဲ. . .

"လက်စသတ်တော့ မင်းက ငါတို့အတွက် အဆိပ်အ တောင့် ကောင်ကိုး"

ဟုပြောကာ သောင်းထိုက်က ဓားမောက်ဖြင့် ခြောက် ကာ ဂျမဒါမူးသာကို ခုတ်ချလိုက်၏။ ခေါင်းကို ရိုက်ချလိုက်သည်။

ဂျမဒါမူးသာက နှစ်ဦးလုံး ပြိုင်တူလာသည်ကို အသာ အယာ လွတ်အောင် မြေကြီးပေါ်တွင် လှိမ့်ကာ ရှောင်တိမ်းပေး လိုက်ရာ သောင်းထိုက်၏ ဓားမောက်နှင့် ကြေးခေါင်းမူလီ တပ် ထားသော ကြိမ်တုတ်တို့ ထိခတ်မိသွားလေသည်။

"ချွင်"

ရပ်ကြည့်နေသူများသည် သောင်းထိုက်၏ ဓားမောက် ရာ ကြေးမူလီခေါင်းကိုပါ လွတ်အောင် ရှောင်တိမ်းလိုက်သော

www.burmeseclassic.com

www.burmeseclassic.com



ကြောင့် အံ့အားသင့်သွားကြသည်။

"တော်တော် မြန်တာပဲ"

"ဘအေးတောင် မနိုင်ဘူးဆိုတော့ ဒီကောင်က မလွယ်
ဘူးကွ၊ ခု သောင်းထိုက်ကပါ သူ့ကို ကူတိုက်နေရတယ်"

နတ်မြင်းပျံ စားသောက်ဆိုင်တွင် မင်းမူလျက်ရှိသော
ဘအေးနှင့် သောင်းထိုက်တို့ကို လက်နက်မပါဘဲ တိုက်နေသည့်
ဂျမဒါမူးသာကို ကျိတ်၍သဘောကျနေမိသော နတ်မြင်းပျံဆိုင်တွင်
စားသောက်နေကြသူများက အချင်းချင်း တီးတိုးပြောနေကြသည်။

အိုင်အိုနန်းထိုက်ကတော့ သူစားပွဲပေါ်တွင် ရောက်
လာသော စီးကရက်ဗူးပြားလေးကို ဖျတ်ကနဲ ကောက်၍ အကျ
အိတ်ထဲသို့ ထည့်ကာ ဆိုင်ပြင်သို့ ထွက်လာခဲ့သည်။

သူသည် ဂျမဒါမူးသာနှင့် ဘအေးတို့နှစ်ယောက် တိုက်ခိုက်
နေကြသော တိုက်ပွဲကို စိတ်မဝင်စားသည့်ပုံမျိုးဖြင့် နတ်မြင်းပျံ
ဆိုင်မှ ထွက်ခွာသွားတော့၏။

ဂျမဒါမူးသာက အိုင်အိုနန်းထိုက် ထွက်ခွာသွားသည်ကို
တွေ့သည်နှင့် သူထံ ဓားမောက်နှင့် ပြေးဝင်လာသော သောင်း
ထိုက်၏ ဓားချက်ကို ဆီးကြိုကာ ဖမ်းလိုက်၏။

"ဝှစ်. ."

"ဖပ်"

သောင်းထိုက် ဓားကိုင်လက်ကို ဂျမဒါမူးသာက လက်



ခံဖက်ဖြင့် ဖမ်းထားစဉ်မှာပင် ဘအေးက သူ၏ မူလီတပ်ထား
သော ကြိမ်တုတ်ဖြင့် ဂျမဒါမူးသာ၏ နောက်စေ့ကို ရိုက်ချလိုက်
လေတော့သည်။

"ဝှစ်. ."

"ဒုတ်"

"အား. . ."

အိုင်အိုနန်းထိုက်က လျင်မြန်စွာ သောင်းထိုက်၏ ကိုယ်
ကိုဆွဲလှည့်ပေးလိုက်ရာ ဘအေး၏ ရိုက်ချက်သည် သောင်းထိုက်
ခေါင်းပေါ်သို့ ကျသွားလေသည်။

ဘအေးသည် သူ့လူကို ပြန်ရိုက်မိ၍ အံ့အားသင့်နေ
စဉ်မှာပင် ဂျမဒါမူးသာက လဲခွေကျသွားသည့် သောင်းထိုက်၏
ကိုယ်ခန္ဓာကို လွှတ်ချကာ ဘအေး၏ နံကြားသို့ ညာခြေကိုပတ်ကာ
ကန်သွင်းလိုက်တော့၏။

"ဘုန်း. ."

"အား. . ."

ဘအေးသည် နံကြားသို့ ကန်ချက်က မိမိရရ ထိသွား
သောကြောင့် အားကနဲအော်ကာ ရှေ့သို့ ငိုက်ကျလာလေသည်။
ဂျမဒါမူးသာသည် ရှေ့သို့ ငိုက်ကျလာသော ဘအေး၏ ပါးချိုင့်
သို့တည့်တည့်ကို ချိန်ရွယ်ကာ ညာလက်သီးကို ပစ်သွင်းလိုက်လေ
တော့၏။

www.burmeseclassic.com

www.burmeseclassic.com



"ခွပ်"

"အင့်. ."

ဘအေးသည် လက်သီးတစ်ချက်တည်းနှင့်ပင် မြေပြင်ပေါ်သို့ ဖင်ထိုင်ကာ လဲကျသွားတော့သည်။ သူသည် ပြန်၍ မ,ထနိုင်တော့ပေ။ သောင်းထိုက်ဘေးမှာပင် လောကကြီးနှင့် အဆက်အသွယ် ပြတ်သွားသည်။

"ကောင်းတယ်ဗျာ. . ဒီကောင်နှစ်ကောင်က နတ်မြင်းပျံဆိုင်မှာ ဗိုလ်ကျနေတာ ဒီလိုဆုံးမတာ အကောင်းဆုံးပဲ"

လူတစ်ဦးက ဂျမဒါမှူးသာကို ချီးမွမ်းစကား ဆိုလိုက်သည်။ ဂျမဒါမှူးသာသည် ထိုစကားသံကို နားမထောင်တော့ဘဲ ချာကနဲ ထိုနေရာမှ လှည့်ထွက်သွားလေတော့၏။

*

သူ၏ တည်းခိုခန်းသို့ ရောက်သောအခါမှပင် အိုင်အိုနန်းထိုက်သည် စီးကရက်ဗူးခွံလေးကို ဖြဲကာ အတွင်းမှစာကို ထုတ်ယူ၍ ဖတ်လိုက်လေတော့သည်။

ဂျမဒါမှူးသာက နတ်မြင်းပျံဆိုင်ထဲမှ လူများမရိပ်မိ



အောင် အိုင်အိုနန်းထိုက်ထံသို့ မြကေသီက ရေးသားအကြောင်းကြားသောစာကို တိုက်တဆိတ် ပေးပို့လိုက်ခြင်းပင် ဖြစ်သည်။

မြင်းခေါင်းတံဆိပ် စီးကရက်ဗူးခွံကို သောက်ပြီးသူတိုင်းက ထိုသို့ပင် လွှင့်ပစ်တတ်ကြရာ ဂျမဒါမှူးသာသည်လည်း စီးကရက်ဗူးခွံကုန်၍ လွှင့်ပစ်လိုက်သည်ဟုပင် ထင်ကြ၏။

ဂျမဒါမှူးသာနှင့် ဘအေးတို့ ရန်ပွဲကို စိတ်ဝင်စားနေကြသော စားသောက်ဆိုင်ထဲမှ လူတို့သည် ဂျမဒါမှူးသာက စီးကရက်ဗူးခွံထဲတွင် စာထည့်ကာ အိုင်အိုနန်းထိုက်ထံသို့ ပေးပို့ခဲ့သည်ကို ရိပ်မိကြတော့ပေ။

ဂျမဒါမှူးသာကိုကား လူဆိုးတစ်ဦးကို ဖမ်းဆီးရန် ထွက်ရှိလာသော လူတစ်ဦးဟု ရိပ်မိသွားကြလေသည်။

အိုင်အိုနန်းထိုက်နှင့် ဂျမဒါမှူးသာတို့သည်လည်း ထိုသို့ပင် ဖြစ်အောင် ပြုလုပ်ခဲ့ကြခြင်း ဖြစ်ပေသည်။

အိုင်အိုနန်းထိုက်သည် သူ၏ စီးကရက်ဗူးထဲမှ စီးကရက် တစ်လိပ်ကို ထုတ်ကာ မီးညှိလိုက်သည်။

ထို့နောက် စာကိုဖတ်ရှုရန် ရန်သူ၏ တည်းခိုခန်းတံခါး အတွင်းမှဂျက်ထိုးကာ ပိတ်လိုက်၏။ ထို့နောက် စာကိုဖြန့်ကာ ဖတ်ရှုလိုက်လေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



ကိုနန်းထိုက်

စက်လှေသူဌေး ဦးခွန်သာကိုဆက်သွယ်လို့ရပါပြီ။ သူက ကောသီတို့တည်းခိုတဲ့တည်းခိုခန်းက အခန်းအမှတ် (၃၃)။ အထူးခန်းမှာ လနဲ့ချီပြီး ငှားနေတယ်ဆိုတာ သတင်းအတိုင်း မှန်ပါတယ်။ ဒါပေမယ့် ဗျော့ဖိုးသာကိုတော့ ခုထိ အရိပ်အယောင်တောင် မမြင်ရသေးပါဘူး။

မှူးသာကတော့ သူတာဝန်အရ ရောက်လာခဲ့ကြောင်း သက်ဆိုင်ရာ ပုလိပ်အဖွဲ့ကို အကြောင်းကြားပြီးပါပြီ။ လောလောဆယ်တော့ စက်လှေသူဌေး ဦးခွန်သာကို သူ့အကြောင်းတွေ မေးဖို့ မကောင်းသေးဘူးလို့ ကောသီယူဆတယ်။ သူက ကိုနန်းထိုက် ပြောသလို မိန်းကလေးချောတာ လှတာတွေ့ရင် ဟန်မဆောင်နိုင်ဘူးဆိုတာ အမှန်ပဲ ဟီဟိ..ကောသီကိုယ့်ကိုယ်ကို အထင်ကြီးလို့ပြောနေတာ မဟုတ်ဘူးနော်..ကိုနန်းထိုက် ရယ်မနေနဲ့..

ကောသီ့ကိုတွေ့တာနဲ့ သူ စားတော့ဝါးတော့မလို အကဲခတ်ပြီးတော့ လေ့လာတော့တာပဲ သိပ်တော့ မလွယ်လှဘူး ကိုနန်းထိုက်၊ ကြည့်ရတာ အင်မတန်ပါးနပ်ပြီး ကျွမ်းကျင်ပုံရတယ်။



အိုင်အိုနန်းထိုက်သည် မြကောသီ၏စာကို ၄ စ်ဝက်တစ်ဝက်ဖတ်ကာ ရပ်ထားလိုက်ပြီး စိတ်ပူသွားမိသည်။

"အင်း. . . . ကောသီဟာ ပါးနပ်တယ် ဆိုပေမယ့် ယောက်ျားတွေနဲ့ အတွေ့အကြုံ သိပ်ရှိတာ မဟုတ်ဘူး။ ဦးခွန်သာက မိန်းမတွေအကြောင်း နှောကျေနေတဲ့လူ ကောသီ့ကိုတော့ သိပ်ပြီးတော့ လွှတ်ပေးထားလို့ မဖြစ်ဘူး"

စီးကရက် ပြာခွက်ထဲသို့ စီးကရက်ကို ထိုးချေရင်း အိုင်အိုနန်းထိုက်က စိတ်ပူပင်ကာ တွေးတောလိုက်မိသည်။

"ဒါပေမယ့် ဒီကိစ္စက လောလောဆယ် ငါဝင်လို့မရသေးဘူး။ သူ့ကိုတော့ သေသေချာချာ သတိပေးပြီးတော့ အစီအစဉ်ချပေးတာထားတာပဲလေ"

အိုင်အိုနန်းထိုက်သည် သက်ပြင်းတစ်ချက် ချလိုက်၏။ ထို့နောက်မှ စာကိုဆက်၍ ဖတ်ရှုလိုက်ပြန်လေသည်။

ဦးခွန်သာဟာ သိပ်အိမြေကောင်းတယ်၊ စကားပြောပုံဆိုပုံကအစ ဘာမှမသင်္ကာစရာတော့ မတွေ့သေးပါဘူး။ စိမ်းရွက်ဝါ တည်းခိုခန်းက လူတွေကအစ သူ့ကိုလေးစားကြတယ်။ သူ့ရဲ့ကိုယ်ရေး လူယုံအဖြစ် ခန့်ထားတဲ့ဗျော့ဖိုးသာကိုပြစ်မှုကျူးလွန်တာတွေ သူသိတယ် မသိဘူးဆိုတာကိုတော့ တပ်အပ်ပြောလို့မရသေးဘူး ကိုနန်းထိုက်

www.burmeseclassic.com

www.burmeseclassic.com



ရေ.....

ကောသီကိုတော့ သူက သဘောကျနေပ ရတယ်။ စိတ်မပူပါနဲ့ ကိုနန်းထိုက်၊ ဒီလိုမှ မလုပ်ရင် သူ့အကြောင်းတွေကို တိတိကျကျ သိရမှာ မဟုတ်ဘူး မဟုတ်လား......

မနက်ဖြန်မနက် ကောသီ သူနဲ့တစ်နေ ညသွားဖို့ စီစဉ်ထားတယ်။ ခုတော့ ကောသီနဲ့ သူနဲ့ကြ သိပ်ခင်တဲ့ မိတ်ဆွေအဆင့် ရောက်နေပြီပေါ့နော်... .ကောသီ ကြိုးစားတာ ခရီး မရောက်ဘူးလား။

ကိုနန်းထိုက် မနက်ဖြန် မနက် (၇)နာ လောက်မှာ စိမ်းရွက်ဝါ တည်းခိုခန်းကို လာခဲ့ပ သူ့ကို ကောသီ ခေါ်ထုတ်သွားရင် သူ့အခန်းမှာ ဘယ်သူမှ ကျန်ခဲ့မှာ မဟုတ်ဘူး။ လောလောဆ မူးသာက ဒီအထူးခန်းထဲကို တိတ်တဆိတ် ဝင် မကောင်းဘူး။ ဒီတော့ ကိုနန်းထိုက် လုပ်ရှ ရင်ကောင်းမယ် ထင်တယ်။

ကိုနန်းထိုက် ဘာလုပ်ရမယ် ဆိုတာ ကိုနန်းထိုက် အသိဆုံး ဖြစ်မှာပါ။

ဒါပဲနေ

ကော



မြကောသီက သူမ၏တာဝန်ကို သူမ ကျေပွန်အောင် လုပ်ပြီးသွားပြီဖြစ်၍ အိုင်အိုနန်းထိုက် ပြုလုပ်ရမည့် တာဝန် ါ တိတိကျကျ သတိပေးသွားပြီ ဖြစ်သည်။

အိုင်အိုနန်းထိုက်သည် စာကိုအစအဆုံး ဖတ်ရှုပြီးနောက် ရွက်ကလေးကို မီးခြစ်ခြစ်ကာ မီးရှို့ပစ်လိုက်လေတော့သည်။

ဂျမဒါမူးသာမှာ အစိုးရတာဝန်ဖြင့် ရောက်ရှိလာသော တစ်ဦးအဖြစ် စိမ်းရွက်ဝါ တည်းခိုခန်းတွင် လူသိထင်ရှား နေ လျက်ရှိရာ လူမသင်္ကာဖွယ် လှုပ်ရှားမှုမျိုးကို ပြုလုပ်၍ မသင့် ပ်ပေ။

*

တကယ်တော့ စက်လှေသုံ့ဌေး ဦးခွန်သာမှာ ထားဝယ် တွင် ဂုဏ်သရေရှိ လူကြီးလူကောင်း တစ်ဦးအဖြစ် လူသိများ ဖြစ်နေ၏။ တော်ရုံတန်ရုံ ကိစ္စများနှင့်တော့

ဦးခွန်သာဖက်မှ ဝင်ရောက် ကာကွယ်ပေးဖို့ ဝန်လေး ည် မဟုတ်ပေ။

အဘယ်ကြောင့်ဆိုသော် ထားဝယ်နှင့် မြိတ်မြို့တွင် သူ့မူ လုပ်ငန်းများနှင့် အစိုးရပိုင်းက လိုအပ်သော ငွေကြေး အကူ

www.burmeseclassic.com

www.burmeseclassic.com



အညီများကို ဦးခွန်သာက မတွန့်မတို ပြုလုပ်ပေးခဲ့သောကြေ
ဖြစ်သည်။

လမ်းပြင်ရန် ကိစ္စများ၊ တံတားပြင်ရန် ကိစ္စများ
ဦးခွန်သာက ငွေကြေးမ,တည်ပေးလျက် ရှိ၏။ ထို့ကြောင့်
ဌာနများနှင့် လူကြီးပိုင်းက ဦးခွန်သာကို လေးစားခင်မင်
ခြင်းသာ ဖြစ်လေသည်။ ဤသို့ဖြစ်သောကြောင့် ဂျော့ဖိုးသ
ပတ်သက်သည့် ကိစ္စရပ်များတွင် ဦးခွန်သာ နောက်ခံပြုလု
သည်ဆိုခြင်းကို သက်သေ အထောက်အထားမရှိဘဲ မည်
လက်ခံနိုင်မည် မဟုတ်ပေ။

အိုင်အိုနန်းထိုက်နှင့် ဂျမဒါမှူးသာတို့သည် ဦးခွ
ကိစ္စတွင် အခြား ရာဇဝတ်မှုများကဲ့သို့ လွယ်လွယ်ကူကူ ကိုင်
၍ မရကြောင်းကို နားလည်သဘောပေါက်ထားသည်။

မဆိုစကောင်း ဆိုစကောင်း ဦးခွန်သာကြောင့်
လက်ရှိ တာဝန်ထမ်းဆောင်နေသည့် စီအိုင်ဒီဌာနမှပင်
ကောင်း လွင့်ထွက်သွားနိုင်ပေသေးသည်။

အိုင်အိုနန်းထိုက်သည် တည်းခိုခန်းထဲတွင် ထို
ရှေ့ဆက်၍ ဆောင်ရွက်ရမည့် ကိစ္စများကို ရင်လေးစွာနှင့်
စားနေသည်။ ဤမျှ ခက်ခဲရှုပ်ထွေးသော အမှုကိစ္စတွင်
သိမ်မွေ့သော မြကေသီကို ဆွဲသွင်းလာမိခြင်းသည် အမှ
ဖြစ်နေပြီးလားဟုလည်း တွေးတောလိုက်မိသည်။



မတတ်နိုင်ပါ။ ယခုတော့ ထားဝယ်သို့ ရောက်ကာ မြ
သီသည် သူ၏ဇာတ်ကွက်အတိုင်း ဝင်ရောက် လှုပ်ရှားနေ
ဖြစ်သည်။ သည်တော့ မြကေသီ ချိန်းဆိုသည့်အတိုင်း သူသည်
က်စောစော ထ၍သွားရန်အတွက် အိပ်ရာစောစော ဝင်ခဲ့လေ
၏။

နံနက်ခုနစ်နာရီ ထိုးသည်နှင့်ပင် အိုင်အိုနန်းထိုက် အိပ်
နိုးလာလေသည်။ သူသည် အဝတ်အစားကို လဲလိုက်၏။
နတ်အိတ်တွင် သေနတ်ကို သေသေချာချာ ကျည်အပြည့်
ည့်ကာ လွယ်လိုက်၏။ ထို့နောက် အပေါ်မှ ကုတ်အင်္ကျီကို
ကာ ဝတ်ဆင်လိုက်ပြန်လေသည်။

သူသည် မလွဲသာမရှောင်သာသော စွန့်စားမှုတစ်ခုကို
ပ်ရလေတော့သည်။ ဦးခွန်သာသည် သူတို့၏ အမှုကိစ္စ
က် အဓိကကျသော သူတစ်ယောက် ဖြစ်နေသည်။ ဤနေ
တွင် စောရမင်းထင်လို လူမျိုးတစ်ယောက်ကို ငှားရမ်း၍
ဆောင်လျှင် ရနိုင်ပါသည်။

သို့သော် ရာဇဝတ်မှုနှင့် ဆက်စပ်နေသော စာမှုက်စာ
များသည် အပြင်လောကသို့ ပေါက်ကြားသွားလျှင်လည်း
င်းပေ။ လုံခြုံမှု ရရှိစေရန်အတွက် အရေးကြီးသည်။ သာမ
တ်မှု ကိစ္စဆိုလျှင် အကြောင်းမဟုတ်။

ယခု ကိစ္စက ကြီးမားသော လူသတ်မှုများကို ခြေခံနေ

www.burmeseclassic.com

www.burmeseclassic.com



သည့် လျှို့ဝှက်ဂိုဏ်းကိစ္စတစ်ခု ဖြစ်သည်။ မည်မျှ ကြီးကျယ်
နောက်ပိုင်းတွင် နိုင်ငံတော်၏ လုံခြုံရေးကို ထိခိုက်စေနိုင်သေ
အကြောင်းကိစ္စများ မခန့်မှန်းနိုင်အောင် ရှိနေသည့်အတွက် ဧ
မင်းထင်ကို အသုံးမပြုခြင်းက အကောင်းဆုံးဟု ယူဆမိသည်

သူကိုယ်တိုင်က စောရမင်းထင်ထက် မသာသည့်
အိပ်ခန်းများ၊ ရုံးများနှင့် လျှို့ဝှက်ဂိုဒေါင် အဆောက်အအုံ
ကို ဖောက်ထွင်းဝင်ရောက်သည့် အတွေ့အကြုံကတော့ ကော
ကောင်း ရှိနေပါသည်။

အိုင်အိုနန်းထိုက်သည် နံနက်ခုနစ်နာရီ ကျော်လော
မှာပင် လမ်းပေါ်သို့ ထွက်လာခဲ့၏။ ထားဝယ်မြို့ ကမ်းနား
သို့ ထွက်လာသော လမ်းကြားထောင့် တစ်နေရာတွင် သူရှိ
တွေ့ဆုံနိုင်ရန် ကြိုတင်ထွက်ပေါ်လာသော ဂျမဒါမူးသာနှင့် ဆုံ
လေသည်။ မူးသာကို တွေ့သည်နှင့်. . . . .

"ဘယ်လိုလဲ မူးသာ၊ မနေ့က ဟိုဘအေးတို့ နှစ်ယော
ကို မင်း,ကောင်းကောင်း ဆုံးမလိုက်တယ် မဟုတ်လား၊
လွန်ခြေလွန်များ ဖြစ်သွားသေးလား"

ဟု မေးလိုက်၏။

"မလွှဲသာမရှောင်သာတော့ဖြဲ သူ့စရိုက်နဲ့သူ ဖြစ်အော
လုပ်လိုက်ရတာပဲ ဆရာနန်းထိုက်၊ လက်တော့ မလွန်
ဒါပေမယ့် နတ်မြင်းပျံဆိုင်က လူတွေကတော့ ကျွန်တော့်ကို ငြ



လာတဲ့ စုံထောက်မှန်း သိသွားပြီ"

"ဘာဖြစ်သလဲကွာ. . ဒီလောက်ဆိုရင် မင်းကို ရှောင်
မ်းဖို့ ဂျော့ဖိုးသာတို့ အဖွဲ့တွေ ယောက်ယက်ခတ်နေရောပေါ့"

အိုင်အိုနန်းထိုက်က သူ့ထင်မြင်ချက်ပြောရင်း လူသွား
မ်းဘေးသို့ ဂျမဒါမူးသာကို ဆွဲခေါ်လာကာ စကားပြောနေ
လသည်။

"ဦးခွန်သာကိုတော့ မြကေသီက မြို့ထဲကိုခေါ်ထုတ်
သွားပြီ၊ သူတို့ အင်မတန်ကောင်းတဲ့ စားသောက်ဆိုင် တစ်ဆိုင်
ာထိုင်ကြလိမ့်မယ်၊ သူ တစ်နာရီဝန်းကျင်လောက်တော့ ထိန်း
ားမယ် ပြောပါတယ်"

"ဒါနဲ့ကွာ. . ကေသီက သိပ်ပြီးအာတင့်ရဲဖို့ မကောင်းဘူး၊
တော်ကြာ ဦးခွန်သာရဲ့ ထောင်ချောက်မှာ ချောင်ပိတ်မိသွား
နိုင်တယ်"

ဂျမဒါမူးသာကို သူ၏ စိုးရိမ်မှု အားထုတ်ဖော်ပြော
ိုက်၍ ဂျမဒါမူးသာက ပြုံးလိုက်သည်။

"ဆရာကိုနန်းထိုက်ကဖြဲ မစိုးရိမ်စဖူး စိုးရိမ်နေပြန်ပြီ၊
မ မြကေသီက လည်ပါတယ်၊ ဒီလိုမဖြစ်အောင်တော့ သူ
ိန်းသိမ်းနိုင်မှာပါ။ မထိန်းသိမ်းနိုင်တော့ဖြဲ ဘယ်တတ်နိုင်မလဲ
ဆရာ ကိုနန်းထိုက်ရယ်. . ."

"တော်စမ်းပါ မူးသာရာ. . မင်းကဖြဲ ပါးစပ်ပင်နို့ မပြော

www.burmeseclassic.com

www.burmeseclassic.com



စမ်းပါနဲ့"

"ဟား . . ဟား . . ဟား . . ဆရာဂျ ဒီကောင်မလေးကျ
တော်တော်ကို သိသာနေတယ်"

"ဘာသိသာလဲကွ . . "

"အမူအရာ ဖျက်နေတာလေ . . ဆရာကိုနန်းထိုက် သတိ
ထားနော် . . သူ့ကို စိုးရိမ်တာနဲ့ ရန်သူထောင်ချောက်ထဲ ရောက်နေ
ဦးမယ်"

"အေး . . မင်း သတိပေးတာ ကျေးဇူးတင်ပါတယ်၊ ထား
လိုက်ပါတော့၊ ကဲ . . မင်း စိမ်းရွှက်ဝါဟိုတယ်မှာ ခုလောက်ဆို
ကျွမ်းကျင်နေပြီဆိုတော့ ဦးခွန်သာရဲ့ အခန်းက ဘယ်အခန်းလဲ
ဆိုတာ ပြော . . . "

"ညာဘက်က လှေကားကတက်ရင် အပေါ်ထိပ်ဆုံး
အခန်းပဲ ဆရာကိုနန်းထိုက်၊ တံခါးသော့ကတော့ အာမခံသော့
ပဲ၊ သူ့အခန်းက အထူးခန်းဆိုတော့ ကျယ်မဲ့ကျယ်တယ်၊
ဒီတည်းခိုခန်းမှာတော့ အကောင်းဆုံးပဲ၊ အဲဒီလှေကားကို သူ
တစ်ယောက်တည်းပဲ အသုံးပြုတယ်"

"ဟာ . . ဒါဆို ထင်ရှားနေမှာပေါ့၊ လူစိမ်းဝင်ရင် သိပ်
သိသာတာပေါ့"

"ဒါပေမယ့် ခုချိန်မှာတော့ တည်းခိုခန်းက လူရှင်း
တယ်။ ကောင်တာက လူတောင် ငါးမျှားထွက်သွားပြီ။ တည်း



န်းက သူတံခါးနဲ့သူတွေဆိုတော့ လူသစ်ကသဲ ဈေးကြီးလို့
ပြီးမလာဘူး။ လာရင်လဲ နေ့ခင်းပိုင်းနဲ့ ညဖက်ပဲ လာတတ်
ာ ကျွန်တော် သတိထားမိတယ်"

"အေး . . ဒါဆိုရင် ငါဝင်ပြီး လှုပ်ရှားမယ်။ တစ်ခုတော့
း ကူညီရလိမ့်မယ်"

"ဘာ ကူညီရမှာလဲ ဆရာ"

"မင်း ငါမြင်သာတဲ့နေရာကနေ အပြင်က အခြေအနေ
အချက်ပြဖို့ပေါ့"

"ဒီလောက်တော့ ရပါတယ်၊ ကျွန်တော် ကိုယ်တိုင်
ရာနဲ့ဝင်ပြီး လိုက်လို့တော့ မသင့်တော်ဘူး ထင်တယ်"

"ဒါကို မင်းပြောစရာ မလိုဘူးလေ၊ ငါ ရိပ်မိပါတယ်
သာရ၊ ပြီးတော့ ငါက ရွှေပန်းသီး အသက်အာမခံကုမ္ပဏီက
ယ်စားလှယ်အနေနဲ့ ထားဝယ်ကို လာတာပဲ၊ တကယ်လို့ ငါ့ကို
သက်ာတဲ့ လူတစ်ဦးဦးတွေ့ရင် ဦးခွန်သာဆီကို ရွှေပန်းသီး
သက်အာမခံ ကုမ္ပဏီက လူ့အနေနဲ့လာတာလို့ ပြောလို့ရပါ
ယ်"

ဂျမဒါမှူးသာက ခေါင်းညိတ်လိုက်လေသည်။

"ဒါဆိုရင်တော့ ကွက်တိပါပဲ ဆရာ . . "

*

www.burmeseclassic.com

www.burmeseclassic.com



အိုင်အိုနန်းထိုက်က စီးကရက်တစ်လိပ်ကို ထုတ်ယူကာ မီးညှိရင်း. . .

"ဒီလူကြီး မင်းဘယ်လို မြင်လဲ"

ဟု မေးလိုက်သည်။

"ဟာ ဒီလူကြီးက ရုပ်ရှင်မင်းသားနဲ့တူတာ ဆရာနန်းထိုက်ရဲ့ တကယ့်ဖွန့်ဝန်းတို့လို အရုပ်မြင့်မြင့် နှာတံပေါ်ပေါ်နဲ့ အင်္ဂလိပ်လိုဆဲ စကားပြော သိပ်ကောင်းတာ"

"မင်းနဲ့ ပြောဖူးလို့လား"

"မပြောအဲ့ဖူးပါဘူး၊ တစ်ခြားလူတွေနဲ့ စကားပြောတာဆိုတာ မသိမသာ နားထောင်ကြည့်တာပါ။ ဆရာ့ ကေသီတော်မှ သိပ်စမတ်ကျတဲ့ ဦးခွန်သာနဲ့ တွဲသွားရတာကို ကျေနပ်နေသလိုပဲ"

"စကားကောင်း ပြောနေရင်း မဟုတ်တာတွေ ဖော မလာနဲ့ မှူးသာရာ. . ငါ ဒီလောကသဝန် မတိုတတ်ပါဘူး"

"အင်းပေါ့လေ. . . သဝန်တိုရအောင်ဆဲ ဆရာကိုနန်းထိုက်နဲ့ ပွင့်ပွင့်လင်းလင်း ချစ်သူတွေမှ မဟုတ်တာ"

ဂျမဒါမှူးသာ၏ စကားက အိုင်အိုနန်းထိုက်၏ အနှ ကို ထိသွားသည်။ တကယ်တော့လည်း ဟုတ်သည်။ မြကေသီနှင့် အိုင်အိုနန်းထိုက်တို့မှာ ချစ်သူများ မဟုတ်ကြပါ။ တစ်ဦးနှင့် တ သံယောဇဉ် ငြိတွယ်နေကြသော လုပ်ဖော်ကိုင်ဖက် မိတ်ဆွေ



အဆင့်မှာ ရှိကြပေသေးသည်။

"အေးကွာ. . ဒီအကြောင်းတွေက မပြောကြတာ ကောင်းပါတယ်၊ စိမ်းရွက်ဝါရဲ့ရှေ့က ပန်းခြံထဲမှာတော့ လမ်းလျှောက်နေတဲ့ သူတွေ ရှိကောင်းရှိနိုင်တယ်"

"ဒါပေမယ့် ဒီလူတွေက သန့်ရှင်းရေးလုပ်တဲ့ လူတွေနဲ့ တည်းခိုခန်းက အစေခံ အလုပ်သမားတွေပဲ များပါတယ်၊ ဆရာကိုနန်းထိုက်ကို ဘာမှမေးရဲကြမှာ မဟုတ်ဘူး"

"ငါ အခန်းထဲ ရောက်နေတုန်း မင်းတစ်ခုခု အရေးတကြီး အချက်ပေးချင်ရင် သီချင်းတစ်ပုဒ်ပုဒ်သာ လေချွန်လိုက်ကွာ. . "

"အင်း. . . ကောင်းသားပဲ၊ ကျွန်တော် မကြာခဏ လေချွန်နေကျ မင်းသမီး မစိန်သုန် သီချင်းကို လေချွန်လိုက်မယ်လေ"

"အေး. . . ဒါဆိုရင် ငါ ရန်သူ ရောက်လာပြီးလို့ သဘောပေါက်သွားပြီး အမြန်ဆုံး ငါ့ရဲ့အကောင်းဆုံး အခြေအနေဖြစ်အောင် ထွက်ပြေးရှာရမှာပေါ့"

"ကောင်းပါပြီ ဆရာကိုနန်းထိုက်၊ တဲ. . ကျွန်တော်ဓမ္မ သိမသာနဲ့ မကြာခင် တည်းခိုခန်းကို ပြန်လာခဲ့ပါ့မယ်"

"တည်းခိုခန်းရဲ့ နောက်ဘက်မှာ ဝရံတာ ရှိသလား"

"ရှိပါတယ်၊ အပေါ်ထပ် ဆိုပေမယ့် ဆယ့်ငါးပေလောက်ပဲရှိတယ်၊ အရေးကြုံရင် နောက်ခန်းတံခါး ဖွင့်ပေးပြီး အဲဒီဝရံတာကနေ ဆရာကိုနန်းထိုက် ခုန်ဆင်း လစ်လို့ရတယ်၊

www.burmeseclassic.com

www.burmeseclassic.com



"အိုကော. . အိုကော. . ဒါပဲ"

အိုင်အိုနန်းထိုက်သည် စကားဆုံးသည်နှင့် စိမ်းရွက်ဝါ တည်းခိုခန်းရှိရာသို့ ဦးတည်လာခဲ့သည်။ လမ်းချိုးနှစ်ကွေ့ကို ကျော်လိုက်သည်နှင့် စိမ်းရွက်ဝါ တည်းခိုခန်းရှိရာ ဝင်းခြံဝင်း ကို သူ တွေ့မြင်နေရလေသည်။

*

အိုင်အိုနန်းထိုက်သည် 'စိမ်းရွက်ဝါ တည်းခိုခန်း' ဟု ဆိုင်း ဘုတ် ချိတ်ထားသော ဝင်းတံခါးဝမှ ခြံဝင်းထဲသို့ ဝင်လာခဲ့လေ သည်။ နံနက်ရှစ်နာရီခန့်ရှိ၍ တည်းခိုခန်း ဝန်ထမ်းများမှာ တံမြက် စည်း လှည်းသူလှည်း အမှိုက်ကျုံးသူကျုံးနှင့် လုပ်နေကြသည်။

သူသည် ထားဝယ်သားများ ဝတ်လေ့ရှိသော ကုတ်အင်္ကျီ ခဲရောင်နှင့် ဘောင်းဘီကို ဝတ်ဆင်ကာ ခြေလှမ်းမှန်မှန်ဖြင့် လျှောက်လှမ်းလာရင်း အုန်းပင်များ ပတ်ပတ်လည် ပေါက်နေသည့် ရေကန်ဘေးမှ တည်းခိုခန်း အဝင်အဝသို့ လျှောက်လှမ်းလာခဲ့၏။

ပတ်ဝန်းကျင်ကို လှည့်ပတ်ကာ ကြည့်ရှုလိုက်သော်လည်း သူ့အား ထူးဆန်းသော သတ္တဝါအဖြစ် မည်သူတစ်ဦး တစ်ယော က်မျှ ဂရုတစိုက် ကြည့်ရှုအကဲခတ်နေသည်ကို မတွေ့ရှိရသော



အခါတွင် စိတ်အေးသွားလေသည်။

တည်းခိုခန်းတွင် နေထိုင်သူများရှိရာ ဧည့်သည်များသည် ဤသို့ပင် မကြာခဏ လာရောက် တွေ့ဆုံလေ့ရှိသည်။ အဆင့်မြင့် ဈေးကြီးသော တည်းခိုခန်းဖြစ်သောကြောင့် သာမန် ဆင်းရဲသား များ ဝင်လာလေ့မရှိ။ သူလိုကိုယ်လို လူများသာ ဖြစ်နေ၍ ကောင် တာနှင့် တည်းခိုခန်းဝတွင်လည်း အထူးလုံခြုံရေး ဝန်ထမ်းမျိုး မရှိပေ။

ဂျမဒါမူးသာ ပြောခဲ့သည့်အတိုင်းပင် ညာဘက်အစွန် ဆုံးရှိ လှေကားမှ အပေါ်ထပ်သို့ အိုင်အိုနန်းထိုက် ခြေလှမ်းမှန် မှန်ဖြင့် တက်လာခဲ့လေသည်။

အောက်ထပ် စားသောက်ခန်းမကို ပတ်၍ ကွေ့ကာသွား သော လှေကားကြီးနှစ်ခု ရှိသည်။ ဘယ်ဖက် လှေကားများမှာ တစ်ဦးချင်း တည်းခိုသူနှင့် မိသားစု တည်းခိုသူများရှိရာ အပေါ် ထပ်သို့ တက်သည့် လှေကားဖြစ်၏။

ညာဖက်မှ အလားတူ လှေကားမှာ လူအလည်တွင် သီးသန့်ပိုင်းခြား ကာရံထားသည့် ဦးခွန်သာ၏ အထူးခန်းသို့သာ တက်နိုင်သည့် လှေကားဖြစ်သည်။ ထိုလှေကားသည် အပေါ်ထပ် သန့်ရှင်းရေးလုပ်သော တည်းခိုခန်း ဝန်ထမ်းများနှင့် ဦးခွန်သာ ခွင့်ပြုထားသော ဦးခွန်သာ၏ ဧည့်သည်များသာ အသုံးပြုခွင့်ရှိ သသည်။

www.burmeseclassic.com

www.burmeseclassic.com



အိုင်အိုနန်းထိုက်သည် ကြောင်တစ်ကောင် ကဲ့သို့ဝ အပေါ်ထပ် ဝရံတာသို့ ရောက်ရှိသွားသည်။ ဝရံတာမှနေ၍ သူသည် စားသောက်ခန်းမထဲသို့ ပြန်၍လှည့်ကြည့်လိုက်လေသည် ထိုအခါ စားသောက်ခန်းမထဲ၌ လူတစ်ဦးတစ်ယောက်မျှ မရှိသည် ကို တွေ့လိုက်ရလေသည်။

ဝရံတာမှ ချိုးကွေ့လိုက်သည်။ စားသောက်ခန်းရှိ အောက်မှ သူ့ကိုလှမ်း၍ မမြင်ရတော့ပေ။ ထိုအချိန်မှာပင် ဂျမ မူးသာသည်လည်း တည်းခိုခန်းထဲသို့ ပြန်ဝင်လာသည်။

တည်းခိုခန်းအပေါက်ဝမှ သူ လှမ်းကြည့်လိုက်သော ခါတွင် အိုင်အိုနန်းထိုက်၏ အရိပ်အယောင်မျှပင် သူ မမြင်တွေ့ တော့ပေ။ သူသည် တည်းခိုခန်းပတ်ဝန်းကျင် အခြေအနေ ကြည့်ရင်း စားသောက်ဆိုင်ခန်းမထဲတွင် ရပ်ကာ တောင်းဘီ လက်နှစ်ဖက် နှိုက်လျက် အချိန်ကိုစောင့်ကာ ဖြုန်းနေသူလို လျှောက်သည်လျှောက် လုပ်နေသည်။

ထိုစဉ်မှာပင် ချက်ပြုတ်ဆောင်မှ ခါးတွင် အဝတ်ပိုင စည်းနှောင်ထားသော လူတစ်ဦး ထွက်လာသည်။ အပြင်စား ပေါ်မှ ဈေးဝယ်လာသော အသီးအနှံတောင်းကိုလာ၍ မ,ခြင်း ဖြစ်သည်။

"ဆရာ ဘယ်မှ မထွက်ဘူးလား"

ချက်ပြုတ်ဆောင်မှ မျက်နှာရင်းနှီးနေသော ဆိုင်ဝန်ထ



က ဂျမဒါမူးသာကို မေးလိုက်သည်။

"မသွားဘူးကွ.. ဒီနေ့ သူငယ်ချင်းတစ်ယောက် ချိန်း ထားတာ လာမလားလို့ စောင့်နေတာ"

မျက်နှာဖြူဖြူနှင့် စားသောက်ဆိုင် ဝန်ထမ်းက စကားမရှိ ကားရှာကာ. . .

"ကောင်မလေးလား ဆရာ. ."

ဟု မေးလိုက်သည်။

"ကောင်မလေးမို့လို့ စောင့်နေတာပေါ့ကွာ. ."

ဂျမဒါမူးသာက ပါးစပ်ထဲတွေ့ရာ စကားကို ပြောလိုက် လသည်။

"ဆရာ့အခန်းဘေးက ကောင်မလေးကလဲ မဆိုးဘူးနော် ဆရာ၊ ကိုယ်လုံးလှလှနဲ့လေ မျက်နှာကလဲ ချိုချိုနဲ့"

မိချောင်းသား ဖြစ်ဟန်တူသော စားသောက်ဆောင်မှ ချက်ပြုတ်သည့် ဝန်ထမ်းက လျှာရှည်ပြန်လေသည်။

"အေးလေဗျာ. . ဒါပေမယ့် သူက ငါတို့လောက်ကို မှန်း မရဘူးကွ"

"ဆရာနဲ့တော့ ခင်ခင်မင်မင် စကားပြောသားပဲ၊ မိန်း ကလေးတွေက ဒီလိုပါပဲ ဆရာ၊ သူတို့ရဲ့ စိတ်ကို အသိရခက်တယ်"

အရေးထဲတွင် ချက်ပြုတ်သည့် အလုပ်လုပ်သော ရွှေ ကိုယ်တော်က မိန်းမဆိုကာ လာဖွင့်နေပုံရသည်။

www.burmeseclassic.com

www.burmeseclassic.com



"အေးပါကွာ. . မင်း ငါနဲ့ စကားပြောနေတာနဲ့ နောက် ဖက်က ချက်မယ့်သူတွေ ရောက်လာလို့ မင်းကို အပြစ်ဖို့နေကြ မယ်"

"ရပါတယ်၊ ဒီကောင်တွေ ခုမှအိုးတွေ ခွက်တွေ ဆေး နေကြတုန်း သွားမယ်နော်. . ဆရာ"

"ကောင်းပါပြီဗျာ. . "

အသီးအနှံများထည့်သော တောင်းကိုယူကာ မျက် ဖြိုဖြိုနှင့် ဆိုင်ဝန်ထမ်း ထွက်သွားတော့မှပင် ဂျမဒါမှူးသာက စိ အေးသွား၏။ ယခုအချိန်တွင် အခန်းထဲသို့ ရောက်ရှိနေဟန် သော အိုင်အိုနန်းထိုက် ပြန်ထွက်လာပါက ရိပ်မိသွားမည် သောကြောင့် နှင်ထုတ်လိုက်ခြင်းပင် ဖြစ်လေသည်။

*

အိုင်အိုနန်းထိုက်သည်တား ဦးခွန်သာ၏ အခန်းတံ ဝသို့ ရောက်သည်နှင့် သော့ဝိဇ္ဇာထံမှ သင်ယူထားသော နည်း အတိုင်း သွတ်တွင် အသင့်ပါလာသည့် သော့ပုံစံကိုကြည့်ကာ အ တစ်ချောင်းကို ရွေးထုတ်ကာ သော့အိမ်ထဲသို့ ထည့်လိုက်သည်

သော့ဖွင့်သောအခါ ချောက်ကနဲ မည်သံသည် တိ



တ်သည့်ဝန်းကျင်၌ ပေါ်လာနိုင်သောကြောင့် ကျွတ်ထွက်သည့် သော့ခေါင်းနှင့် သော့အိမ်ကို အဝတ်တစ်ခုနှင့် အသာဖုံးကာ သော့တံကို လှည့်လိုက်၏။

"ထပ်"

ငြင်သာသော အသံသာထွက်လာပြီး သော့က ပွင့်ထွက် သွားလေတော့သည်။ အိုင်အိုနန်းထိုက်သည် သော့ကို ဖြုတ်ယူ က်ပြီး ကျွန်းတံခါးကြီးကို အသာအယာ ဘေးတိုက်တွန်းကာ င်လိုက်တော့၏။

အောက်ဖက်တွင် သံလမ်းနှင့်ခွကာ တပ်ထားသော ဘေး တိုက်တွန်းရသည့် ကျွန်းတံခါးမှာ လူတစ်ကိုယ်စာ ဝင်သာရုံ ဟသွား သည်နှင့် အိုင်အိုနန်းထိုက်သည် ကိုယ်ကိုစောင်းကာ အတွင်းဖက် သို့ အသာအယာ ဝင်လိုက်သည်။

ထို့နောက် အတွင်းမှတံခါးကို ပြန်ဆွဲကာ ပိတ်လိုက်ပြီး တံခါးဂျက်ကို ချထားလိုက်သည်။ လှုပ်ရှားမှုဟူသမျှ အသံလုံးဝ မမြည်အောင် အထူးပင် သတိထားနေရလေသည်။ ပထမဆုံး သူ ရောက်ရှိလာသော အခန်းမှာ ပေလေးဆယ်ခန့် ကျယ်ဝန်းသည့် ဦးခွန်သာ၏ ဧည့်ခန်းထဲသို့ပင် ဖြစ်လေသည်။

ဧည့်ခန်းထဲတွင် ဧည့်သည်များထိုင်ရန် အကောင်းစား ကျွန်းကုလားထိုင်များ ချထားသည်။ ကုလားထိုင်များ၏ တွင် ကတ္တီပါအခင်းများ ခင်းထားပြီး နောက်မှီတွင်လည်း ကတ္တီပါသား

www.burmeseclassic.com

www.burmeseclassic.com



ကိုပင် စွပ်ထားသည်။

တစ်ခန်းလုံးသည် ကတ္တီပါအစိမ်းရောင် လွှမ်းနေပြီး ရွှေ
ဝါရောင်ပေါ်တွင် အနီရောင်ပန်းခက်များ ဖော်ထားသော ကြ
ပြင်တွင် ခင်းထားသည့် ကော်ဇောနှင့် အထူးလိုက်ဖက်လှပေ
တော့၏။

ဧည့်ခန်းထောင့်တွင် ကြီးမားသော ကျွန်းဘီဒိုကြီး နှစ်
န်ရံတွင် ကပ်ထောင်ထားသည်။ ပထမဘီဒိုကြီး တစ်လုံးကို သော
ဖွင့်ကာ အတွင်းမှ ပစ္စည်းများကို အိုင်အိုနန်းထိုက် ကြည့်
လိုက်သည်။

ပင်လယ်ထွက် ပစ္စည်းဖြစ်သော ခရုနှင့် ကနုတမာများဖြ
ပြုလုပ်ထားသော အရုပ်များကို ဦးခွန်သာ အမြတ်တနိုး သိမ်းထာ
သည်။ ထိုအရုပ်များမှာ ပင်လယ်မြင်နှင့် လူသားကို ဆက်သွယ်ပေ
သည့် စိတ်ဝင်စားဖွယ်ရာ အရုပ်များပင် ဖြစ်သည်။

ထိုအရုပ်များကို ဦးခွန်သာသည် ပွဲလမ်းသဘင်များတွ
အစိုးရဖက်မှ အကြီးအကဲများနှင့် မြို့မျက်နှာဖုံး လူကြီးလူကော
များအား လက်ဆောင်ပေးရန် လက်မှုပညာများထံ သူ၏ စိတ်က
ဖြင့် အပ်နှံထားခြင်းသာ ဖြစ်သည်။

နောက်ဘီဒိုတစ်ခုကို ဖွင့်ကြည့်သော်လည်း မည်သ
မသင်္ကာဖွယ်ရာများကိုမျှ မတွေ့ရှိရ ပင်လယ်ရှုခင်း ပန်းချီက
ချပ်များနှင့် ပန်းပုလက်ရာတို့သာ သိမ်းထားသည်ကို တွေ့ရ



လေသည်။

ဧည့်ခန်းအတွင်းမှ ဘီဒိုနှစ်လုံးနှင့် ပရိဘောဂ ပစ္စည်း
များထည့်သည် စားပွဲတစ်ခုအောက်မှ တံခါးသော့များကို ဖွင့်၍
ရှာဖွေကြည့်သေးသော်လည်း မသင်္ကာစရာပစ္စည်းဟူ၍ မည်
သည့်အရာမျှ မတွေ့ရပေ။ ဧည့်ခန်းစားပွဲပေါ်တွင်လည်း နိုင်ငံ
ခြား သတင်းစာနှင့်ဂျာနယ်များကို တွေ့ရှိရလေသည်။

ထိုသတင်းစာများကို သတိထားကာ လက်ရာခြေရာ
ပျောက်အောင် ရှာဖွေပြီးသည့်နောက် အိုင်အိုနန်းထိုက်သည် အိပ်
ခန်းအတွင်းသို့ ဝင်ရောက်လာခဲ့၏။ အိပ်ခန်းထဲတွင် ကြီးမားသော
ခုတင်ကြီးတစ်ခုနှင့် အမိုးပါသော မီးအိမ်လှလှလေး တစ်လုံး
တင်ထားသည်။

စားပွဲရှိ အံဆွဲသုံးဆင့်လုံးတွင် သော့ခတ်ထားသည်ကို
တွေ့မြင်ရ၏။ အိုင်အိုနန်းထိုက်သည် စားပွဲမှသော့ကိုဖွင့်ကာ
အံဆွဲကိုဆွဲထုတ်၍ ရှာဖွေလှန်လှော ကြည့်လိုက်ပြန်လေသည်။

သော့တူအမျိုးမျိုးကို ကျွမ်းကျင်စွာ သုံးတတ်သောကြောင့်
တစ်ချက်ဖွင့်လိုက်သည်နှင့်ပင် အံဆွဲက ပွင့်ထွက်သွား၏။ ပထမဆုံး
ပွင့်လာသော အံဆွဲကိုဆွဲဖွင့်ကာ အတွင်းသို့ ကြည့်လိုက်သော
အခါတွင် ထိုခေတ်က အင်္ဂလိပ်အရာရှိများ ကိုင်လေ့ရှိသော ပွိုင့်၃၈
သနတ်တစ်လက်ကို တွေ့ရှိရ၏။ ပွိုင့်၃၈အမျိုးအစားကို တွေ့ရ
သောအခါတွင် အိုင်အိုနန်းထိုက်သည် တစ်ချက်ပြုံးလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



အဘယ်ကြောင့်ဆိုသော် ဗားဂရာချောက် အတွင်းတွင် သေန
ဒဏ်ရာ သုံးချက်ဖြင့်ထိမှန်ကာ သေဆုံးသွားသော ရှေ့ပန်း
အသက်အာမခံ ကုမ္ပဏီမှ ပထမဆုံး ငှားရမ်းခဲ့သည့် ဂျွန်စမစ်သ
ပွိုင့်၃၈ အမျိုး အစား သေနတ်ကျည်ဆံဖြင့် သေဆုံးသွားသည်
တွေ့ရသောကြောင့်ပင် ဖြစ်လေသည်။

ပွိုင့်၃၈ သေနတ်ကို ခေတ္တပြန်၍ ပိတ်ထားလိုက်ပြ
အောက်ထပ်အံဆွဲကို သော့တုဖြင့် ဖွင့်လိုက်ပြန်သည်။ အံဆွဲ
ဆွဲထုတ်လိုက်သောအခါတွင် အနက်ရောင် သံသေတ္တာပြားသေ
တစ်လုံးအတွင်းတွင် တွေ့ရ၏။

သံသေတ္တာပြားကို ဆွဲထုတ်လိုက်သောအခါတွင် သေ
တစ်ခု ခပ်ထားသည်ကို တွေ့ရ၏။

"ချောက် ထောက်"

"ဟင်"

သူတွင် ပါလာသောသော့တုနှင့် ဖွင့်ကြည့်သောအခါ
သေတ္တာပြားလေးထဲမှ သော့သည်တွန်းကန်ကာ ပြန်ထွက်လာ

ထူးဆန်းလှသည်။ အချို့သော့ ပေါက်များသည် သေ
တံနှင့် မှသင့်တော်ပါက သွင်း၍မရခြင်း သို့မဟုတ် သော့ခေ
ကမလည်ဘဲ တင်းခံနေသောကြောင့် သော့တံကျိုးထွက်ခြင်း
ဖြစ်တတ်သည်။

သော့တံကျိုး၍ အတွင်းတွင်ကျန်လျှင် အလွန်ခဲ



စ်နိုင်သော ကိစ္စမျိုးဖြစ်တတ်သောကြောင့် မည်သည့်သော့ကို
သည်ပင်ဖြစ်စေ အိုင်အိုနန်းထိုက်သည် သတိထားကာ ဖွင့်
တ်၏။

မရလျှင် နောက်ထပ် သော့တစ်ချောင်းကို လဲနိုင်ရန်
ဆဆသာ ဖွင့်သည်။ သို့သော် ယခုသော့ပေါက်ကား အထဲ
အသက်ရှိသတ္တဝါ တစ်ကောင်ရှိသည့်အလား သော့တံကို
င်သို့ ကန်အောင် တွန်းထုတ်လိုက်သည်ကို တွေ့ရသော အခါ
အိုင်အိုနန်းထိုက်မှာ စဉ်းစားရ ခက်သွားသည်။

"တော်တော် ထူးဆန်းတဲ့ သော့ပဲ၊ အတွင်းမှာ စပရင်
တော့ သော့တုဖွင့်မရအောင် လုပ်ထားတယ် ထင်တယ်"

အိုင်အိုနန်းထိုက် နဖူးမှချွေးများကို လက်ကိုင်ပုဝါဖြင့်
သုတ်လိုက်ရသည်။

*

သူ စိတ်လောကြီးနေသောကြောင့် သော့ပေါက်ကို သင့်
မည့် သော့မရွေးနိုင်ခြင်းဟု တွေးတောကာ စိတ်ကိုလျှော့
သော့တံတစ်ချောင်းကို သွင်းလိုက်ပြန်သည်။

"ထောက်"

www.burmeseclassic.com

www.burmeseclassic.com



"ဟင်"

ထိုသော့တံလေးမှာလည်း ယခင်အတိုင်းပင် ထောက်က
အသံမြည်ကာ အတွင်းမှပြန်၍ ခုန်ထွက်လာသည်ကို တွေ
လေသည်။ သော့တစ်ချောင်းပြီးတစ်ချောင်း လဲ၍ ဖွင့်သည့်
အံဆွဲထဲမှ သေတ္တာနက်ကလေးမှာ လုံးဝဖွင့်၍ မရသည်ကို ထူးဆ
စွာ မြင်တွေ့နေရ၏။

သော့တံနှင့် ဖွင့်မရလေ အနက်ရောင် သေတ္တာလေး
မစ္စည်းများသည် စိတ်ဝင်စားစရာ ကောင်းလေဖြစ်လျက် ရှိသ
အတွင်းတွင် အလွန်အဖိုးတန်၍ လျှို့ဝှက်သောပစ္စည်း ရှိ
ကြောင့်သာလျှင် အထူးမှာယူထားသော သော့မျိုး လုပ်ထားသ
သေတ္တာထဲတွင် ထည့်သွင်းထားခြင်း ဖြစ်နိုင်သည်ဟု ယူ
လေသည်။

"မရရင်တော့လဲ မတတ်နိုင်ဘူး၊ ဒါ နောက်ဆုံး
တစ်ချောင်းပဲ"

အိုင်အိုနန်းထိုက်သည် သူတွင်ပါလာသော သော့တွဲ
တွင်ရှိသော နောက်ဆုံး သော့တစ်ချောင်းကို ထိုးသွင်းကာ
ဖွင့်လိုက်တော့၏။ ထိုသော့မှာ စပရင်နှင့် လုပ်ထားသော
များကို အသုံးပြု၍ဖွင့်နိုင်ရန် ထိပ်တွင်တုံးလေး ပါသော
အတွင်းမှ စပရင်ကိုဖိကာ လှည့်ချလိုက်သောအခါ သော့
မှ ချောက်ကနဲမြည်ကာ ပွင့်သွားလေတော့သည်။



သော့ပေါက်ပွင့်သွား၍ အတွင်းရှိသော အရာများကို
ည့်ရှုရန်အတွက် အဖုံးကိုဆွဲကာ မ ဖွင့်လိုက်လေတော့သည်။
အခါတွင် အတွင်းမှစာရွက်စာတမ်းများကို တွေ့ရှိရလေသည်။
သမဆုံး တွေ့ရှိရသည်မှာ မူလ စက်လှေပိုင်ရှင်များထံမှ လွှဲ
ပြောင်း ဝယ်ယူထားသော စက်လှေပိုင်ဆိုင်ခွင့် စာချုပ်များပင်
ဖြစ်၏။

ထိုစာချုပ်များမှာ တရားဝင် ချုပ်ဆိုထားသော စာချုပ်
စာတမ်းများ ဖြစ်သောကြောင့် မသင်္ကာစရာ မရှိပေ။

ဆက်၍ ရှာဖွေသောအခါတွင် မိတ်ဆွေများထံမှ ဦးခွန်
သာထံ ပေးပို့ထားသော စာများပင် ဖြစ်သည်။ ထိုစာများသည်
လည်း အိုင်အိုနန်းထိုက်အတွက် မည်သို့မျှ အသုံးမတည့်လှပေ။
သော် သေတ္တာ၏ အောက်ဆုံး၌ရှိသော အံကလေးထဲမှ စာ
လေးတစ်စောင် ထွက်လာ၏။

နေ့စွဲ......

မိတ်ဆွေကြီး ဦးခွန်သာ

မိတ်ဆွေကြီးနှင့် အရေးကြီးသော ကိစ္စကို တွေ့
ဆွေး နွေး လိုပါသောကြောင့် ယနေ့ညနေ (၇)နာရီတွင်
ား ဝယ် ဆိပ်ကမ်းမှ နတ်သမီး စက်လှေသို့ ဆက်ဆက်

www.burmeseclassic.com

www.burmeseclassic.com



*လာရောက်တွေ့ဆုံပါရန်......*

*ဂျွန်စမစ်*

"ဟင်"

ရွှေပန်းသီးကုမ္ပဏီမှ 'ဂင်လယ်မုဆိုး' စက်လှေပိုင်ရှင် အဖွဲ့ကို စုံစမ်းရန်စေလွှတ်လိုက်သည့် ဂျွန်စမစ်ထံမှ ချိန်းဆိုသော စာဖြစ်သည်။ စာတွင် တပ်ထားသော နေ့စွဲအရ လွန်ခဲ့သော ဆယ်ရက်ခန့်က ချိန်းဆိုသည့် စာဖြစ်ကြောင်း တွေ့မြင်ရသည်။

ဤအတိုင်းဆိုပါက ဦးခွန်သာသည် ဂျွန်စမစ် ချိန်းဆို သောနေရာသို့ သွားရောက်ကာ စကားပြောဆို ဆွေးနွေးကောင် ဆွေးနွေးပေလိမ့်မည်။

စုံစမ်းရေးသမား ဂျွန်စမစ်က ဦးခွန်သာအား သူစုံစမ် တွေ့ရှိထားသည့် အထောက်အထားများကို ပြောဆိုကာ ငွေညှ ၍ပင် ဂျွန်စမစ်ကို ရှင်းလင်းလိုက်ခြင်းနှင့် ရွှေပန်းသီးအာမ အဖွဲ့၏ဖက်မှ အစီရင်ခံစာကို ဂျော့ဖိုးသာအား အရယူခိုင် ခြင်းပင်လောဟု စဉ်းစားယူဆရဖွယ် ရှိလာပြန်သည်။

ဓေသတ္တာလေးကို နေသားတကျ ပြန်ထည့်ကာ အံဆွဲကို သော့ပြန်၍ ပိတ်လိုက်၏။ ထို့နောက် ဆက်လက်ရှာဖွေရာ အခြ အချက်အလက်များကို မတွေ့ရသည့်နှင့် အံဆွဲများကို မူလ ပုံစံအတိုင်း ပြန်၍ပိတ်နေချိန်တွင် တယ်လီဖုန်းမြည်သံ ကြား



လေသည်။

"ဒေါ်င်ဒင်.."

"တင်.."

ညှော်ခန်းစားပွဲဘေးမှ တယ်လီဖုန်းသံ ဖြစ်သည်။ ထို တ်အခါက တယ်လီဖုန်းများဘေးတွင် ခေါင်းလောင်းတပ် ားပြီး ဖုန်းလာလျှင် ခေါင်းလောင်းက မြည်လာသော လက်ဖြင့် ည့်ဆက်ရသည့် ဖုန်းမျိုးဖြစ်သည်။

အိုင်အိုနန်းထိုက် ညှော်ခန်းထဲသို့ ထွက်လာခဲ့သည်။ ယ်လီဖုန်းကို ကိုင်သင့်မကိုင်သင့် စဉ်းစားနေသည်။ ထိုအချိန် ပင် တယ်လီဖုန်းခေါင်းလောင်းသံက တပ်ဆင်၍ မြည်လာပြန် တော့သည်။

"ဒေါင်ဒင်"

ဦးခွန်သာထံ မည်သူက ဆက်သွယ်သည်ကို သိလိုသော ကြောင့် တယ်လီဖုန်း စကားပြောခွက်ကို ကောက်ကိုင်ကာ အသံကို င်း၍..

"ဟဲလို"

တစ်ဖက်မှ ဦးခွန်သာအသံကို နားထောင်နေသူက..

"ဦးခွန်သာ ခင်ဗျားအသံတွေ ဘယ်လို ဖြစ်နေတာလဲ၊ ်တော် ဂျော့ဖိုးသာပါဗျ"

ဟု ပြောသံ ကြားလိုက်ရသည်။ ဂျော့ဖိုးသာ၏ အသံ

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်နေသည်ကို သိလိုက်ရသောကြောင့် အိုင်အိုနန်းထိုက်သည် အသံကိုပြောင်းကာ ခပ်တိုးတိုးဖြင့်. . . .

"ကျွန်တော် အသံတွေ ဝင်နေတယ်ဗျ ခင်ဗျား ဘာ ဖုန်းဆက်တာလဲ"

ဟု အရဲစွန့်ကာ မေးလိုက်လေသည်။

ဂျော့ဖိုးသာမှာ ဦးခွန်သာ၏ အခန်းမှဖုန်းဖြစ်မှန်း သ သောကြောင့် ဦးခွန်သာ အမှန်ပင် အသံဝင်နေခြင်း ဖြစ်ရမည် ဟု ယုံကြည်ကာ. . .

"အရေးကြီးတဲ့ ပြောစရာရှိလို့ ဖုန်းဆက်တာပေါ့ဗျ၊ ဒီ ကိုးနာရီလောက်ကို စိန်ဘရားသား စက်လှေကပ်ထားတဲ့ ဆိ ကမ်းကို လာခဲ့ပါလား၊ ဒါမှမဟုတ်လဲ အဲဒီနား ဇင်ယော် စ သောက်ဆိုင်အပေါ်ထပ်ကို လာခဲ့လေ. . "

"ဇင်ယော် စားသောက်ဆိုင် အပေါ်ထပ်က ကောင်း တယ်၊ ဘာကိစ္စလဲ. . "

"ရောက်တော့မှ ပြောကြမယ်ဗျာ၊ ဟိုကိစ္စလေ ခင်ဗျ သိပါတယ်"

"ဟုတ်ပြီ. . ဟုတ်ပြီ"

"ခင်ဗျားအသံတွေကလဲ တအားဝင်နေတယ်၊ အပ သွားတယ် ထင်ပါရဲ့ ကဲ. . . ဒါပဲနော် လာဖြစ်အောင် လာ ကျွန်တော် ကိုးနာရီတိတိမှာ စောင့်နေမယ်၊ ဒါပဲ. . "



"လာခဲ့မယ်"

*

အိုင်အိုနန်းထိုက်သည် သူတို့ နောက်ယောင်ခံ လိုက်၍ ရသေးသော ဂျော့ဖိုးသာနှင့် ချိန်းဆိုလိုက်ရ၍ အတော်ပင် ကျေနပ်သွားသည်။ သူသည် ဦးခွန်သာ၏ အခန်းတံခါးကို ဖွင့်ကာ လပုံစံအတိုင်းပင် သော့ကိုပြန်၍ ခပ်လားခဲ့သည်။ ဝရံတာ ထောင့်မှ အောက်သို့ ကြည့်လိုက်သောအခါတွင်ကား စား သောက်ခန်းထဲတွင် ရပ်နေသော ဂျမဒါမှူးသာကို တွေ့လိုက်ရလေ သည်။

အိုင်အိုနန်းထိုက်က ဂျမဒါမှူးသာကို မသိမသာ လက်မ ထောက်ပြလိုက်၏။ ဂျမဒါမှူးသာကလည်း ခေါင်းကို ဆတ်ကနဲ ညိတ်ပြလိုက်လေသည်။ အဓိပ္ပါယ်မှာ အောက်ထပ်တွင် လူရှင်း နေတယ်၊ ဆင်းလာလို့ရတယ် ဟူသောအချက်ပြခြင်းပင် ဖြစ်လေ သည်။

အိုင်အိုနန်းထိုက်သည် သွက်လက်သော ခြေလှမ်းဖြင့် ဆင်းလာခဲ့သည်။ ဂျမဒါမှူးသာ၏ အနီးမှဖြတ်လျှောက်ရင်း နေ့ သည် သုံးနာရီလောက် ပုဇွန်နှစ်ကောင် စားသောက်ဆိုင်မှာ

www.burmeseclassic.com

www.burmeseclassic.com



ပြောကာ စိမ်းရွက်ဝါ တည်းခိုခန်းထဲမှ ထွက်လာခဲ့လေတော့ သည်။ စိမ်းရွက်ဝါ တည်းခိုခန်း၏ ဝင်းခြံမှထွက်ကာ လမ်းချိုး တစ်ခုသို့ ကွေ့လိုက်စဉ် အော်စတင် ကားလေးနှင့် ပြန်လာသော ဦးခွန်သာ နှင့် မြကေသီတို့ စီးလာသည့် အော်စတင် ကားနီလေးကို တွေ့လိုက်ရ၏။

ဦးခွန်သာကတော့ သူ့ကိုလှည့်၍ပင် မကြည့်ဘဲ၊ မြကေ သီအား စကားများပြောကာ ရှေ့သို့ကြည့်လျက် ကားမောင်းလာ လေသည်။ မြကေသီကသာ အိုင်အိုနန်းထိုက်ကို မျက်လုံးဖြင့် မသိ မသာ ဝေ့၍ကြည့်ရင်း ပြုံးပြုံးရယ်ရယ်ဖြင့် မသိဟန်ဆောင်ကာ ဦးခွန်သာနှင့် စကားပြန်ပြောကာ လိုက်ပါသွားသည်။

အိုင်အိုနန်းထိုက်သည် မြကေသီ၏ အကင်းပါးပုံကို ကျိတ်၍ ချီးကျူးမိသော်လည်း ရင်ထဲတွင် တစ်စုံတစ်ရာကို မကျေ နပ်သလိုပင် ဖြစ်သွားမိ၏။ ဦးခွန်သာနှင့် မြကေသီတို့ တွဲနေ သည်ကို မနှစ်သက်သောစိတ်ပင် ဖြစ်ပေလိမ့်မည်။

သူ့အနေဖြင့် မြကေသီကို ထိုကဲ့သို့ ဆောင်ရွက်လုပ် ကိုင်ရန် တာဝန်ပေးအပ်ခဲ့ခြင်း ဖြစ်သောကြောင့် စိတ်ကိုဖြေကာ အလုပ်ကိစ္စကိုသာ ဆက်၍စဉ်းစားလာခဲ့ မိပေတော့သည်။

ယခုတွေ့ရှိရသော အထောက်အထားအရ နှစ်ချက်ကို တော့ သူသိခွင့်ရရှိခဲ့သည်။ ပထမအချက်မှာ သေဆုံးသွားသော ဂျွန်စမစ်သည် ဦးခွန်သာကို ဆက်သွယ်ခဲ့ဖူး၍ လူသတ်တရား



ဂျော့ဖိုးသာသည်လည်း ဦးခွန်သာနှင့် အဆက်အသွယ်ရှိသည်ကို သိလိုက်ရခြင်းပင် ဖြစ်လေသည်။

ဦးခွန်သာသည် "ပင်လယ်မုဆိုး စက်လှေပိုင်းရှင် အဖွဲ့ ဝင် လူတစ်ဦးလား၊ သို့မဟုတ် ထိုအဖွဲ့၏ ခေါင်းဆောင်လား၊ ဟူ သေချာစွာ မသိရှိရသေးပေ။ ဦးခွန်သာက ချိန်းဆိုသည်ဟု ဆင်သောကြောင့် လူသတ်တရားခံ ဂျော့ဖိုးသာသည် ဇင်ယော် စားသောက်ဆိုင်သို့ ယနေ့ညတွင် ရောက်ရှိလာမည်ကား အမှန် ပင်။

ဂျော့ဖိုးသာကို စောင့်ကြည့်၍ ဖမ်းဆီးရန်အတွက် သူ သည် ဂျာမဒါမူးသာကို စေလွှတ်ဖို့ စီစဉ်ထားသည်။ မဖမ်းဆီး ရ လွှတ်၍နောက်ယောင်ခံလိုက်သင့်က လိုက်ရန် ဂျာမဒါမူး သာကို ပြောကြားရပေမည်။ သူ၏တည်းခိုခန်းသို့ ပြန်ကာ နံနက်စာ စား သည်။

ထို့နောက် ဂျာမဒါမူးသာနှင့် ချိန်းဆိုထားသည့် ပုဇွန် နှစ်ကောင် စားသောက်ဆိုင်ရှိရာသို့ ထွက်ခွာလာခဲ့လေသည်။

ပုဇွန်နှစ်ကောင် စားသောက်ဆိုင်ရှိရာသို့ သူလာသည့် အချိန်တွင် နေ့လည်နှစ်နာရီ ခွဲနေပြီဖြစ်၏။ သို့သော် သူ ထက် စော၍ပင် ဂျာမဒါမူးသာက ဝီရိယရှိရှိဖြင့် ရောက်ရှိနေသည် ကို တွေ့ရှိရသည်။

ပုဇွန်နှစ်ကောင် စားသောက်ဆိုင်ရှိ စားပွဲများတွင် ည

www.burmeseclassic.com

www.burmeseclassic.com



နေ စောစောပိုင်းဖြစ်နေ၍ လူရှင်းနေသည့် ပတ်ဝန်းကျင်စား... များကို အကဲခတ်ရင်း အိုင်အိုနန်းထိုက်က. . .

"ကျွန်တော် ဒီနေရာမှာ ထိုင်လို့ရမလား"

ဟု အသံကျယ်ကျယ် မေးလိုက်သည်။ ယခုမှ လာရောက်... တွေ့ဆုံသည့် သဘောမျိုး၊ ပုဇွန်နှစ်ကောင် စားသောက်ဆိုင်... တောင်ကုန်းမြင့်လေးပေါ်တွင် ဆောက်လုပ်ထား သောကြော... ဂျာမဒါမူးသာ ထိုင်နေသည့် နေရာက ကုန်းမြင့်ပိုင်း ကျသ... နေရာတွင် ဖြစ်သည်။

တောင်ကုန်းအောက်မှ လမ်းကွေ့လမ်းကောက် ရှုခင်း... ဂျာမဒါမူးသာ၏ စားပွဲမှ မြင်နေရ၍ ရှုခင်းကြည့်ချင်လို၍ ဝ... ထိုင်သလိုဖြင့် အိုင်အိုနန်းထိုက်က ဝင်ထိုင်လိုက်၏။

*

"ဒီနေရာက ရှုခင်းကောင်းတယ်နော်"

"ဟုတ်တယ် တောင်အောက်ဆင်းတဲ့ လမ်းနဲ့ ဟိုကန... လေးတွေပါ မြင်နေရတယ်။ ဒါကြောင့် ကျွန်တော်က ဒီနေရာ... ရွေးထားတာပါ"

စားပွဲထိုးလေးက သူတို့ရှိရာသို့ ရောက်ရှိလာ၏။



"ဘာစားကြ ဘာသောက်ကြမှာလဲ"

"ဝီစကီနှစ်ပက်လောက်ပဲ ပေးပါ၊ ပုဇွန်မီးကင်ရရင် တစ်... ပေး"

"ဪ. . . ရပါတယ်"

စားပွဲထိုးလေး ပြန်ထွက်သွားလေသည်။ ပတ်ဝန်းကျင် ...လူများလည်း သူတို့နှစ်ဦးကို စိတ်မဝင်စားဘဲ သူတို့နှစ်ယောက် ...ဆိုင်ရောက်မှတွေ့၍ စကားလက်ဆုံကျနေသူ နှစ်ဦးဟု ထင်ကာ ...ယ့်စားပွဲနှင့် ကိုယ်စားသောက်နေသည်ကို တွေ့ရတော့မှပင် ...ာမဒါမူးသာက စကားစပြောလိုက်သည်။

"ဆရာနန်းထိုက်ရဲ့ ထားဝယ်ကိုလာပြီး လှုပ်ရှားတဲ့ လှုပ် ...ားမှုတွေကတော့ အလကားဖြစ်ပြီ"

"ရာဇဝတ်ဝန်ရုံးက ဖုန်းလာတယ် ပင်လယ်မုဆိုးအဖွဲ့ နဲ့ ...လှေသူဌေး ဦးခွန်သာနဲ့က ဘာမှမပတ်သက်ဘူးတဲ့ သူ့နောက် ...ဆက်လိုက်ဖို့မလိုတော့ဘူးတဲ့ သူ့ကို ပင်လယ် မုဆိုးအဖွဲ့က ...ကိုအသင်းဝင်ဖို့ ဆွယ်တာတောင် ငြင်းဆိုလိုက်သတဲ့"

"ဟင်. . . ဟုတ်လား"

"ဟုတ်တယ်. . . ဒါ အထက်က ညွှန်ကြားတာပဲ"

အိုင်အိုနန်းထိုက်မှာ သူစုံစမ်းစပြုနေသည့် ကိစ္စ ရပ်ရမလို ...သွား၍ သက်ပြင်းချလိုက်သည်။

"လူသတ်ကောင် ဂျော့ဖိုးသာကတော့ အလ...ခံလို့

www.burmeseclassic.com



မဖြစ်ဘူး မူးသာ"

"သူ့ကို ခြေရာခံမိဖို့ လိုက်သင့်ရင်တော့ ဆက်လိုက် ညွှန်ကြားပါတယ်"

"အေး. . . ဦးခွန်သာနဲ့ ဂျော့ဖိုးသာနဲ့က ဆက်သွယ် နေတာ အမှန်ပဲ၊ ဒီတော့ တို့ဦးခွန်သာထက် သူ့အလုပ်မှာ လုပ်နေတဲ့ ဂျော့ဖိုးသာကိုတော့ မိအောင်ဖမ်းပြီး သူ့နောက် အချက်အလက်တွေကို ဖေါ်ထုတ်ရမှာပေါ့ မူးသာ"

"ခု ဘာသတင်းရလို့လဲ"

"ဒီည စိန်ဘရားသား စက်လှေကပ်ထားတဲ့ နားက ယော်စားသောက်ဆိုင်မှာ ဂျော့ဖိုးသာက အရေးတကြီး ကို ဒီညကိုးနာရီမှာ ချိန်းထားတယ်"

"ဟုတ်လား"

အေး အဲဒါ မင်း ဇင်ယော် စားသောက်ဆိုင်မှာ ကြို ရောက်နေလို့ မဖြစ်ဘူး၊ အခြေအနေကြည့်ပြီးတော့ နေရာ စောင့်နေဖို့ လိုအပ်တယ်၊ လိုအပ်ရင် သူတို့ကို ဖမ်းသင့်ရင် ရမယ်"

"သူ့ကို အရှင်ဖမ်းမိဖို့ကတော့ မလွယ်ဘူးထင်တယ် ဆ ကိုနန်းထိုက်"

"ဟုတ်တယ်၊ ဒါကို ငါသဘောပေါက်တယ်၊ ဒါကြောင့် ငါ့ဆဲ ဇင်ယော်စားသောက်ဆိုင်ကို လာခဲ့မယ်၊ သိပ်အတင်



နော် ဒီကောင်က လျှင်တယ်၊ ပါးတယ်၊ အကွက်စေ့တယ်၊ တက်မြန်တယ်"

"ကျွန်တော် သိပါတယ်၊ ဒီတစ်ခါတော့ ပွဲကြီးပွဲကောင်း ပေါ့ဗျာ"

ထိုစဉ်မှာပင် သူတို့ထိုင်နေသော ပုဇွန်နှစ်ကောင်း စား သောက်ဆိုင်ထဲမှ လူတစ်ယောက် ထွက်ခွာသွားသည်ကို တွေ့လိုက် လေသည်။

"ဟင်. . . "

ဂျာမဒါမူးသာ အံ့အားသင့်သွားသည် သူတို့နှစ်ဦး စကား ပြောနေသည့် စားပွဲနောက်ကျောတွင် ထိုင်နေခဲ့သော လူတစ်ဦး ဖြစ်သည်။ ဘောင်းဘီအပြာရောင်နှင့် ကာကီအကျီ လက်တိုကို တ်ဆင်ထားပြီး ဖျတ်လတ်သွက်လက်သည့် လူရွယ်တစ်ဦး ဖြစ် သည်။

မျက်နှာတွင် မုတ်ဆိတ်မွေး ပါးမြိုင်မွေး ခပ်ရေးရေးရှိ ကုလားကပြားတစ်ဦး၏ မျက်နှာပေါက်မျိုးဖြစ်၏။

"ဒီကောင်က ချက်ချင်းထထွက်သွားတာ ဘာကိစ္စမှမသိ ။ တို့ပြောတဲ့ စကားတွေကို ကြားလို့သူ့ဆရာဆီကို ဦးအောင် ပြောရအောင် ထွက်သွားတာထင်တယ် မူးသာ၊ မင်း ဒီကောင့်ကို သွတ်စေနဲ့"

"စိတ်ချ"

www.burmeseclassic.com

www.burmeseclassic.com



ဂျာမဒါမူးသာသည် ဆိုင်ထဲမှ လွှားကနဲ ထွက်ခွာသွားလေတော့သည်။ ဂျာမဒါမူးသာ သောက်ခဲ့သည့် ဝီစကီဖန်ခွက်က သောက်လက်စကျန်ခဲ့သောကြောင့် အိုင်အိုနန်းထိုက်က ထိုခွက်ကိုလှမ်းကာ သူ့အနီးသို့ ဆွဲယူကာ ငွေစက္ကူတစ်ရွက်ကို ဝီစကီခွက်အောက်တွင် ဖိထားလိုက်လေသည်။

သူထင်သည့်အတိုင်းပင် စားပွဲထိုးကောင်လေးက အိုင်အိုနန်းထိုက်၏ စားပွဲရှိရာသို့ ရောက်ရှိလာလေသည်။

"ဆရာ ခုနလူက"

"အေး သူစကားပြောရင်း အရေးကြီးတာနဲ့ ထွက်သွားတယ်၊ ဒီမှာ သူ့ဝီစကီဖိုး ပေးသွားတယ်"

ငွေတစ်ဆယ်တန် တစ်ရွက်ကို တွေ့ရသောအခါတွင် စားပွဲထိုးလေးမှာ ဝမ်းသာသွားသည်။ ဝီစကီတစ်ပက်လျှင် တစ်ကျပ်ခွဲမျှကျရာ သူ့အတွက် အပိုကြေးအတော်ရသွား၍ ကျေနပ်သွားဟန်ရှိလေသည်။

မည်သည့် စကားမျှမပြောဘဲ၊ ဝီစကီခွက်ကို မယူကာ ထွက်သွားလေတော့သည်။ အိုင်အိုနန်းထိုက်မှာလည်း ဝီစကီနှစ်ပက်နှင့် ပုဇွန်မီးကင်နှစ်ကောင်ဖိုးကို ရှင်းကာ ဇင်ယော်စားသောက်ဆိုင်မှ ထကာ ထွက်လာခဲ့လေတော့၏။

*



ဂျာမဒါမူးသာသည် မုတ်ဆိတ်မွေး ပါးမြိုင်းမွေးနှင့် လူ ယ်နောက်သို့ လိုက်ပါလာခဲ့သည်။ လူရွယ်သည် တောင်ကုန်း အောက်ရှိ တောအုပ်ထဲသို့ဝင်သော လမ်းအတိုင်း ဝင်ရောက် သွား၏။ ဂျာမဒါမူးသာလည်း အပြေးအလွှား လိုက်ပါလာခဲ့ရာ ကိုင်းများကြားထဲတွင် ထောင်ချောက်ဆင်ထားသော ကြိုးကို တိုက်ကာ ချော်လဲသွားလေတော့သည်။

"ဟား. . . တား. . . ဟား. . . ဟား"

သူ မှောက်လျက်လဲကျသော အချိန်မှာပင် လူသုံးဦး၏ ယ်သံကြားလိုက်ရလေသည်။ သူမှောက်လျက်လဲနေရာမှ မော့ ကြည့်လိုက်သောအခါတွင် သူ့အားဓားနှင့် ချိန်ရွယ်ထားသော အေးကို တွေ့လိုက်ရလေတော့သည်။

"ဟင်. . . ဘအေး"

"ဟုတ်တယ် ငါ ဘအေးပဲ၊ ငါ့ကို မင်းက နတ်မြင်းပျံ ဆိုင်မှာ အရှက်ခွဲသွားခဲ့တာလေ"

"မင်း. . . ငါတို့ကို မှတ်မိသေးရဲ့လား"

သောင်းထိုက်ကလည်း သူ့ကိုပေါက်ဆိန်နှင့် ရွယ်ထားရင်း လိုက်သည်။ စောစောက စားသောက်ဆိုင်မှ မုတ်ဆိတ်မွေး မြိုင်းမွေးနှင့် ထွက်ခွာလာသူမှာ သူ့ခါးမှ ကြိုးခွေကို ဖြုတ်ကာ မဒါမူးသာ၏ မှောက်လျက်လဲနေသော လက်နှစ်ဖက်ကိုနောက် ဆွဲကိုင်ကာ ကြိုးဖြင့် တုပ်နှောင်လိုက်လေတော့၏။

www.burmeseclassic.com

www.burmeseclassic.com



သူ၏လည်တိုင်ပေါ်တွင် တင်ထားသော ဘအေး၏ ဓားကြောင့် ဂျာမဒါမူးသာမှာ လောလောဆယ်တွင် လှုပ်ရှား တိုက်ခိုက်ခြင်း မပြုနိုင်တော့ပေ။

“မင်းက နဂါးပျံဟိုတယ်ကို လာပြီးတော့ တို့ကို ဘာမှ ဟုတ်တဲ့ တိုက်ခိုက်တဲ့ ပညာလေးနဲ့ အနိုင်ယူချင်တာကိုး၊ ဒီတော့ မင်းရဲ့ အလောင်းကို ဒီတောထဲမှာ မြှုပ်ထားခဲ့ရမှာ ပေါ့ကွာ”

ဘအေးက ကြိမ်းဝါးနေစဉ်မှာပင် မှောက်လျက်လဲ နေသော ဂျာမဒါမူးသာကို မုတ်ဆိတ်မွေး၊ ပါးမြိုင်းမွေးနှင့်လူက ဆွဲ၍ ထူလိုက်လေသည်။

“ရာဂျာရေ သူ့ကိုဟိုက မရမ်းပင်မှာ ကြိုးနဲ့ တုပ်လိုက် ပေါ့”

ရာဂျာဆိုသော သူတို့အဖေါ် ကုလားကပြားက ဂျာမဒါ မူးသာကို ဆွဲခေါ်လာကာ မရမ်းပင်တွင်ပတ်၍ ကြိုးဖြင့်တုပ်နှောင် ထားလိုက်လေတော့၏။

“ကဲ ဒီကောင်ကို ငါစိတ်ကြိုက်နှိပ်စက်ပြီးမှ သတ်မယ် တို့ ဒီကောင့်ကို တစ်ယောက်တစ်လဲ စိတ်ကြိုက် ဆုံးမကြတာပေ”

ဘအေးက ထိုသို့ပြောကာ သူတို့ယူလာခဲ့သည့် အရက် ပုလင်းကို မနီးမဝေး သစ်ပင်ထောင့်တွင် ထောင်လိုက်ကာ အ ရက်ဝိုင်းဖွဲ့ဖို့ ပြင်လိုက်လေသည်။ ရာဂျာက အရက် ပုလင်းကို ယူကာ. . .



“ဟော့ သူနဲ့ အတူထိုင်နေတဲ့ လူတစ်ယောက် ရှိသေး တယ်ဗျို့”

ဟု သတိပေးရင် မှောသောက်လိုက်၏။ ထိုစဉ်မှာပင် သစ်ပင်ပေါ်မှ ခုန်ချလာသော အိုင်အိုနန်းထိုက်က မနီးမဝေးတွင် ရပ်နေသော သောင်းထိုက်၏ ပုဆိန်ကိုင်သည့် လက်ထဲမှ ပေါက် ဆိန်ကို ခြေထောက်နှင့် ကန်ထုတ်လိုက်၏။

“ဖေါင်း”

“အား. . .”

သောင်းထိုက်၏ လက်ထဲမှ ပေါက်ဆိန်က အပေါ်သို့ လွင့်ထွက်သွားသည်။ ဘအေးက ဓားနှင့်ရင်ဆိုင်ရန် ပြေးလာစဉ် မှာပင် အိုင်အိုနန်းထိုက်က လွင့်သွားသော ပေါက်ဆိန်အကျကို ခုန်ဖမ်းကာ ဘအေးကို ရင်ဆိုင်ရန် အသင့်ပြင်လိုက်သည်။

“ထန်”

“ချွမ်”

ဘအေးက ဓားနှင့် ပြေးဝင်ခုတ်၏။ ဘအေး၏ဓားချက် များကို အိုင်အိုနန်းထိုက်သည် သူ၏လက်ထဲမှ ပေါက်ဆိန်ဖြင့် ဆီးကြိုကာ ရိုက်ထုတ်ပစ်လိုက်သည်။

ပေါက်ဆိန်သွားနှင့် ရိုက်ဖယ်ခြင်း ခံရသောကြောင့် ဘ အေးက နောက်သို့ ခုန်ဆုတ်လိုက်စဉ်မှာပင် အိုင်အိုနန်းထိုက်သည် ဘအေးရှိရာသို့ ခုန်ဝင်ကာ ဓားကိုင်လက်ကို ပေါက်ဆိန်ဖြင့်

www.burmeseclassic.com

www.burmeseclassic.com



ထုချလိုက်သည်။

"ဒုတ်"

"အား"

ပေါက်ဆိန် ဒနှောင့်ဖြင့် ထုချခြင်း ခံလိုက်ရသောကြော အရိုးကျိုးမတတ် နာကျင်ကာ ဘအေးသည် လက်ထဲမှဓားက လွှတ်ချလိုက်ရတော့သည်။ ဘအေး၏လက်ထဲတွင် ဓား မရှိတော့ သောင်းထိုက်သည်လည်း လက်နက်မဲ့ ဖြစ်နေသည်။

ရာဇာကတော့ အိုင်အိုနန်းထိုက်က စတင်ကာ ဝင်ရော တိုက်ခိုက်သည်ကို တွေ့သည်နှင့်ပင် ထွက်ပြေးသွားခဲ့ပြီ ဖြစ်ေ သည်။

အိုင်အိုနန်းထိုက်သည် သစ်ပင်တွင် ကြိုးနှင့်ချည်ထာ သော ဂျမဒါမှူးသာ၏ ကြိုးများကို ပေါက်ဆိန်နှင့်ခုတ်ကာ ဖြ ပေးလိုက်သည်။

ဘအေးသည် ရာဇာ၏နောက်သို့ ပြေး၍လိုက်သွာ ဖြစ်ရာ သောင်းထိုက်မှာလည်း ဓားကိုပြေး၍ ကောက်မည်ဟ မြင်ပြီးမှ မကောက်ရဲတော့ဘဲ ထွက်၍ပြေးသွားလေတော့၏။

"အရေးထဲမှာ ဒီဘအေးတို့ကလဲ ရန်ပြိုးဖွဲ့ပြီး ကျွန်တေ ကို ရန်ရှာချင်သေးတယ်"

"အေးကွာ. . ငါက ကျော့ဖိုးသာရဲ့ လူတွေလားလို့ မ ကို လိုက်ခိုင်းကြည့်တာ ခုတော့ နဂါးပျံဆိုင်က အရက်သမ



လူရှုပ်တွေ ဖြစ်နေတာကိုး"

"ဆရာကိုနန်းထိုက် အချိန်မီရောက်လာလို့ တော်တော့ တာပေါ့"

*

အိုင်အိုနန်းထိုက်သည် ဘအေးတို့ရန်မှ ဂျမဒါမှူးသာ ကို ကာကွယ်ခဲ့ပြီးနောက် လူချင်းခွဲကာ ထားဝယ်မြို့ထဲသို့ လမ်း လျှောက်လာခဲ့လေသည်။ ထားဝယ်မြို့ ဈေးအနီးရှိ လမ်းမပေါ် မှ မိန်းမအသုံးအဆောင် ရောင်းသောဆိုင်ထဲသို့ မြကေသီ လှမ်း ဝင်သွားသည်ကို အိုင်အိုနန်းထိုက် တွေ့မြင်လိုက်ရသည်။

မြကေသီမှာ သူမကိုယ်သူမ ထားဝယ်မြို့သို့ အလည် ရောက်ရှိလာသော သူဋ္ဌေးသမီးတစ်ဦး၏အသွင်ဖြင့် ဟန်ဆောင် ထားသူ ဖြစ်သောကြောင့် ဈေးဝယ်ထွက်လာခြင်းပင် ဖြစ်လေ သည်။ အိုင်အိုနန်းထိုက်သည် ဆိုင်ထဲသို့ မသိမသာ ဝင်လာ တာ. . .

"ဒီက မိတ်ကပ်ဗူးတွေက ဘယ်လို ရောင်းလဲဗျ"

ဟု မြကေသီ ကြားသာအောင် ဆိုင်ရှင်ကို လှမ်းအော် မေးလိုက်သည်။

www.burmeseclassic.com

"မိတ်ကပ်ဗူးတွေလား အစားစားပါ၀ဲဗျာ"

ဆိုင်ရှင်က မိတ်ကပ်ဗူးများကို ထုတ်ပြရင်း ဈေးနှုန်းကို ပြောဆိုနေလေသည်။ မြကေသီမှာ အိုင်အိုနန်းထိုက်က မိတ်ကပ်ဗူး မေးသံကြား၍ မသိမသာလှမ်းကြည့်ကာ အိုင်အိုနန်းထိုက်သည် သူမနှင့်တွေ့ဆုံကာ စကားပြောလိုကြောင်း ရိပ်မိသွားလေသည်။

"ဒီက အစ်ကိုကြီးက ကျွန်မကို မမှတ်မိဘူး ထင်တယ်"

ဟု မြကေသီက စကားစလိုက်၏။

"ဟာဗျာ. . စိတ်မရှိပါနဲ့၊ ကျွန်တော် ခင်ဗျားကို မမှတ်မိပါဘူး"

အိုင်အိုနန်းထိုက်ကလည်း သိဟောင်းကျွမ်းဟောင်းကို မမှတ်မိဟန်ဖြင့် ခပ်တည်တည် ပြန်ပြောလိုက်သည်။ ဆိုင်ထဲမှ လူများသည် မသိမသာကြည့်လျက် ရှိကြလေသည်။

"ကျွန်မက ပွဲစားကြီးဦးထွန်းရဲ့ သမီးအကြီးဆုံးလေ"

"ဪ. . ဦးထွန်းနဲ့ ကျွန်တော်နဲ့က အသိမိတ်ဆွေတွေပဲ၊ မှတ်မိပြီ ဦးထွန်းရဲ့သမီး အကြီးဆုံးလား"

အိုင်အိုနန်းထိုက်က အဆင်ပြေအောင် ဆက်ကာပြောလိုက်လေသည်။

"ဖေဖေက အစ်ကိုကြီးတို့ ကျေးဇူးကို အမြဲပဲပြောပါတယ်ရှင်. . ."

"ဒါဆို အခု ထားဝယ်ကိုဘာလာ လုပ်တာလဲ"



"အလည်သက်သက်ပဲပါပဲ ရှင့်. ."

"ဟာ. . . ဒါဆို လွှတ်ရည်သောက်ရင်း စကားပြောကြတာပေါ့၊ ဒီက ညီမကို မမှတ်မိတာ စိတ်မရှိပါနဲ့နော်"

"ရပါတယ် ရှင်၊ မတွေ့ရတာ နှစ်တွေကလည်း ကြာသွားခဲ့ပြီကိုး"

လူရှင်းရာသို့ ရောက်လာပြီ ဖြစ်သောကြောင့် စောစောကကဲ့သို့ ဟန်မဆောင်တော့ဘဲ. .

"ကေသီ. . . အစ်ကို ကေသီနဲ့ စကားပြောချင်နေတာကြာပြီ အခွင့်မရလို့"

ဟု ခပ်တိုးတိုး ပြောလိုက်လေသည်။ မြကေသီက မခို့တရို့ပြုံးကာ. . .

"ဦးခွန်သာနဲ့ ပတ်သက်တဲ့ သတင်းတော့ ကြားပြီးပြီမဟုတ်လား၊ ဌာနချုပ်က 'ပင်လယ်မုဆိုး'အဖွဲ့နဲ့ ဦးခွန်သာ ဘယ်လိုမှ မပတ်သက်တာသိလို့ သတိပေးတယ်"

ဟု ပြန်ပြောလိုက်သည်။

"ကေသီဆီ မသင်္ကာစရာ မတွေ့ဘူး မဟုတ်လား"

"ဟုတ်တယ် ဦးခွန်သာဟာ ငွေကြေးချမ်းသာတဲ့ စက်ပိုင်ရှင် သူဌေးတစ်ယောက်ဆိုတာက လွဲပြီးတော့ ဘာမှ သင်္ကာစရာ မတွေ့ပါဘူး"

မြကေသီက ဆိုင်ထဲမှစကားထိုး လာချပေးသောလွှတ်ကျ်

www.burmeseclassic.com
www.burmeseclassic.com

www.burmeseclassic.com



ရည်တစ်ခွက်ကို အိုင်အိုနန်းထိုက်ဖက်သို့ တိုးပေးရင်းမှ ပြော ဆိုလိုက်၏။

"အင်း. . ဟုတ်ပါတယ်၊ အစ်ကိုကိုယ်တိုင် သူရဲ့အခန်း ထဲကိုဝင်ပြီး မွှေနှောက် ရှာဖွေခဲ့တာပဲ"

"သူဟာ တကယ်ပဲ ပင်လယ်မုဆိုးအဖွဲ့နဲ့ ဆက်သွယ်မှု မရှိဘူးလား"

"အင်း. . မရှိလို့ ဌာနချုပ်က မူးသာကို နောက်ဆုတ်ခိုင်း သတိပေးတာ ဖြစ်နိုင်တာပေါ့"

*



"ဘာပဲပြောပြော သူဟာ မင်လယ်မုဆိုးအဖွဲ့က လူတွေ ဦးခွန်သာဟာ အထိမိတ်ဆွေတွေတော့ ဖြစ်ခဲ့တယ် မဟုတ်လား ကိုနန်းထိုက်"

မြကေသီက လှက်ရည်ပန်းကန်ကို ကိုင်ကာ သောက်ဖို့ ပြင်ပြီးမှ ပြန်ချထားကာ ပြောလိုက်သည်။

"ကေသီတွေတာ မှန်ပါတယ်၊ ဦးခွန်သာဟာ ပင်လယ် မုဆိုးအဖွဲ့နဲ့ အဆက်အသွယ် ရှာခဲ့လို့သာ ပင်လယ်မုဆိုးအဖွဲ့က လူကို သူတို့အသင်းထဲကို ဝင်ဖို့ခေါ်တာပေါ့၊ မရင်းနှီးဘူးဆိုရင် တော့ ဒီစကားတောင်ပြောဖို့ ဘယ်လိုပါ့မလဲ ကေသီ"

ဦးခွန်သာ၏ အရှိန်အဝါ၊ ဦးခွန်သာ၏ ပေါက်ရောက်မှု တို့မှာ သေးငယ်သော ရာဇဝတ်မှုကိစ္စရပ်များနှင့် ခေါ်ပြင်မီးမြန်း

www.burmeseclassic.com

www.burmeseclassic.com



ရန်အတွက် အခက်အခဲရှိနေ၏။ အစိုးရပိုင်းနှင့် ရပ်ရွာမှလူ
လူကောင်းများက ဦးခွန်သာ၏ ဂုဏ်သိက္ခာကို ထိခိုက်ပြီးနှိမ်း
သည်ဟုဆိုကာ မကျေမနပ် ဖြစ်နိုင်သည်။

ထို့ကြောင့် အိုင်အိုနန်းထိုက်တို့အနေဖြင့် ပင်လယ်မုဆိုး
အဖွဲ့ကိစ္စရပ်များနှင့် ပတ်သက်၍ ဦးခွန်သာကို လူသိရှင်ကြားမေး
ယူကာ ဆွေးနွေးမေးမြန်းမှုမျိုး လောလောဆယ် မပြုနိုင်ပေ။

ပင်လယ်မုဆိုးအဖွဲ့သည် ထားဝယ်မြို့တွင် လှုပ်ရှားခြင်း
မရှိဘဲ ငြိမ်သက်နေပြန်သောကြောင့် လောလောဆယ်တွင် အ
အနရှာဖွေဖို့ရပ်ပင် ခက်ခဲနေပြန်တော့၏။

ခဏကြာမျှ စကား မပြောနိုင်ကြဘဲ အိုင်အိုနန်းထိုက်နှင့်
မြကေသီတို့သည် စဉ်းစား ၍နေကြလေသည်။ စကားပြောရန်
ပထမဆုံး သတိရလာသူမှာ အိုင်အိုနန်းထိုက်ပင် ဖြစ်၏။

"ကေသီ"

"ရှင်. . ."

"ဦးခွန်သာက ကေသီကိုတော့ ကိုယ်တို့ဖက်က လူ
တာကို မရိပ်မိပါဘူးနော်"

"ဟင့်အင်း. . မရိပ်မိပါဘူး၊ သူက သူ့ကိုစုံစမ်းတဲ့ သူတွေ
အစိုးရပိုင်းက လူတွေကိုသာ သိပ်စိတ်မဝင်စားပါဘူး၊ ပင်လယ်
ခင်းတွေ ပန်းပုအနုပညာနဲ့ လုပ်တဲ့ ခရုကမာရုပ်၊ ပင်လယ် ခ
ရုပ်တွေကိုပဲ စိတ်ဝင်စားတာပါ"



"ဒါဟာ အကြောင်းပြချက် တစ်ခုအနေနဲ့ စိတ်ဝင်စား
နေတာရော မဖြစ်နိုင်ဘူးလား ကေသီ"

မြကေသီက ခေါင်းခါလိုက်၏။

"ကေသီလဲ အဲဒီလို တွေးကြည့်ဖူးပါတယ်၊ အထူးသဖြင့်
ဘာ့ ဦးခွန်သာဟာ သိပ်အိန္ဒြေရပြီး သိပ်တည်ကြည်တဲ့ သူတစ်
ယောက်ပါ၊ ကိုနန်းထိုက်တို့ ထင်သလိုတောင် မိန်းမချော၊ မိန်းမ
တွေကို သူသိပ်စိတ်ဝင်စားတယ်ဆိုတာ စဉ်းစားစရာပါပဲ"

"ဒီလောက်တောင်ပဲလား ကေသီရဲ့ ကေသီက ကေသီ့
သူကို ချီးမွမ်းလှချည်လား"

မြကေသီက ဦးခွန်သာ ကောင်းကြောင်းများကို ပြော
ပြနေ၍ အိုင်အိုနန်းထိုက်က မခံချင်သည့်အလား စကားနာ
ထိုးလိုက်သည်။

"ကေသီက ချီးမွမ်းနေတာ မဟုတ်ပါဘူးနော်. . အမြင်
အမြင်အတိုင်း ပြောနေတာပါ"

"ကောင်းပြီလေ. . ကိုယ် ကိုယ်တိုင် ဦးခွန်သာနဲ့ တိုက်
ရိုက်တွေ့ဆုံပြီး ပွင့်ပွင့်လင်းလင်း ဆွေးနွေးလိုက်တာ ကောင်းမယ်
ထင်တယ်"

"သူ အခုတည်းခိုခန်းမှာ မရှိဘူး ကိုနန်းထိုက်၊ ကိစ္စတစ်
ခုနဲ့ မြို့ထဲထွက်သွားတယ်"

*

www.burmeseclassic.com

www.burmeseclassic.com



မြကေသီ၏ စကားကြောင့် အားလပ်နေသည့် ညနေ ပိုင်းတွင် ဦးခွန်သာကို စိမ်းရွက်ဝါ တည်းခိုခန်းတွင် သွားရောက် တွေ့ဆုံကာ ပွင့်ပွင့်လင်းလင်းမေးမြန်း၍ မဖြစ်နိုင်ကြောင်းကို သိလိုက်ရလေသည်။

"ကိုနန်းထိုက်"

"ပြောပါ ကေသီ"

"ကေသီပြောတဲ့ စကားတွေဟာ ဦးခွန်သာကို ကာကွယ် သလိုများ ဖြစ်နေတယ်လို့ ထင်လို့လား"

"ကိုယ် ဒီလောက်အထိ အတွေးမတိမ်ပါဘူး ကေသီ ကေသီ လုပ်သင့်တဲ့အလုပ် လုပ်နေတယ်ဆိုတာ နားလည်ပါတယ်"

"ဒါဆို ကိုနန်းထိုက် မျက်နှာကြီးက ဘာဖြစ်လို့ ခပ်တည် တည်ကြီး ဖြစ်နေရတာလဲ"

မြကေသီက ခနဲ့လိုက်၍ အိုင်အိုနန်းထိုက်က ပြုံးလိုက် လေသည်။

"ဦးခွန်သာနဲ့ကေသီတို့ ရင်းနှီးလို့ မကျေနပ်တာ မဟုတ် ပါဘူး၊ ဌာနချုပ်က ညွှန်ကြားချက်လာတော့ ဦးခွန်သာရဲ့ကိစ္စကို ရှေ့ဆက်တိုးလုပ်ဖို့ မလွယ်ဘူး၊ ပြီးတော့ သူဟာ ပင်လယ်မုဆိုး အဖွဲ့နဲ့ ကင်းရှင်းတယ်ဆိုရင် သူ့ကို စော်ကားသလိုဖြစ်လို့ ရာဇ ဝန်က ဆူတာခံရဦးမယ်၊ ဒါကို စဉ်းစားနေတာပါ"

"ကိုနန်းထိုက် သိတဲ့အတိုင်းပဲ၊ ဌာနချုပ်ကလဲ တော်နိုင်



…န်ရဲ့ မသေချာရင် ဘာညွှန်ကြားချက်မှထုတ်တာ မဟုတ်ဘူး၊ …ခုဟာက ရာဇဝတ်ဝန် မေကျာ်အောင်ဒင်က တိတိကျကျ တစ် …တော့ သိထားလိမ့်မယ်လို့ထင်တယ်၊ ဒါပေမယ့် ဂျော့ဖိုးသာ …ကတော့ ဆက်ပြီးမစုံစမ်းလို့ မဖြစ်ဘူး မဟုတ်လား"

"ဟုတ်တယ်၊ ဂျော့ဖိုးသာက ဦးခွန်သာကို ဆက်သွယ်တဲ့ …းကို ကိုယ်ခိုးပြီး နားထောင်ခဲ့ရတယ်၊ ဒါကလဲ သူ့ဆီမှာ အမှု …မ်းနေတာ ဂျော့ဖိုးသာဟာ ဘာတွေပြောစရာ ရှိနေလဲဆိုတာ …တ်ဝင်စားစရာပဲ"

"မူးသာ တစ်ယောက်တည်းတော့ လွှတ်ထားလို့ မဖြစ် …းနော်၊ တော်ကြာ ရာဇဝတ်အုပ် ဦးသိုက်ထွန်းလို့ ဂျော့ဖိုးသာရဲ့ …ဘင်ချောက်ထဲ မိသွားမှာစိုးရတယ်၊ ကိုနန်းထိုက်လဲ အဲဒီ …င်ယော် စားသောက်ဆိုင်ကို လိုက်သွားမှာမို့လား"

"မလိုက်လို့ဖြစ်မလား ကေသီရဲ့"

"ကိုနန်းထိုက်"

"ဟင်. . ."

"ဒီတစ်ခါတော့ ကေသီလဲ စိတ်မချဘူး၊ ဇင်ယော် စား …သောက်ဆိုင်ကို ကေသီပါလိုက်ရင် ကောင်းမယ်"

"မဖြစ်ပါဘူး ကေသီ"

"ဩော်. . . မပြောကောင်း မဆိုကောင်း ကိုနန်းထိုက် …ခုဖြစ်သွားမှာ ကေသီ သိပ်စိုးရိမ်တယ်"

www.burmeseclassic.com

www.burmeseclassic.com



မြကေသီ၏ မျက်နှာလေးမှာ တကယ်ပင် စိုးရိမ်သော
က ခံစားနေရသည့် အသွင်ပေါ်နေသည်။ သူ့အတွက် မြကေ
က ထိုမျှလောက် စိုးရိမ်သောက ရောက်သည်ကို တွေ့ရသော
အခါတွင် အိုင်အိုနန်းထိုက်မှာ အံ့အားသင့်သွား၏။

"ကေသီ ကိုယ့်အတွက် စိုးရိမ်လို့လား"

"ကေသီက ဟန်မဆောင်တတ်ပါဘူး ကိုနန်းထိုက်"

မြကေသီက မျက်နှာကို တစ်ဖက်သို့လွှဲကာ ပြောလိုက်
ခြင်း ဖြစ်သည်။

"ကိုနန်းထိုက်က အစစအရာရာ သတိရှိပါတယ်၊ ခုအ
ထိပဲ အမှားအယွင်း မရှိအောင် အလုပ်ကိုလုပ်နေတာပဲ၊ ခ
ကျော့ဖိုးသာဟာ အမှောင်ထုထဲကနေ အပြင်ကို ထွက်ပြူလာ
ကေသီ၊ ဒီတစ်ခါတော့ သူ့ကို အစ်ကိုတို့ အလွတ်ပေးလို့ မဖြ
ဘူး"

"သူ့ကို မလွဲမသွေ ရင်ဆိုင်ရမယ်ဆိုတာ ထားဝယ်က
ထွက်လာကတည်းက ကေသီဖဲ့ ရိပ်မိပါတယ်၊ ဒါပေမယ့် ဒီလ
လူမျိုးကို ပုလိပ်ဌာန အကြောင်းကြားပြီး အင်အားနဲ့အသုံးပြ
ဖမ်းဆီးတာ မကောင်းဘူးလား"

"ဘယ်ဖြစ်မလဲ ကေသီ"

"ဘာလို့ မဖြစ်ရတာလဲ"

"ပုလိပ်အဖွဲ့နဲ့ သူ့လူတွေ အဆက်အသွယ် ရှိနေနိုင်တယ်



းတော့ သူ့နောက်ကလူတွေနဲ့ အဆက်ပြတ်သွားပြီး သူ တစ်
သာကိတည်း ဖမ်းမိရင် ပင်လယ်မုဆိုးအဖွဲ့ကို ဘယ်လိုမှ ခြေရာ
လို့ မရတော့ဘူး"

ထောက်လှမ်းရေး အလုပ်များနှင့် ရင်းနှီးနေသော မြ
ေသီက အိုင်အိုနန်းထိုက်၏စကားကို ခေါင်းညိတ်လိုက်လေသည်။

"ကိုနန်းထိုက်ရော ဦးခွန်သာရဲ့ ကိုယ်ရေးရာဇဝင်နဲ့ ပတ်
သက်လို့ စုဆောင်း လေ့လာပြီးသားမို့လား၊ ကေသီက ကိုနန်း
ထိုက်တို့ တာဝန်ပေးလို့သာ မိတ်ဆွေအဖြစ် အလိုက်သင့် ဆက်
ဆံရတာ သူဟာ ရာဇဝတ်မှု ကျူးလွန်ခဲ့တဲ့ အထောက်ထား ဘာမှ
မရှိဘူးမို့လား"

"မရှိပါဘူး ကေသီ၊ မရှိတဲ့အပြင် ကေသီ့အတွက် ဝမ်း
သာစရာကောင်းတဲ့ မျှော်လင့်ချက်တောင် ရှိပါသေးတယ်"

"ဘာပြောတယ် ကိုနန်းထိုက်၊ ကေသီ့အတွက် မျှော်
လင့်ချက် ဟုတ်လား၊ ဦးခွန်သာဆီက ကေသီ ဘာကိုမျှော်လင့်
ရမှာလဲ"

"ခြော်. . ကိုယ်ရေးရာဇဝင်မှာ ဦးခွန်သာက လူမျိုတဲ့
စက်လှေလိုက်ရင်းကနေ ကြီးပွားချမ်းသာပြီး စက်လှေပိုင်တဲ့ သူဌေး
ဖြစ်လာတယ်၊ ရက်ရောတယ်၊ သဘောကောင်းတယ်၊ ဒါကြောင့်
အမှုအတွက် လှုပ်ရှားလုပ်ကိုင်ရင်း ကေသီဟာ မမျှော်လင့်ဘဲ
သူဌေးကတော်တစ်ယောက် ဖြစ်လာနိုင်ချေရှိတာပေါ့"

www.burmeseclassic.com

www.burmeseclassic.com



"တော်ပါ ကိုနန်းထိုက်၊ ကေသီကို ငိုအောင် စနေတာ
လား"

မြကေသီက နှုတ်ခမ်းစူကာ ပြောလိုက်လေသည်။

"အပျိုဆိုတာ လူပျိုနဲ့တွဲတာ ဘယ်သူမှ အပြစ်ဆိုလို့ မေ
ပါဘူး ကေသီ"

"တကယ်ပြောတာလား ကိုနန်းထိုက်၊ ဒါဆိုရင် ကေ
က ချစ်ချစ် မချစ်ချစ် ဦးခွန်သာရဲ့ ရင်ခွင်ထဲကို အတင်းတိုးဝ
လိုက်မှာနော်"

"ဟိုး. . ဟိုး. . ."

အိုင်အိုနန်းထိုက်က ကေသီ၏ ဆတ်ဆတ်ကျဲ စကာ
ကြောင့် လက်ဝါးကာလိုက်သည်။

"ကိုယ်က ကေသီ မကြိုက်မှန်းသိလို့ သက်သက် စနေတာ
ပါ"

"ဘာလို့ ဒီလိုစနေတာလဲ ကိုနန်းထိုက်က ကေသီနှလုံ
သား မရှိဘဲ၊ ငွေမက်တဲ့ မိန်းမစားမျိုးထဲမှာ ပါတယ်ထင်နေတ
လား"

မြကေသီ၏အသံက မူလအသံနှင့် မတူတော့၊ တင်း
ပြတ်တောက်လာသည်။ မြကေသီ တကယ်စိတ်ဆိုးသွားပြ
ဆိုသည်ကို သိသော ကိုနန်းထိုက်က. . .

"ကေသီရဲ့ စိတ်သဘောထားကို ကိုနန်းထိုက် သိပြီးသာ



ကေသီ စိတ်ဆိုးတာ ကြည့်ကောင်းလို့ စနေတာပျ၊ တဲ. .
ကေသီ မကြိုက်ရင် ကိုယ် မ,စတော့ပါဘူး၊ ကိုယ်ကဖဲ ခုလို အား
ိုးနေရတဲ့ ကေသီကို အိမ်ထောင်ကျ မသွားစေချင်သေးပါဘူး"

"ကိုနန်းထိုက် ရှင် စကားပြောရင် ကေသီရဲ့သိက္ခာကို
သတိထားပြီးမှ စကားပြောပါနော်. ."

*

နှုတ်သီးကောင်း လျှာပါးမလေး မြကေသီ၏ ရန်ထောင်
ကို အိုင်အိုနန်းထိုက်သည် တဟားဟား ရယ်မောရင်း နားထောင်
ိုက်လေသည်။ အားရပါးရ စကားပြောပြီးမှ မြကေသီသည် စကား
ံတာ ကော်ဖီပန်းကန် တစ်ခွက်လုံးကုန်အောင် မော့သောက်
စ်လိုက်လေသည်။

အိုင်အိုနန်းထိုက်ကလည်း သူ့ရှေ့က အေးစက်စက် လှ
ည်ပန်းကန်ကို ထိုအခါမှပင် သောက်ချလိုက်မိလေတော့သည်။

"တဲ. . . ကေသီ စကားကောင်း ပြောတော့မယ်နော်"

"ပြောပါ ကေသီ"

"ဦးခွန်သာဟာ ပင်လယ်မုဆိုးအဖွဲ့နဲ့ မပူးပေါင်းဘ
အမှန်ဆိုရင် ပင်လယ်မုဆိုးအဖွဲ့ရဲ့ ရန်သူလို့ရော မပြောနိုင်ဘူး

www.burmeseclassic.com

www.burmeseclassic.com



အိုင်အိုနန်းထိုက်က ခေါင်းညိတ်လိုက်၏။

"ကေသီပြောတာ မဆိုးပါဘူး"

"ပင်လယ်မုဆိုးအဖွဲ့က သူ့ကို ချဉ်းကပ်မယ်၊ ဒါမှမဟုတ် ပင်လယ်မုဆိုးအဖွဲ့ရဲ့အပေါ်မှာ သူဟာ ဩဇာအထိုက် အလျောက် ရှိချင်ရှိမယ်၊ တကယ်ပူးပေါင်းဖို့ကျတော့ ပင်လယ် မုဆိုးအဖွဲ့က ဆန့်ကျင်ပြီးတော့ ခွဲထွက်နေတာလဲ ဖြစ်ချင် ဖြစ်နိုင်တာပေါ့နော်"

"ကေသီက အချက်အလက် ပြည့်စုံအောင် စဉ်းစားတတ်လာပြီပဲ၊ ဦးခွန်သာနဲ့ ပတ်သက်ရင် ကေသီ စဉ်းစားတာတွေဟာ စဉ်းစားသင့်တဲ့ အချက်ပါပဲ"

"စဉ်းစားသင့်တဲ့ အချက်ဆိုရင် ကိုနန်းထိုက်က ထင်မြင်ချက် ပေးဦးလေ. ."

အိုင်အိုနန်းထိုက်က ခေါင်းကို ခါလိုက်လေသည်။

"လောလောဆယ်မှာတော့ ဘာထင်မြင်ချက်မှ မပေးချင်သေးပါဘူး ကေသီ"

"ဒါဆို ကေသီပြောဖို့ မေ့ကျန်ခဲ့တာ တစ်ခုကို ထပ်ပြောရဦးမယ်"

"ပြောပါ ကေသီ"

"ဦးခွန်သာက ဒီစားသောက်ဆိုင်ကနေပြီး ပြန်ရင် သူ့ရဲ့ ရွှေကျွန်းဇာ အိမ်ကြီးမှာ အေးအေးဆေးဆေး သွားနေတော့မယ်



လို့ ပြောတယ်၊ ကေသီ့ကိုတောင် အလည်လာဖို့ ဖိတ်ခေါ်ထားသေးတယ်"

"ကောင်းသားပဲ"

"ဘာကောင်းတာလဲ"

"လိုအပ်ရင် ဦးခွန်သာနဲ့ပတ်သက်ပြီး ဆက်စုံစမ်းဖို့ ဖိတ်ခေါ်ချက်ကို ကိုယ်တို့အသုံးချချင်ရင် ချရမှာ ကေသီရဲ့၊ ကေသီဟာ ဒီလိုလမ်းပွင့်အောင် လုပ်ထားနိုင်တာ ဟန်ကျတာပေါ့"

"ကိုနန်းထိုက် တကယ်ပြောတာနော်"

"တကယ်ပြောတာပါ၊ စနေတာ မဟုတ်ဘူး၊ ဘာပဲဖြစ်ဖြစ် ကေသီ တာစန်က ဦးခွန်သာက ကေသီ့ကို သဘောကျနေရမယ်၊ ခင်မင်နေရမယ်၊ အရေးထားနေရမယ်၊ ဒီလိုနေရာမျိုး ရအောင်တော့ ကေသီ ကြိုးစားထားဖို့ လိုအပ်တယ်၊ ဒါပေမယ့် အရှိန်တော့ မလွန်စေနဲ့"

"ဘာလဲ ဒီစကားက. ."

"ဩော်. . သူ့ထောက်ချောက်ထဲတော့ မကျစေနဲ့လို့၊ ယောက်ျားဆိုတာ လူကောင်းဖြစ်ဖြစ်၊ လူဆိုးဖြစ်ဖြစ် မိန်းမနဲ့ ပတ်သက်ရင် လှည့်စားပြီး သူတို့ရင်ခွင်ထဲကို ရောက်အောင် ကြံစည်တတ်တယ်"

"ဒီအထဲမှာ ကိုနန်းထိုက်ရော မပါဘူးလား ဟင်. ."

မထင်မှတ်သော မေးခွန်းကို မြကေသီက ဖြတ်ဝင်မေး

www.burmeseclassic.com

www.burmeseclassic.com



မြှန်း လိုက်သောကြောင့် အိုင်အိုနန်းထိုက် အခက်တွေသွားပေ
သည်။

"အလုပ်စကား ပြောနေတာလေ ကေသီရဲ့"

မြကေသီက ပြုံးရင်း. . .

"ကိုနန်းထိုက်လဲ ယေးကျားဆိုတော့ ကိုနန်းထိုက်ရဲ့
စကားအရ ကေသီ သတိထားရမယ့် သူတွေရဲ့စာရင်းမှာ ကိုနန်း
ထိုက့်ကိုပါ ထည့်သွင်းထားမှာပေါ့၊ မဟုတ်ဘူးလား"

ဟု မေးလိုက်သည်။ သူစကားနှင့်သူ ချည်ပြီးတုတ်ပြီး
ဖြစ်နေသောကြောင့် အိုင်အိုနန်းထိုက်မှာ ရုတ်တရက် စကား
ဆက်မပြောနိုင် ဖြစ်သွားသည်။

"ကေသီ အသက်နှစ်ဆယ်ကျော်ပါပြီ ကိုနန်းထိုက်၊ ဆယ်
ကျော်သက်ရွယ် မနူးမနပ်လေး မဟုတ်ဘူးဆိုတာ ကိုနန်းထိုက်
ခေါင်းထဲမှာ ထည့်ထားပါ"

"ကောင်းပါပြီဗျာ"

"ကောင်းရင် ကေသီ ဘာတွေ ဆက်လုပ်ရမလဲဆိုတာ
ပြော. . သိပ်အချိန်ကြာကြာ ဒီဆိုင်မှာထိုင်လို့ မကောင်းဘူး ထင်
တယ်၊ ဦးခွန်သာရဲ့ အသိမိတ်ဆွေတွေက တွေ့သွားနိုင်တယ်"

"ဟုတ်တယ် ကေသီ၊ ကိုယ့်စကားက ဆုံးကာနီးမှာ ကေ
သီကဝင်ပြီး နှောက်လိုက်လို့၊ ကဲ. . ကေသီ့တာဝန်က ဟန်မပျက်
ဦးခွန်သာရဲ့ အရိပ်အခြေကိုသာ စောင့်ကြည့်ပေတော့. . ဗျော



ဦးသာနဲ့ ပတ်သက်တာကို ကေသီ မစုံစမ်းရသေးဘူးလား"

"စုံစမ်းကြည့်ပါတယ်"

"ဒီစကား အစ်ကို့ကို မပြောရသေးဘူး"

"ဟုတ်ပါရဲ့ ကေသီက အတွင်းရေးမှူးတို့ မန်နေဂျာတို့
ခန့်မထားဘူးလားဆိုတော့ ဦးခွန်သာက သူ့ရဲ့မန်နေဂျာ ရန်နိုင်
ကျော်ကို ကိစ္စတစ်ခုနဲ့ ခရီးဝေး သွားခိုင်းထားတယ်လို့ ပြောတယ်"

"ဟုတ်လား ဒါဆိုရင်တော့ ရန်နိုင်ကျော်လို့ အမည်ခံ
ထားတဲ့ ကျော့ဖိုးသာကို သူတစ်နေရာရာမှာ ခိုင်းထားတာ သေချာ
နေပြီ၊ အဲဒီကိစ္စအတွက်ပဲ ဒီည ကျော့ဖိုးသာက ဦးခွန်သာကို ချိန်း
ထား ဖြစ်မှာပဲ"

စိတ်ဝင်စားစရာ အကြောင်းတစ်ခု ထပ်ပေါ်လာ၍ အိုင်
အိုနန်းထိုက်က ကျော့ဖိုးသာသည် ဦးခွန်သာအတွက် မည်သည့်
ကိစ္စမျိုး ဆောင်ရွက်မည်ဟု အကြောင်းပြထားခြင်းကို သိဖို့လိုအပ်
သာကြောင်း တွေးမိတော့၏။

"ကေသီ မေးတာကို ဦးခွန်သာက စိတ်ရှည်လက်ရှည်
ဖြေဘူးလား"

"ဟုတ်တယ် တစ်ခြားကိစ္စတွေမှာ စိတ်ရှည်လက်ရှည်
ရှင်းပြလေ့ရှိတဲ့ ဦးခွန်သာက ကိုယ်ရေးကိုယ်တာ ကိစ္စမို့ သိပ်
ကြိုက်ပုံ မရဘူး၊ ကေသီကလဲ စကားကျွံဝင် မသွားအောင် သိပ်
အတင်းတိုးပြီး မမေးရဲဘူးလေ"

BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



"ကေသီ မှန်ပါတယ်"

"ကဲ. . ကေသီမှန်ရင် ဘာဆက်လုပ်ရမှာလဲ၊ ဒီည ကိုနန်း ထိုက်တို့ကို စိတ်မချဘူး၊ ကေသီလာခဲ့ရမလား"

"ကေသီက ဇင်ယော် စားသောက်ဆိုင်ကို လာစရာ မလို ဘူး၊ ဒါပေမယ့် ကေသီ အရေးတကြီးလုပ်ရမည့် အလုပ် တစ်ခု တယ်"

မြကေသီက စိတ်ဝင်စားစွာ အိုင်အိုနန်းထိုက်ကို စို ကြည့်နေ၏။

"ဦးခွန်သာ ဒီစိမ်းရွက်ဝါ စားသောက်ဆိုင်ထဲမှာပဲ နေ ကေသီ တာဝန်ယူနိုင်ဖို့ပဲ"

*

အိုင်အိုနန်းထိုက်၏ စကားကြောင့် မြကေသီမှာ မျက် လုံးလေးများ ဝိုင်းသွားသည်။ တကယ်တော့ ဦးခွန်သာကို ကေသီက မိတ်ဆွေလို ရင်နှီးခြင်းသာ ဖြစ်သည်။ လူတစ်ယောက် သွားလိုရာသို့ မသွားဖြစ်အောင် တားမြစ်နိုင်ဖို့မှာ သာမန်အဆင့် ဖြင့် မဖြစ်နိုင်ချေ။

မိန်းမတို့မာယာကို အသုံးပြုကာ ချော့မြူဖျားယောင်း



ဖြစ်နိုင်လေသည်။ မြကေသီအဖို့ ထိုသို့ဟန်ဆောင် ပြုလုပ်ရန်မှာ ခက်ခဲလှပါ၊ သူမက လိုက်လျောသည်ဟုထင်ကာ ဦးခွန်သာက ရှေ့တစ်ဆင့် တက်လာပါက ကာကွယ်နိုင်ဖို့ လိုသေးသည်။

မိန်းမသား တစ်ယောက်အတွက် ယောကျ်ားတစ်ဦးကို မိမိအလိုသို့ ပါလာအောင် မာယာဖြင့် မြူဆွယ်နိုင်သည် မှန်သော် သည်း သူတို့ဖက်က ပါလာသောအခါတွင်ကား မိမိ အန္တရာယ်ကို မိမိ ကာကွယ်နိုင်ဖို့မှာ ခက်ခဲလှသည်။

"ကိုနန်းထိုက် တကယ်တာဝန် ပေးအပ်နေတာလား"

"ဟုတ်တယ် ကေသီ၊ ဒီည ဦးခွန်သာ ဇင်ယော် စား သောက်ဆိုင်ကို မလာဖြစ်ဖို့ အရေးကြီးတယ် ဟင်. ."

မြကေသီကို စကားပြောနေရာမှ လွှတ်ရည်ဆိုင်ရှေ့ တွင် ရပ်လိုက်သော ဂျစ်ကားတစ်စီးကို တွေ့မြင်ရသော ကြောင့် အိုင်အိုနန်းထိုက် အံ့အားသင့်သွား၏။ မြကေသီကပါ လွှတ်ရည် ဆိုင် အပြင်သို့ လှမ်း၍ကြည့်လိုက်မိသည်။

လွှတ်ရည်ဆိုင်ရှေ့တွင် ရပ်ထားသော ဂျစ်ကားပေါ်မှ ယောကျ်ားတစ်ဦးနှင့် မိန်းမတစ်ဦး ဆင်းသက်လာသည်ကို တွေ့ မြင်ရ၏။ ထိုသူနှစ်ဦးကို တွေ့မြင်လိုက်ရသဖြင့် အိုင်အိုနန်းထိုက် သည် ဖျတ်ကနဲ ရှောင်တိမ်းရန် ဟန်ပြင်လိုက်သည်။

အလွန်မျက်စိလျင်သော အေမိက အိုင်အိုနန်းထိုက်ကို ဖျတ်ကနဲ အကဲခတ်မိသွားသည်ကို သိရှိလိုက်သည်။ အိုင်အိုနန်း

www.burmeseclassic.com

www.burmeseclassic.com



ထိုက်က မျက်လုံးကို လွှဲထားသော်လည်း ဂျွန်စမစ်၏အိမ်တွင် သွားရောက်၍ စာရွက်စာတမ်းများ ရှာဖွေစဉ်က ရာဇဝတ်အုပ် ဦးထွန်းဇံက နှုတ်ဆက်စကား ပြောရနေသော ဂျွန်စမစ် အစ်မ အေမီက သူ့ကို စိုက်ကြည့်နေကြောင်းကို ရိပ်မိနေသည်။

မြကေသီမှာလည်း အင်္ဂလိပ်ကပြားမတစ်ဦးက အိုင်အို နန်းထိုက်ကို သေချာစွာ စိုက်ကြည့်နေခြင်းကို သတိထားမိသွား၏။

"ကိုနန်းထိုက်"

"ဟင်"

"ဂျစ်ကားပေါ်က ဆင်းလာတဲ့ ကပြားမ တစ်ယောက်က ကို စိုက်ကြည့်နေတယ် ရှင်ရဲ့အသိလား"

အိုင်အိုနန်းထိုက်က ခေါင်းခါပြလိုက်သည်။ မြကေသီ လည်း အေမီနှင့်သူ့အဖေ အမျိုးသားကြီးကို မြင်ဖူးပြီးသား ၏။

"ဘာဖြစ်လို့လဲ ကေသီ"

"သူတို့က မနေ့ကနေ့လည်က စိမ်းရွက်ဝါ တည်းခိုခန်း ကိုလာပြီး တည်းခိုတဲ့ဧည့်သည်အသစ် နှစ်ဦးလေ၊ ကပြားမ မျက်နှာကို ကြည့်ရတာတော့ ကိုနန်းထိုက်ကို ထူးထူးခြားခြား သတိထားကြည့်နေတာ တွေ့ရတယ်"

"အင်း. . သူတို့ဟာ တို့အမှုနဲ့ပတ်သက် ဆက်နွယ်နေ



သူနှစ်ယောက် ဖြစ်နိုင်တယ် ကေသီ"

သူတို့နှစ်ဦး စကားပြောနေစဉ်မှာပင် အေမီနှင့် အရပ် မြင့်မြင့် အမျိုးသားကြီးတို့မှာ လှတ်ရည်ဆိုင်ရှေ့မှဖြတ်ကာ ဈေး ရာသို့ ဦးတည်သွားနေသည်ကို တွေ့လိုက်ရတော့၏။

"ကိုနန်းထိုက်ရော သူတို့ကို တွေ့ဖူးခဲ့တယ် မဟုတ်လား"

အခြေအနေမှာ ရှင်းမပြ၍ မဖြစ်တော့သော အခြေ နေ ဖြစ်သောကြောင့်. . . .

"ဟုတ်တယ် ကေသီ၊ အဲ့ဒါ သေသွားတဲ့ ဂျွန်စမစ်ရဲ့ အစ်မ အေမီဆိုတာပဲ၊ သူနဲ့တွဲလာတဲ့ သူကတော့ အာမခံကုမ္ပဏီက င်မီတဲ့. . ဒီကပြားမကတော့ ကိုယ့်ကို ကောင်းကောင်းမှတ်မိ ပုံပဲ"

"သူနဲ့ ကိုနန်းထိုက် စကား မပြောဖူးဘူးလား"

"စကားမပြောဖူးပါဘူး၊ ဒါပေမယ့် ဂျွန်စမစ်ရဲ့ ကြား ာရလမ်းက အိမ်မှာ ရာဇဝတ်အုပ် ဦးသိုက်ထွန်းနဲ့ အတူတူတွဲ ကိုယ့်ကို မြင်ကတည်းက သူက ခြေဆုံးခေါင်းဆုံးကြည့်ပြီး တဲခတ်ခဲ့တာ၊ သိပ်လျှင်ပုံရတဲ့ မိန်းမ၊ ကိုယ့်ကို စီအိုင်ဒီက ထမ်းမှန်း ရိပ်မိနေသလိုပဲ"

မြကေသီက ခေါင်းညိတ်၏။

"ဟုတ်တယ်နော်. . သူ့မျက်လုံးတွေက သိပ်လျှင်တဲ့ ပါး မိန်းမတစ်ယောက်ဆိုတာ ထင်ရှားနေတယ်၊ သူ့ရဲ့မောင်

www.burmeseclassic.com

www.burmeseclassic.com



သေဆုံးမှုနဲ့များ စုံစမ်းဖို့ ထားဝယ်ကို ရောက်လာတာလား"

"စဉ်းတော့ စဉ်းစားစရာပဲ ကေသီ၊ သူတို့နှစ်ယောက်
ပင်လယ်မုဆိုးအဖွဲ့နဲ့များ အဆက်အသွယ် ရှိနေကြသလား မသိ

"ဘာပဲဖြစ်ဖြစ် စိမ်းရွက်ဝါ တည်းခိုခန်းမှာ သူတို့
ယောက် တည်းခိုတယ်ဆိုရင် ကေသီ စောင့်ကြည့်လို့ ရပါတ
ကိုနန်းထိုက်"

မြကေသီက အေမီနှင့်ဂျင်မီတို့ကို စောင့်ကြည့်ဖို့ တာ
ယူကြောင်း ပြောလာသည်။

"အင်း. . . ဂျင်မီကို ကြည့်ရတာတော့ ခပ်ထုံထုံအ
ကေသီ၊ ဂျင်မီကိုတော့ အရောတဝင် ဆက်ဆံပြီး ရင်းနှီးအေ
လုပ်လို့ ရချင်ရနိုင်တယ်၊ ဒါပေမယ့် အေမီဆိုတဲ့ ကပြားမကို
သတိထားနော်၊ သူကြည့်ရာ သိပ်တို အကင်းပါးတယ်"

"စိတ်ချပါ၊ ကျွန်မကဇာဲ ကိုနန်းထိုက်ရဲ့ သင်တန်းဆ
ပဲဟာ. . ."

မြကေသီက ပြုံး၍ ပြောလိုက်လေသည်။



အိုင်အိုနန်းထိုက်သည် မြကေသီနှင့် လှော်ကွက်ရည်ဆိုင်လေးမှ
မ်းခွဲလာပြီးနောက် သူနေထိုင်ရာ တည်းခိုခန်းရှိရာ စားသောက်
းသို့ ပြန်ကာ အနားယူလိုက်သည်။ အနားယူရင်းဖြင့် ဦးခွန်သာ၊
ာ့ဖိုးသာနှင့် ဂျွန်စမစ်၏အစ်မတော်သူ အေမီတို့ အကြောင်းကို
က်စပ်စဉ်းစားနေမိသည်။

ဦးခွန်သာ၏ ကိစ္စကတော့ ဌာနချုပ်မှ ညွှန်ကြားချက်
ရ ပင်လယ်မုဆိုးကုမ္ပဏီနှင့် ဆက်စပ်မှုမရှိကြောင်း သိရှိရပြီ
သည်။ ဤသို့ဆိုလျှင် ဂျော့ဖိုးသာကို နောက်ကကြိုးကိုင် လှုပ်
းစေခဲ့သူမှာ မည်သူဖြစ်မည်နည်း။

သူ၏ စားရေးသောက်ရေးနှင့် ရာဇဝတ်မှု ကျူးလွန်ခဲ့
ာစ်ယောက်ကို အကာအကွယ်ပေးနေသူမှာ ဦးခွန်သာ မဟုတ်
ိုလျှင် မည်သူဖြစ်နိုင်မည်နည်း။ အိုင်အိုနန်းထိုက်သည် တစိမ့်
တွေးတောကာ စဉ်းစားဆင်ခြင် ကြည့်လိုက်ပြန်လေသည်။

ဤဖြစ်ရပ်များတွင် ထင်ထင်ရှားရှား လှုပ်ရှားခဲ့သူမှာ
ိုးသာပင် ဖြစ်သည်။ ဂျော့ဖိုးသာသည် ကြောက်စရာ ကောင်း
ာ ရာဇဝတ်မှုများကို ကျူးလွန်ခဲ့သူ ဖြစ်သည်။ သူသည်
တ်မှု၊ လုယက်မှုများကို ပုလိပ်အဖွဲ့ကြီးအား ပြောင်ပြောင်
တင်း ဆန့်ကျင်ကာ ရက်ရက်စက်စက် ကျူးလွန်ခဲ့သည်။

သူနောက်သို့ ခြေရာခံလိုက်ခဲ့သော ရာဇဝတ်အုပ် ဦးသိ
ကိုလည်း ဂျော့ဖိုးသာက ထောင်ချောက်ဆင်ကာ ပုလိပ်အဖွဲ့

www.burmeseclassic.com

www.burmeseclassic.com



များကြားထဲတွင် မည်သူမျှ မကာယ်နိုင်အောင် သတ်ဖြတ်အ
စီရင်ခဲ့သည်။

ကျော့ဖိုးသာသည် လေဆိပ်တွင် ဦးခွန်သာ၏ မန်နေ
ရန်နိုင်ကျော်အမည်ဖြင့် ရုပ်ဖျက်ကာ ထွက်ခွာသွားသောကြေ
လက်မတင်ကလေး လွတ်မြောက်အောင် အကာအကွယ်ပေးသ
အနေအထားမျိုး ဖြစ်ခဲ့ရ၏။

ထို့ကြောင့်ပင် မိမိတို့အဖွဲ့က ဦးခွန်သာအား မသ
ဖြစ်ကာ ထောက်လှမ်းစုံစမ်းခဲ့ရသည်။ ယခုလူနှစ်ဦး တိုးလာ
သည်။ ဂွန်စမစ်၏အစ်မ အေမီသည် လည်းကောင်း၊ အ
ကုမ္ပဏီမှ ဂျင်မီသည်လည်းကောင်း၊ ပင်လယ်မုဆိုးအဖွဲ့ ကိစ္စ
ပါဝင် ပတ်သက်သည်ကို တွေ့မြင်ရသည်။ ပင်လယ်မုဆိုးအ
ပူးပေါင်းကာ အေမီသည် ဦးခွန်သာကိုပင် တန်ဆာခံဖြစ်အော
စီစဉ် ဆောင်ရွက်ခဲ့လေသလော ဆိုသည်မှာ စဉ်းစားဖွယ်ရာ
ဖြစ်လေသည်။

ရန်ကုန်မြို့ရှိ ဂွန်စမစ်၏ အိမ်ဝတွင် စတင်တွေ့
ကတည်းက အေမီ၏ ကြည့်ပုံရှုပုံနှင့် မျက်နှာအမူအရာ
အိုင်အိုနန်းထိုက်က သဘောမကျခဲ့ပါ။ သို့သော် သေဆုံးသူ
စမစ်၏အစ်မတော်သူ ဖြစ်သောကြောင့် လူသတ်မှုတွင် တ
လိုဖက်က အုပ်စုဟု ထင်မှတ်ခဲ့ရသည်။

ဂွန်စမစ်၏ ကျန်ရစ်ခဲ့သော ပစ္စည်းများနှင့်လည်း အေ



ာ အသက်ဆိုင်ဆုံးလူပင် ဖြစ်သည်။ ထို့မျှနှင့် ရပ်တန်းကမရပ်
ဲ၊ ထားဝယ်မြို့သို့ လိုက်ပါလာသောအခါတွင် အေမီကို နား
သည်ရ ခက်လာသည်။

သူမောင် ဂွန်စမစ်ကို သတ်သူကို သူမကိုယ်တိုင်ပင်
ယ်စားချေလိုသောကြောင့် ထားဝယ်သို့ လိုက်ပါလာခဲ့သည်ဟု
ူဆဖို့ကလည်း ခက်သည်။ လူသတ်သမား ကျော့ဖိုးသာ ထားဝယ်
ွင် ရှိနေကြောင်း သေသူ၏အစ်မဖြစ်သူ သိနေနိုင်ဖို့ ဆိုသည်က
ာ်တော်အဆက်စပ် ကင်းမဲ့လှသည်။

အိုင်အိုနန်းထိုက်သည် စီးကရက်တစ်လိပ်ကို ဖွာရှိုက်ကာ
လားထိုင်တွင် ကျောမှီရင်း စဉ်းစားနေသည်။ ပင်လယ်
ိုးဂိုဏ်းကို စုံစမ်းထောက်လှမ်းရသည်မှာ လွယ်မယောင်နှင့်
ကခဲလာသည်။ ထူးဆန်းလှသည်မှာကား အေမီ ထားဝယ်သို့
ောက်ရှိလာခြင်းပင် ဖြစ်တော့၏။ ရှေးဦးစွာ သူတို့အဖွဲ့က သင်္ကာ
ာင်း ဖြစ်နေခဲ့သော ဦးခွန်သာလည်း ဤအတိုင်း လွတ်ထား၍
ဖြစ်။

နောက်ထပ် ရောက်ရှိလာသည့် အေမီနှင့်ဂျင်မီဆိုသူ
ကိုလည်း မည်သည့်အခန်းကဏ္ဍက ပါဝင်နေသည်ကို သိရှိ
ထုတ်ရန် လိုအပ်လာသည်။ သည်ကြားထဲတွင် ဘွားကနဲ
လာသည့် လူသတ်သမား ကျော့ဖိုးသာ ကိစ္စကြီးကလည်း ညတ
ိုင်ရတော့မည်။

www.burmeseclassic.com

www.burmeseclassic.com



မတတ်နိုင် ဖြစ်သမျှအကြောင်း အကောင်းချည်းသာ ဟူ
သဘောပိုက်ရတော့မည်။ ယခုအချိန်တွင် သူက ခေါင်းရှုပ်နေ
သလောက် ဂျမဒါမှူးသာကတော့ အေးအေးဆေးဆေး အနားယူနေ
လောက်ပြီ ထင်သည်။ ယနေ့အဖို့ ဂျမဒါမှူးသာလည်း ကံကောင်း
သေမင်းပြည်သို့ လိုက်မသွားရခြင်းပင် ဖြစ်သည်။

ဂျမဒါမှူးသာမှာ မမျှော်လင့်ဘဲ နတ်မြင်းပျံ စားသော
ဆိုင်တွင် ရန်စသွားခဲ့ရသည်။ ဘအေးနှင့် သောင်းထိုက်တို့
ရန်ပြိုးဖြင့် ကလဲ့စားချေခြင်းကို ခံခဲ့ရ၏။ ဘအေးနှင့် သော
ထိုက်တို့ကတော့ လူရမ်းကား အရက်သမားများသာ ဖြစ်သည်
ပင်လယ်မုဆိုးဂိုဏ်းနှင့် မည်သို့မျှသက်ဆိုင်ပုံ မပေါ်။

သို့ရာတွင် ဤနေရာ၌ စဉ်းစားစရာ အချက်တစ်ခု
ရှိသေးသည်။ သာမန်ရန်ဖြစ်သည့် ရန်ပြိုးဆိုလျှင် နောက်
ကြိမ်တွေ့မှသာ ရန်ရှာတိုက်ခိုက်ခြင်း ပြုဖို့များသည်။ ယခုတော
ဂျမဒါမှူးသာ သွားရာနောက် တကောက်ကောက်လိုက်
ထောင်ချောက်ဆင်၍ လက်စားချေဖို့ ကြိုးစားသည်မှာကား
နည်းငယ် ထူးဆန်းသယောင် ရှိသည်။

ဂျော့ဖိုးသာ သို့မဟုတ် တစ်စုံတစ်ယောက်ကပင် ဂျ
မှူးသာကို ရန်စ၍သတ်ဖြတ်ရန်နှင့် နောက်ယောင်ခံကာ လု
သည့်နေရာတွင် လုပ်ကြံဖို့ စီစဉ်ခိုင်းသလားဟုလည်း တွေး
မိသေးသည်။



နေရောင်ခြည်သည် တစ်စတစ်စ လျော့နည်းလာသည်။
ပ်ပူလောင်သော အနေအထား မရှိတော့. . အိုင်အိုနန်းထိုက်
ည် စဉ်းစားတွေးခေါ်မှုများကို ခေါင်းထဲမှ ထုတ်ပစ်လိုက်ကာ
ချိုးရန် ပြင်ဆင်လိုက်လေတော့၏။ သူ ရေချိုးခန်းထဲဝင်သည့်
ချိန်တွင် ညနေငါးနာရီထိုးပြီ ဖြစ်သည်။

*

တစ်ခါတစ်ရံတွင် ဖြစ်နိုင်ခြေများကို စဉ်းစားခြင်းကြောင့်
ကျက်အလက် တော်တော်များသည် ထွက်ပေါ်လာရာ ထိုအ
က်အလက်အားလုံးတို့ထဲတွင် အရေးကြီးသော အချက်အ
က်မှာ တစ်ခုနှစ်ခုမျှသာ ပါလေ့ရှိလေသည်။ ထောက်လှမ်း
မ်းမှုပညာတွင် စဉ်းစားဆင်ခြင်ခြင်းနှင့် လုပ်ဆောင်ခြင်းဟူ
သာ အပိုင်းနှစ်ပိုင်းရှိရာ ချိတုံချတုံဖြင့် လုပ်ငန်းတစ်ခုကို ဆောင်
င်၍မရပါ။

လုပ်ဆောင်သင့်သည် ကိစ္စကို ရှင်းရှင်းတွေးကာ ရှင်းရှင်း
ရသည်။ ဖြစ်နိုင်ချေများထဲမှ ကောက်ချက်တစ်ခုကို အိုင်အို
ထိုက်က ဆွဲထုတ်လိုက်၏။ ထိုအချက်မှာ ဦးခွန်သာနှင့်ဂျော့

www.burmeseclassic.com

www.burmeseclassic.com



ဖိုးသာတို့၏ ဆက်သွယ်မှုကိုသိရန် စုံစမ်းဖို့ပင် ဖြစ်သည်။

ထို့ကြောင့် အခြားအချက်အလက်များကို ခေါင်း ဖယ်ရှားကာ အိုင်အိုနန်းထိုက်သည် စားသောက်ဆိုင်၏ ဆ သွယ်ရေး တယ်လီဖုန်းရှိရာသို့ လျှောက်လှမ်းလာခဲ့သည်။ ဦး သာ၏အခန်းသို့ သူတိတ်တဆိတ် ဝင်ရောက် ရှာဖွေခဲ့ တယ်လီဖုန်းဆက်ရင်းဖြင့် ဦးချွန်သာ၏ တယ်လီဖုန်းနံပါ မှတ်လာခဲ့သည်။

ဘောင်းဘီထဲတွင် ထည့်ထားသော သူ၏ ဒိုင်ယ စာအုပ်ကို ထုတ်ယူကာ ဦးခွန်သာ၏ ဖုန်းနံပါတ်ကို အိုင်အိုနန်း က လှည့်လိုက်၏။ ဖုန်းခွက်ထဲမှ ဦးခွန်းသာ၏အသံကို ကြား ရလေသည်။

"ဟဲလို. . ကျွန်တော် ဦးခွန်သာ စကားပြောနေပါ

"ဟုတ်ကဲ့. . ကျွန်တော် ဦးခွန်သာကို စကားပြော မိတ်ဆွေပါ"

"ဗျာ. . ခင်ဗျား ဘယ်သူလဲ၊ ဘာကိစ္စရှိလို့လဲ ခင်ဗျ

ဦးခွန်သာက အိုင်အိုနန်းထိုက်အား ယဉ်းကျေး စွာပင် ပြန်၍စုံစမ်းမေးမြန်း လာလေတော့သည်။ အိုင်အိုနန်း ထိုက်က. . .

"ကျွန်တော့်ကို ဦးခွန်သာရဲ့မိတ်ဆွေသစ် တစ် သဘောထားပါ။ ကျွန်တော် အရေးကြီးတဲ့ ကိစ္စတစ်ခု ဦးခွန်



ဆွေးနွေးချင်ပါတယ်"

တစ်ဖက်တယ်လီဖုန်း စကားပြောခွက်ထဲမှ ဦးခွန်သာ ၏ တုန့်ပြန်ပြောဆိုသာ မကြားရပေ။ ဦးခွန်သာသည် တယ်လီ ဖုန်းကိုကိုင်ရင်း စဉ်းစားနေပုံရသည်။

အိုင်အိုနန်းထိုက်က တယ်လီဖုန်း စကားပြောခွက်ကို ဦးခွန်သာက ပြန်ချလိုက်မည်ကို စိုးရိမ်သောကြောင့် . . .

"ကျွန်တော် ဆွေးနွေးမယ့် စကားက ဦးခွန်သာအတွက် အကျိုးရှိနိုင်မယ့် စကားမျိုးပါ"

ဟု ထ၍ပြောလိုက်သည်။

"ဘာကိစ္စများလဲ ခင်ဗျား၊ ကျွန်တော် အလုပ်များနေပါ တယ်၊ သိပ်မအားပါဘူး"

ဦးခွန်သာမှာ သူအလုပ်များနေသည့် အချိန်တွင် အနှောင့် အယှက် ဖြစ်သည့်အနေဖြင့် လေသံက အနည်းငယ် တင်းမာနေ၏။

"ခင်ဗျား ဘယ်သူလဲဆိုတာ ကျွန်တော့်ကို အရင်ပြော ပါ"

ဦးခွန်သာက ထပ်၍ စုံစမ်းလိုက်ပြန်သည်။

"ကျွန်တော် ဘယ်သူလဲဆိုတာ မကြာခင်မှာ သိရမှာပါ၊ တစ်ခု ပြောထားချင်တာကတော့ ကျွန်တော်ဟာ ရန်နိုင်ကျော် ဆိုတဲ့ လူနဲ့ပတ်သက်ပြီး စကားပြောချင်တဲ့သူပါ ဦးခွန်သာ"

"ဗျာ. . "

www.burmeseclassic.com

www.burmeseclassic.com



ဦးခွန်သာသည် ကျော့ဖိုးသာ၏ နာမည်တုတစ်ခုဖြစ်သော ရန်နိုင်ကျော်ဟူသော အသံကိုကြားလိုက်ရသည်နှင့် အံ့အားသင့်သွားပုံရ၏။

ရုတ်တရက် စကားမပြောနိုင်ဘဲ တယ်လီဖုန်းထဲမှ အသက်ရှူသံ အနည်းငယ်ပြင်းလာသည်ကို အိုင်အိုနန်းထိုက်က သတိထားမိလိုက်၏။

"ဦးခွန်သာ ကျွန်တော်နဲ့ တွေ့နိုင်မယ် မဟုတ်လား ခင်ဗျာ"

"ဩော်. . ဟုတ်ကဲ့၊ ဘယ်အချိန်လောက်ကို တွေ့ချင်ပါသလဲ"

အိုင်အိုနန်းထိုက်က သူ၏နာရီကို ကြည့်လိုက်၏။

"အခု ခြောက်နာရီ မထိုးသေးပါဘူး ဦးခွန်သာ၊ ဦးခွန်သာနဲ့ကျွန်တော် ညခုနစ်နာရီခွဲလောက်မှာ တွေ့ချင်ပါတယ်"

"× × × × × × ×"

"ကျွန်တော် ပြောတာကြားတယ် မဟုတ်လား ဦးခွန်သာ"

"ကြားပါတယ်"

"ကြားရင် ကျွန်တော် ညခုနစ်နာရီခွဲလောက်မှာ ဦးခွန်သာကို လာတွေ့လို့ရမလား"

အနည်းငယ် ဖုန်းထဲမှအသံ မကြားရဘဲ ခဏကြာသော မှ. . . .

"ခုနစ်နာရီခွဲကို ဆက်ဆက်လာခဲ့ပါ၊ ကျွန်တော် စော



နေပါ့မယ်"

"ကောင်းပါပြီ လာခဲ့ပါ့မယ်"

အိုင်အိုနန်းထိုက်က ဦးခွန်သာထံမှ လက်ခံတွေ့ဆုံရန် သဘောတူညီလိုက်ပြီ ဖြစ်သောကြောင့် တယ်လီဖုန်း စကားပြောခွက်ကို သူ ချလိုက်သည်။

ဦးခွန်သာကို အမြန်ဆုံး တွေ့ဆုံလိုက်ခြင်းသည် ပင်လယ်မုဆိုးဂိုဏ်းနှင့် သက်ဆိုင်သော အချက်အလက်များကို ဖော်ထုတ်နိုင်လိမ့်မည်ဟု ယုံကြည်သောကြောင့် အိုင်အိုနန်းထိုက်က ဖုန်းဖြင့် အကြောင်းကြားလိုက်ခြင်း ဖြစ်သည်။

ယခုတော့ ခဏအချိန် ဖြုန်းရဦးမည်။ တစ်နာရီခွဲခန့်လိုသေးသည် မဟုတ်ပါလား။

*

ဆောင်းရာသီ ဖြစ်သောကြောင့် ညအမှောင်သမ်းလာသည်နှင့်ပင် နှင်းငွေ့များက အုပ်ဆိုင်းခြုံသိုင်းလာသည်။ အချိန်ကား ညခြောက်နာရီခွဲမျှသာ ရှိသေးသည်။ ဆောင်းည၏ အမှောင်က စောစီးစွာပင် ကြီးစိုးလွှမ်းမိုးနေလေသည်။

စိမ်းရွှက်ဝါ စားသောက်ဆိုင်ရှိရာမှ မီးများလင်းထိန်နေ

www.burmeseclassic.com

www.burmeseclassic.com



သော်လည်း ထူထဲသော နှင်းထုကြောင့် မီးပွင့်များ၏ အလင်းမှာ မှုန်မှိုင်းမှိုင်း ဖြစ်နေသည်။ သူသည် စိမ်းရွက်ဝါ စားသောက်ဆိုင် ရှေ့ရှိ အုန်းပင်များ ပတ်လည်ဝိုင်းနေသည့် ရေကန်ဘေးမှ ပတ် လျှောက်လာခဲ့၏။

ရေကန်ဘေးတွင် မီးလုံးများထွန်းညှိထားသော်လည်း အအေးဒဏ်ကြောင့် ထိုင်ခုံများပေါ်တွင် လူသူ ကင်းရှင်းနေလေ သည်။ အိုင်အိုနန်းထိုက်သည် စိမ်းရွက်ဝါ စားသောက်ဆိုင်ထဲ သို့ဝင်ရန် အချိန်စော နေသေးသောကြောင့် စားသောက်ဆိုင် ဘေးရှိ ပန်းခြံထဲသို့ ဝင်လာခဲ့သည်။

ထိုနေရာတွင် သူသည် ဂျမဒါမှူးသာနှင့် တွေ့ဆုံရန် ချိန်း ဆိုထားခဲ့၏။ ပန်းခြံထဲတွင် မီးရောင်က မထိုးဖောက်နိုင်သော ကြောင့် နှင်းများနှင့် အမှောင်က လွှမ်းမိုးထားသည်။

ခြေလှမ်းဆယ်လှမ်းလောက်သို့ ရောက်မှသာ အားနည်း သော ပန်းခြံထဲမှမီးရောင်ဖြင့် လူလုံးသဲကွဲစွာ မြင်တွေ့နိုင်၏။ ထိုအချက်ကို သိရှိသောကြောင့်ပင် အိုင်အိုနန်းထိုက်သည် ဂျမဒါ မှူးသာနှင့် စားသောက်ဆိုင်အတွင်းမှ အခြေအနေကို ရိပ်မိသိရှိ နိုင်ရန် စကားပြောဆို ချိန်းဆိုထားခြင်း ဖြစ်၏။

သို့သော် ခြောက်နာရီခွဲသာသာ ရှိသေး၍ ဂျမဒါမှူးသာ နှင့်တွေ့ဖို့လည်း အချိန်က စောနေပြန်လေသည်။ သူနှင့် ဂျမဒါ မှူးသာတို့ ချိန်းဆိုထားသော ပန်းခြံထဲမှ ခုံတန်းလျှားလေးတွင်



ကင် အညိုရောင်နှင့် လူတစ်ဦး ထိုင်နေလေသည်။

"ဟင်. . . ဂျမဒါမှူးသာ တယ်ပြီး ဗီရိယ ကောင်းနေပါ သား"

အိုင်အိုနန်းထိုက်က ဂျမဒါမှူးသာ ဝတ်လေ့ရှိသော အ ညိုရောင်ဂျာကင် အကျႌကြောင့် ခုံတန်းလျှားနားသို့ ကပ်လာခဲ့ လသည်။

"မှူးသာ မင်းက အစောကြီး ရောက်နေပါလား"

ဂျမဒါမှူးသာ အနီးသို့ကပ်ကာ ခပ်တိုးတိုး ပြောလိုက်စဉ် ပင် ဂျမဒါမှူးသာက စတင်လှုပ်ရှားတော့၏။

"ရှမ်း. ."

"အိုး. . ."

မျက်နှာတွင် နှာခေါင်းအုပ်သည်အထိ အဝတ်နက်စည်း ကာ ဂျာကင်အကျႌ အညိုရောင်ဝတ်ထားသူမှာ ဂျမဒါမှူးသာ ဟုတ်ဘဲ သူအား စောင့်ကြိုတိုက်ခိုက်မည့် ရန်သူတစ်ဦး ဖြစ် နေသည်။ အိုင်အိုနန်းထိုက်က အနီးသို့တိုးကပ်လိုက်သည်နှင့် ပေါင်ကြားထဲတွင် ဓားဦးစိုက်ကာ ဝှက်ထားသောဓားကို ညာ သက်နှင့်ကိုင်ကာ လှည့်တွက်လိုက်သည်။

ဓားသွားက အိုင်အိုနန်းထိုက်၏ ဝမ်းဗိုက်ရှိရာသို့ ဦး တည်ကာ ဝေ့ဝိုက်လာသည်။ ငှက်ကြီးတောင်ဓား ဖြစ်သောကြောင့် အိုင်အိုနန်းထိုက်က နောက်သို့ခုန်ဆုတ်ကာ ရှောင်တိမ်းလိုက်သော

www.burmeseclassic.com

www.burmeseclassic.com



ကြောင့် သီသီလေး လွတ်သွား၏။ ဓားသမားက အိုင်အိုနန်းထိုက် ရှိရာသို့ ပြေးဝင်ကာ ခုတ်ပိုင်းလိုက်ပြန်သည်။

"ရွှမ် . . ."

"ဖမ်း"

အိုင်အိုနန်းထိုက်က ရှေ့သို့ခြေတစ်လှမ်း တိုးကာ ဓားသမား၏ ညာလက်ကို သူ၏ဘယ်လက်ဖြင့် ဖမ်းကိုင်လိုက်ပြီး ဓားသမား၏ရင်ဝကို သူ၏ညာလက်သီးတစ်လုံး ပစ်သွင်းလိုက်လေတော့၏။

"ဘုတ်"

"အွတ် . . ."

ငှက်ကြီးတောင် ဓားသမားသည် ဖင်ထိုင်လျက်သား လဲကျသွားသည်။ လက်ထဲမှဓားမှာလည်း လွတ်ကျသွား၏။ အိုင်အိုနန်းထိုက်က ဓားကိုပြေးကာ ကောက်ယူလိုက်စဉ်မှာပင် မျက်နှာကို အဝတ်နက် အုပ်ထားသူက နောက်ကျွမ်းပစ်ကာ ခုန်ဆ လိုက်သည်။

တစ်ပြိုင်နက်တည်းမှာပင် ပန်းခြံများထဲမှ နှာခေါင်းအုပ် အောင် မျက်နှာတစ်ဝက် အုပ်ထားသော ဓားသမားနှစ်ဦး ထွက်လာသည်။

"ဟင် . . ."

"ရွှမ်း . . ."



"ထန်"

"ရွှမ် . . ."

အိုင်အိုနန်းထိုက်ကို ဓားနှင့် အလျှင်အမြန်ဝင်၍ ခုတ်ပိုင်းလိုက်ကြသည်။ အိုင်အိုနန်းထိုက်က ညာဖက်ကဝင်လာသော ဓားသမားကို သူ၏ဓားဖြင့် ခုခံဖယ်ထုတ်လိုက်ပြီး ဘယ်ဖက်မှ ခုတ်ပိုင်းလိုက်သည့် ဓားသမားကိုကား ကိုယ်ကိုစောင်း၍ ရှောင်တိမ်းကာ နံကြားသို့ ဖိနပ်ဦးဖြင့်လှမ်းကာ ဆောင့်ထိုးလိုက်လေသည်။

"ဘုန်း . . ."

"အင့် . . ."

ဓားသမားမှာ နံကြားသို့ မိမိရရဝင်လာသော ဖိနပ်ဦးကြောင့် ဒယိမ်းဒယိုင်ဖြစ်သွားရာမှ ပန်းချုံဘေးရှိ ကွမ်းသီးပင်တစ်ပင်ကို လှမ်းဖက်ကာ ကိုယ်ရှိန်ထိန်း လိုက်လေသည်။

ထိုအခိုက်မှာပင် ပထမဆုံး ဝင်ရောက်တိုက်ခိုက်သော မျက်နှာကို အဝတ်နက် စည်းနှောင်ထားသူက သူ့ဓားမှကြာပွတ်ကို ဖြုတ်ယူကာ အိုင်အိုနန်းထိုက်ကို လှမ်း၍ကြာပွတ်နှင့် ရိုက်လိုက်သည်။

"ရွှမ်း . . ."

"အား . . ."

ကြာပွတ်ရိုက်ချက်က အိုင်အိုနန်းထိုက်၏ ကျောပေါ်

www.burmeseclassic.com

www.burmeseclassic.com



တွင်ရောက်ကာ ကြာပွတ်က ကိုယ်ကိုတစ်ပတ် လာပတ်မိသွား သည်။

"ဘုန်း. . ."

"အား. . ."

ကြာပွတ်သမားက ဆောင့်ဆွဲလိုက်သောကြောင့် အိုင်အို နန်းထိုက်မှာ ကိုယ်ကို မဟန်နိုင်ဘဲ မြေကြီးပေါ်တွင် ကျသွား လေသည်။ ထိုစဉ်မှာပင် ဓားသမားတစ်ဦးက အိုင်အိုနန်းထိုက် ကို ဓားချက်တစ်ချက်တည်းဖြင့် အသက်ပျောက်စေရန် ဝင် ပိုင်းချ လိုက်တော့၏။

အိုင်အိုနန်းထိုက် မျက်လုံးများ မှိတ်ထားလိုက်လေသည် သည်တစ်ခါတော့ သူဘဝ ဇာတ်သိမ်းပြီးဟုလည်း ထင်မှတ်လိုက် တော့၏။ သူကိုယ်ပေါ်သို့ ပူကနဲကျလာမည့် ဓားချက်ကို ကြာပွတ်ဖြင့် မိထား၍ မရှောင်နိုင်ဘဲ ငြိမ်ခံရန်သာ ရှိတော့သည်

"ဖောင်း. ."

"အား. . ."

သို့သော် ဓားသမားထံမှ အော်သံကြားလိုက်ရသော ကြောင့် သူမျက်လုံးများ ဖွင့်ကြည့်လိုက်သည်။ သူအား ပြေး ခုတ်ပိုင်းသော ဓားသမား၏ လက်ထဲတွင် ဓားအရှည်ကြီး မ တော့ပေ။

*



ဂျာကင် အညိုရောင်ဖြင့် ရောက်ရှိလာသော ဂျမဒါမှူး က အချိန်မီ ဓားသမားလက်ထဲမှ ဓားကိုကန်ထုတ်လိုက်သော ကြောင့် ဖြစ်သည်။ ထိုဓားသမားကို နောက်ထပ် ခြေကန်ချက် စ်ချက်ဖြင့် ဂျမဒါမှူးသာက ခတ်ထုတ်လိုက်ပြီး ကွမ်းသီးပင် းမှ ပြေးလာသော ဓားသမား၏ဓားချက်ကို လက်နှစ်ဖက်နှင့် းကာ မြေကြီးပေါ်သို့ ကိုယ်တစ်စောင်းထမ်း၍ တိုင်ပေါက် ိက်ပြန်လေသည်။

"ဘုန်း"

"အား. . ."

ပြင်းထန်စွာ ကျောဖြင့်ကျရောက်သွား၍ ဓားသမားမှာ ်တရက် မထနိုင်ဖြစ်နေသည်။ အိုင်အိုနန်းထိုက်က သူ့အား ပွတ်ဖြင့်ပတ်ကာ ဆွဲယူနေသည့် ကြာပွတ်ကြိုးကို လက်နှင့် ်ကာ ဆောင့်ဆွဲလိုက်၏။ အငိုက်မိသွားသော ကြာပွတ်သမား ရှေ့သို့ငိုက်စိုက်ငိုက်စိုက် ပါလာသည်ကို ဂျမဒါမှူးသာက င့်ကြိုကာ ဒူးနှင့်တိုက်ပစ်လိုက်လေတော့၏။

"ဘုန်း"

"အား. . ."

ကြာပွတ်ကို လက်လွှတ်ကာ ကြာပွတ်သမား ပက်လက် ကျသွားသည်။ အိုင်အိုနန်းထိုက် ဝုန်းတနဲ ခုန်ထလိုက် ာအခါတွင် သူ့အား ဝင်ရောက်တိုက်ခိုက်သော လူသုံးဦးမှာ

www.burmeseclassic.com

www.burmeseclassic.com



အမှောင်ထုထဲသို့ တိုးဝင်ကာ ပြေးသွားကြပြီ ဖြစ်လေသည်။

ပန်းခြံထဲမှဖြတ်ကာ စိမ်းရွှက်ဝါ ဝင်းထရံကို ကျော်
အမှောင်ထုထဲသို့ မျက်နှာတွင် အဝတ်နက်စည်းထားသူ သုံး
ပြေးဝင် ပျောက်ကွယ်သွားပြီ ဖြစ်လေသည်။ ဂျမဒါမှူးသာ
အိုင်အိုနန်းထိုက်ကို ကျော်ကာ ထိုသူသုံးဦးနောက် ပြေးလို
သွားသည်။

*

ပန်းခြံထဲတွင် သက်သေခံပစ္စည်းအဖြစ် ဓားသုံးချော
နှင့် ကြာပွတ်တစ်ခုသာ ကျန်ခဲ့တော့သည်။ အမှောင်ထဲ
ပြေးဝင်သွားသော မျက်နှာတွင် အဝတ်နက် စည်းနှောင်ထား
သုံးဦးနောက်သို့ ပြေးလိုက်သွားသော ဂျမဒါမှူးသာမှာ စိမ်း
ဝါ ဝင်းထရံသို့ ရောက်သည်နှင့် ဆက်၍မလိုက်တော့ဘဲ ပြန်
လာသည်။

"အတော်မြန်တဲ့ ကောင်တွေ၊ ဘာဖြစ်သွားသေးလဲ ဆ
နန်းထိုက်"

အိုင်အိုနန်းထိုက်က ခုံတန်းလေးတွင် ခပ်အေးအေး
ထိုင်ကာ စောင့်နေသည်ကို တွေ့လိုက်တော့၏။



"ဘာမှ မဖြစ်ပါဘူး၊ ကျော့မှုတော့ အရှုံးရာတစ်ချက်
င်ချင် ထင်သွားမှာပေါ့၊ သူတို့က မင်းပုံဖမ်းပြီးတော့ ငါ့ကို
လစ်တွက်ဖို့ ကြိုးစားကြတာ တော်သေးတာပေါ့၊ မင်းက ရောက်
ာပေလို့"

"အင်း. . ကျွန်တော်လဲ စောစောထွက်မယ်ဆိုပြီး ပန်းခြံ
ဆင်းလာလို့ပေါ့၊ နို့မို့ ဟိုကောင်တွေဓားချက်နဲ့ ဆရာကိုနန်း
က် ကိစ္စပြတ်ပြီ"

"ကျေးဇူးပါပဲ မှူးသာရာ"

"ဆရာကလဲ ကျေးဇူးတင်စရာ မလိုပါဘူးဗျာ၊ ဒီကောင်
တာ ကျွန်တော်နဲ့ ဆရာကိုနန်းထိုက် ချိန်းတာကို ကြိုသိလို့
်ဦးအောင် စောင့်နေတယ် ထင်တယ်"

"သူတို့က သိတာတော့ မဟုတ်ဘူး၊ ငါ ဝင်လာတာကို
မှ အဝေးကနေ သူတို့ချင်း အချက်ပေးပြီး ပန်းခြံထဲက စောင့်
ာ ဖြစ်မယ်၊ ငါ့နောက်က နောက်ယောင်ခံ လိုက်လာတာမဲ့
နိုင်တာပေါ့ကွာ"

အိုင်အိုနန်းထိုက်၏ ဘေးတွင်ဝင်၍ထိုင်ကာ ဂျမဒါမှူးသာ
မျက်နှာတွင်အဝတ်နက် စည်းနှောင်ထားသော လူဆိုးများ
ချစ်ခဲ့သည့် ဓားသုံးစင်နှင့် ကြာပွတ်တို့ကို ကောက်ယူကာ စု
လိုက်သည်။

ဤပစ္စည်းများကို သက်ဆိုင်ရာ ပုလိပ်အဖွဲ့သို့ ပေးအပ်

www.burmeseclassic.com

www.burmeseclassic.com



တာ သက်သေခံပစ္စည်းများအဖြစ် ထားရှိရန်ဖြစ်၏။ ထိုအခါ
မှာ အိုင်အိုနန်းထိုက်မှာ သူတို့နှစ်ဦး ပြောရမည့်စကားမျာ
သတိရ၍လာတော့သည်။

"ငါ မင်းကိုပြောဖို့ စကားတွေ စဉ်းစားလာခဲ့တာ
ဒီကောင်တွေ လာရှုပ်တာနဲ့ အစပျောက်သွားတယ်၊ ဒါနဲ့ ဦး
သာရဲ့ အခြေအနေကို စောင့်ကြည့်နေတာ ဘာထူးခြားသလ

"ဘာမှမထူးပါဘူး ဆရာကိုနန်းထိုက်၊ ခုထိတော့ သူ
အခန်းထဲက မထွက်သေးဘူး"

"ကေသီကရော ဟိုဂျင်မီဆိုတဲ့လူကို မိတ်ဖွဲ့လို့ရပြီလာ

"ဆရာ့ကေသီက ဒါမျိုးကတော့ သိပ်လျင်တယ်
ရေ. . ညနေပြန်ရောက်ကတည်းက အောက်ထပ်က သ
ဝိုင်းမှာ ဂျင်မီနဲ့စကားချိတ် ဖြစ်တယ်၊ သူကိုယ်သူဆဲ အလ
ထားတာ ပြောမနေနဲ့ ဂျင်မီကစဲ သူကို ဘာထင်လို့လဲ မသိ
တစ်ခါတည်းကို အရောတဝင် ဖြစ်သွားတာ တွေ့ရတယ်"

"ကောင်းတယ်၊ သူတို့ ရောက်လာတာဟာ တို့အ
နောက်ထပ် စုံစမ်းဖို့ လူသစ် တိုးလာတာပေါ့ဗျာ၊ ဒါမှသာ ပင်
မှုဆိုးဂိုဏ်းက လူတွေကို ခြေရာခံလို့ရမှာပေါ့"

"ဒါနဲ့ ဆရာကိုနန်းထိုက်ကို စကားဆန်းပြောစရာ
တယ်"

"ဘာများလဲကွ"



"ခုနလာတဲ့ **လူတွေက** ဒီဂိုဏ်းအဖွဲ့က ဂိုဏ်းသားတွေ
ဖြစ်နိုင်တယ်"

"မင်းရဲ့ရန်သူ**တော် အဖေတို့ရဲ့** လူတွေရော မဖြစ်နိုင်
ဘူးလား"

"ဟင့်အင်း. . သူတို့**က တုံးတိုက်တိုက်** ကျားကိုက်ကိုက်
လူမိုက်တွေပဲ၊ မျက်နှာကို **မမှတ်မိအောင်** အဝတ်အုပ်စရာမှ
မလိုတာ"

"အေး. . ဒါလဲဟုတ်**တာပဲ၊ မင်း** ပြောစရာရှိတဲ့ စကား
ဆန်းဆိုတာ ဆက်ပါဦး"

"ဪ. . . ပင်လယ်မု**ဆိုးဂိုဏ်းဆို**တာက ကျွန်တော်
တို့က ကြားသိရတဲ့ သူတို့ရဲ့**အာမခံထားတဲ့** အမည်ပေါ့နော်၊ သူ
တို့အဖွဲ့ရဲ့ အမိတနာမည်က 'သံမဏိမုဆိုး' လို့ခေါ်တယ်"

"ဘာအဓိပ္ပာယ်လဲကွ"

"သူတို့ကသာ ရန်သူကို ခြေရာခံနိုင်ပြီး ဖျောက်ဖျက်နိုင်
တယ်၊ သူတို့ကိုတော့ ဘယ်ရန်သူကမှ မချေမှုန်းနိုင်ဘူးဆိုတဲ့
သဘောနဲ့ သူတို့ဂိုဏ်းကို သံမဏိမုဆိုးလို့ နာမည်ပေးတာပဲ"

"အေး. . . တော်တော်ကောင်းတဲ့ နာမည်ပဲကွ၊ သံမဏိ
ဆိုတာ အမာကျောဆုံးနဲ့ အခိုင်ခံ့ဆုံးပစ္စည်းပဲ၊ သူတို့ဂိုဏ်းက
ဘကယ့်ကို မာကျောပြီး ကိုင်ရတွယ်ရခက်တဲ့ ဂိုဏ်းပဲ ခုထိ
အစတောင် မပေါ်သေးတာ စဉ်းစားကြည့်လေ"

www.burmeseclassic.com

www.burmeseclassic.com



"ဒါနဲ့ဆရာကိုနန်းထိုက် ခု ဆရာကိုနန်းထိုက်က ဘာလုပ်မှာလဲ"

"ငါက ဦးခွန်သာနဲ့တွေ့ဖို့ ဖုန်းဆက်ပြီးပြီ၊ သူက ခုနစ်နာရီခွဲတိတိမှာ စောင့်နေမယ် ပြောတယ်၊ ဒီတော့ ငါ ဦးခွန်သာကို အလျှင်တွေ့လိုက်မယ်"

"ဦးခွန်သာနဲ့ တွေ့ပြီးရင်. . ."

"တွေ့ပြီးရင်တော့ မင်းသွားနှင့်မယ့် ဇင်ယော်စားသောက်ဆိုင်ကို ငါ လိုက်လာခဲ့မယ်"

"နေဦး"

"ဘာလဲ"

"ကျွန်တော် သွားနှင့်လို့ မဖြစ်သေးဘူး ဆရာကိုနန်းထိုက် ဦးခွန်သာအခန်းထဲမှာ တစ်ခုခုဖြစ်နေရင် ဘယ်လိုလုပ်မလဲ"

*

"ဘာဖြစ်စရာရှိသလဲကွ၊ ဦးခွန်သာ အခန်းထဲမှာ ဦးခွန်သာနဲ့ စကားပြောရုံပဲပေါ့"

"ခု သူတို့ သံမဏိမုဆိုးဂိုဏ်းက ကျွန်တော်တို့ရဲ့ လှု ရှားမှုတွေကို ရိပ်မိစပြုလာပြီ၊ ဦးခွန်သာနဲ့ ပတ်သက်ပြီးတော့



တို့က ကြိုတင်သိနေရင် မလွယ်ဘူး၊ ခုနကိစ္စပဲ ကြည့်လေ"

ဂျမဒါမှူးသာ ပြောသည့်အချက်က မှန်ကန်နေသော ကြောင့် အိုင်အိုနန်းထိုက်က ခေါင်းညိတ်လိုက်၏။

"မင်းပြောတာ ငါ လက်ခံပါတယ်၊ ဒါဆိုရင် ဦးခွန်သာ အခန်းထဲမှာ ငါ စကားပြောတာကို မင်းက စောင့်ကြည့်သေးချင်တဲ့ သဘောလား"

"ဆရာကိုနန်းထိုက် ညွှန်ကြားတာကို ကျွန်တော် လိုက် ရမှာပါ"

"အေး. . . မင်း စိတ်ကူး မဆိုးပါဘူး၊ ငါ အထဲမှာတစ်ခုခု ဖြစ်နေရင် မင်း ကူညီလို့ ရနိုင်တာပေါ့လေ၊ ကဲ. . . ဒါဆိုရင် သွားမယ်၊ ခုနစ်နာရီထိုးကာနီးပြီး ချိန်းထားတော့ ခုနစ်နာရီပဲ"

"နာရီဝက်လောက် စောရောက်တာ ကိစ္စမရှိပါဘူး"

အိုင်အိုနန်းထိုက်သည် စကားဆုံးသည်နှင့် ပန်းခြံထဲမှ ထွက်ကာ စိမ်းရွက်ဝါ တည်းခိုခန်းထဲသို့ ဝင်လာခဲ့လေသည်။

အောက်ထပ် စားသောက်ခန်းထဲတွင် ညစာ စား သောက်နေသူများကို တွေ့မြင်ရသည်။ အားလုံးက ငြိမ်ငြိမ်သက် သည် ခန်းမကျယ်ကြီးထဲသို့ဝင်ကာ ညာဖက်လှေကားသို့ တက် လျှောက်လှမ်းလာရင်း စားသောက်နေသူများကို ဝေ့ကြည့် ရာ အခန်းထောင့် စားပွဲတစ်ခုတွင် ဂျင်မီနှင့်အတူထိုင်၍ စားသောက်နေသော မြကေသီကို တွေ့လိုက်ရ၏။

www.burmeseclassic.com

www.burmeseclassic.com



မြကေသီသည် သူ့ကိုကျောပေး၍ ထိုင်ထားသည်။ နံ့သာ ရောင် အင်္ကျီနှင့်ထမီကို ကိုယ်လုံးပေါ်အောင် ဝတ်ဆင်ထား အဖိုးတန်ရွှေဆွဲကြိုး ရွှေလက်ကောက်တို့ကိုလည်း ဝတ်ဆင်ထား သည်ကို မြင်တွေ့ရသည်။

မြကေသီမှာ သူ၏တာဝန်ကို သူကျေပွန်အောင် သ ဆောင်နေသည်ကို တွေ့ရသောကြောင့် အိုင်အိုနန်းထိုက်သ မျက်နှာလွှဲလိုက်ကာ အပေါ်သို့ ခြေလှမ်း မှန်မှန်ဖြင့် တက်လာခဲ့ တော့သည်။

ပထမအကြိမ် တိတ်တဆိတ် သော့ဖွင့်ကာ သူဝင်ရော ခဲ့ဖူးသော အခန်းဖြစ်သောကြောင့် မည်သို့မျှ ရှာဖွေနေစရာ လှေကားတက်ကာ တစ်ဖက်သို့ ချိုးကွေ့လိုက်သည်နှင့်ပင် ဦး သာ၏ အခန်းတံခါးရှေ့သို့ သူ ရောက်ရှိသွားပြီ ဖြစ်လေသည်။

ယခုအခါတွင်တော့ အိုင်အိုနန်းထိုက်သည် ပုန်း ကွယ်လျှို တံခါးဖွင့်စရာ မလိုတော့ပါပေ။ တွေ့ဆုံရန် ချိန်း ထားပြီးဖြစ်၍ အတွင်းမှ ဦးခွန်းသာ တံခါးဖွင့်ပေးစေရန် လူ ခေါင်းလောင်းကို နှိပ်လိုက်တော့၏။

"တီ တောင်"

"တီ တောင်"

လူခေါ်ခေါင်းလောင်းမှ သာယာသော အသံလေး လာသည်ကို အိုင်အိုနန်းထိုက် အပြင်မှပင် ကြားလိုက်ရလေသ



ခေါင်းလောင်းသံမြည်ပြီး မရှေးမနှောင်းမှာပင်. . . .

"တံခါးကို တွန်းဖွင့်ပြီး ဝင်ခဲ့ပါ"

ဟူသော အသံကို ကြားလိုက်ရတော့၏။

*

"ကွီ. . အိ. . . အိ"

တံခါးကို အားတိုက်တွန်းရွေ့ကာ အိုင်အိုနန်းထိုက်က င်လိုက်ပြီးနောက် ပြန်၍တံခါးဆွဲပိတ်လိုက်သည်။ ထိုအခါ ဧည့် န်းထဲတွင် လူတစ်ဦးတစ်ယောက်မျှ မရှိသည်ကို တွေ့လိုက်ရ သသည်။

စောစောကပင် ဦးခွန်သာ၏အသံကို သူကြားရသေး ည်။ သူ့အား စကားပြောပြီး အိပ်ခန်းထဲများ ဝင်သွားလေ လော့. . .

သူခေတ္တရပ်ကာ အတွင်းသို့ဝင်သွားဟန်တူသည့် ဦးခွန် ၏ ဖိတ်ခေါ်မှုကို တံခါးနားမှရပ်ကာ နားထောင်နေလိုက် ည်။

"ခဏလေး စောင့်ပါ"

www.burmeseclassic.com

www.burmeseclassic.com



အတွင်းမှ အသံကြားလိုက်ရသည်။ ထိုအသံနှင့် မနေ
မနှောင်းမှာပင် အခန်းထဲမှ မီးမှာရုတ်တရက် ငြိမ်သက်သွားကာ
မှောင်အတိ ကျသွားလေတော့သည်။

"ဟင်. . ."

အိုင်အိုနန်းထိုက် အံ့အားသင့်သွားသည်။ အမှော
ကြောင့် အခန်းထဲတွင်ရှိသည့် အရာဝတ္ထုများကို သူ မမြင်ရ
ရတော့ပေ။

"ဦးခွန်သာ ဦးခွန်သာ ခင်ဗျား ဘာလုပ်တာလဲ"

အိုင်အိုနန်းထိုက်က အမှောင်ထဲတွင် သတိထားရင်း
အော်ပြောလိုက်သည်။ ထိုအခိုက်မှာပင် သူ၏ခေါင်းအား တစ်
တစ်ခုက လာရောက်ကာ ရိုက်နှက်လိုက်သည်ကိုသိ၍ အသာ
ခေါင်းငုံ့ပေးလိုက်သည်။

"ဝှ"

ကံကောင်း၍ ဆံပင်များကိုဟပ်ကာ ရိုက်ချက်က
ချော်သွားသည်။ သို့သော် သူ၏ ကိုယ်ခန္ဓာကို လူတစ်ဦးက နော
လက်နှစ်ဖက်ကိုကိုင်ကာ ချုပ်နှောင်ခြင်းကို ခံလိုက်ရ ပြန်သ

အိုင်အိုနန်းထိုက်သည် အမှောင်ထဲတွင်ဖြစ်၍ သူ
နှစ်ဖက်ကို ချုပ်နှောင်ထားသည့် အနေအထားကိုမှန်းကာ
တစ်ဖက်ကို နောက်ဆုတ်ပြီး ထိုသူကို ခါးစောင်းပေါ်တွင်တင်
ကိုင်ပေါက်ချလိုက်လေတော့သည်။



"ဝုန်း. . ."

ကြမ်းပြင်ပေါ်သို့ ထိုသူလွင့်ကာ ကျသွား၏။ သို့သော်
အော်ဟစ်သံတစ်သံကို မထင်မှတ်ဘဲ သူနားထဲတွင် ကြားလိုက်
ရ၏။

"လက်လွန်ခြေလွန်ဖြစ်မယ်ဟေ့! . မီးဖွင့်လိုက်စမ်း"

လူတစ်ဦး၏ အသံနှင့်အတူ မီးခလုတ်ကို ဖွင့်သံကြားရ
၏။

"ဖျောက်"

မီးများက အခန်းထဲတွင် ပြန်၍လင်းလာသည်။ သူရှေ့
တွင် လူစိမ်းများ ရှိနေသည်။ ရှေ့မှလူများကို ရင်ဆိုင်ရန် ကြိုးစား
လိုက်စဉ်မှာပင် သူခေါင်းပေါ်သို့ လေးလံသော အရာတစ်ခုက
လာရောက် ရိုက်နှက်လိုက်လေတော့၏။

"ဒုတ်"

"အား. . ."

အိုင်အိုနန်းထိုက်သည် အခန်းထဲတွင် ခွေကနဲ ကျသွား
လေတော့၏။

*

www.burmeseclassic.com

www.burmeseclassic.com



သူသည် သတိကြီးစွာ ထားသည့်ကြားမှ နောက်မှလူ၏ လက်ဦးမှုကြောင့် ခေါင်းကို အရိုက်ခံရကာ သတိမေ့သွားခဲ့ေ သည်။

သူဘယ်နှစ်မိနစ်မျှ သတိလစ်သွားသည်မသိ။ သူမျက်နှ ပေါ်တွင် ရေများ ဖြန်းကာနဲ အပက်ခံရကာ သတိရလာသည် လှေကားမှ ဆင်းသက်သွားသော အသံကိုလည်း ကြားလိုက်ရ၏ သူမျက်လုံးများကို ဖျတ်ကနဲ ဖြန့်၍ဖွင့်ကြည့်လိုက်သည်။

ဦးခွန်သာ၏ အခန်းထဲမှာပင် ရှိပါသေးသည်။ သို့သေ သူ့အား ဝန်းရံထားသည့် လူများမရှိတော့ပါ။

"ဟင်. . . ဘယ်လိုဖြစ်ရပါလိမ့်၊ ဘယ်ရောက်ကုန်ကြ

သူ ကြောင်စီစီဖြင့် ထရပ်လိုက်စဉ်မှာပင် အောက်ထ ဆူဆူညံညံ အသံများကို ကြားလိုက်ရသည်။ သူအကျီကော စိုစွပ်စွပ် အရာများကို သူ သတိထားမိ၏။

"ဘာတွေများပါလိမ့် သူ့အား ဓားထိုးသတ်ခဲ့သောကြေ သူ့ကိုယ်ခန္ဓာမှ ထွက်သောသွေးများလား"

သူ ကျောကိုစမ်းကာ လက်ကိုကြည့်လိုက်၏။ နီရဲသော သွေးစများကို တွေ့လိုက်ရသည်။ သူ့ကိုယ်ခန္ဓာတွင် နာကျ ရှမှုတော့ မရှိ။ သူ အခန်းထဲမှထွက်ကာ ဝရံတာမှ အောက် ငုံ့ကြည့်လိုက်မိသည်။

"ဟိုမှာ. . ဟိုမှာ လူသတ်သမား"



သူရှိရာသို့ လူတစ်ဦးက လက်ညှိုးထိုးလိုက်သည်။ အောက် ပ် ခန်းမကျယ်ထဲတွင် လူသေအလောင်း တစ်လောင်းကို များက ဝိုင်းကြည့်နေကြခြင်း ဖြစ်၏။ အပေါ်ထပ်သို့ လူများ းတက်လာသည်။

အိုင်အိုနန်းထိုက်သည် ဦးခွန်သာ၏ အခန်းထဲသို့ ပြန် ကာ တံခါးကိုပိတ်လိုက်သည်။ ထို့နောက် နောက်ဖက်ဝရံတာ ဖွင့်ကာ ဝရံတာမှအောက်သို့ ခုန်ချလိုက်တော့၏။

မှုံပျပျ အလင်းရောင်ဖြင့် ပန်းခြံထဲမှဖြတ်ကာ သူ ပြေး က်လာသည်။

"လူသတ်သမား ပြေးပြီဟေ့. . ပန်းခြံထဲက ဖြတ်ပြေး ယ် လိုက်ကြ. . လိုက်ကြ. ."

စိမ်းရွက်ဝါ တည်းခိုခန်းထဲက လူအုပ်ကြီးက ပြေးထွက် သည်။ အိုင်အိုနန်းထိုက်မှာ ဝင်းတံခါးရှိရာသို့ ဦးတည်ကာ လွှား လာခဲ့လေသည်။ အမှောင်ထဲမှ လူအုပ်ကြီးသည် သူရှိ ့ ဒရောသောပါး ပြေးလာနေလေသည်။ မကြာမီ သူ့ကို ဝိုင်း၍ ကြလေတော့သည်။

အိုင်အိုနန်းထိုက်သည် ဝင်းတံခါးဝမှ ပြေးထွက်လာ အခါ ဂျမဒါမှူးသာ၏အသံကို ကြားလိုက်ရ၏။

"ဆရာကိုနန်းထိုက် ကားပေါ် မြန်မြန်တက်ပါ"

ကားတံခါးကို ဖွင့်ပေးရင်း ဂျမဒါမှူးသာက ... ပေး

www.burmeseclassic.com

www.burmeseclassic.com



လိုက်တော့မှပင် အိုင်အိုနန်းထိုက်သည် ကားပေါ်သို့ လျင်မြန်
ခုန်၍တက်လိုက်ရလေတော့၏။ လူစုလူဝေးကြီးမှာ အော် ဟစ်
စိမ်းရွှက်ဝါဝင်းတံခါးဝ၌ပင် ရပ်၍ကျန်ခဲ့ကြလေတော့၏။

*



ဂျမဒါမူးသာသည် ကားကို တဟုန်ထိုးမောင်းထွက်သာခဲ့၏။ နှင်းများ သိပ်သည်းစွာကျနေ၍ ရှေ့မီးနှစ်လုံး ဖွင့်ကာထိုး၍ မောင်းသည့်တိုင် သိပ်ဝေးဝေးမမြင်ရ။ လူသွားလူလာရှင်း၍သာ တော်တော့၏။

"မူးသာ မင်း ဘယ်လိုလုပ် စောင့်နေတာလဲ"

အိုင်အိုနန်းထိုက်က စိမ်းရွှက်ဝါ တည်းခိုခန်းနှင့် အတော်ပင် အဝေးရောက်လာမှ မေးလိုက်၏။

"အပေါ်ထပ်က အသံလုံနေတော့ သိပ်မကြားရဘူး၊ ဒါပေမယ့် ပြဿနာတစ်ခုတော့ ဖြစ်ပြီဆိုတာ ရိပ်မိတယ်၊ လူသုံးလေးယောက်က ပန်းခြံထဲကနေ ဆိုင်နောက်ဖက် ဖြတ်သွားတာ သတိထားလိုက်မိတယ်"

"ဘယ်တုန်းကလဲ"

www.burmeseclassic.com

www.burmeseclassic.com



"ဆရာကိုနန်းထိုက် တည်းခိုခန်းအပေါ်ထပ်ကို တက်စကပဲ၊ ဒါပေမယ့် သူကိုစွန့်သူသွားတဲ့ ဆိုင်အလုပ်သမားတွေ ထင်လို့. . နောက်မှသတိရတာနဲ့ တက်ကြည့်တော့ တံခါးက အသေပိတ်ထားတယ်၊ လူတွေရဲ့ လှုပ်ရှားသံ ကြားရတယ် မသဲကွဲဘူး ဒါကြောင့် ဆရာကိုနန်းထိုက် တကယ်လို့ထွက်လာရင်ဆိုတိုက်ခိုက်ပြေးလွှားပြီး ထွက်လာမယ်ဆိုတာသိလို့ အော်စတင်းကားနဲ့ ခြံဝက အသင့်စောင့်နေတာ"

"တော်သေးတာပေါ့ကွာ. ."

ဂျမဒါမှူးသာသည် လမ်းကွေ့သစ်ပင်ကြီး အောက်တွင် ကားကို ထိုးရပ်လိုက်ကာ ကားမီးများကို ပိတ်ပစ်လိုက်လေသည်၊

"အောက်ထပ်က စားသောက်ခန်းထဲမှာ လူတစ်ယောက် အသတ်ခံရတယ် ထင်တယ်၊ လူတွေ ဝိုင်းအုံနေတယ်။ ငါ့ကို လူသတ်တရားခံထင်လို့ ဝိုင်းလိုက်ကြတာ မင်းအသိပဲ"

"ဟုတ်တယ်. . အဲဒီလူဟာ ဦးခွန်သာ ဖြစ်လိမ့်မယ် အအပေါ်ထပ်က ပစ်ချခံရတာ သတ်ပြီးမှပစ်ချတာ ထင်ပါရဲ့"

"ဟင်. . ဟုတ်လား၊ ဒါဆိုရင်တော့ သူတို့က ဦးခွန်သာကိုလဲ သတ်၊ ငါ့ကိုလဲ လူသတ်တရားခံအဖြစ်နဲ့ ဖမ်းပြီးထည့်နိုင်အောင် လုပ်ကြတာပဲ၊ ငါ သတိရတာ မြန်လို့ ပြေးလာနိုင်တာ တော်တော် အကြံပိုင်တဲ့သူတွေပဲ"

အိုင်အိုနန်းထိုက်က ကားထဲတွင် ဖွင့်ထားသော မီးရောင်



လေးဖြင့် သူ့ခေါင်းကိုစမ်းကြည့်သည်။ စေးပျစ်ပျစ်သွေးနှင့် ခေါင်းမှ ဏ်ရာကို စမ်းသပ်မိလိုက်၏။

"ဒဏ်ရာ တော်တော် ပြင်းသလား"

"သိပ်တော့ မများပါဘူး၊ နည်းနည်းတော့ ပေါက်သွားတယ် ထင်တယ်"

"သွေးထွက်နေသေးလား"

"ဟင့်အင်း. . သွေးစတွေနဲ့ပိတ်ပြီး သွေးတိတ်နေပါပြီ၊ ါဆိုရင် မြကေသီက စားသောက်ခန်းက လူတွေထဲမှာရော နောပေါ့ ဟုတ်လား"

"ဟုတ်တယ် ဆရာကိုနန်းထိုက်၊ သူက သတင်းအကုန် း်ကို စုဆောင်းထားရမှာဆိုတော့ သူ အဲဒီနေရာမှာ ရှိနေတာ န်သူတွေ ဘာဆက်လုပ်တယ်ဆိုတာ ရိပ်မိနိုင်တာပေါ့"

"ရိပ်မိနိုင်တာက အရေးမကြီးဘူး၊ မင်း ဒီကဆင်းပေ တော့. . . ငါ ကားယူသွားတော့မယ်၊ မင်းနဲ့ငါ ပတ်သက် ဆက် ်နေတာ သိပ် လူသိများလို့ မကောင်းဘူး၊ ရန်သူက မင်းနဲ့ငါ ကို ခွဲမြင်ထားပုံရတယ်"

"ဟုတ်တယ် ခု သူတို့က ဆရာကိုနန်းထိုက်ကိုပဲ မဲပြီး တော့ ရန်ရှာနေတယ်၊ သွားမယ်နော်. . ."

*

www.burmeseclassic.com

www.burmeseclassic.com



အိုင်အိုနန်းထိုက်မှာ အန္တရာယ်မရှိဟု ထင်မှတ်သော ဦးခွန်သာ၏ အခန်းထဲသို့ ဝင်သွားခဲ့မိရာမှ ရန်သူကသူ့ကို လ ဦးမှု ရယူသွားခဲ့၏။

ကားကို စက်နှိုးရင်း အိုင်အိုနန်းထိုက် စဉ်းစားလာ သည်။ သူ့က ဦးခွန်သာကိုဖုန်းဖြင့် ဆက်သွယ်သည်ကို သံမဏိ မုဆိုးဂိုဏ်းက မည်သို့မည်ပုံ ရိပ်မိသိရှိသွားသည် မသိ။

စိမ်းရွက်ဝါ တည်းခိုခန်းသို့ စတင်ဝင်ရောက်မိသည် ပင် နှာခေါင်းအုပ်ကာ အဝတ်နက်စည်းနှောင်ထားသော လူ ယောက်၏ လုပ်ကြံတိုက်ခိုက်ခြင်း ခံခဲ့ရသည်။ ထိုစဉ်ကလည်း ဂျမဒါမှူးသာ ဝင်ရောက် တိုက်ခိုက်နိုင်၍သာ အိုင်အိုနန်းထိုက် အသက်မဆုံးရခြင်း ဖြစ်သည်။

ဒုတိယအကြိမ် ဦးခွန်သာ၏ အခန်းထဲတွင် အမှောင် ကာ လုပ်ကြံခဲ့ရခြင်းကြောင့် သူ သတိမေ့သွားခဲ့သည်။ ပ ပန်းခြံထဲတွင် အဝတ်နက်စည်းထားသူများက သူ့ကို အ တိုက်ခိုက်ခြင်း ဖြစ်၏။

ဒုတိယ ဦးခွန်သာ အခန်းထဲက လူများကတော့ သူ့ အသေမတိုက်ခိုက်ဘဲ ခေါင်းကိုသတိမေ့အောင် ရိုက်ခဲ့၏။ သူ ကုတ်အင်္ကျီကို စမ်းသပ် ကြည့်လိုက်သောအခါတွင် အတွင်း လိုင်နာသားကို ဆွဲထုတ်ခံလိုက်ရကြောင်း သိရှိ ရလေသည်။

"ဟင်. . ဘာအဓိပ္ပါယ်ပါလိမ့်"



သူ့ ကုတ်အင်္ကျီအတွင်းမှ ဖဲသားတွင် လက်ဖြင့် ဆွဲဆုတ်ထားသောကြောင့် ချုပ်ရိုးပြုတ်ကာ ကျန်ခဲ့သည့် အပိုင်းအစ များကို ကြည့်ရင်း ဇင်ယော် စားသောက်ဆိုင်ရှိရာ ထားဝယ် ဆိပ်ကမ်းနဖူးသို့ ရောက်လာပြီဖြစ်၍ ကားကိုမီးမှိတ်ကာ လမ်းဘေး တွင် အသာအယာ ထိုးရပ်ထားလိုက်လေတော့၏။

သူ့ပုံစံကို ဤအတိုင်းဖြင့် စားသောက်ဆိုင်ရှိရာသို့ သွား ရန် မသင့်လျော်ပေ။ အိုင်အိုနန်းထိုက်သည် သူ့ကုတ်အင်္ကျီ ချွတ် ကာပစ်လိုက်ပြီး ဆံပင်တွင် ပေကျံနေသော သွေးစများကိုလည်း ဘီးဖြင့်ဖြီးကာ သင်လိုက်သည်။

စားသောက်ဆိုင်မှ မီးရောင်များကို မြင်နေရသည်။ အ သင်းရောင် ကွယ်ရာတွင်ရပ်ကာ တတ်နိုင်သမျှ ခန္ဓာကိုယ်ပေါ် မှ ပေကျံနေသည်များကို သန့်ရှင်းရေးလုပ်နေရသည်။

ကုတ်အင်္ကျီ မရှိတော့သောကြောင့် ရှပ်လက်ရှည်ပေါ်မှ သေနတ်နှင့် သေနတ်အိပ်ကို ဖြုတ်လိုက်ရ၏။ သေနတ်ကိုထုတ်ကာ ဘောင်းဘီကြားတွင် ထိုးလိုက်ရပြီ အင်္ကျီဖြင့် မသိမသာ ဖြန်ဖုံး ထားရ တော့သည်။

ထိုစဉ်မှာပင် သူ့ရှိရာသို့ လျှောက်လှမ်းလာနေသော လူ ရိပ်ကို တွေ့လိုက်ရလေသည်။

"ဟင်. . "

လူရိပ်မှာ လမ်းဟိုဖက်သည်ဖက်ကို ကြည့်ရှ ကဲခတ်

www.burmeseclassic.com

www.burmeseclassic.com



ပြီးနောက် သူ့ရှိရာသို့ တည့်မတ်စွာ လျှောက်လှမ်းလာနေသည် သေချာကြည့်လိုက်တော့မှ ဂျမဒါမှူးသာ ဖြစ်နေသည်ကို ေ လိုက်ရလေသည်။ ဂျမဒါမှူးသာသည် စိမ်းရွက်ဝါ တည်းခိုခန်း တစ်ခေါက်ပြန်ကာ သတင်းစုံစမ်းပြီးနောက် ပြန်လာခဲ့ခြင်း ဖြစ်

ဂျမဒါမှူးသာက စီးကရက်တစ်လိပ်ကို မီးညှိဖွာရှိုက်လို ပြီးမှ အိုင်အိုနန်းထိုက်ရှိရာသို့ ဦးတည်လျှောက်လှမ်းလာက သူ့လက်ထဲတွင် ကိုင်ထားသော အိတ်တစ်လုံးကို ပစ်ပေးလို လေသည်။

"ဆရာကိုနန်းထိုက် ဒီထဲမှာ အဝတ်အစားတွေရော ေ ဗူးနဲ့ မျက်နှာသုတ်ပုဝါပါ ပါတယ်"

"ဟာ. . အတော်ပဲကွာ. . ဒီအတိုင်းကတော့ စုတ်ပြ နေလို့ ဘယ်မှကိုသွားဖို့ မကောင်းဘူး"

အိုင်အိုနန်းထိုက်က သူ့အတွက် ယူလာသော ဝတ်စုံ ဝတ်ဆင်လိုက်၏။ သူ ဝတ်နေကျ မီးခိုးရောင်ကုတ်အကျႌ သက္ကလပ်ဘောင်းဘီတို့ ဖြစ်သည်။ ရေဗူးကြောင့် မျက်နှာနှင့်လ များကို ဆေးကြောပေးလိုက်လေသည်။

အိုင်အိုနန်းထိုက် အဝတ်အစားများ လဲနေသည် ကြည့်ရင်း ဂျမဒါမှူးသာက. . .

"သူတို့က ဦးခွန်သာကို နှုတ်ပိတ်လိုက်ကြတာပဲ ဆ ကိုနန်းထိုက်၊ တည်းခိုခန်းမှာတော့ လူတွေအလုပ်ရှုပ် နေကြ



ပုလိပ်တွေ ရောက်နေတယ်"

ဟု ပြောလိုက်သည်။

"ဦးခွန်သာ ဘယ်လို သေသွားတာလဲ"

"အပေါ်ထပ်ဝရံတာကနေ စားသောက်ခန်းက ထွက် လာတဲ့ စားပွဲထိုးတစ်ယောက်က စမြင်တာ. . စားသောက်နေကြ တဲ့ စားပွဲတွေက အမြင်မှာရှိတာ မဟုတ်လား၊ ရှုတ်တရက်တော့ ကိုယ့်ဝိုင်းနဲ့ကိုယ် စကားပြောနေကြတော့ အပေါ်က ဦးခွန်သာ ရဲ့ အလောင်းပြုတ်ကျလာတာကို မသိဘူး"

"ဟင်. . . ဟုတ်လား"

"ဟုတ်တယ်. . ဆရာကိုနန်းထိုက်"

"သူက အပေါ်မှာကတည်းက အသတ်ခံရတာပေါ့၊ ဒါဆို ရင် ငါလာတဲ့အချိန်နဲ့ ချိန်းသားကိုက်ပြီး လုပ်ကြကြတာပဲ"

အိုင်အိုနန်းထိုက်က သူ့ကို လူသတ်သမားဖြစ်အောင် ထောင်ချောက် ဆင်ထားကြောင်း ရိပ်မိသည်။

"ရင်ဝမှာ ဓားတစ်ချောင်း စိုက်ဝင်နေတယ်၊ သူရဲ့ညာ လက်ထဲမှာတော့ ကြောက်အားလန့်အားနဲ့ သူ့ကိုသတ်တဲ့သူရဲ့ ကုတ်အကျႌကို လှမ်းဆွဲရင်း အတွင်းကဖဲသားစ ပြဲပြီးပါလာသလို မျိုး ဖြစ်နေတယ်"

"အဲဒါ ငါ့ရဲ့ကုတ်အကျႌက အတွင်းသားကိုဖြဲပြီး ဦးခွန် သာရဲ့လက်ထဲကို ထည့်ပေးလိုက်တာပဲ မှူးသာရေ. . တော်တော်

www.burmeseclassic.com

www.burmeseclassic.com



အကြံပိုင်ကြပါပေတယ်"

အိုင်အိုနန်းထိုက်သည် သူ့ကို လူသတ်သမား မဖြစ်ဖြစ်အောင် ထောင်ချောက်ဆင်ထားသည့် သံမဏိမုဆိုးဂိုဏ်းသားများကို ချီးကျူးစကား ဆိုလိုက်၏။

"ပိုပြီးဆိုတာက သူတို့ထဲက လူတစ်ချို့က ဝရံတာကို ထွက်လာတဲ့ လူသတ်သမားကို တွေ့လိုက်ကြသေးသတဲ့၊ အဲဒီ လူရဲ့ပုံက ဆရာကိုနန်းထိုက်ရဲ့ ပုံသဏ္ဌာန်မျိုးလို့ ရောက်လာတဲ့ ပုလိပ်တွေကို ပြောပြသံ ကြားနေရတယ်"

အိုင်အိုနန်းထိုက်က ခေါင်းညိတ်လိုက်သည်။ သူ့ကို ထားဝယ်မြို့တွင် နေထိုင်၍မဖြစ်ရုံသာမက လူသတ်မှုဖြင့် ကြိုးစင်ပေါ်သို့ ရောက်အောင် ကြံဆောင်နေကြခြင်းပင် ဖြစ်လေသည်။

အမှောင်ထဲတွင် ဦးခွန်သာကို ဖမ်းထားသည်။ သူလာမှ မီးဖွင့်ပေးသည့် ဦးခွန်သာကို မှောင်ထဲတွင်ပင် ဓားနှင့်ထိုးသတ်ပြီး သူ့ကိုလည်း သတိမေ့အောင် ရိုက်ချလိုက်သေးသည်။ သဘောက ကိုယ့်စားရိတ်နှင့်ကိုယ် ထောင်ထဲ ဝင်ရုံသာရှိပြီး မည်သို့မျှ ထုချေရှင်းလင်း၍ မရနိုင်အောင် အကွက်ဆင်လိုက်ကြခြင်းပင် ဖြစ်၏။

သို့သော် အိုင်အိုနန်းထိုက် ကံကောင်းသည်က အချိန်တိုအတွင်းမှာ အိုင်အိုနန်းထိုက် ပြန်သတိရ လာသောကြောင့်သာ ပုလိပ်ဖက်ထဲသို့ သက်သေခံနှင့်တကွ အဖမ်းမခံရသေးခြင်း



ဖြစ်သည်။ ဆက်၍ သတိမေ့နေပြီး ပုလိပ်များက ဦးခွန်သာ၏ အခန်းတံခါးကို လာဖွင့်သောအခါမှ သူ့ကိုတွေ့လျှင် သူ ထောင်နန်းစံရတော့မည်။

သံမဏိမုဆိုးအဖွဲ့က ယခုလောက်ဆိုလျှင် ဟားတိုက်ရယ်မောချင် ရယ်မောနေကြပေရော့မည်။ ဂျမဒါမှူးသာသည် အိုင်အိုနန်းထိုက်မှာ လောလောဆယ် လူသတ်တရားခံအဖြစ် စွပ်စွဲခြင်းခံနေရပြီဖြစ်၍ ပုလိပ်ဌာနမှ စုံစမ်းထောက်လှမ်းမှုများကို ရှောင်တိမ်းနေရဦးမည် ဖြစ်သည်။

သံမဏိမုဆိုးအဖွဲ့သည် လောလောဆယ်အားဖြင့် အိုင်အိုနန်းထိုက်၏ လှုပ်ရှားမှုများကို ပညာသားပါပါ ချုပ်နှောင်ထားခြင်းဟုလည်း ဆိုနိုင်ပေတော့သည်။

*

အိုင်အိုနန်းထိုက်သည် အဝတ်အစား လဲလှယ်ပြီးသောအခါ သူ၏ ညကြည့်မီးစုံပါသော နာရီလေးကို ကြည့်လိုက်သည်။ နာရီလက်တံက ညရှစ်နာရီဆယ့်ငါးမိနစ်ကို ညွှန်ပြနေသည်။ လေးဆယ့်ငါးမိနစ်ကြာလျှင် ထားဝယ်ဆိပ်ကမ်းမှ မီးရောင်များ

www.burmeseclassic.com

www.burmeseclassic.com



လင်းနေသော ဇင်ယော် စားသောက်ဆိုင်ရှိရာသို့ ဂျော့ဖိုးသာ ရောက်လာတော့မည် ဖြစ်သည်။

ယခုအချိန်တွင် ဂျော့ဖိုးသာသည် စိမ်းရွက်ဝါ တည်း ခန်း၌ အသတ်ခံလိုက်ရသော ဦးခွန်သာ၏ အခြေအနေကို ရှိဦးမည် မဟုတ်ချေ။

“ဆရာကိုနန်းထိုက် သူတို့ဟာ အဖွဲ့နှစ်ဖွဲ့များ ကွဲ သလား မသိဘူး”

ဂျမဒါမူးသာက အိုင်အိုနန်းထိုက်ကို သူ၏ ထင်မြင်ချ အား ပြောပြလိုက်၏။

“ငါလဲ အဲဒါကို စဉ်းစားနေတာ တကယ်လို့ တစ်ဖွဲ့တ ဆိုရင်တော့ ပန်းခြံထဲမှာတွေ့တဲ့ လူတွေက တို့ကို တိုက်ခို ထွက်ပြေးသွားပြီး တည်းခိုခန်းက ဦးခွန်သာရဲ့အခန်းထဲ ရောက်မနေနိုင်ဘူး။ ပြီးတော့ ဦးခွန်သာရဲ့ အခန်းနေရာက ပ ခြံနဲ့အဝေးကြီး ဘယ်လိုမှအဆက်အသွယ် လုပ်နိုင်တာ မဟု ဘူး၊ နှာခေါင်းကို အဝတ်နက်ပိတ်ထားတဲ့ လူတွေက သူ မပတ်သက်ဘူး”

“သူတို့က ဦးခွန်သာရဲ့လူတွေ ဖြစ်နေချင်ဖြစ်နေမှာ

“ဟုတ်တယ် မူးသာ၊ မူလကတော့ ဦးခွန်သာဟာ တို့အဖွဲ့ရဲ့ အခြေအနေ မသိရသေးလို့ စက်လှေပိုင်ရှင်ချ ဆိုပြီးတော့ အေးအေးဆေးဆေး ပေါင်းသင်းဆက်ဆံပုံရတ



နောက်တော့ သူတို့ဟာ မတရားတဲ့နည်းနဲ့ စက်လှေတွေ သိမ်း ပြီးတော့ ပင်လယ်ပြင်ရဲ့ စီးပွားရေးလုပ်ငန်းတစ်ခုလုံးကို ကြီးစိုး ချင်တဲ့သဘောကိုသိလို့ လမ်းခွဲထွက်တာ ထင်တယ်”

“ဦးခွန်သာ ကိုယ်တိုင်ကရော သူတို့ကို သူ့လူတွေနဲ့ အစိုးရပိုင်းကို အသိမပေးဘဲ တိတ်တဆိတ် ရင်ဆိုင်တိုက်ခိုက်နေ တာကို မဖြစ်နိုင်ဘူးလား ဆရာ”

အိုင်အိုနန်းထိုက်က စီးကရက်တို့ တစ်လိပ်ကို မီးညှိရင်း ခေါင်းညိတ်လိုက်သည်။

“အဖွဲ့နှစ်ဖွဲ့ တို့တွေးတဲ့အတိုင်း ကွဲနေတာမှန်ရင်တော့ တစ်ဖွဲ့က ဦးခွန်သာရဲ့လူတွေဖြစ်ဖို့ များတာပေါ့၊ ဦးခွန်သာကဇာ ်းဆက်တဲ့ငါဟာ သူတို့အဖွဲ့က ဂျော့ဖိုးသာကို သိတဲ့လူဆိုတော့ ယ်သူဖြစ်ဖြစ် အလုပ်ရှုပ်၊ ခေါင်းရှုပ်မခံဘဲ ကြိုရှင်းခိုင်းလိုက်လို့ ကို ပန်းခြံထဲကစောင့်ပြီး တိုက်ခိုက်တာလို့ ထင်ရတာပဲ”

“ဒါဆို အခု ဂျော့ဖိုးသာဟာ ကျွန်တော်တို့အတွက် သိပ် ရေးကြီး အလွတ်ခံလို့ မဖြစ်တဲ့လူ ဆိုပါတော့”

“ဟုတ်တယ် မူးသာ၊ ဒီသံမဏိမုဆိုးဂိုဏ်းကို ဂျော့ဖိုး ကသာ တို့ကိုဖော်ထုတ် ပြောကြားရမှာပဲ၊ သူကလဲ ဘယ်သူ က်ကဆိုတာ တို့ မသိရသေးဘူး၊ သံမဏိမုဆိုးဂိုဏ်းဝင် ဖြစ် ပြီးတော့ ဦးခွန်သာဆီမှာ သူလျှိုလုပ်ပြီးတော့ တာဝန်ထမ်း ဆောင်နေသလားဆိုတာ ခွဲခြားလို့မရသေးဘူး”

www.burmeseclassic.com

www.burmeseclassic.com



"ဒီအတိုင်းဆိုရင် အခြေအနေက ပိုပြီးရှုပ်ထွေးလာ
သဘောပေါ့"

"ရှုပ်တယ် ဆိုပေမယ့် အစတွေပေါ်လာပြီလို့တော့ ပြေ
ရမှာပဲ၊ အဲဒီအစတွေကို တို့က မိမိရရဆွဲနိုင်ဖို့ လိုအပ်တယ်"

ဂျမဒါမူးသာသည် အချိန်လိုသေးသောကြောင့် ကား
ခါးကိုဖွင့်ကာ ကားထဲတွင် ဝင်ထိုက်လိုက်လေသည်။ အိုင်အိုန
ထိုက်ကလည်း စီးကရက်ကိုသောက်ကာ တွေးတောနေသည
ခဏကြာမှ. .

"မူးသာ. ."

"ပြောပါ ဆရာကိုနန်းထိုက်"

"မင်းတွေးဖို့ ကျန်ခဲ့တဲ့အချက်တစ်ချက် ရှိသေးတယ်"

"ဘာများလဲ"

"ညနေက ငါနဲ့ကေသီတို့ ဈေးနားက လွှက်ရည်ဆိုင်
ထိုင်နေကြတုန်းက ရန်ကုန်က ဂျွန်စမစ်ရဲ့ညီမ အေမီနဲ့ အာ
ကုမ္ပဏီက ဂျင်မီတို့ ထားဝယ်ကို ရောက်လာကြတယ်၊ သူတို
ငါ့ကို မှတ်မိသွားတယ်လို့ ပြောခဲ့တယ်လေ"

"ဟုတ်တယ်လေ ဆရာကိုနန်းထိုက်၊ ဒါကြောင့်ဆော်
သူတို့ ဘာလုပ်သလဲဆိုတာ သိချင်လို့ မြကေသီကို ဆ
ကိုနန်းထိုက်က ဂျင်မီနဲ့ရင်းနှီးအောင် မိတ်ဖွဲ့ခိုင်းတာ မဟုတ်လာ

"ဟုတ်တယ်. . .၊ သူတို့ဟာ သူမောင်သေဆုံးရတဲ့



ကို လာတာသက်သက် မဟုတ်ဘူး ဆိုရင်တော့ အထော်
ကြာက်စရာ ကောင်းအောင် လုပ်ရပ်ထဲမှာ သူတို့ပါနိုင်တယ်၊
းသာ"

*

အိုင်အိုနန်းထိုက် ထောက်ပြလိုက်သော အချက်ကြောင့်
မဒါမူးသာသည် အံ့အားသင့်သွားသည်။

"ဒီ အေမီဆိုတဲ့ မိန်းမကို ကျွန်တော် သေချာမတွေ့ဘူး
သေးဘူး"

ဂျမဒါမူးသာက အေမီနှင့်မျက်နှာချင်းဆိုင် မဆိုင်ဘူး
သေးသောကြောင့် မခန့်မှန်းနိုင် ဖြစ်နေသည်။

"သူ့မျက်လုံးတွေကတော့ သိပ်ပါးနပ်တယ်၊ ဂျွန်စမစ်
အိမ်မှာကတည်းက ငါ အကဲခတ်မိတယ်၊ ဒီလို မျက်လုံးပိုင်ရှင်
ာ ရက်ရက်စက်စက် အလုပ်တွေကို သွေးအေးအေးနဲ့ လုပ်နိုင်
ဲ့ မျက်လုံးမျိုးကွ"

အိုင်အိုနန်းထိုက်က သူ လေ့လာအကဲခတ်ဖူးသည့် မစ္စ
အေမီ၏ အသွင်အပြင်ကို ပြောပြလိုက်လေသည်။ ဂျမဒါမူးသာ
ကတော့ မည်သို့မျှ ထင်မြင်ချက်မပေးနိုင်ဘဲ အိုင်အိုနန်းထိုက်၏
ဆချက်ကိုသာ နားထောင်လျက် ရှိ၏။

www.burmeseclassic.com

www.burmeseclassic.com



"မင်း စဉ်းစားကြည့် သံမဏိမုဆိုးအဖွဲ့ဟာ သူတို့ဂိုဏ်းကို ကာကွယ်ဖို့အတွက် လူသုံးယောက်တိတိ သတ်ပစ်လိုက်ပြီ၊ ပထမတစ်ယောက်က ဂျော့ဖိုးသာ နောက်ကိုလိုက်တဲ့ ရာဇဝတ်အုပ် ဦးသိုက်ထွန်း၊ ဒုတိယ အာမခံအဖွဲ့ကငှားတဲ့ စုံစမ်းရေးသမား ဂျွန်စမစ်၊ ခု . . . ဦးခွန်သာ"

"ဟုတ်တယ် ဆရာကိုနန်းထိုက်၊ သူတို့ဂိုဏ်းရဲ့ ကိစ္စတွေ မပေါ်အောင် သူတို့က လက်ဦးမှုနဲ့ လမ်းစဖျောက်တဲ့ သဘောတွေလို့ ပြောရမှာပဲ"

"ဒါဆိုရင်တော့ တို့အခု လျှို့ဝှက်ပြီးတော့ သံမဏိမုဆိုးဂိုဏ်းကို လိုက်လံထောက်လှမ်းနေတာ သိပ် မလုံခြုံတော့ဘူး ဆိုတာ ထင်ရှားနေပြီ"

အိုင်အိုနန်းထိုက်က မီးလောင်၍တိုသွားသော စီးကရက်ကို မြေကြီးပေါ်သို့ချကာ တက်နင်းရင်းက ပြောလိုက်လေသည်။

"အရေးကြီးတာက စိမ်းရွက်ဝါက တည်းခိုနေတဲ့ လူအချို့က ဆရာကိုနန်းထိုက်ကို တရားခံပါလို့ ထွက်ဆိုကြတာပဲ"

"သူတို့ ငါ့ရဲ့နာမည်ကိုတော့ မသိကြသေးပါဘူးကွ"

"နာမည် မသိပေမယ့် ပုလိပ်တွေက လူပုံပန်းနဲ့ သက်သေခံတွေ အရ လိုက်စုံစမ်းမှာပဲ၊ ဘာဖြစ်သလဲဗျာ . . . ပုလိပ်က စုံစမ်းလို့ တွေ့တော့လည်း ဌာနချုပ်က လျှို့ဝှက်ညီနှိုင်း



ပြီး သံမဏိမုဆိုးဂိုဏ်းကို ထောက်လှမ်းနေတာ ဖွင့်ပြောလိုက်ပေါ့"

အိုင်အိုနန်းထိုက်က ခေါင်းခါလိုက်သည်။

"မဖြစ်နိုင်ဘူး၊ ပုလိပ်တွေက ဒါကိုယုံကြည်ပြီး သဘောတူမှာ မဟုတ်သလို စီအိုင်ဒီက ရာဇဝတ်ဝန် မေဂျာအောင်ဒင်ကလည်း ဒါကိုသဘောတူပြီး တို့ဖက်က ကာကွယ်ပေးမှာ မဟုတ်ဘူး၊ ဒီကိစ္စက မပေါက်ကြားသင့်တဲ့ အဲထူးလျှို့ဝှက် ကိစ္စလေ"

"ဒါဆိုရင် . . . ဆရာကိုနန်းထိုက် ဘယ်လိုလုပ်မလဲ ပုလိပ်တွေနဲ့ သံမဏိလူဆိုးဂိုဏ်းက လူတွေရဲ့ကြားမှာချောင်ပိတ်မိသလို ဖြစ်နေပြီ။"

"ဟုတ်တယ်၊ ပုလိပ်တွေကလဲ လူသတ်တရားခံကို မိအောင် လိုက်မှာပဲ၊ ဂျွန်စမစ်ညီမ အေမီကသာ ဒီကိစ္စမှာ ပါနေရင် သူကလဲ ငါ့ကိုလူသတ်တရားခံ အဖြစ်ပုလိပ်တွေ မဖမ်းမိဖို့ လှုပ်ရှားလာမှာ အမှန်ပဲ၊ သံမဏိမုဆိုးဂိုဏ်းကတော့ ရှိပြီးသား ရန်သူဆိုပါတော့ "

အိုင်အိုနန်းထိုက်၏ အခြေအနေမှာ တကယ်ပင် ခလွယ်ကူလှပါ၊ သူတွင် ဘေးပတ်ဝန်းကျင်မှ ရန်သူများဝိုင်းနေပြီ ဆိုသည်ကို သူ သတိထားမိလိုက်သည်၊ သံမဏိမုဆိုးဂိုဏ်းမှာ အိုင်အိုနန်းထိုက်ကို ရင်ဆိုင်ရာတွင် ပထမအဆင့် အောင်မြင်သွားပြီဟု ဆိုနိုင်သည်။

စနစ်တကျ စီစဉ်ထားသော်လည်း ကံတရားကြောင့်

www.burmeseclassic.com

www.burmeseclassic.com





အိုင်အိုနန်းထိုက်မှာ အချုပ်ထောင်အ်ဝမ် သီသီလေး လွတ်မြောက်လာခဲ့ခြင်း ဖြစ်၏။

"ကဲ. . မူးသာ ငါ့အတွက် မင်း သိပ်ခေါင်းရှုပ် ခံမနေနဲ့ ငါ့ဇဲ ဒါကိုဆက်ပြီးတော့ စဉ်းစားမနေတော့ဘူး၊ တို့လုပ်စရာရှိတဲ့ အလုပ်ကို ဆက်လုပ်ကြမယ်၊ ခု. . . ကိုးနာရီ ထိုးကာနီးပြီ ဒီတော့. . . ဂျော့ဖိုးသာလာမှာ မဟုတ်တော့ဘူး"

ဂျမ်ဒါမူးသာ ပြောသည်မှာလည်း ဖြစ်နိုင်ဖွယ် ရှိသည်၊ စိမ်းရွက်ဝါတွင် တည်းခိုနေခဲ့သော လူများထဲ၌ ဂျော့ဖိုးသာနှင့် ပတ်သက်သောသူ မပါဝင်ဟု မဆိုင်နိုင်. . . .

အကယ်၍ ဂျော့ဖိုးသာနှင့် အဆက်အသွယ်ရှိသူ တစ်ဦးဦး စိမ်းရွက်ဝါ တည်းခိုခန်းတွင် အခင်းဖြစ်ပွားသည့် အချိန်၌ ရှိနေခဲ့မည်ဆိုပါက ဂျော့ဖိုးသာကို အချိန်မီ ဆက်သွယ်ပြောကြားလိမ့်မည်မှာ အမှန်ပင်. . .

"ဂျော့ဖိုးသာ ဖုန်းနဲ့အကြောင်းကြားတာ ဆိုတော့ သူ့လူက စိမ်းရွက်ဝါမှာ ရှိချင်ရှိမယ်၊ ရှိရင်ဇဲ ဒီအကြောင်းကို သိနိုင်ဖို့ မလွယ်ဘူး"

"ဦးခွန်သာနဲ့သူ ချိန်းဆိုတဲ့ ကိစ္စလား"

"ဟုတ်တယ်၊ တစ်ခြားလူ မသိစေချင်တဲ့အတွက် လူမလွတ်တော့ဘဲ တယ်လီဖုန်းနဲ့ အကြောင်းကြားတာပေါ့၊ ကဲ. . တို့ဇင်ယော် စားသောက်ဆိုင်ကို သွားကြစို့. . မင်းနဲ့ငါ လူခွဲပြီးဝင်မှဖြစ်မယ်၊ ကိုးနာရီ ထိုးကာနီးပြီ မူးသာ"

ကားတံခါးကို ပိတ်လိုက်သည်။ ထို့နောက် သူတို့နှစ်ဦးသည် ခေါင်းချင်းဆိုင်ကာ ဇင်ယော်စားသောက်ဆိုင်တွင် ဂျော့ဖိုးသာကို ရင်ဆိုင်ဖို့ကိစ္စအား တိုင်ပင်လိုက်ကြလေသည်။ ခဏကြာသောအခါ ကားအနီးမှ သူတို့နှစ်ဦး ထွက်ခွာလာခဲ့တော့၏။

*

ဇင်ယော် စားသောက်ဆိုင်။

ဇင်ယော် စားသောက်ဆိုင်သည် ထားဝယ်ဆိပ်ကမ်းရှိ ငွေကြေးချမ်းသာသော လေ့သမားများ၏ ပျော်စံရာဟု ဆိုနိုင်၏။ တ်မြင်းပျံ စားသောက်ဆိုင်ကဲ့သို့ ဆင်းရဲသားလူတန်းစားများ င်ရောက်နိုင်သော ခပ်ငယ်ငယ်ဆိုင်မျိုး မဟုတ်။

အမိုးနှစ်ထပ်နှင့် ကြီးမားလှသော ဆိုင်ကြီးဖြစ်သည်။ များကို ထိန်လင်းအောင် ထွန်းညှိထားသည့် အနုံးပင်များကြား င် စည်ကားနေသော ဇင်ယော် စားသောက်ဆိုင်ကို အဝေး ငင် တွေ့နေရလေ၏။

www.burmeseclassic.com

www.burmeseclassic.com



ဖင်ယော် စားသောက်ဆိုင်ထဲတွင် လော်င်းကစားဝိုင်းလည်း ရှိသည်။ အရှေ့ဘက် စားသောက်စားပွဲများမှဖြတ်ကာ စားသောက်ဖွယ်ရာ ချက်ပြုပ်နေသည့် မီးဖိုဘေးမှတံခါးရွက်ကို တွန်းဖွင့်၍ဝင်လိုက်မည်ဆိုပါက ဖဲဝိုင်း၊ အံစာဝိုင်းနှင့် လေးကောင်ဂျင်ဝိုင်းတို့ ကစားသောကစားပွဲသို့ ရောက်ရှိသွားမည် ဖြစ်သည်။ သို့သော် ထိုကစားဝိုင်းများ အနီးကပ်ဖို့ဆိုသည်မှာ မလွယ်ပါ။

ငွေကြေး နည်းနည်းပါးပါးဖြင့် ဝင်ရောက် မကစားနိုင်၊ ထိုခေတ်ငွေထောင်ချီ၍ ကိုင်ဆောင်နိုင်သူများသာ တံခါးစောင့်က ဝင်ခွင့်ပေးသည်။ ပါလာသော အနည်းဆုံးငွေကြေး၏ပမာဏကို အကြမ်းပြင်တံခါးစောင့်ကို ပြောဆိုပြသရသည်။

အတွင်းပိုင်းတွင် ကစားနေကြသည်မှာလည်း တကယ့်စက်လှေ ပိုင်ရှင်များ၊ သူဌေးသားများနှင့် ကုန်သည်ကြီးများသာ ဖြစ်သည်။ ကစားဝိုင်း အဝင်အပေါက်ဝရှိ ကောင်တာတွင် ငွေကိုတုံကင်ချောင်းများဖြင့် လဲလှယ်ပြီးမှ ဝင်ကစားရသည်။

တစ်ကြိမ်ကစားဖို့အတွက် တစ်ရာတန်တုံကင်ချောင်း အနည်းဆုံးနှစ်ဆယ် လဲလှယ်၍ယူရသည်။ ကစားဝိုင်းမှပြန်လိုလျှင် မိမိရရှိလာသော တုံကင်များကို ထိုကောင်တာမှာပင် ငွေနှင့်ပြန်လဲယူရ၏။ တုံကင်လဲလှယ်ရာအနီးတွင် အလွန်ထွားကြိုင်းလှသော လူသန်ကြီးနှစ်ဦးက ရပ်နေသည်။ သူတို့လက်ထဲတွင် လည်းပင်လယ်ဓားပြများ အသုံးပြုလေ့ရှိသော အဖျားကော့နေသည့်



ဓားမောက်ကြီးများကို ကိုင်ဆောင်ထားကြ၏။

ငွေလဲလှယ်မှုကတော့ သမာသမတ် ရှိသည်။ ...သော တုံကင်ချောင်း အတိအကျကို လဲလှယ်ပေးသည်။ ...၍တုံကင် တစ်ချောင်းမှလည်းမရှိ၊ ငွေထပ်ထုတ်၍ မလဲလှယ် ...င်တော့ပါက မိနစ်ပိုင်းအတွင်း လော်င်းကစားခန်းမှ မောင်းထုတ်...ခြင်း ခံရမည် ဖြစ်လေသည်။

အိုင်အိုနန်းထိုက်နှင့် ဂျူဒါမူးသာတို့သည် ထားဝယ်သို့ ...လာမီကတည်းကပင် မြေပုံများ၊ မှတ်စုများဖြင့် ထားဝယ်ရှိ စား...သောက်ဆိုင်၊ အပန်းဖြေရိပ်သာ၊ . လော်င်းကစား...ဝိုင်းများအကြောင်းကို စနစ်တကျ လေ့လာခဲ့ကြပြီးသား ဖြစ်လေ...သည်။

အိုင်အိုနန်းထိုက်သည် စားသောက်ခန်းမထဲသို့ ဝင်...ရောက်လာကာ စားသောက်နေကြသူများကြားထဲတွင် ဂျော့ဖိုး...သာရှိမရှိကို အကဲခတ်ကာ ကြည့်ရှုလိုက်တော့သည်။

"ဟင်. . ."

စားပွဲဝိုင်းနှစ်ဆယ်ခန့်တွင် ငါးဝိုင်းခန့် ပြည့်နေကာ စား...သောက်နေသူများမှာလည်း နှစ်ဦး၊ သုံးဦးစီဖြင့် ကိုယ့်ဝိုင်းနှင့် ကိုယ်...ညီကားလျက်ရှိသည်။ စကားသံများကလည်း ဆူဆူညံညံ ဖြစ်နေ...သည်။

တစ်ဝိုင်းပြီးတစ်ဝိုင်း မျက်လုံးကစား၍ ကြည့်...သော်

www.burmeseclassic.com

www.burmeseclassic.com



…သည့် ဂျော့ဖိုးသာနှင့်တူသူကိုတော့ မမြင်ရပေ။ ဂျော့ဖိုးသာသည် ရုပ်ရည်အားဖြင့် အင်္ဂလိပ်ကပြားဆန်ဆန် ချာတဲပေါ်ပေါ် အရပ်မြင့်မြင့်နှင့် ဖြစ်၏။ စားပွဲထိုးလေး တစ်ယောက်က သူ၏အနီးသို့ ရောက်ရှိလာသည်။

"ဘာ အလိုရှိပါသလဲ ခင်ဗျား"

"ဝီစကီနှစ်ပက်လောက်ပဲ ပေးပါ"

"ဝီစကီနှစ်ပက်ဆိုရင် အမည်းတစ်ပွဲပါမှ ရပါမယ်၊ ဘာအမည်းများ သုံးဆောင်ချင်ပါသလဲ"

"အခေါက်ကင် အသားကင် တစ်ပွဲပေးကွာ"

"ဆော်ဒါ ယူဦးမလား"

"မယူပါဘူး"

စားပွဲထိုးလေး ထွက်ခွာသွားသည်။ ဆိုင်ထဲမှာ လူများကိုကြည့်ကာ ဂျော့ဖိုးသာ လာမှလာပါတော့မည်လား၊ သို့မဟုတ် လောင်းကစားဝိုင်းမှာပင် ရောက်ရှိနေသလားဟု တွေးတောလိုက်မိလေသည်။ ဝီစကီနှင့် အမည်းပန်းကန်ကို လာချပေးသော စားပွဲထိုးလေးကို အိုင်အိုနန်းထိုက်က. . .

"အထဲမှာ ကစားဝိုင်းတွေ စည်နေပြီလား"

ဟု မေးလိုက်သည်။

"ကစားဝိုင်းကတော့ ဒီအချိန် အမြဲစည်ကားနေတာပါပဲ. . .၊ အစ်ကိုက ကစားချင်လို့လား"



"အေးကွာ. . ဝီစကီနှစ်ပက်သောက်ပြီးရင်တော့ ကစားဝိုင်းဖက် ပြောင်းဦးမှထင်ပါရဲ့"

ဝီစကီကိုငုံကာ သောက်လိုက်သည်။ သည်တော့မှပင် အိုင်အိုနန်းထိုက်၏ ရင်ထဲတွင် နွေးထွေးသွား၏။ ခေါင်းမူရ ထားသော ဒဏ်ရာနှင့် တစ်နေ့လုံး ပင်ပန်းနွမ်းနယ်ခဲ့မှုကြောင့် ဝီစကီနှစ်ပက် ကုန်အောင်သောက်ကာ လောင်းကစားဝိုင်း ရှိရာသို့ ထလာခဲ့သည်။ တံခါးပေါက်ဝသို့ အရောက်တွင် အတွင်းမှတံခါးကို ဖွင့်ပေးလိုက်လေသည်။

အိုင်အိုနန်းထိုက်သည် လောင်းကစားဝိုင်းများရှိရာသို့ ပါးနပ်သော မျက်လုံးများဖြင့် တစ်ချက်ကြည့်လိုက်လေသည်။ အခန်းထဲတွင် ကစားဝိုင်းသုံးဝိုင်း ရှိသည်။ အံစာဝိုင်း တစ်ဝိုင်း၊ ဖဲဝိုင်းတစ်ဝိုင်းနှင့် လေးကောင်ဂျင်ဝိုင်း တစ်ဝိုင်းဖြစ်၏။

"ဟော့လူ. . တုံကင်လဲ့လေ. . အနည်းဆုံး နှစ်ထောင်ဖိုးလဲရမယ်နော်. ."

တံခါးဖွင့်ပေးသော တရုတ်ကပြား လူပိန်ပိန်လေးက အိုင်အိုနန်းထိုက်ကို အမိန့်ပေးလိုက်လေသည်။

"လဲမှာပါဗျ၊ ကျုပ်မိတ်ဆွေတွေ ရောက်ပြီလားလို့ ကြည့်နေတာ"

အိုင်အိုနန်းထိုက်က ငွေကိုနှိုက်ရင်း ကြည့်လိုက်လေသည်။ ထိုအခါ ဝီစကီပုလင်းတစ်လုံး ဘေးတွင်ထောင်ကာ အံစာ ဝိုင်း

www.burmeseclassic.com

www.burmeseclassic.com



တွင်ထိုင်၍ ကစားနေသော ဂျော့ဖိုးသာကို တွေ့လိုက်ရလေသည်။ ဂျော့ဖိုးသာသည် ရှပ်ဖျက်မထားပါ။ သူသည် ပင်ကိုယ် မျက်နှာဖြင့်မင် အံစာဝိုင်းတွင် ဒိုင်ကိုင်နေသည်။

"ကျုပ်ကို တုံကင်နှစ်ထောင်ဖိုး ပေး. ."

ငွေစက္ကူများထုတ်ပေးကာ တုံကင်အနီချောင်းများကို ယူကာ ဂျော့ဖိုးသာ၏ဝိုင်းသို့ ဦးတည်လာခဲ့၏။ ဂျော့ဖိုးသာဝိုင်း တွင် ထိုးသားနှစ်ဦးသာ ရှိသည်။ ထိုထိုးသားတို့၏ လက်ထဲတွင် လည်း တုံကင်ချောင်း သုံးလေးချောင်းသာ ရှိတော့သည်။

"လာ— ကိုယ်ထိုးမှ ကိုယ်ရမှာ ရပ်ကြည့်လို့ မပြတ်မနေ ဘူး"

အိုင်အိုနန်းထိုက်သည် ပတ်ဝန်းကျင် အခြေအနေကို ကြည့်လျက် အံစာဝိုင်းတွင်ဝင်၍ ထိုက်လိုက်လေတော့သည်။ ခွက်ထဲတွင် အံစာကိုထည့်ကာလှုပ်ရင်း ဂျော့ဖိုးသာက ထိုးသား များ စောင့်နေသည်။

အိုင်အိုနန်းထိုက်က ဂျော့ဖိုးသာရှေ့တွင် ဝင်ထိုင် လိုက်သည်။ ဂျော့ဖိုးသာက အရက်သောက်ထားသည့် မျက်နှာ ထူအမ်းအမ်းကြီးဖြင့် လှမ်းကြည့်ရင်း. .

"ထိုး. . အံစာ ခြောက်ကွက်မှာ ကြိုက်တာထိုးပါ"

ဟုပြောကာ အံစာခွက်ကာ လှုပ်ခါရင်း မှောက်ထားလိုက် လေတော့သည်။ အိုင်အိုနန်းထိုက်မှာ အံစားတုံး ခေါက်သည့် အ



သံနှင့် မှောက်ချသည့်အသံကို နားထောင်ရင်း အကွက်ခြောက် ကွက်ကို တစ်ခြမ်းလျှင် သုံးကွက်စ ချထားသည့်အထဲမှ 'တစ်၊ နှစ်၊ သုံး' အံစာပုံများရေးထားသော အခြမ်းဖက်တွင် တုံကင် ချောင်း ငါးချောင်းကို ပစ်ချလိုက်သည်။

"ဖယ်. . လက်ရှောင်ပေါက်ကောင် ဖွင့်မယ်"

သုံးချောင်းစီသာ ကျန်တော့သည့် လူနှစ်ဦးက သူတို့၏ တုံကင်များကို ဂဏန်းကြီးသော 'လေး၊ ငါး၊ ခြောက်' အံစာပုံ များရှိရာတွင် အကုန်ထိုးလိုက်ကြလေသည်။ အံစာခွက်ကို ဂျော့ ဖိုးသာက ဆွဲမလိုက်လေသည်။

"ဟာ. ."

"သွားပြီ"

သူ့အလျင် ရောက်နေသော အံစာကစားနေသည့် လူ နှစ်ယောက်၏ စိတ်ပျက်ညည်းညူသံများ ထွက်ပေါ်လာသည်။ ဂျော့ဖိုးသာက သူတို့နှစ်ဦး၏ တုံကင်ခြောက်ချောင်းကိုယူကာ အိုင်အိုနန်းထိုက်ကို တုံကင်ငါးချောင်း ပစ်ပုံပေးလိုက်လေတော့ သည်။

ဂျော့ဖိုးသာမှာ အံစားဝိုင်းတွင် နိုင်ထားပုံရသည်။ သူ့ ရှေ့တွင် တုံကင်ချောင်း လေးငါးခြောက်ဆယ် ပုံ၍နေသည်ကို တွေ့ရလေသည်။

"တော်ပြီကွာ. . ပါတာကုန်ပြီ"

www.burmeseclassic.com

www.burmeseclassic.com



"ကုန်ရင် ပြန်ကြတာပေါ့"

လူနှစ်ဦးက ထ၍ထွက်သွားတော့သည်။ အံစာဝိုင်းတွင် ဂျော့ဖိုးသာနှင့် အိုင်အိုနန်းထိုက်တို့နှစ်ဦး မျက်နှာချင်းဆိုင် ကျန်ရစ်ခဲ့လေတော့၏။

"ကဲ. . ထိုးလေ ညီလေး၊ နှစ်ယောက်တည်း သူနိုင်ကိုယ်နိုင်ပေါ့"

အံစာကိုခေါက်ရင်း ဂျော့ဖိုးသာက ပြောလိုက်ပြီး ခွက်ကို မှောက်ထားလိုက်ပြန်သည်။ အိုင်အိုနန်းထိုက်သည် ယခုတစ်ကြိမ်တွင် လေးဂဏန်းကစသော အကွက်ကြီးဖက်တွင် အံစာဆယ်ချောင်းကိုချကာ ထိုးလိုက်လေသည်။

"ဖွင့်မယ်နော်. . "

"ဖွင့်ပါ"

"ဟာ. . ခြောက်ဂဏန်း ကျတယ်ကွာ"

ဂျော့ဖိုးသာသည် တုံကင်များရေတွက်ကာ အိုင်အိုနန်းထိုက်ဖက်သို့ ပစ်ပေးလိုက်ရပြန်လေသည်။ အိုင်အိုနန်းထိုက်မှာ တုံကင်ချောင်းများကို သိမ်းရင်းမှ ဂျော့ဖိုးသာကို အကဲခတ် ကြည့်ရှုလိုက်၏။

ဂျော့ဖိုးသာသည် သူ့ကို သိပုံမရပါ။ ကစားကမား တစ်ဦးဟုသာ ထင်နေပုံရသည်။ နောက်တစ်ကြိမ်ထပ်ကာ အံစာကို လှုပ်ရင်း ခွက်ကို မှောက်လိုက်ပြီ"



"ငါ့ညီနိုင်တာ နှစ်လှည့်ရှိပြီနော်. . ကံတရားက မင်းဖက်က သာနေတယ်၊ ကဲ. . ဒီတစ်ခါ ဘယ်သူနိုင်မလဲ ကြည့်ရအောင်"

အိုင်အိုနန်းထိုက်က ဂဏန်းငယ်ဖက်တွင် တုံကင် ချောင်း (၁၀)ချောင်းခန့်ချကာ ထိုးလိုက်၏။ တုံကင်ချောင်းများ ချပြီးသည်အထိ စောင့်ကာ ဂျော့ဖိုးသာက အံစာခွက်ကို လှန်လိုက်သည်။

"ဟာ. . လုပ်ပြန်ပြီကွာ. . ခွေးမသားအံစာတုံး. . . အငယ် ကျပြန်ပြီ"

မကျေမနပ်ဖြင့် ဂျော့ဖိုးသာက တုံကင်ချောင်း ဆယ်ချောင်းကို ရေတွက်လျော်လိုက်ရ၏။ အိုင်အိုနန်းထိုက်ကို အံစာရှုံးလာသောကြောင့် ဂျော့ဖိုးသာမှာ ဒေါသထွက်လာဟန် ရှိသည်။ ရှုံးမဲမဲသည့် သဘောဖြင့် သူ့အောက်မှ တုံကင်ချောင်း များကို ရွှေ့သို့တွန်းကာ

"ကဲ. . မင်းနဲ့ငါနဲ့ ကစားရတာ ကြာတာယ်၊ အရှုံးအနိုင် မြန်မြန်ပေါ်အောင် မင်း ကြိုက်တဲ့ဖက်ကနေ ငါ ကြိုက်တဲ့ဖက်က နေမယ်"

အိုင်အိုနန်းထိုက် ခေါင်းခါလိုက်သည်။

"ဒီလိုလုပ်လို့ ဘယ်ဖြစ်မလဲ"

"ဘာလို့လဲ မင်းက ကြောက်လို့လား"

www.burmeseclassic.com

www.burmeseclassic.com



"ကျုပ်က ရှုံးမှာမကြောက်ပါဘူး၊ ဒါပေမယ့် တရားမျှမျှ တတပဲ ရှုံးချင်တယ်"

အိုင်အိုနန်းထိုက်က ခပ်တည်တည် ပြောလိုက်သော ကြောင့် ဂျော့ဖိုးသာက. .

"ဘာလဲ ငါက မတရားလုပ်မယ် ထင်လို့လား"

"ဒီလို မဟုတ်ပါဘူး၊ ကျုပ်က အံစာခေါက်တဲ့ အသံ နားထောင်ပြီးမှ ကျုပ်ကြိုက်တာ ထိုးတာပဲ၊ ကျုပ် သင်္ကေတနဲ့ ကျုပ် ဒီတော့ ခင်ဗျားအံစာ ခေါက်ပါ၊ ပြီးရင် ကျုပ်ရှိတာ အကုန် ထိုးမယ် ဘယ်လိုလဲ သဘောတူလား"

ဂျော့ဖိုးသာက စကားပြန်၍ မဖြေသေးဘဲ၊ ဝီစကီ ပုလင်း ထဲမှ ဝီစကီကိုမော့၍ သောက်နေပြန်လေသည်။ ပြီးတော့မှ ဘေးဖက်သို့ တံတွေးထွီကနဲ ထွေးရင်း. . .

"အေးလေ. . . လောင်းကစားသမားဆိုတာ ကိုယ့်စိတ် ကူးနဲ့ကိုယ်ပေါ့၊ ဒီလိုဆိုရင်လဲ မင်းနဲ့ငါက ဘယ်သူနိုင်နိုင် နိုင်တဲ့ သူက အရစ်တိုက်၊ ထမင်းကျွေးကြေးကွာ. . မိတ်ဖြစ်ဆွေဖြစ် ပေါ့ ဘယ်လိုလဲ"

အိုင်အိုနန်းထိုက် ခေါင်းညိတ်လိုက်လေသည်။

"ကောင်းတယ်၊ ကျုပ်လဲ အရက်သောက်လို့ မဝသေးဘူး မိတ်ဖြစ်ဆွေဖြစ် စကားပြောရတာပေါ့"

"ငါတော့ ဒီစားသောက်ဆိုင်မှာ ဘယ်သူမှ မိတ်ဆွေ



မဖြစ်ချင်ပါဘူးကွာ. . အေးလေ မင်းသဘောပေါ့၊ ငါ ဒီမှာ ထိုင် နေရတာကြာပြီ၊ ညောင်းလဲ ညောင်းနေပြီ"

*

ဂျော့ဖိုးသာမှာ အချိန်အတော်ကြာကြာကတည်းက အံစာကစားနေပုံ ရသည်။ ညဦးအနည်းငယ် နက်လာ၍ ကစား သမားများမှာ အနိုင်နှင့်ပိုင်း၍ ပြန်ကုန်ကြပြီဖြစ်သည်။ ဖဲဝိုင်းပင် သိမ်းသွားကြသည်ကို တွေ့ရလေသည်။

"ကဲ. . ရှုံးရှုံးနိုင်နိုင် ထမင်းစားရ၊ အရက်သောက်ရဖို့ ကြိမ်းသေတယ်ဆိုတော့ ခေါက်ပြီကွာ"

ပြောပြောဆိုဆိုဖြင့် ဂျော့ဖိုးသာသည် အံစာကို ခပ်ကြာ ကြာ ခေါက်လိုက်သည်။

"ကဲ. . . နောက်ဆုံးအလှည့်ပဲ ထိုး. ."

သူ့တွင်ရှိသမျှသော တုံကင်ချောင်းများကို အိုင်အိုနန်း ထိုက်သည် ဂဏန်းကြီးဖက်၌ပုံကာ ထိုးလိုက်လေတော့သည်။

"ကဲ. . ဖွင့်မယ်ဟေ့. . နောက်ဆုံးအလှည့်ကတော့ ကံ ကောင်းမှ ဖြစ်မယ်"

ဂျော့ဖိုးသာသည် သူ၏လက်နှစ်ဖက်ကိုကာကာ အံစာ

www.burmeseclassic.com

www.burmeseclassic.com



မှောက်ထားသည့် ခွက်ပေါ်တွင်တင်ကာ ဆုတောင်းလိုက်၏ ထို့နောက် လက်တစ်ဖက်နှင့်အုပ်ကာ ခွက်ကို လှန်လိုက်လေ တော့သည်။

"ကဲကွာ"

"ဟာ. . အသုံးမကျတဲ့ အံစာတုံး"

"ဗျောင်း. . ထောင်း"

ခြောက်ဂဏန်းသို့ ကျသောကြောင့် ဂျော့ဖိုးသာမှာ ဒေါ သထွက်ထွက်ဖြင့် အံစာတုံးနှင့်ခွက်ကို နံရံရှိရာသို့ ပစ်ပေါက် လိုက်လေတော့သည်။ အိုင်အိုနန်းထိုက်က စရိုက်ကြမ်းတမ်းသော ဂျော့ဖိုးသာ ညစ်ပတ်သည့် စိတ်ပေါ်လာပြီဆိုသည်ကို သိလိုက် လေသည်။

စားသောက်ဆိုင်၏နံရံသို့ အံစာတုံးနှင့်အံစာခွက်ကို ပစ် ပေါက်လိုက်သောကြောင့် ကောင်တာရှေ့မှာ ရပ်နေသော ဓား မောက်ကြီးများ ကိုင်ထားသည့် လူနှစ်ယောက်က ဂျော့ဖိုးသာနှင့် အိုင်အိုနန်းထိုက်တို့ရှိရာသို့ လှမ်းကြည့်ရင်း တစ်ဦးက အော်လိုက် သည်။

"ဟေ့. . ဘာ့လို့ အံစာခွက်ကို ပေါက်တာလဲ သေချင် လို့လား"

ကပ္ပလီကဲ့သို့ အသားမဲမဲ မျက်နှာပြူပြူ နှုတ်ခမ်းထော ထော်နှင့် လူထွားကြီးက လှမ်း၍အော်သည်။

---



"ရှုံးလို့ ပေါက်တာဗျာ. . ရှုံးလို့၊ ဘာဖြစ်လဲ"

"ဇင်ယော် စားတော်ဆက်မှာ ဒါမျိုး လာလုပ်လို့ မရ ဘူးကွ"

"မရတော့ ဘာလုပ်ချင်သလဲ၊ ငါက ဘယ်သူ့မှ ဂရုမ စိုက်တဲ့ကောင် မဟုတ်ဘူး"

အိုင်အိုနန်းထိုက် အံ့အားသင့်သွားသည်။ ဂျော့ဖိုးသာ သည် ရှုံးမဲမဲကာ ဓားမောက်ကိုင်သော လူထွားကြီးနှစ်ဦးကို စိန် ခေါ်လိုက်သည်။ အိုင်အိုနန်းထိုက်က အခြေအနေကို စောင့် ကြည့်ရန် နောက်သို့ ဆုတ်ပေးလိုက်သည်။

လောင်းကစားခန်းထဲတွင် လူရှင်းနေသည်။ ဓားမောက် ကိုင်သော လူသန်ကြီးတစ်ယောက်က ပြေးလာကာ ဂျော့ဖိုးသာ ကို ဓားမောက်ကြီးဖြင့် ခုတ်ပိုင်းလိုက်တော့၏။

"ဇင်ယော် စားသောက်ဆိုင်မှာ လူပါးလာဝတဲ့ကောင် သေစမ်း"

ဂျော့ဖိုးသာမှာ အရက်မူးနေသည်။ သို့သော် ဓား မောက်ဖြင့် ခုတ်ချသည့် လူသန်ကြီး၏လက်ကို ရှေ့သို့ခြေတစ် လှမ်းတိုးကာ ဂျော့ဖိုးသာက ဆွဲ၍ဖမ်းဆီးကာ သူ့ပခုံးဖြင့်ထမ်း ၍ ကိုင်ပေါက်ချလိုက်တော့သည်။

"ဟုန်း. "

"ဖွန်း. . "

www.burmeseclassic.com

www.burmeseclassic.com



ထိုစဉ်မှာပင် နောက်ထပ် ဓားမောက်ကိုင်ထားသော လူသန်ကြီးတစ်ဦးက ဂျော့ဖိုးသာအား နောက်ဖက်မှ ဓားမောက်ဖြင့်ဝင်ကာ ဖိုင်းချလိုက်လေသည်။

ပွဲကကြည့်မကောင်းပါ။ ဂျော့ဖိုးသာ့မှာ နောက်တစ်ယောက်က ထိုကဲ့သို့ခုတ်ချလိုက်သည်ကို သတိမမူမိဘဲ ရှိသည်ကို တွေ့သည်နှင့် အိုင်အိုနန်းထိုက်က ဝင်ရောက်၍ ထိုသူ၏ လက်ကို ခြေထောက်ဖြင့် လှမ်းကန်လိုက်လေတော့သည်။

"ဖောင်း. ."

"အိုး. ."

လူသန်ကြီး၏လက်ထဲမှ ဓားမောက်က လွင့်ထွက်သွားလေတော့သည်။

"ပြေး. . ဗျို့. . ပြေး. . သူတို့လူတွေ ဝင်လာပြီ"

"ဝုန်း"

ဂျော့ဖိုးသာသည် လောင်းကစားပွဲ လုပ်ရန် ကာထားသည့် သစ်သားနံရံကို သူ၏ကိုယ်လုံးကြီးဖြင့် ဆောင့်တိုက်လိုက်သည်။ နံရံက ပွင့်ထွက်သွားလေတော့သည်။ အိုင်အိုနန်းထိုက်မှာလည်း ဂျော့ဖိုးသာ တိုးတိုက်၍ပွင့်ထွက်သွားသည့် အပေါက်မှပင် ခုန်၍ထွက်ကာ ပြေးရလေတော့သည်။ သူတို့သည် အမှောင်ထုထဲရှိ အုန်းတောမှဖြတ်ကာ ဇင်ယော်စားသောက်ဆိုင်မှ လူများနှင့်ဝေးရာသို့ ပြေးထွက်လာခဲ့ကြလေသည်။



"ဟူး. . ."

အုန်းတောထဲတွင် ကွေ့ကောက်ကာ ပြေးလာခဲ့ပြီးသော အခါမှ ဂျော့ဖိုးသာက အုန်းပင်တစ်ပင်ကိုမှီကာ အမောဖြေလိုက်လေသည်။

"ဟား. ."

အိုင်အိုနန်းထိုက်မှာလည်း အတော် မောနေပြီဖြစ်လေ၏။ ဂျော့ဖိုးသာက လရောင်ဖြင့် သူ့ကိုလှမ်းကြည့်နေလေသည်။

"မလွယ်ဘူး ဗျို့. . သူတို့လူတွေ လိုက်တော့ မလာတော့ပါဘူး"

အိုင်အိုနန်းထိုက်က လှမ်းပြောလိုက်သည်။

*

ဂျော့ဖိုးသာသည် အမောပြေပြီးနောက်. .

"ဇင်ယော်ဆိုင်က ကောင်တွေက လက်နက် အားကိုးနဲ့ သူပါးဝနေတာ ကြာပြီကွ။ ဒါလဲ ကြည့်မရတာကြာပြီ၊ ရှင်းရ ဒါ ... တ်တင်လိုက်တာ မင်းပါ နိုင်တဲ့ ငွေတွေ မရတော့ ... တယ်"

www.burmeseclassic.com

www.burmeseclassic.com



သူကြောင့် နိုင်ထားသော တုံကင်များကို ငွေနှင့်လဲယူခွင့်မရသော အိုင်အိုနန်းထိုက်ကို သတိရ၍ ပြောလိုက်လေ သည်။

“ဒါက အရေးမကြီးဘူးဗျ၊ ကျုပ်က ခုမှဗိုက်ဆာလာပြီ ဒီဖက်မှာဆိုင်တွေဘာတွေ မရှိတော့ဘူးလား”

အိုင်အိုနန်းထိုက်က ဂျမဒါမူးသာနှင့်သူ လူကွဲသွားသည်ကို သတိရ၍ စားသောက်ဆိုင်တစ်ဆိုင်သို့ ဝင်ရန်စိစဉ် လိုက်သည်။

“ဆိုင်တော့ ရှိတယ်ကွ. . သိပ်တော့ မကောင်းဘူး၊ ငါ့မှာတော့ ပိုက်ဆံ မရှိတော့ဘူး”

“ဆိုင်ရှိတဲ့ နေရာသွားဗျာ. . ကျုပ်မှာ ပိုက်ဆံပါပါတယ်”

“ဒီအုန်းတော ဖြတ်လိုက်ရင် ငွေသောင်ပြင် မိုးအလင်းအရက်ဆိုင်ရှိတယ်၊ စားစရာလေးဘာလေးတော့ နည်းနည်းပါးပါးရမှာပေါ့၊ ပုလိပ်ပတ္တရောင်တွေက တစ်ချက်တစ်ချက် ပေါ်ပေါ်လာတတ်တယ်”

“အဲဒီပဲ မြန်မြန်သွားပါဗျာ၊ စားပြီးပြန်ထွက်လာပေါ့”

အိုင်အိုနန်းထိုက်က ပုလိပ်များကို ဂျော့ဖိုးသာ ကြောက်ရွံ့နေမည် စိုးသည်ကို သိသည်။ သူကလည်း ဇင်ယော် စားသောက်ဆိုင်မှာ ရန်ဖြစ်ခဲ့၍ ပုလိပ်နှင့်ရင်မဆိုင်လိုကြောင်း ရောယောင်ကာ ပြောလိုက်၏။

ဂျော့ဖိုးသာကို စည်းရုံးသိမ်းသွင်းကာ သူ သံမဏိမုဆိုး



ဂိုဏ်းကို ခြေရာခံဖို့လည်း စိတ်ကူးလိုက်မိလေသည်။

“တဲ. . လာ အချိန်မရှိဘူး၊ ညဆယ့်နှစ်နာရီကျော်ရင် မကောင်းဘူး၊ ဆိုင်ကို ပတ္တရောင်တွေ လာလိမ့်မယ်”

ဂျော့ဖိုးသာက သွက်လက်သော ခြေလှမ်းများဖြင့် ထွက်ခွာသွားသောကြောင့် အိုင်အိုနန်းထိုက်က နောက်မှလိုက်ပါ သွားလေသည်။ မကြာမီ သဲသောင်ပြင်တွင် မီးရောင်တလက်လက် ဖြင့် ကန့်လန့်ဖြတ်ထိုးထားသော အရက်ဆိုင်လေးကို တွေ့လိုက်ရသည်။

လူလေးငါးဆယ်ယောက် အောက်လင်းမီးအိမ် အောက်ရှိ စားပွဲများနှင့် ထိုင်နေကြ၏။ ထိုလူစုထဲရှိ ထောင့်စားပွဲတွင် ထိုင်နေသော ဂျမဒါမူးသာကို အိုင်အိုနန်းထိုက် တွေ့လိုက်ရလေသည်။

လရောင်ကြောင့် ဆိုင်ရှိရာသို့ဝင်လာသော အိုင်အိုနန်းထိုက်နှင့် ဂျော့ဖိုးသာတို့ကို တွေ့မြင်ရ၍ ဂျမဒါမူးသာမှာ ရုတ်တရက် အံ့ဩမိသော်လည်း ဆိုင်ထဲရှိ လောင်းကစားပွဲရှိရာတွင် ပြဿနာ ဖြစ်ပွားသွားသည်ကို ရိပ်မိသိရှိခဲ့သည်။

ဂျော့ဖိုးသာကို လူစည်ကားသော ဆိုင်မှ အိုင်အိုနန်းထိုက်က မျှော်ထုတ်သွားခဲ့ခြင်းကို သဘောပေါက်၍ ခရီးစဉ်ကို ကြည့်ကာ ငွေသောင်ပြင် အရက်ဆိုင်မှ စောင့်စား အကဲခတ်ကြည့်ရှုနေခြင်းပင် ဖြစ်သည်။ စားပွဲတစ်လုံးတွင် အိုင်အိုနန်းထိုက်နှင့် ဂျော့ဖိုးသာတို့ ထိုင်လိုက်ကြသည်။

www.burmeseclassic.com

www.burmeseclassic.com



"ချက်အရက် တစ်လုံးပေး"

ဂျော့ဖိုးသာက လှမ်းမှာလိုက်သည်။

"ဝီစကီ မရှိဘူးလားဗျာ"

"ဒီဆိုင်မှာ ဘယ်ဝီစကီ ရှိမလဲကွ၊ ဒါက ညရေးညတာ ထံငါတွေ သောက်တဲ့ဆိုင်ပဲ၊ ဘာစားစရာ ရှိသေးလဲဟေ့"

"ဆံပြုပ်နဲ့ငါးကြော်ရဦးမယ်၊ ထမင်းနဲ့ငါးခေါင်းဟင်းချိုလဲ ရှိတယ်"

ဆိုင်ရှင်က လှမ်းအော်သည်။

"အေး. . ရှိတာတွေပဲ ပေးကွာ"

ဂျော့ဖိုးသာက လှမ်းမှာလိုက်၏။ စားစရာများ ရောက်လာသောအခါ ဆာဆာနှင့် ဂျော့ဖိုးသာရောအိုင်အိုနန်းထိုက်ပါ စားလိုက်ကြ၏။ ချက်အရက်ကို ဂျော့ဖိုးသာသည် ဖန်ခွက်မယူဘဲ ပုလင်းနှင့်မော့သောက်လိုက် စားလိုက် လုပ်နေသည်။ ထမင်းတစ်ပန်းကန် ကုန်တော့မှပင် အိုင်အိုနန်းထိုက်က. .

"ကျုပ်. . နောင်ကြီးဆီ လာရင်းကိစ္စ မေ့သွားတယ်ဗျာ၊ နောင်ကြီးက ဂျော့ဖိုးသာ ဟုတ်ပါတယ်နော်. . ."

ဟု ပြောလိုက်သည်။ အိုင်အိုနန်းထိုက်၏ စကားကြောင့် ဂျော့ဖိုးသာမှာ တစ္ဆေတစ်ကောင်ကို ကိုယ်ထင်တွေလိုက်ရ သကဲ့သို့ ထိတ်လန့်သွားသည်။

"မင်း. . မင်းငါ့နာမည်ကို သိနေပါလား၊ မင်း ဘယ်သူ



ည်"

ဂျော့ဖိုးသာက အထိတ်တလန့် ပြန်မေးလိုက်လေသည်။

"ကျုပ်က ဦးခွန်သာက ခင်ဗျားကိုခေါ်ခိုင်းလို့ လာခေါ်တာပါ၊ ဦးခွန်သာ စိမ်းရွက်ဝါ တည်းခိုခန်းမှာ စောင့်နေတယ်"

"ဟာ. . မဖြစ်နိုင်တာ ဒီလူကြီးက သေသွားပြီကွ၊ ငါ့ပေါ်မှာတော့ ကောင်းတဲ့လူကြီးပါကွာ၊ မင်း သူသေတာ မသိဘူးလား"

ဂျော့ဖိုးသာက သံသယဖြင့် မေးလိုက်သည်။

"မသိဘူး တကယ်သေပြီလား"

"ဟေ့. . . ဟန်ဆောင်မနေနဲ့ မင်းဟာ မရိုးသားဘူး ထွက်သွားစမ်း"

ဂျော့ဖိုးသာက ဒေါသဖြင့်အော်ကာ ထရပ်လိုက်သည်။ အိုင်အိုနန်းထိုက်ကလည်း ထရပ်ကာ အခြေအနေကို စောင့်ကြည့်လိုက်၏။

"မင်း လူသတ်သမား၊ မင်းဟာ ဦးခွန်သာကို သတ်တဲ့သူပဲ ဖြစ်ရမယ်၊ ဒါကြောင့် မင်းငါ့ဆီက အချက်အလက် တစ်ခုခု သိချင်လို့ စုံစမ်းဖို့လာတာ မဟုတ်လား"

ဂျော့ဖိုးသာနှင့် အိုင်အိုနန်းထိုက်တို့ အချီအချ စကားပြောနေသည်ကို တွေ့ရသောကြောင့် ဂျမဒါမှူးသာသည် ထိုင်နေရာမှ ထလာသည်။

www.burmeseclassic.com

www.burmeseclassic.com



"မင်း ငါ့ကို ဟို ဇင်ယော်ဆိုင်က လူမိုက်တွေနဲ့ ဖြစ်တုန်းက ဝင်ကူခဲ့လို့ မင်းကို ခွင့်လွှတ်တာ မင်း ထွက်သွားစမ်း"

ခပ်ဝေးဝေးမှ လက်နှိပ်ဓါတ်မီးရောင်ကို ဖျတ်ကနဲ အိုင်အိုနန်းထိုက် သတိထားလိုက်မိသည်။ ထိုမီးရောင်ကို ဂျော့ဖိုးသာကလည်း သတိထားမိပုံ ရလေသည်။

"ဟာ ပုလိပ်တွေ လာနေပြီထင်တယ် လစ်မှ"

ဂျော့ဖိုးသာသည် ဖျတ်ကနဲကြည့်ကာ နောက်ဖက်သို့ လှည့်၍ပြေးရန် ပြင်လိုက်လေသည်။ သို့သော် ဆိုင်ပြင်မှာရပ်ကာ စောင့်နေသော ဂျမဒါမှူးသာက လမ်းပိတ်ထားလိုက်၏။

"ပြောပါ ဂျော့ဖိုးသာ၊ ကျုပ်တို့ ဦးခွန်သာကို သတ်တဲ့ လူတွေကို လက်စားချေပါ့မယ်၊ ဘယ်သူတွေ သတ်တယ်ဆိုတာ ပြောပါ"

"ငါသိတဲ့ မင်းတို့ကို မပြောဘူးကွ"

ထိုစဉ်မှာပင် ဆိုင်ထဲမှ စားသောက်နေသူများက ထလာသည်။

"ရန်မဖြစ်ကြနဲ့ဟေ့. ."

လူတစ်ဦးက အော်လိုက်သည်။ ထွက်၍ပြေးရန် ပြင်ဆင်နေသော ဂျော့ဖိုးသာ၏ ရင်ဘတ်မှအင်္ကျီကို ဂျမဒါမှူးသာက ဆုပ်ကိုင်ထားသည်။



"အင့်. . ."

ထိုအချိန်မှာပင် ဂျမဒါမှူးသာ ရင်ဘတ်မှအင်္ကျီကို ကိုင်ထားသော ဂျော့ဖိုးသာ၏ ကိုယ်ခန္ဓာမှာ ရှေ့သို့ငိုက်ကနဲ ဖြစ်သွားသည်။

"ဟင်. . . ဂျော့ဖိုးသာ ဘာဖြစ်တာလဲ"

ဂျော့ဖိုးသာမျာ ဒူးထောက် ကျသွားသည်။ သူ၏ကျောတွင် မည်သူက ပစ်စိုက်လိုက်မှန်း မသိသော ဓားမြှောင်တစ်ချောင်းက စိုက်ဝင်နေပြီ ဖြစ်လေသည်။

*

ဂျော့ဖိုးသာ၏ နှုတ်ခမ်းများမှာ တစ်စုံတစ်ရာကို ပြောလိုဟန်ဖြင့် လှုပ်ရှားနေသည်။ ဂျမဒါမှူးသာက. . .

"ပြောပါ ဂျော့ဖိုးသာ၊ ခင်ဗျား ဘာပြောချင်လို့လဲ"

ဟု ဒူးထောက်ထိုင်ကာ မေးလိုက်လေသည်။ ဂျော့ဖိုးသာ၏ကျောတွင် ဓားစိုက်ဝင်နေသည်ကို တွေ့ရသောအခါ ဆိုင်ထဲမှလူများမှာ လူသတ်မှုနှင့် စစ်ဆေးခံရမည်စိုး၍ အလို့။ ။လို့ ထွက်ခွာသွားကြသည်။

ပုလိပ်ပတ္တရောင်များကလည်း ဆိုင်ရှိရာသို့ လက်နှိပ်

www.burmeseclassic.com

www.burmeseclassic.com



မာတ်မီးထိုးကာ ပြေးလာနေကြပြီဖြစ်လေသည်။ ဂျော့ဖိုးသာက. . .

"သက်. . . တန့်. . . ပြာ"

ဟု စကားသုံးလုံးပြောကာ ဇက်ကျိုးကျသွားလေတော့သည်။ ပတ္တရောင်ပုလိပ်များသည် စက်ဘီးများထိုးရပ်ကာ ဂျမ ဒါမူးသာကို လက်ထိပ်ခတ် လိုက်လေသည်။

အိုင်အိုနန်းထိုက်မှာလည်း ပုလိပ်များ ဆိုင်ထဲသို့ ဝင်လာသည်ကိုတွေ့သည်နှင့်ပင် ဆိုင်နောက်ပေါက်မှ သစ်ပင်အုပ်များကြားသို့ သွက်လက်သောခြေလှမ်းများဖြင့် တိုးဝင်ပျောက်ကွယ်သွားလေတော့သည်။

ပတ္တရောင်ရဲတို့က ဂျမဒါမူးသာ၏ လက်နှစ်ဖက်ကို လက်ထိပ်ခတ်လိုက်ကြသည်။ ပုလိပ်ငါးဦးအနက် နှစ်ဦးကို ဂျော့ဖိုးသာ၏ အလောင်းအား စောင့်ကြည့်၍ သယ်ယူရန်ထားခဲ့ပြီး ဂျမဒါမူးသာကို ပုလိပ်သုံးဦးက ဖမ်းဆီးသွားကြလေသည်။

ဂျမဒါမူးသာသည် သူ၏လက်ကို ပုလိပ်များက လက်ထိပ်ခတ်ကာ ဖမ်းခေါ်လာသော်လည်း မည်သို့မျှတုန့်ပြန် မပြောကြားခဲ့ပေ။ ထားဝယ်မှ ရာဇဝတ်အုပ် ဦးထွန်းကြည်ကို သူသိပြီးသားဖြစ်သည်။

ဂျော့ဖိုးသာ၏ သတင်းကို သူစုံစမ်းရန် ရောက်ရှိနေကြောင်းကိုလည်း ရာဇဝတ်အုပ် ဦးထွန်းကြည်ထံ သတင်းပေးပို့



ထားပြီးဖြစ်၏။ ပုလိပ်ဌာနသို့ ရောက်သောအခါ ရာဇဝတ်အုပ် ဦးထွန်းကြည်က ဂျမဒါမူးသာကို ပြုံး၍ လှမ်းနှုတ်ဆက်လိုက်လေသည်။

"ဘယ်လိုလဲ ဂျမဒါမူးသာ ဘယ်လို ပြဿနာကြောင့် ကျုပ်လူတွေက ခင်ဗျားကို လက်ထိပ်ခတ် ခေါ်လာပါလိမ့်"

ဂျမဒါမူးသာက တရားခံနေရာတွင် ထိုင်ရင်း. . .

"မပြောချင်တော့ဘူးဗျာ. . လူသတ်တရားခံ ဂျော့ဖိုးသာကို ကျုပ် အမိဖမ်းဖို့လိုက်တာ မျက်နှာချင်းဆိုင်လဲတွေ့ရော သူ့နောက်ကလူတွေက သူ့ကို နှုတ်ပိတ်လို့ သေသွားပြီ"

"ဟင်. . . ဟုတ်လား၊ ဟော့. . ဒါ ငါ့မိတ်ဆွေ စီအိုင်ဒီက စုံထောက်ပါကွ. . . သူ့လက်ထိပ် ဖြုတ်ပေးလိုက်ပါ"

"မသိပါဘူးဗျာ. . သူက လမ်းမှာလည်း ဘာမှမပြောဘူး"

ပုလိပ်တစ်ဦးက သော့ယူလာကာ လက်ထိပ်ကို သော့ဖွင့်ပေးရင်းပြောလိုက်သည်။

"ကိုမူးသာက မင်းတို့ ဝတ္တရား အနှောင့်အယှက် ဖြစ်မှာစိုးလို့ ဘာမှမပြောဘဲ နေတာပါကွာ၊ ဒါမှမင်းတို့ လုပ်စရာရှိတာ လုပ်ရတာအဆင်ပြေတာပေါ့။ ကဲ. . . မောင်တိုး၊ ဖြစ်ပုံပျက်ပုံ ပြောပါဦး၊ ကိုမူးသာ လွတ်လွတ်လပ်လပ် နေပါဗျာ"

"ရပါတယ်"

ပတ္တရောင် တာဝန်ကျ ပုလိပ်မောင်တိုးက ဖြစ်ပျက်

www.burmeseclassic.com

www.burmeseclassic.com



မြင်တွေ့ရပုံကို ရာဇဝတ်အုပ်အား အစီရင်ခံ တင်ပြလိုက်လေသည်။

"ဒါဆိုရင် ခင်ဗျားလိုက်နေတဲ့ လူသတ်တရားခံ ဧ… ဖိုးသာဟာ တခြားဒုစရိုက်သမားတွေနဲ့ အရှုပ်အထွေးရှိတယ် ထင်… တယ်"

ရာဇဝတ်အုပ် ဦးထွန်းကြည်က ဂျမဒါမူးသာကို ထင်မြင်… ချက် ပေးလိုက်သည်။

"မပြောတတ်ဘူးဗျာ. . . ကျုပ် ဖမ်းမယ့်ဆဲဆဲမှာ နောင်… က လုပ်ကြံသွားတာပဲ"

"ဲ. . . ကိုမူးသာ ခင်ဗျား လောလောဆယ်တော… ကျုပ်ဆီမှာ နေပါဦး၊ နယ်စီးဝန်ထောက်ကြီးက ဒီကိစ္စမေး… ကျုပ်အတွက်ပါ ကူညီပြောဖို့ ခင်ဗျားရှိနေမှ ဖြစ်မယ်၊ ကျုပ် မန… ဖြန် သူလာဖို့ အကြောင်းကြား လိုက်ပါ့မယ်"

နယ်စီးဝန်ထောက် ဦးကျော်မှာ အလွန်စေ့စပ်သူ… ဂျမဒါမူးသာ ကြားထားခဲ့ဖူးလေသည်။

*



နယ်စီးဝန်ထောက် ဦးကျော်သည် အသက်ငါးဆယ် ဝန်းကျင်ခန့် အရွယ်ရှိပြီး ဖြူဖြူဝဝဖြစ်၏။ မျက်မှန်အဝိုင်း သေး သေးလေးကို တပ်ထားပြီး မျက်မှန်ပေါ်မှ ကျော်၍ ဂျမဒါမူးသာ အခန်းထဲသို့ ဝင်လာသည်ကို ကြည့်လိုက်၏။

မျက်ခုံးထူထူ ဆံပင်တိုတိုနှင့် ဖြစ်သောကြောင့် ဥပမိရုပ် မှာ သမာသမတ်ရှိသော လူကြီးတို့၏အသွင်အပြင် ပေါ်လွင်လျက် ရှိနေလေသည်။ အပေါ်မှ ခပ်ပါးပါး ဂျာကင်အင်္ကျီကို ဝတ်ဆင် ထားပြီး အောက်ပိုင်းမှ ဘောင်းဘီအစား ဗန်ကောက်လုံချည် ရွှေ ဖလားရောင်ကို ခါးပတ်ဖြင့်ပတ်ကာ ဝတ်လျက် ဘိုဖိနပ်ခေါ် ခြေစွပ်ဖိနပ်ကို ဝတ်ဆင်ထားသည်။

ထိုခေတ်က ပုလိပ်အရာကြီးများ၏ ပုံစံအတိုင်း ကုလား ထိုင် လက်တန်းပေါ်တွင် လက်နှစ်ဖက်တင်ကာ ခပ်အေးအေး ထိုင်လျက် ရှိနေလေသည်။ နယ်စီးစုံထောက်ကြီးက ဂျမဒါမူးသာ ကို သူစားပွဲရှေ့ထိုင်ခုံတွင် ထိုင်ရန် လက်ညှိုးထိုးပြလိုက်လေသည်။

"ထွန်းကြည် အကြောင်းကြားထားလို့ စီအိုင်ဒီက လူငယ် အရာရှိ တစ်ယောက်အနေနဲ့ သက်စွန့်စံဖျား လူသတ်တရားခံကို ဒီမြို့အထိ လာဖမ်းတာကိုတော့ ဦးက ချီးကျူးပါတယ်၊ ဦးတို့ မှာလဲ ကူညီဖို့ ဝတ္တရားရှိတာပဲ"

"ဟုတ်ကဲ့၊ ဒါပေမယ့် တရားခံကို အရှင်မဖမ်းမိခဲ့တာ နောက်ထပ် သတင်းတွေတော့ မရတော့ပါဘူး"

www.burmeseclassic.com

www.burmeseclassic.com



ဂျမဒါမူးသာက အလိုက်သင့် ပြောလိုက်သည်။

"ရာဇဝတ်အုပ်ကတော့ မင်းရဲ့အပေါ်မှာ သံသယမရှိကြောင်း ပြောပြီးပါပြီ။ ဦးကလဲ မောင်ရင့် ပုံကြည့်တာနဲ့ အစိုးရဘက်တော်သားဆိုတာ ယုံကြည်ပါတယ်"

ဂျမဒါမူးသာက သူ၏အိတ်ထဲမှ သက်သေခံကဒ်ပြားကို ထုတ်ယူကာ လက်နှစ်ဖက်နှင့် လှမ်းပေးလိုက်လေသည်။

"ဒါ ကျွန်တော်ရဲ့ဌာနက ထုတ်ပေးထားတဲ့ ကဒ်ပြားပါ"

ဝန်ထောက်ဦးကျော်က လှမ်း၍မယူဘဲ ခေါင်းခါပြလိုက်သည်။

"ဦး မကြည့်တော့ပါဘူး၊ မေးချင်တာလေးတွေပဲ နည်းနည်း မေးချင်ပါတယ်"

"ဟုတ်ကဲ့. . မေးပါခင်ဗျာ"

"မောင်ရင့်တာဝန်က ဒီ လူသတ်သမား ကျော့ဖိုးသာကို ဖမ်းဆီးဖို့ တာဝန်သက်သက်နဲ့ ထားဝယ်ကို ရောက်လာရတာလား"

"ဟုတ်ပါတယ် ခင်ဗျား"

ဂျမဒါမူးသာသည် ဌာနချုပ်မှ အထူးလျှို့ဝှက် စုစမ်းခိုင်းထားသော သံမဏိမုဆိုးဂိုဏ်းအကြောင်းကို မလိုအပ်ဘဲ ထုတ်ဖော်မပြောကြားလိုပေ။

"ဒါပေမယ့် ဦး ထင်တာကတော့ ဒီကျော့ဖိုးသာဟာ သူ့စိတ်နဲ့ သူကိုယ် ရာဇဝတ်အုပ် ဦးသိုက်ထွန်းတို့ အာမခံစုံစမ်းရေး



သမား ဂျွန်စမစ်တို့ကို သတ်ခဲ့တာ မဟုတ်ဘူး၊ သူက ဘာအလုပ်လုပ်ကိုင်တာလဲ"

"သူက ဦးခွန်သာဆီမှာ မန်နေဂျာလုပ်တယ်လို့ သိရပါတယ် ခင်ဗျား"

"ဟော. ."

နယ်စီးဝန်ထောက်ကြီး အံ့အားသင့်သွားပုံ ရလေသည်။

"ဒီလူသတ်သမားက. ."

"ဟုတ်ပါတယ် ခင်ဗျား၊ ဂျွန်စမစ်ကို သတ်ပြီးတဲ့နောက် သူဟာ လေယာဉ်နဲ့ ဒီမြို့ကို ထွက်လာခဲ့ပါတယ်၊ ဒီမှာ သူကိုယ်သူ ဦးခွန်သာရဲ့မန်နေဂျာ ရန်နိုင်ကျော်ဆိုတဲ့ နာမည်ကို အသုံးပြုပြီး လစ်ပြေးသွားတာပါပဲ"

"အေး. . မောင်ရင် ပြောသလိုဆိုရင်တော့ တိုက်ခိုက်တာပါပဲလား၊ သူ့အလုပ်ရှင် ဦးခွန်သာ့မှာ ညကပဲ အသတ်ခံရတာပဲ၊ ဒါပေမယ့် လူသတ်တရားခံကတော့ ဦးတို့ ရိပ်မိနေပါပြီ"

"ဗျာ. ."

"မောင်မူးသာ အံ့ဩမလားတော့ မသိဘူး၊ မျက်မြင်သက်သေ မှတ်မိတဲ့သူက ဘယ်သူဘယ်ဝါဆိုတာ လက်ညှိုးထိုးပြီးတော့ ပြနိုင်ပါတယ်လို့ ဦးတို့ဆီမှာလာပြီး သတင်းပို့ထားတဲ့သူတောင် ရှိတယ်"

ဂျမဒါမူးသာသည် အိုင်အိုနန်းထိုက်ပြောသော စကား

www.burmeseclassic.com

www.burmeseclassic.com



များကို ပြန်၍ ကြားယောင်လာသည်။ ဂျင်မီနှင့် ဂျွန်စမစ်၏ညီ မစ္စအေမီတို့ကို သူ မသက်သာကြောင်း လူသတ်မှုကိစ္စတွင် သူ့ကို ဖော်အောင်လုပ်ဖို့ ရည်ရွယ်ချက်ရှိကြောင်း အိုင်အိုနန်ထိုက်က ပြောကြားခဲ့လေသည်။

"ကဲ. . ဒါက ထားပါဦးလေ. . . ဒီဂျော့ဖိုးသာ အသတ်မခံရခင် သူဟာ ဇင်ယော် စားသောက်ဆိုင်မှာ ရန်ပွဲတစ်ပွဲ ဖြစ်ခဲ့သေးတယ်၊ အဲဒါကိုရော မောင်ရင် သိသလား"

"ဟုတ်ကဲ့ သိပါတယ်"

"သိရင် ဂျော့ဖိုးသာနဲ့အတူ ဇင်ယော်ဆိုင်ကနေ ခုခံပြီး ထွက်ပြေးသွားတဲ့ လူတစ်ယောက် ရှိတယ်လို့ ဆိုင်က လူတွေက ပြောကြတယ်၊ အဲဒီလူကိုရော မောင်ရင် သိသလား"

"အမှတ်တမဲ့ပါပဲ ခင်ဗျာ၊ ကျွန်တော်က ဂျော့ဖိုးသာ နောက်ကို ခြေရာခံလိုက်နေတော့ ဒီလူဘယ်ကို ထွက်ပြေးသွားမှန်း မသိဘူး"

ဂျမဒါမူးသာ ဖြေကြားသည့်စကားကို နားထောင်ရင်း ဝန်ထောက်ဦးကျော်သည် ပြုံး၍နေလေသည်။ သူ၏အပြုံးမှာ သိမ်မွေ့နက်နဲသလိုပင် ထင်ရ၏။

"ဦး တစ်ခုတော့ ကြိုပြီး ပြောထားပါရစေ မောင်မူးသာ"

"ပြောပါ ခင်ဗျာ"

"ဦးတို့က ကူညီတယ်ဆိုတာ အစိုးရဌာန ဝန်ထောက်



အချင်းချင်း ရိုင်းပင်းတဲ့သဘောနော်. . ရာဇဝတ်မှုခင်း ကျူးလွန်သူနဲ့ ပူးပေါင်းတဲ့ ကိစ္စမျိုးကိုတော့ ဦးရော မောင်ရင့်မိတ်ဆွေ ရာဇဝတ်အုပ်ကလဲ ကာကွယ်နိုင်မှာ မဟုတ်ဘူးဆိုတာကို သိထားပြီးပြီ ထင်ပါတယ်"

"ဟုတ်ကဲ့၊ သိထားပြီးသားပါ၊ ကျွန်တော်တို့ အနေနဲ့ကလဲ ရာဇဝတ်မှုကျူးလွန်တဲ့သူ မှန်သမျှကို ကာကွယ်ဖို့ တာဝန်ရှိတဲ့ လူတွေပါပဲ"

"ကောင်းပါပြီ ဦးစိတ်ထဲမှာတော့ မောင်မူးသာဟာ ဦးကိုတစ်ခုခု ထိန်ချန်ထားတယ်လို့ ထင်မိတယ်"

"ဗျာ"

အကင်းပါးလှသော ဝန်ထောက်ကြီး၏ စကားကြောင့် ဂျမဒါမူးသာ အံ့အားသင့်သွားသည်။

"ခု မောင်ရင်တို့က လူသတ်တရားခံကို လာပြီးဖမ်းတယ်၊ ဒီမှာ လူသတ်မှုတစ်ခု ထပ်ပြီးဖြစ်တယ်၊ ပြီးတော့ မောင်ရင်တို့ ဖမ်းတဲ့တရားခံကိုလဲ အမည်မသိ လူသတ်သားက ထပ်သတ်လိုက်ပြန်တယ် ဟုတ်တယ် မဟုတ်လား"

"ဟုတ်ပါတယ် ခင်ဗျာ"

"ဒါဆိုရင် လူသတ်မှုက နှစ်မှုဖြစ်ပေါ်လာတာပေါ့၊ လူသတ်မှုပေါ်မှာ ဦး မသိသေးဘဲ မောင်မူးသာ သိထားတဲ့ တခြား အချက်အလက်တွေ ရှိနေနိုင်တယ်လို့ ဦး ယူဆတယ်"

www.burmeseclassic.com

www.burmeseclassic.com



ဂျမဒါမှူးသာသည် သက်ပြင်းချလိုက်သည်။ သူ့အ[illegible] တွင် နယ်စီးဝန်ဒေါက်ကြီး ဦးကျော်က သံသယဝင်ကာ မ[illegible] မနပ် ဖြစ်သွားခြင်းမျိုးကို မလိုလားပေ။ အမှုကိစ္စ မပြီးမချ[illegible] ထားဝယ်မှာ သူတို့ ဆက်နေရဦးမည်။

"ကျွန်တော် သိတာကတော့ ဒီလူသတ်တရားခံ ကျေ[illegible] ဖိုးသာရဲ့နောက်မှာ ဒါမှမဟုတ် ကျော့ဖိုးသာနဲ့ ဦးခွန်သာနဲ့ သေဆုံး ရခြင်းရဲ့နောက်မှာ ကြီးမားတဲ့အကြောင်း ကိစ္စရပ်ကြီးတစ်ခု [illegible] နေနိုင်ပါတယ်၊ ကျွန်တော် ပြည့်ပြည့်စုံစုံတော့ မသိသေးပါဘူး"

ရဲဝန်ထောက် ဦးကျော်က ခေါင်းညိတ်လိုက်၏။

"မောင်မှူးသာ ပြောတာလည်း ဖြစ်နိုင်ပါလိမ့်မယ်၊ ဦးတို့က တော့ ဒီလူသတ်မှုနှစ်မှုရဲ့ တရားခံကို အမြန်ဆုံး ဖော်ထုတ် နိုင်ဖို့ ကြိုးစားရမှာပဲ"

*





အိုင်အိုနန်းထိုက်သည် ငွေသောင်မြင့် အရက်ဆိုင်၌ ကျော့ ဖိုးသာကို ဖမ်းဆီးနိုင်ရန် ဂျမ်ဒါမှူးသာနှင့် နှစ်ယောက် အချိန်း အချက်ပြုကာ တိုင်ပင်စီစဉ်သည့်အတိုင်း လုပ်ဆောင်ခဲ့သော်လည်း မအောင်မြင်ဘဲ မထင်မှတ်သော အရက်ဆိုင်မှ လူတစ်ဦးက ဓားနှင့် ပစ်ပေါက်လိုက်သည်ကို တွေ့မြင်လိုက်ရလေသည်။

ထိုသူမှာ အရက်ဆိုင်၏ ချက်ပြုတ်သည့် နေရာထောင့် မှထကာ လက်တစ်ဖက်လှုပ်ရှား၍ပစ်ခတ်လိုက်ခြင်းပင် ဖြစ်၏။ အိုင်အိုနန်းထိုက် ပုလိပ် ပတ္တရောင်များ ရောက်ရှိလာသည်ကို တွေ့ရသည်နှင့် ဆိုင်နောက်ဖက်သို့ အခြားသူများပင်းတူ မသိမ သာ ထွက်ခွာလာရင်း စားသောက်ရန် ချက်ပြုတ်သည့်နေရာမှ

www.burmeseclassic.com

www.burmeseclassic.com



လစ်ကနဲ ပြေးထွက်သွားသူကို သတိထား ကြည့်ရှုလိုက်သည်။ ထိုသူသည် အနက်ရောင် ဆွယ်တာလက်ရှည်နှင့် ဘောင်းဘီရှည်ကို ဝတ်ဆင်ထားပြီး လူကြားထဲမှာရောကာ အရက်ဆိုင်နောက်ဖက် ချုံများကြားသို့ ပြေးဝင်သွား၏။ အိုင်အိုနန်းထိုက်သည်လည်း အနက်ရောင် ဆွယ်တာနှင့်လူရှိရာသို့ လရောင်ဖြင့် ခန့်မှန်းကာ ခြေရာခံ၍ လိုက်ပါလာခဲ့လေသည်။

"ဒီလူဟာ ဂျော့ဖိုးသာကို ငါတို့စစ်ဆေးရင် သူတို့အခြေအကြောင်းတွေ ပေါ်မှာစိုးလို့ နှုတ်ပိတ်တဲ့လူပဲ၊ သူကိုမိအောင်လိုက်ရမယ်"

အိုင်အိုနန်းထိုက်သည် အခြားသူများကဲ့သို့ပင် လူသတ်မှုအတွက် ပုလိပ်များက သက်သေခံအဖြစ် စစ်ဆေးခြင်း တရားခံအဖြစ် အထင်မှားကာ ဖမ်းဆီးခြင်းတို့ အပြုခံရသည်ကို ကြောက်သည့်ပုံမျိုးဖြင့် ရောယောင်ကာ ပြေးချင်ယောင်ဆောင်ရင်း မျက်ခြေမပြတ်အောင်ကြည့်ကာ လိုက်ပါလာလေသည်။

အနက်ရောင်ဆွယ်တာနှင့် လူမှာ နောက်သို့လှည့်မကြည့်ပေ။ သူ၏လမ်းကြောင်းမှာ အခြားသူများနှင့် ခွဲထွက်ကာ သောင်ပြင်ရှိရာသို့ ပြေးသွားနေသည်။ ချုံနွယ်များ၏ အစပ်သို့ အရောက်တွင် အိုင်အိုနန်းထိုက်မှာ ပုန်းကွယ်ကာ ထိုသူသွားရာ လမ်းကြောင်းကို ကြည့်နေသည်။

ယခု လောလောဆယ် သောင်ပြင်သို့ သူထွက်လိုက်၍



မဖြစ်။ လရောင်ကြောင့် သောင်ပြင်ရှိသဲများမှာ ငွေရောင်တောက်ပနေသည်။ ကမ်းနားရှိ လမုတောထဲမှ သူထွက်ကာ သောင်ပြင်ပေါ်သို့ ထွက်လိုက်မည်ဆိုလျှင် ဆွယ်တာအနက်နှင့် လူက နောက်သို့ လှည့်ကြည့်ပါက ပုန်းစရာ၊ ကွယ်စရာမရှိဘဲ၊ ထင်ထင်ရှားရှား တွေ့မြင်သွားမည် သေချာသည်။

လရောင်အောက်တွင် ပင်လယ်ကမ်းစပ်အထိ မြင်နေရရာ ကမ်းစပ်တွင် ကပ်ထားသော စက်လှေကြီးကို မြင်နေရသည်။ စက်လှေဟုခေါ်သည့် လှေပေါ်တွင် ရွက်တိုက်စင်ကြီးရှိသည်ကို တွေ့မြင်ရ၏။

ထိုခေတ်က လှေကြီးများမှာ လေလာလျှင် ရွက်ဆင်၍ ပင်လယ်ပြင်တွင် ခုတ်မောင်းပြီး လေငြိမ်လျှင် ရေနွေးငွေ့စက်ဖြင့် မောင်းနှင်ကာ သွားလှေရှိသော စက်လှေမျိုးကို အသုံးများကြလေသည်။

လှေကြီးပေါ်တွင် မီးရောင်ကိုလှမ်း၍ မြင်တွေ့နေရသောကြောင့် ဆွယ်တာအနက်နှင့်လူကို စောင့်ကြိုနေသော သူများရှိနေကြောင်း သိလိုက်ရ၏။ မကြာမီ ဆွယ်တာအနက်နှင့်လူသည် စက်လှေကြီးရှိရာသို့ ရောက်ရှိသွားပြီး စက်လှေ၏ အောက်သို့ ချထားသော ကြိုးလှေကားမှတွယ်ကာ တက်သွားသည်ကို တွေ့မြင်ရလေသည်။

အိုင်အိုနန်းထိုက်သည် စက်လှေကြီးပေါ်သို့ ဆွယ်တာ

www.burmeseclassic.com

www.burmeseclassic.com



အနက်နှင့် တက်ရောက်သွားသော လူကိုအစအဆုံး ကြည့်ရှုနေပြီးမှ ချုံထဲမှထွက်ကာ သဲမြင်ပေါ်သို့ လမ်းလျှောက်လာခဲ့လေသည်။

လှေကြီး၏အထဲမှ မီးရောင်များသည် ပိုမိုလင်းလာပြီးနောက် လှေဝမ်း၏အပေါ်၌ အလင်းရောင်များ လျှံတက်နေလေသည်။

အိုင်အိုနန်းထိုက်သည် လှေနံရံအမြင့်ကြောင့် လှေဝမ်းထဲမှလူများ အမြင်သို့ ထွက်ကြည့်မကြည့်ကို အကဲခတ်ရင်း ပင်လယ်ကမ်းစပ်ရှိ ကျောက်ဆောင်များ၊ သံပုံများနားတွင် ခိုကပ်ကာ စောင့်နေလိုက်ပြန်သည်။ ထိုစဉ်မှာပင် စက်လှေကြီးပေါ်မှ လူနှစ်ဦး ထွက်ဆင်းလာသည်ကို တွေ့ရှိရ၏။

"တင်. . လူနှစ်ယောက် ဆင်းလာပါလား"

ဆင်းသက်လာသော လူနှစ်ဦးသည် ရေစပ်မှ သဲပြင်ပေါ်သို့ တက်လာသည်။ နှစ်ဦးလုံးမှာ မျက်နှာဖုံးများ စွပ်ထားသည်ကို တွေ့မြင်ရလေသည်။

"ဒီအချိန်ကျမှကွာ. . ပတ္တရောင် ပုလိပ်တွေနဲ့တွေ့ရင် ဒုက္ခပဲ နံပါတ်(၇)"

အိုင်အိုနန်းထိုက်၏ သဲပုံကြားသို့ ဦးတည်လာ၍ အိုင်အိုနန်းထိုက်မှာ လူတစ်ထိုင်စာရှိသော သဲပုံဘေးတွင် မှောက်လျှားထိုးကာ ငြိမ်နေလိုက်သည်။



"မရှိတော့ပါဘူးကွ၊ ငါ သိပါတယ် စံဖေဆိုင်က တံခါးပိတ် မီးမှိတ်ပြီးနေမှာပါ၊ ငွေသောင်ပြင်မှာ ပုလိပ်တွေက လူသတ်မှုအတွက် အလုပ်ရှုပ်နေမှာ သေချာပါတယ် နံပါတ်(၅)ရာ"

သဲသောင်ပြင်မှ လျှောက်လာသူ နှစ်ဦးကို သဲပုံကြားမှ နေ၍ ကြည့်လိုက်သောအခါတွင် နှစ်ဦးလုံး မျက်နှာဖုံးစွပ်ထားသည်ကို တွေ့ရသည်။ မျက်နှာဖုံး၏ထိပ်တွင် ကိုယ်ပိုင်နံပါတ်များကို ရေးသားထားလေသည်။

"နံပါတ်(၃)က သူကိုစွသူ အောင်မြင်အောင် ဆောင်ရွက်လာလို့ နံပါတ်(၁)က ဒီညဂိုဏ်ဖျပွဲကို ချက်ချင်းလုပ်တာဆိုတော့ နံပါတ်(၃)တော့ ငွေတွေအများကြီးရပြီပေါ့ နံပါတ်(၇) ရာ. . ."

"သူ ရတာကို အားမကျနဲ့ နံပါတ်(၅)ရေ့ မအောင်မြင်ရင် ပင်လယ်ထဲမှာသတ်ပြီး ပစ်ချခံရမှာဆိုတာလဲ တွေးဦး"

"ဂိုဏ်းချုပ် နံပါတ်(၁)ကတော့ တော်တော် ပြတ်သားတာပဲ"

"ပြတ်သားလို့ဆဲ တို့ရဲ့ပင်လယ်မုဆိုးအဖွဲ့ကို သံမဏိမုဆိုးလို့ ပြင်ကြတာပေါ့"

စကားတပြောပြောဖြင့် အိုင်အိုနန်းထိုက် ပုန်းနေသည့် သဲတောင်ဖို့များကြားမှ ဖြတ်ကျော်၍ သွားကြလေသည်။ နံပါတ်(၅)ဆိုသူ ဆံပင်ဖားလျားဖြင့် သရဲမျက်နှာဖုံး စွပ်ထားသူသည် သစ်သားစည်တစ်စည်ကို လက်ထဲတွင်ကိုင်ကာ ဆွဲသွားသည်ကို

www.burmeseclassic.com

www.burmeseclassic.com



အိုင်အိုနန်းထိုက် တွေ့မြင်လိုက်ရသည်။

"အင်း . . ဒါဆိုရင် သူတို့အရက် သွားဝယ်ကြတာ ထင်တယ်၊ ငါ ခုနေ စက်လှေပေါ်ကိုတက်လို့ မဖြစ်သေးဘူး"

လူနှစ်ဦးသည် သဲသောင်စပ်မှ လမုချုံများရှိရာသို့ တိုးဝင်ပျောက်သွားသည်နှင့် ထိုသူနှစ်ဦး ဖြတ်လာသည်အထိ စောင့်နေရန်အတွက် သူ့ဘေးရှိသဲပုံများကို ပို၍မြင့်အောင် သဲများတူး၍ ဖို့ပေးလိုက်သည်။ ထိုအခါ လူတစ်ယောက် ပုန်းခိုသာရုံ လုံခြုံသွားလေတော့သည်။

အဝေးမှကြည့်လျှင်လည်း လရောင်အောက်တွင် မူလကအတိုင်း သဲတောင်ပို့များအဖြစ် တွေ့မြင်နေရသောကြောင့် စက်လှေပေါ်က လူများပင် လုံး၍မမြင်နိုင်တော့ပေ။

အိုင်အိုနန်းထိုက်သည် သဲပုံကိုမှီကာ စက်လှေကြီးပေါ်သို့ အကဲခတ် ကြည့်ရှုနေရာ သွားလာလှုပ်ရှားနေကြသော လူများကို တွေ့မြင်နေရလေသည်။ လူနှစ်ဆယ်ကျော်ခန့် ရှိမည်ဟု ထင်မှတ်ရသည်။

*



"ခဏလေးနေပါဦးကွ . . ဟား အရက်စည်ကဆော် လေးလိုက်တာကွာ"

"မင်းကထော် ချုံစပ်ကမှ မင်း ထမ်းလာတာပါ နံပါတ်(၇) ရဲ့ ကိုယ့်အလှည့်နဲ့ကိုယ်ပဲဟာ ဟိုမှာ ဆရာကြီးတို့က အရက်ကို စောင့်နေကြရောပေါ့"

ကျယ်လောင်သော စကားသံကြောင့် ရေစပ်ရှိသဲပုံကြားတွင် မောမောဖြင့် မှေးကနဲအိပ်ပျော်သွားသော အိုင်အိုနန်းထိုက် လန့်နိုးသွားလေသည်။

"ဟိုကောင်တွေ ပြန်လာကြပြီ၊ ငါ သူတို့ရဲ့နောက်က လိုက်ပြီး လှေကြီးပေါ် တက်လို့ရအောင် လုပ်ရမယ်"

သဲပုံကြားထဲမှ ဒူးထောက်ကာ လရောင်အောက်မှ မြင်ကွင်းကို ကြည့်လိုက်သည်။ သူရဲ့မျက်နှာဖုံးနှင့် လူနှစ်ယောက် တစ်ဦးက နောက်မှအရက်စည်ကို ထမ်းလာနေသည်။

"ဟော့ . . နံပါတ်(၅) ခဏဟော့ . . ခဏ"

အရက်စည် ထမ်းထားသူက လှမ်း၍အော်လိုက်လေသည်။

"ဘာလဲကွ"

"ရော့ကွာ . . ဒီအရက်စည်ကို မင်း ခဏထမ်းပြီးတော့ ယူသွားစမ်းပါ နံပါတ်(၇)ရာ"

"မင်း ဘာလုပ်မလို့လဲ"

www.burmeseclassic.com

www.burmeseclassic.com



"ငါ အပေါ်သွားချင်လို့ ဟိုသဲပုံနောက်လေးမှာ ခဏပါ"

"ပေးကွာ. . ရောက်ကာလဲ နီးနေပါပြီ"

နံပါတ်(၇) သူရဲ့မျက်နှာဖုံးက အရက်စည်ကို လှမ်း၍ ပေးပြီးနောက် အိုင်အိုနန်းထိုက် ပုန်းအောင်းနေသည့် သဲပုံနောက်သို့ ဝင်လာသည်။

"ခွပ်"

"အွတ်"

အသင့်စောင့်နေသော အိုင်အိုနန်းထိုက်က နံပါတ်(၅)၏ပါးစပ်ကို ဘယ်လက်နှင့်ပိတ်ကာ ညာလက်ဖြင့် အသင့်ကိုင်ထားသော ပွိုင့်(၃၈)သေနတ်ဒင်ဖြင့် နောက်စေ့ကို ထုချလိုက်သည်။

နံပါတ်(၅)မှာ သဲပုံကြားသို့ မှောက်လျှား ထိုးလဲကျလာတော့၏။ အိုင်အိုနန်းထိုက်က အချိန်ကုန် မခံနိုင်သောကြောင့် နံပါတ်(၅)၏ ခန္ဓာကိုယ်ကို ပက်လက်ဆွဲလှန်လိုက်သည်။ ထို့နောက် အင်္ကျီကြယ်သီးများကို ဖြုတ်ကာ သတိကင်းမဲ့နေသော နံပါတ်(၅)၏ ဝတ်စုံကို ချွတ်လိုက်လေသည်။

ခဏကြာသောအခါတွင် နံပါတ်(၅)၏ ကိုယ်ပေါ်မှ အင်္ကျီနှင့် ဘောင်းဘီများကို အိုင်အိုနန်းထိုက် ဝတ်ဆင်ပြီးသား ဖြစ်သွားသည်။ သူသည် နံပါတ်(၅)၏ မျက်နှာတွင် စွပ်ထားသော မျက်လုံးနေရာသာ အပေါက်ဖောက်ထားသည့် သရဲမျက်နှာဖုံးကို



ယူလိုက်သည်။

"ဟင်. ."

အိုင်အိုနန်းထိုက် နံပါတ်(၅)၏မျက်နှာကို ကြည့်ကာ အံ့အားသင့်သွားလေသည်။ နံပါတ်(၅)မျက်နှာဖုံး စွပ်ထားသူမှာ မိမ်းရွှက်ဝါ တည်းခိုခန်း၏ ပန်းခြံဘေးရေကန်တွင် သန့်ရှင်းရေးလုပ်နေသော လူများထဲမှ လူတစ်ဦး ဖြစ်နေသည်ကို တွေ့လိုက်ရ၍ ဖြစ်သည်။

သူလရောင်ဖြင့် ကြာကြာကြည့်မနေတော့ဘဲ မျက်နှာဖုံးကို သူ၏မျက်နှာတွင် စွပ်လိုက်၏။ ထိုအချိန်မှာပင် နံပါတ်(၇)က လှမ်းအော်ခေါ်သည်။

"ဘယ်လို ဖြစ်တာလဲကွ. . အပေါ့သွားမယ်ဆိုပြီး ကြာချည်းလား"

အရက်စည်ကို သဲမြင်ပေါ်တွင်ချကာ နံပါတ်(၇)က တင့်နေခြင်း ဖြစ်သည်။ အရက်စည်ကို စက်လှေပေါ်မှ ချထားသော ကြိုးတွင်ချည်နှောင် ပေးရမည် ဖြစ်သည်။

ထိုအခါမှ စက်လှေပေါ်မှ သူတို့အဖွဲ့သားများက ဆွဲတင်လိုက်လျှင် အပေါ်သို့ ပါသွားမည်ဖြစ်ပြီး ကြိုးလှေကားဖြင့် သူတို့ တစ်ဦး တက်ရမည်ဖြစ်ကြောင်း အိုင်အိုနန်းထိုက် အကဲခတ်လိုက်သည်။

"ကဲ. . မင်းက ထမ်းထား၊ ငါက ဒီစည်ကို ကြိုးချည်ပေး

www.burmeseclassic.com

www.burmeseclassic.com



မယ်"

သံချိတ်ပါသောကြိုးက လူ၏ခါးတစ်ဝက် နေရာလောက်သာ ရှိနေသည်။ ထို့ကြောင့် အရက်စည်ကို အောက်သို့ချ၍ ချည်နှောင်လျှင် မမီမကမ်းဖြစ်နေ၏။ တတ်နိုင်သမျှ စကားမပြောဘဲ အိုင်အိုနန်းထိုက်က နံပါတ်(၅)၏အသွင်ဖြင့် အရက်စည်ကို ထမ်းထားလိုက်သည်။

အရက်စည်တွင်ရှိသော သံပြားပတ်ကို သံချိတ်နှင့်ချိတ်ကာ ခိုင်အောင်ကြိုးလေးဖြင့် နံပါတ်(၇)က ချည်နှောင်လိုက်တော့၏။

*

နံပါတ်(၇)က ကြိုးကိုဆွဲလှုပ်ကာ အချက်ပေးလိုက်သည်နှင့် စက်လှေကြီးပေါ်မှ အော်သံတစ်သံ ထွက်လာလေသည်။

"လာပြီဟေ့. . ကြာလိုက်ကြတာ နံပါတ်(၅)နဲ့ နံပါ
(၇)ရာ. . မိုးလင်းအောင်များ စောင့်နေကြသလား ထင်ရတယ်

စူးစူးရှရှ အပြစ်တင်သံနှင့်အတူ အရက်စည်ကြီးကို
ဖြည်းဖြည်း ဆွဲတင်နေကြသည်။ နံပါတ်(၇)က ကြိုးလှေကားပေ
ဆွဲပြီး တင်စပြုနေပြီဖြစ်၏။ အိုင်အိုနန်းထိုက်သည်လည်း နံပါ



(၇)နောက်မှ ကြိုးလှေကားပေါ်တွင် နင်းကာ တွယ်၍တက်သွားလေတော့သည်။

စက်လှေကြီး၏ ကုန်းပတ်ပေါ်သို့ သူ ခြေချမိပြီ ဖြစ်သည်။ ငရဲသား မျက်နှာဖုံးများ၊ ကြောက်မက်ဖွယ်ရာ တစ္ဆေမျက်နှာဖုံးများနှင့် လူတို့သည် စက်လှေကြီးပေါ်တွင် သွားလာလှုပ်ရှားနေကြသည်။

"နံပတ်(၅)နဲ့ နံပါတ်(၇) ပြန်ရောက်လာပြီဟေ့. . ကြိုးလှေကားကို တင်လိုက်တော့"

အမိန့်ပေးသံတစ်သံ ပေါ်လာသည်။ အမိန့်ပေးလိုက်သူမှာ နံပါတတ်(၂)ပင် ဖြစ်၏။ နံပါတ်(၂)၏ မျက်နှာဖုံးမှာ ထူးခြားနေပြီး အစွယ်ပြူးပြူးနှင့် ဘီလူးမျက်နှာဖုံးကို စွပ်ထားသည်ကို တွေ့ရလေသည်။

တစ္ဆေမျက်နှာဖုံး စွပ်ထားသော နံပါတ်(၁၀)နှင့် နံပါတ်(၁၁)တို့က လက်နှစ်ဖက်ဖြင့် အရက်စည်ကိုဆွဲကာ အောက်ထပ်လှေထဲသို့ လှေကားမှ ဆင်းသွားကြလေသည်။

နံပါတ်(၅)၏ မျက်နှာဖုံး စွပ်ထားသော အိုင်အိုနန်းထိုက်မှာ လူဆိုးဂိုဏ်းတစ်ဂိုဏ်း၏ ကြားထဲသို့ ရောက်ရှိနေပြီဖြစ်ကြောင်း သိရသည်။ အလိမ်ပေါ်သွားလျှင် သူ၏ အသက်သည် အချိန်မရွေး ပုရွက်ဆိတ်တစ်ကောင်လို သေဆုံးသွားနိုင်သည်။

တစ္ဆေမျက်နှာဖုံး စွပ်ထားသော လူအားလုံးမှာ အောက်

www.burmeseclassic.com

www.burmeseclassic.com



တွင် ဆွယ်တာအနက်နှင့် အမဲရောင်ဘောင်းဘီကို ဝတ်ဆ ထားပြီး အပေါ်မှ အဝတ်နက်ကြီးတစ်ခုကို လည်ပင်းမှကျောအ လွှမ်းခြုံထားသည်။ ထို့ကြောင့် ညကြီးသန်းကောင်တွင် စက်ဒေ ပေါ်၌ နာနာဘာဝများ လှုပ်ရှားနေသကဲ့သို့ပင် ထင်မှတ်ရသေ သည်။

တွေ့မြင်ရသမျှ မျက်နှာဖုံးစွတ်များမှာ လျှာတစ်လ ထွက်နေခြင်း၊ အရိုးခေါင်းပုံဖြစ်ခြင်း၊ မျက်လုံးများပြူးကာ သွ စွယ်များ ပေါ်နေခြင်းတို့ကို မြင်တွေ့ရသောကြောင့် အသ ငယ်တတ်သူတို့ ညအချိန်တွင် ထိုမျက်နှာဖုံး စွပ်ထားသူများအ တွေ့မြင်ရပါက တစ္ဆေ၊ သူရဲမှတ်ကာ လိပ်ပြာလွင့်၍ သွားနိ လောက်သည်။

"ဟေ့. . နံပါတ်(၇)နဲ့ နံပါတ်(၅) ကိုယ့်တာဝန်ကိုယ် သွ လုပ်လေ"

အမိန့်ကိုနာခံရန် နံပါတ်(၇)က စောင့်နေ၍ နံပတ်( ကလည်း ဘေးတွင်ရပ်နေ၏။ နံပါတ်(၂)၏ အမိန့်ပေးစကာ ဆုံးသည်နှင့် နံပါတ်(၇)သည် ပွဲပိုင်းဖက်သို့ ပြေးလိုက်သွားလေ၏

နံပါတ်(၅)ကလည်း နံပါတ်(၇)နောက်သို့ ပြေးလို သွားလေသည်။ အိုင်အိုနန်းထိုက်သည် သူနှင့်နံပါတ်(၇)တို့ တ တွဲ ဖြစ်နေခြင်းအတွက် တော်သေးသည်ဟု စိတ်ထဲမှတွေးမိသည် နံပါတ်(၇)၏ အရိပ်အခြေကိုကြည့်ကာ သူ လိုက်လုပ်ရမည်။



ပွဲပိုင်းသို့ ရောက်သောအခါတွင် နံပါတ်(၇)က သံလှေ ကားလေးမှ အောက်ထပ်သို့ ဆင်းသွားသည်။ အိုင်အိုနန်းထိုက် ကပါ သူနောက်မှလှမ်း ဆင်းလိုက်လေသည်။

"ဟေ့. . နံပါတ်(၅) မင်း ငါ့နောက် ဘာလိုက်လုပ်တာလဲ မင်းက ဟိုဖက်လှေကားက ဆင်းရမှာလေ. . ဒီကောင် ကြောင် နေပြန်ပြီ"

အိုင်အိုနန်းထိုက်မှာ ထိုအခါတွင်မှ သူလုပ်ရမည့်အလုပ် နှင့် နံပါတ်(၇)လုပ်ရမည့် အလုပ်မတူဟု သိရှိလိုက်ရသည်။ ထို့ ကြောင့် လှေကားမှ ပြန်တက်ကာ နောက်ဖက်လှေကားတစ်ခုကို ရှာလိုက်လေသည်။ ထိုအခါတွင်မှ နံပတ်(၇)မျက်နှာဖုံး စွပ်ထား သော အိုင်အိုနန်းထိုက်မှာ အခက်တွေ့သွားရတော့သည်။

ဟိုဖက်သည်ဖက်သို့ နှစ်ဖက်ဆင်းသော သံလှေကားနှစ် ခုကို တွေ့မြင်နေရသည်။ သူသည် မည်သည့်လှေကားကို လှမ်း ၍ဆင်းရမည် မသိ။ အကယ်၍ အခန်းမှားဆင်းမိကာမှ သူ အလိမ်ပေါ်သွားနိုင်သည်။ သို့သော် သူသည် ယခုအချိန်တွင် စဉ်းစားနေဖို့ အချိန်မရှိပေ။

သူ့တာဝန်ဆိုသည်မှာလည်း ဘာမှန်းမသိပေ။ သူသည် တစ်ခုခုကို လုပ်ရမည်။ ထိုတစ်ခုခုမှာ နံပါတ်(၇)လုပ်သည့် တာ ဝန်မျိုးပင် ဖြစ်သည်။ နံပါတ်(၇)က ဆင်းသွားသည့် အခန်းထဲ တွင် အမှတ်မထင် သူ အကဲခတ်ကြည့်ရာ ပုံးသီးနှင့်လိမ္မော်

www.burmeseclassic.com

www.burmeseclassic.com



သီးများကို မြင်တွေ့ခဲ့ရသည်။

ပျော်ပွဲစား ဂုဏ်ပြုပွဲဖြစ်၍ ထိုသစ်သီးများကို တစ်နေ့ သို့ နံပါတ်(၇) ယူသွားလိမ့်မည်။ ဂုဏ်ပြုပွဲလုပ်ရာ လူတွေဆ သွားကြသော လှေကြီး၏အလယ် ဝမ်းခေါင်းတွင်ရှိ ခန်းမကြ အတွင်းသို့ ဖြစ်နိုင်ပေသည်။

အိုင်အိုနန်းထိုက်သည် တစ်ဖက်စီ ဆင်းသွားသော သံ လှေကားနှစ်ခုရှိရာမှ နံပါတ်(၇) ဆင်းသကဲ့သို့ပင် ပင်လယ်ဖ က သံလှေကားကိုနင်းကာ ဆင်းလာခဲ့လေတော့သည်။ တစ် တော့ရှိသည် သူသည် အခန်းမှာပါက လူမသိစေရန် ခြေသံ လုံဖြင့် ဆင်း၍သွားခြင်းပင် ဖြစ်သည်။

*

အောက်ဖက်သို့ တဖြည်းဖြည်းဆင်းရင်း အတွင်းဖက်သ အိုင်အိုနန်းထိုက်သည် ကြို၍ကြည့်ကာ လာခဲ့လေသည်။ အတွင် ဖက်တွင် လူတစ်ဦးဦး ကြုံရှိနေပုံရသည်။ သူသည် သံလှေကား ဆင်းပြီးသည်နှင့် ရေသံကြားရာဆီသို့ ခြေဖွကာ လှမ်းလာခဲ့သည်

ယခုထိတော့ ထူးထူးခြားခြား မည်သည့်အရာမျှ မမြင် ရသေး။ နှစ်ဖက်ကာရံထားသော လမ်းကြားလေးမှ သူ ဆင်းလာ သည်။ ထိုအခါတွင် စေ့ထားသော အခန်းတစ်ခန်းထဲမှ ရေသံ



ထွက်ပေါ်နေသည်ကို သူ သိရှိလိုက်ရသည်။

တံခါးကို အသာအယာတွန်းကာ အိုင်အိုနန်းထိုက်သည် အတွင်းဖက်သို့ ချောင်းကြည့်လိုက်မိလေတော့သည်။

"ဟင် . . "

သူမျက်လုံးများကိုပင် သူ မယုံနိုင် ဖြစ်နေသည်။ အ တွင်းဖက်တွင် သရဲမျက်နှာဖုံး တစ်ခုခုဖြင့် လူတစ်ယောက် တစ် ခုတစ်ရာ ဆေးကြောနေခြင်း ဖြစ်မည်ဟု သူ ထင်မှတ်မိ၏။ သို့သော် သူ ထင်မှတ်သကဲ့သို့ မဟုတ်ဘဲ အလွန်လှပသော မိန်းမပျိုတစ်ဦး ရေချိုးနေသည်ကို သူ တွေ့မြင်လိုက်ရသည်။

ဤစက်လှေကြီးပေါ်တွင် မိန်းမပျိုတစ်ဦး တစ်ယောက် ရှိလိမ့်မည်ဟု သူ မထင်မှတ်ခဲ့ပေ။ မိန်းမပျိုမှာ ကိုယ်တစ်စောင်း အနေအထားဖြင့် ရေချိုးနေရာ သူမ၏ ကိုယ်ခန္ဓာမှ အလှအပများ အားလုံးကို သူ တွေ့မြင်နေရသည်။

"ချောက်"

"ဟင် . . "

ထိုအချိန်မှာပင် သူမသည် ရေကျနေသော ခေါင်းပေါ် မှပိုက်လုံးကို ပိတ်လိုက်သံ ကြားရသည်။ သူမ ထွက်လာပေ တော့မည်။ အိုင်အိုနန်းထိုက်သည် ပုန်းကွယ်စရာနေရာကို ရှာ ဖွေကြည့်လိုက်၏။

လောလောဆယ် သူရပ်နေသော လမ်းကြားတွင် ပုန်း

www.burmeseclassic.com

www.burmeseclassic.com



စရာနေရာ မရှိ။ ဘေးဘယ်ညာသို့ ဖျာဖျာသလဲ သူ ပုန်းစရာ ရှာလိုက်သောအခါ မိန်းမပျို ရေချိုးနေသော အခန်းနှင့် မျက်စောင်းထိုးတွင် တံခါးစေ့ထားသော အခန်းတစ်ခန်းကို သူ တွေ့လိုက်ရသည်။

အိုက်အိုနန်းထိုက်သည် ငြိမ်စားမနေတော့ ထိုအခန်းထဲသို့ တံခါးကိုတွန်းကာ ပြေးဝင်လိုက်လေတော့၏။ ထိုအခါတွင်မှ စောစောက ရေချိုးနေသည့် မိန်းမပျိုနေထိုင်ရာ အခန်းဖြစ်ကြောင်း သူ သိလိုက်ရသည်။

အခန်းထဲတွင် မှန်တင်ခုံတစ်လုံးနှင့် ကုတင်တစ်လုံး ရှိနေသည်၊ လောလောဆယ်တွင် သူသည် ပုန်းစရာ၊ ကွယ်စရာနေရာဟူ၍ အိပ်ရာခင်းကို ကုတင်တစ်ဝက်ခန့်အထိ အောက်သို့ချထားသော ကုတင်အောက်တွင်သာ လုံခြုံစရာရှိသည်။ အိုင်အိုနန်းထိုက်သည် ကုတင်အောက်သို့ အိပ်ရာခင်းကိုမကာ တိုးဝင်လိုက်ရလေတော့သည်။

"ရှပ်. . ရှပ်. . ရှပ်. . "

မကြာမီ အခန်းတွင်းသို့ လျှောက်လှမ်းလာသော ခြေသံကို ကြားလိုက်ရလေသည်။ အိုင်အိုနန်းထိုက်သည် အသက်ပင် ရဲရဲမရှူရဲဘဲ ကုတင်အောက်တွင် ပုန်းနေလေသည်။

*



သူပုန်းနေသောနေရာမှ မိန်းမပျို၏ခြေသလုံး ဖြူဖြူများကို မြင်နေရသည်။ ကုတင်ဘေးတွင်ရပ်ကာ ကုတင်ပေါ်မှ အဝတ်အစားများ တစ်ခုပြီးတစ်ခုယူကာ ဝတ်ဆင်နေလေတော့သည်။ ခဏကြာသောအခါတွင် မိန်းမပျိုသည် မှန်တင်ခုံရှိရာ ကုတင်တွင် သွားရောက်၍ ထိုင်လိုက်သည်ကို တွေ့မြင်ရလေတော့သည်။

အိုင်အိုနန်းထိုက်က ကုတင်အောက်တွင် မိန်းမပျို ထွက်သွားသည့် အချိန်အထိစောင့်၍ ပုန်းနေရန် စိတ်ကူးမိသည်။ သို့သော် မှန်တင်ခုံပေါ်တွင် ထိုင်နေသည့် မိန်းမပျိုက ထ၍ရပ်ကာ ကုတင်ရှိရာဖက်သို့ တစ်ချက်လှည့် ကြည့်လိုက်လေသည်။ ပြီးနောက် ကုတင်အောက်သို့ ဆတ်ကနဲ အိပ်ရာခင်းကိုလှန်ကာ. . .

"ရှင်. . ထွက်ခဲ့ပါ နံပါတ်(၅)၊ ရှင်ဟာ ကျွန်မရဲ့ ပကတိမျက်နှာကို မြင်ဖူးတဲ့သူ ဖြစ်သွားပြီ"

ဟု ညာလက်မှ သေနတ်ဖြင့် ချိန်ရွယ်ကာ ပြောလိုက်သည်။ မိန်းမပျိုသည် ခေါင်းစွပ်ဂါဝန်ရှည်ကြီးကို ဝတ်ဆင်ထားသည်။ ပန်းပွင့်များပါသော ဂါဝန်ရှည်ကြီးကို ဝတ်ဆင်ထားသည်။

ပန်းပွင့်များပါသော ဂါဝန်ရှည်မှာ မိန်းမပျို၏ လှပကျော့ရှင်းသော ကိုယ်ခန္ဓာကို ပေါ်လွင်စေသည်။ ဂါဝန်ရှည်မှာ ခြေသလုံး တစ်ဝက်လောက်တွင် အဆုံးသတ်နေ၏။

www.burmeseclassic.com

www.burmeseclassic.com



မိန်းမပျို၏မျက်နှာမှာ မြန်မာမဆန်၊ နှာတံပေါ်ပေါ်ဖြင့် အင်္ဂလိပ်ကပြားမ အသွင်ပေါ်နေသည်။ ဂုတ်ပေါ်တွင် ဖြန့်ချထားသော ဆံပင်များနှင့် တောက်ပသော မျက်လုံး၊ ပိရိသော နှုတ်ခမ်းတို့က စွဲမက်စရာကောင်းသော အလှပိုင်ရှင်ဖြစ်အောင် အထောက်အပံ့ ပြုထား၏။

"ကျုပ် . . ကျုပ် . . "

အိုင်အိုနန်းထိုက်သည် သေနတ်ဖြင့် ချိန်ရွယ်ထားသော မိန်းမပျို၏ရှေ့တွင် လက်နှစ်ဖက်မြှောက်ကာရပ်ရင်း မည်သည့်စကားကို ပြောကြားရမည်မသိ ဖြစ်နေလေသည်။

"ရှင် တစ်ဖက်ခန်းမှာ အလုပ်လုပ်ရင်း ကျွန်မကို စောင့်ကြည့်နေတာကြာပြီ မဟုတ်လား"

အိုင်အိုနန်းထိုက်က ခေါင်းငုံ့ထားသည်။

"ရှင်က ကျွန်မမျက်နှာကို မြင်ဖူးပြီဆိုတော့ ရှင့်မျက်နှာဖုံးကို ချွတ်လိုက်ပါ နံပါတ်(၅)"

မိန်းမပျို၏ အမိန့်ပေးစကားကြောင့် အိုင်အိုနန်းထိုက်မှာ မျက်နှာဖုံးကို ချွတ်ရကောင်းနိုး မချွတ်ရကောင်းနိုး ဖြစ်နေသည်။

"ကျုပ်ကို ခွင့်လွှတ်ပါ"

အိုင်အိုနန်းထိုက်က တောင်းပန်လိုက်သည်။

"ရှင်ဟာ ကျွန်မကို မိန်းမတစ်ယောက်ဆိုတာ သိသွားတာနဲ့ စိတ်ဖောက်ပြန်ပြီး အခန်းထဲကို ခိုးဝင်လာတော့တာပဲ မဟုတ်လား၊



ဲ. . ရှင့်မျက်နှာဖုံးကို ချွတ်လိုက်ပါ"

အိုင်အိုနန်းထိုက်မှာ ငြင်းဆန်၍ မရနိုင်တော့သည့် အဆုံးသူ့မျက်နှာဖုံးကို ဆွဲလှန်ကာ ချွတ်လိုက်ရလေတော့သည်။ မိန်းမပျိုသည် ယောကျ်ားပီသ ခံ့ငြားသော အိုင်အိုနန်းထိုက်၏ မျက်နှာကို မြင်လိုက်ရ၍ နှုတ်ခမ်းကိုတွန့်၍ ပြုံးလိုက်လေသည်။

သေနတ်ကတော့ အိုင်အိုနန်းထိုက်၏ ရင်ဝကို ချိန်ရွယ်ထားဆဲသာ ရှိသေးသည်။

"ရှင် ကျွန်မကို သတ်သတ်အနိုင်ကျင့် စော်ကားဖို့ ဆင်းလာတာ မဟုတ်လား နံပါတ်(၅)"

"မဟုတ်ပါဘူး၊ ကျုပ် ခင်ဗျားကို တကယ်ချစ်မိလို့ပါ"

"အိုး . ."

မိန်းမပျိုက အံ့အားသင့်သွားသည်။ သူမကို အိုင်အိုနန်းထိုက်က အရဲစွန့်ကာ ချစ်ရေးဆိုလိုက်သောကြောင့် ဖြစ်၏။

"ရှင် . . လျှာအရိုးမရှိတိုင်း ပြောမနေပါနဲ့ ရှင့်ကို ကျွန်မရဲ့ အစ်ကိုနံပါတ်(၁)ဆီကို ပို့ရမယ်"

"ဒါဆိုရင် ကိုယ် အသတ်ခံရမှာပေါ့၊ ကိုယ် မင်းကို သံယောဇဉ်ရှိနေတာ ကြာပါပြီ"

"ကျွန်မ သိပါတယ်၊ ရှင် ကျွန်မကို မသိမသာ အကဲခတ်နေတယ်၊ ကျွန်မရဲ့ ပင်ကိုယ်မျက်နှာကို မြင်ချင်နေတယ်ဆိုတာ ကျွန်မသိတာ ကြာပြီ"

www.burmeseclassic.com

www.burmeseclassic.com



အိုင်အိုနန်းထိုက် ချစ်ရေးဆိုလိုက်ခြင်းနှင့် မူလနံပါတ်(၅)အစစ် လုပ်ပုံကိုင်ပုံမှာ တထေရာတည်းကျသွား၍ တော်ပေသေးတော့သည်။

"ကျုပ်ကို ခွင့်မလွှတ်နိုင်ဘူးလား၊ ကျုပ် နှုတ်လုံပါ့မယ်၊ နှုတ်မလုံတဲ့အချိန်မှာ ကျုပ်ကို သတ်လိုက်ပါ"

အိုင်အိုနန်းထိုက်က မထူးတော့သည့်အဆုံး မိန်းမပျိုကို ဇွတ်တိုးကာ ချစ်ရေးဆိုလိုက်သည်။

"ရှင်တို့ ယောက်ျားတွေဟာ ယုံရခက်ပါတယ်၊ ဖြူပြာ့အစ်ကိုသိရင် ဖြူပြာ့ကိုပါ သတ်မှာ"

မိန်းမပျို၏သေနတ်က လျော့ရဲရဲ ဖြစ်သွားသည်။ အိုင်အိုနန်းထိုက်သည် ဖြူပြာဆိုသော မိန်းကလေး၏ရှေ့သို့ တိုးလာကာ သေနတ်ကိုင်သော လက်ကိုအသာအယာ ဖမ်းဆွဲယူကာ သေနတ်ကို ကုတင်ပေါ်သို့ ပစ်တင်လိုက်ပြီး. . .

"ဖြူပြာ ကိုယ် မင်းကို သိပ်ချစ်တယ်"

ဟုဆိုကာ ပွေ့ဖက်လိုက်တော့၏။

"အို. . လွှတ်ပါရှင် လုပ်စရာအလုပ်တွေ ရှိသေးတယ်မဟုတ်လား"

အိုင်အိုနန်းထိုက်က ဖြူပြာ့ကို လွှတ်မပေးဘဲ ရင်ခွင်ထဲတွင်ပွေ့ကာ ပါးကိုမွှေးကြူလိုက်လေတော့သည်။

*



"ကျွန်မရဲ့အစ်ကို နံပါတ်(၁)ကသိရင်တော့ ရှင့်ကိုသတ်ပြီး ပင်လယ်ထဲကို ပစ်ချမှာသေချာတယ်"

ဖြူပြာက ခဏအကြာ အိုင်အိုနန်းထိုက်၏ ရင်ခွင်ထဲမှ လူးလွန့်ကာ ရုန်းထွက်ရင်း ပြောလိုက်လေသည်။

"ဖြူပြာ ကိုယ် ခုဘာလုပ်ရမှာလဲ ဟင်. . ဖြူပြာနဲ့တွေ့တာနဲ့ ကိုယ်လုပ်ရမယ့် တာဝန်တွေတောင် မေ့သွားတယ်"

"တော်ပါရှင်. . အောက်က ခန်းမထဲမှာခင်းဖို့ ရှင့် အခန်းထဲမှာ သိမ်းထားတဲ့ စားပွဲခင်းတွေကို ယူသွားရမယ်လေ"

"ဟာ ဟုတ်လား"

"ဘာ ဟုတ်လားလဲ သိသားနဲ့"

အိုင်အိုနန်းထိုက်သည် သူ့အကျီကိုကောက်စွပ်ကာ ဖက်နှာဖုံးကိုတပ်၍ ဖြူပြာ၏အခန်းထဲမှ ပြေးထွက်ခဲ့သည်။ ထို့နောက် သံလှေကားပေါ် တက်၍ တစ်ဖက်ရှိ သူ့သံလှေကားမှ အခန်းထဲ ပြေးဆင်လိုက်လေသည်။

ထိုအခါတွင် နံပါတ်(၅)၏ အိပ်ရာကုတင်တစ်လုံးနှင့် အခန်းထောင့်တွင်ထားသော ကျွန်းသေတ္တာတစ်လုံးကို တွေ့လိုက်ရလေသည်။

အိုင်အိုနန်းထိုက်သည် ကျွန်းသေတ္တာကြီးကို ဖွင့်လိုက်သောအခါတွင် အထပ်လိုက် ခေါက်ထားသော စားပွဲခင်း

www.burmeseclassic.com

www.burmeseclassic.com



ရှည်ကြီးကို တွေ့လိုက်ရလေသည်။ ထိုစဉ်မှာပင် သံလှေကားပေါ်မှ အော်သံကြားလိုက်ရ၏။

"နံပါတ်(၅) စားပွဲခင်းခုထိ လာမပို့သေးဘူး၊ ဟိုမှာ အစား အသောက်တင်မည့်လူတွေ တင်လို့မရဘူး၊ ဘာလဲ သေတ္တာ သော့ပျောက်နေလား"

"လာပြီ. . လာပြီ"

အရဲစွန့်ရကာ အသံကိုပြောင်း၍ပြောရင်း စားပွဲခင်းလိပ်ကြီးကိုထမ်းကာ သံလှေကားပေါ်မှ တက်ခဲ့လေတော့၏။ ထိုအခါတွင် တစ်ဖက်သံလှေကားမှ တက်သွားသော သရဲမျက်နှာဖုံး နံပါတ်(၉)ကို စွပ်ထားသည့် ဖျူပြာ့ကို လှမ်းမြင်လိုက်ရ၏။

သူ သံလှေကားထိပ်တွင် ရပ်နေသူမှာ သူနှင့် အရက်စည်ကို အတူကြိုးချည်ခဲ့သော နံပါတ်(၇) ဖြစ်သည်။

"မင်းတဲ့ ခေါင်းဆောင်ကြီးက အဆူအကြိမ်း နည်းနည်းမှမခံရရင် အိပ်မပျော် စားမဝင်ဘူး၊ နဂိုကတည်းက နံပါတ်(၃)က မင်းကို အပြစ်မြင်နေတာ ပြဿနာပေါ်တော့မှာပဲ"

နံပါတ်(၇)က စားပွဲခင်းလိပ်ကြီးကို ထမ်းလာသော သူ၏နောက်မှ မြည်တွန်တောက်တီး၍ လိုက်လာသည်။ သူသည် နံပါတ်(၉) မျက်နှာဖုံးဖြင့် လှမ်းလျှောက်သွားသော ဖျူပြာဆင်းသည့် လှေကားမှလိုက်ကာ ဆင်းသက်လာခဲ့လေသည်။

ထိုအခါတွင် ခေါင်းတွင်ချိုပါသော ရေမင်းမျက်နှာဖုံးဖြင့်



ခန်းမရှေ့စားပွဲရှည်ကြီးထိပ်တွင် ရပ်နေသော နံပါတ်(၁) ခေါင်းဆောင်ကြီးကို သူ တွေ့လိုက်ရသည်။ နံပါတ်(၁)၏ ဘေးတွင် နံပါတ်(၂)က အသင့်ပင်ရပ်နေ၏။ သူသည် စားပွဲခင်းကြီးကို စားပွဲပေါ်သို့ ပစ်၍ ချလိုက်လေတော့သည်။

*

"နံပါတ်(၅) မင်း တာဝန်ကို ပေါ့ပေါ့လျော့လျော့ လုပ်တာတွေ များနေပြီနော်. . ခုထဲ စားပွဲခင်းကို ချက်ချင်းလာ မပို့ဘူး၊ ကဲ. . မြန်မြန်ခင်းစမ်း"

အိုင်အိုနန်းထိုက်က သူ၏အသံကို ခွဲခြားသိရှိသွားမည်စိုးသောကြောင့် မည်သည့်စကားမျှ မပြောဘဲ ခန်းမကျယ်ထဲရှိ ခုံတန်းရှည်တွင် ပန်းပွင့်ပုံပါသော စားပွဲခင်းကြီးကိုဖြန့်ကာ ခင်း၍နေလေတော့သည်။

မကြာမီ လူနှစ်ဆယ်ကျော် ထိုင်စရာ ထိုင်ခုံများရှေ့ရှိ စားပွဲရှည်ကြီးပေါ်တွင် စားပွဲခင်းခင်းပြီး သွားလေတော့သည်။

ထိုအခါ အခန်းထောင့်တွင် ချထားရသော အရ[illegible]အိုးနှင့် စားသောက်ဖွယ်ရာ ပန်းကန်များကို နံပါတ်ဆယ[illegible]ခြောက်၊ ဆယ့်ခုနစ်စသည့် တာဝန်အသီးသီးရှိသူတို့က ယူ[illegible] တင်လိုက်

www.burmeseclassic.com

www.burmeseclassic.com



ကြလေတော့သည်။

ခန်းမကျယ်ကြီး၏ နောက်ဖက်တွင် ချက်ပြုတ်ဆောင် ရှိသည်၊ ထိုချက်ပြုတ်ဆောင်ရှိရာသို့ နံပါတ်(၉)က ထွက်သွားသည်ကို တွေ့ရသည်။

ဖြူပြာသည် နံပါတ်(၉)ဝတ်စုံကို ဝတ်ဆင်လိုက်သောအခါ တွင် အပေါ်မှလွှမ်းခြုံထားသော အနက်ရောင် အဝတ်စကြောင့် မိန်းမယောကျ်ား ခွဲခြားမရအောင် ဖြစ်သွားလေသည်။

သို့သော် အပြင်သို့ထွက်နေသည့် လက်အိတ်စွပ်ထားသော လက်ချောင်းလေးများမှာ သွယ်လျနေသောကြောင့် မိန်းမတစ်ဦး၏ လက်ချောင်းများဖြစ်သည်ကို ဂရုတစိုက် အကဲခတ်တတ်သူက သိနိုင်သည်ဟု အိုင်အိုနန်းထိုက် တွေးထင်မိလိုက်သည်။

စက်လှေကြီးပေါ်တွင် ရောက်ရှိလာပြီး မထင်မှတ်ဘဲ အိုင်အိုနန်းထိုက်သည် ဖြူပြာဆိုသည့် မိန်းမပျိုနှင့် ချစ်ကြိုးသွယ်လိုက်မိသည်။

ဖြူပြာမှာ တကယ်လည်း ချစ်စရာကောင်း၍ သူ၏ အလိုကို မငြင်းမဆန် လိုက်လျောခဲ့သောအခါ ကရုဏာသက်ကာ သံယောဇဉ် တွယ်မိလေသည်။

သို့သော် ဖြူပြာသည် မျက်နှာဖုံးစွပ် လူဆိုးဂိုဏ်း၏ အဖွဲ့ဝင်တစ်ဦး ဖြစ်နေသည်။ ဂိုဏ်းခေါင်းဆောင်သည် သူ၏အစ်ကို ဖြစ်ကြောင်း ဖြူပြာ့စကားများအရ အိုင်အိုနန်းထိုက် သိရှိခွင့်



ရရှိခဲ့၏။

ခဏကြာသောအခါတွင် လှေကြီး၏ဝမ်းထဲရှိ ခန်းမကျယ်ကြီးတွင် စားသောက်စရာ ပန်းကန်များ ပြည့်လျှံသွားလေသည်။ ကြက်ကြော်များ၊ အစိမ်းကြော်များနှင့် ဘဲကင်များမှာ အငွေ့က ထောင်းထောင်း ထွက်လျက် ရှိနေလေသည်။

ထိုင်ခုံများတွင် နံပါတ်များတပ်ဆင်ထားသည်ကို တွေ့ရှိရသည်။ အိုင်အိုနန်းထိုက်သည် သူထိုင်ရမည့် ထိုင်ခုံမှာ စားပွဲထိပ်ရှိ နံပါတ်တစ်မှတစ်ဆယ်အထိ သီးသန့်ထားရှိသော အပိုင်းဖြစ်နေသည်ကို တွေ့ရသည်။

ကြည့်ရခြင်းအားဖြင့် ထိုလူဆယ်ဦးမှာ ခေါင်းဆောင်ဖြစ်သော နံပါတ်(၁)နှင့်အတူ ဩဇာအာဏာရှိသော လူယုံများဖြစ်ဟန်တူသည်။

"ကဲ. . နေရာယူကြ"

နံပါတ်(၁)၏ အေးစက်စက်အသံ ထွက်ပေါ်လာသည်နှင့် ကိုယ့်နေရာကိုယ်ဝင်ကာ မထိုင်သေးဘဲ မတ်တပ်ရပ် လိုက်ကြ၏။ အိုင်အိုနန်းထိုက်မှာ အရှေ့ရာတွင် သူတို့အခြေအနေကို ကြည့်ကာ လုပ်နေရခြင်းဖြစ်ရာ ထိုင်မိမလိုဖြစ်ပြီးမှ မတ်တပ်ပြန်ရပ် လိုက်ရလေသည်။

ထိုအဖြစ်အပျက်ကို မြင်တွေ့လိုက်ရ သူများမှာ နံပါတ်(၁)၊ နံပါတ်(၃)နှင့် နံပါတ်(၉)တို့ပင် ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



"နံပါတ်(၅) မင်းဟာဒီညမှာ အမှားအယွင်းတွေလုပ်တာ နှစ်ခါရှိပြီနော်. . ပထမတစ်ခါ စားပွဲခင်းကို မင်းအလျင်ခင်း ရမှာ စားသောက်ပွဲ ဒဲယ်တဲ့သူတွေထပ် နောက်ကျပြီးမှ ခန်းမထဲကို ရောက်တယ်၊ နောက်တစ်ခါ မင်းဟာ ထိုင်ခုံကို ထိုင်မိမလို ဖြစ်ပြန်ပြီ၊ နံပါတ်(၃) သူကိုဆုံးမလိုက်ပါ"

နံပါတ်(၃)ဆိုသူမှာ လူသတ်တရားခံ ဂျော့ဖိုးသာကို ဓားနှင့်ပစ်ပေါက်ခဲ့တာ သတ်ဖြတ်ခဲ့သူဖြစ်ကြောင်း အိုင်အိုနန်းထိုက် သိရှိပြီးသား ဖြစ်သည်။

သူ၏ရင်ထဲတွင် ထိတ်ကနဲ ဖြစ်သွား၏။ နံပါတ်(၃)က သူ၏နေရာသို့ လှမ်းလျှောက်လာလေသည်။ ထိုအခါ နံပါတ်(၉)မှာ ထိတ်ထိတ်ပျာပျာဖြစ်ကာ. . .

"နံပါတ်(၃) သူ ကျန်းမာရေး သိပ်မကောင်းဘူး၊ ဒီတစ်ခါ ခွင့်လွှတ်လိုက်ပါ"

ဟု ပြောသံထွက်ပေါ်လာသည်။ အသံကို ခပ်ဩဩ ဖြစ်အောင် ဖြုပြောကလုပ်၍ ပြောလိုက်ခြင်းကို အိုင်အိုနန်းထိုက် သတိထားလိုက်မိသည်။

"ကဲ. . နံပါတ်(၉)က သူ့ကို ထောက်ခံတဲ့အတွက် ဒီတစ်ခါ ခွင့်လွှတ်လိုက်၊ နောက်တစ်ခါ ဆိုရင်တော့ တို့အဖွဲ့ရဲ့ စည်းကမ်းအတိုင်း နံပါတ်(၃)က သူ့စိတ်တိုင်းကျ ဆုံးမပါစေ၊ တကယ်လို့ သူက နံပါတ်(၃)ကို ဆန့်ကျင်ရင် သူတို့နှစ်ယောက် အရှုံး



အနိုင်တိုက်ကြဖို့ ငါ ခွင့်ပြုတယ်"

လူမိုက်လောက လူမိုက်ဒေသ ဖြစ်သောကြောင့် နံပါတ်(၁)၏ ဆုံးဖြတ်ချက်မှာ ရက်စက်သည်ဟု မည်သူမျှ ဝေဖန်ပြောဆိုရဲခြင်း မရှိပေ။ ကြည့်ရသည်မှာ တိုက်ခိုက်ရေးပညာတွင် နံပါတ်(၃)က အားကိုးအားထား ပြုနေရသူဖြစ်မည်ဟု အိုင်အိုနန်းထိုက် ခန့်မှန်းလိုက်မိပြန်လေတော့သည်။

"ကဲ. . ဒီနေ့ ဂုဏ်ပြုပွဲနဲ့ သံမဏိမုဆိုးဂိုဏ်းရဲ့ ရှေ့လုပ်ငန်းစဉ်တွေ ဆွေးနွေးပွဲစမယ်"

ဂိုဏ်းချုပ်ကြီး၏ စကားဆုံးသည်နှင့် သံမဏိမုဆိုးဂိုဏ်း၏ ကြွေးကြော်သံမှာ တစ်ခဲနက် ပေါ်ပေါက်လေတော့သည်။

"သံမဏိမုဆိုးဂိုဏ်း ပင်လယ်ပြင်ကို လွှမ်းမိုး ချုပ်ကိုင်နိုင်ရမယ်"

"သံမဏိမုဆိုးဂိုဏ်း စက်လှေအားလုံးကို ပိုင်ဆိုင်ရမယ်"

"သံမဏိမုဆိုးဂိုဏ်း ထာဝရ တည်မြဲရမယ်"

အိုင်အိုနန်းထိုက်မှာ ပါးစပ်လှုပ်ရုံမျှလိုက်ကာ သပြိုင့်ဆိုသူများနှင့် ရောယောင်ကာ ဟန်ဆောင်လိုက်ရသည်။ ဖျတ်ကနဲ အကဲခတ်ကြည့်သောအခါ တစ္ဆေမျက်နှာဖုံး၏ မျက်လုံးပေါက်ထဲမှ နံပါတ်(၃)သည် သူ့ကိုအကဲခတ် ကြည့်ရှုနေကြောင်းကို သတိထားမိလိုက်၏။

"အင်း. . နံပါတ်(၃)က နံပါတ်(၅)ကို မဲနေတယ် သဘော

www.burmeseclassic.com

www.burmeseclassic.com



ရှိတယ်၊ ငါကဇဲ နံပါတ်(၅) မျက်နှာဖုံးစွပ်မိတော့ သူ့ကို ကြည့်ပြီး ရင်ဆိုင်ရတော့မှာပဲ"

အိုင်အိုနန်းထိုက်သည် တစ်ကိုယ်တည်း တိတ်တဆိတ် တွေးတောနေလိုက်မိလေတော့သည်။ ထိုအခိုက်မှာပင် ဂိုဏ်းချုပ်က လက်ပြ၍ လူအားလုံး ထိုင်ကြသည်။

*

"အခု တို့ရဲ့သံမဏိမှုဆိုးဂိုဏ်းဟာ ဆောင်ရွက်စရာရှိတဲ့ ကိစ္စတွေကို လုပ်ဆောင်ပြီးပြီ၊ နံပါတ်(၅)နဲ့ နံပါတ်(၃)ဟာ ကိုယ့်တာဝန် ကိုယ် ကျေခဲ့ကြပါတယ်၊ နံပါတ်(၅)ဟာ စီမံရွက်ဝါ တည်းခိုခန်းမှာ တို့အဖွဲ့နဲ့ ပူးပေါင်းဖို့ ငြင်းဆန်ခဲ့တဲ့ ဦးခွန်သာကို သတ်ဖြတ်ခဲ့ပြီးတော့ လူသတ်တရားခံကို တို့ နောက်ခြေရာခံ လိုက်နေတဲ့ စီအိုင်ဒီက စုံထောက် ခပ်ကြီးကြီးတစ်ကောင်ကို ပုလိပ်က ထင်မြင်အောင် လုပ်ဆောင်နိုင်ခဲ့သလို နံပါတ်(၃)ကလဲ သစ္စာဖောက်ပြီး ဦးခွန်သာနဲ့ ဆက်သွယ်ခဲ့တဲ့ ကျော့ဖိုးသာကို နံပါတ်(၃)က နှုတ်ပိတ်နိုင်ခဲ့ပြီ၊ ခု လုပ်ကြံစရာရှိတာကတော့ လောလောဆယ်မှာ ထားဝယ်ကိုရောက်နေတဲ့ 'ဂျမဒါမှူးသာ' ဆိုတဲ့ စီအိုင်ဒီက ထောက်လှမ်းရေးတစ်ဦးပဲ၊ ဂဲ. . . ဒီထောက်လှမ်းရေးသမား



ဂျမဒါမှူးသာ'ကို ဘယ်သူ တာဝန်ယူလုပ်ကြမလဲ"

ဂိုဏ်းချုပ်နံပါတ်(၁)၏ စကားဆုံးသည်နှင့်

နံပါတ်(၉) နံပါတ်(၃)နှင့် နံပါတ်(၅)တို့က ပြိုင်တူဖြစ် လက်များကိုမြှောက်ကာ လက်မျောက်များ ထောင်ထားလိုက်ကြလေသော်၏။ အိုင်အိုနန်းထိုက်မှာ ဂျမဒါမှူးသာကို လုပ်ကြံရာတွင် သူ တာဝန်ယူမည်ဟု လက်မထောင်ခြင်းမှာ ဂျမဒါမှူးသာကို အကာကွယ် ပေးနိုင်ရန်အတွက်ပင် ဖြစ်လေသည်။

"ကောင်းပြီ၊ နံပါတ်(၉) နံပါတ်(၃)နဲ့ နံပါတ်(၅)တို့က ပူးတွဲလုပ်ဆောင်ရင် ပိုကောင်းမယ်၊ ဒါပေမယ့် လူတွေအများကြီး လှုပ်ရှားရင် သိသွားနိုင်တယ်၊ ဒီတစ်ခါတော့ နံပါတ်(၃)နဲ့ နံပါတ်(၅) အနားယူကြပါ၊ ဒီတာဝန်ကို နံပါတ်(၉)ကို ပေးအပ်မယ်"

နံပါတ်(၉)က လက်ခုပ်စတီးလိုက်၍ အားလုံး လက်ခုပ်လိုက်တီးလိုက်ကြ၏။ နှောင်းလေးခင်ကာ အိုင်အိုနန်းထိုက်ကပါ လက်ခုပ်တီး လိုက်လေတော့သည်။

"ကဲ. . . နံပါတ်(၃)နဲ့ ဒီနေ့ည တာဝန်ကျေ အောင်မြင်မှုအတွက် ဂုဏ်ပြုတဲ့ အခမ်းအနားစပါပြီ"

နောက်ဆုံးထပ် လက်ခုပ်သံများ ဆူဆူညံညံ ထွက်ပေါ်လာကြလေသည်။ စကော့လေ့ကြီးပေါ်တွင် မီးများထိန်ထိန်လင်းလာ စားသောက်ပွဲကြီးကို ကျင်းပလျက် ရှိနေကြပြီဖြစ်၏။ နံပါတ်(၅)

www.burmeseclassic.com

www.burmeseclassic.com



ထန်းဆောင်ထားသော အိုင်အိုနန်းထိုက်သည် အလှည့်ကျ တာဝန်ဖြင့် ထည့်ပေးသော နံပါတ်နှစ်ဆယ်နှင့် နှစ်ဆယ့်တစ်တို့ ထည့်ပေးသည့် အရက်ခွက်ကိုကိုင်ကာ မော့လိုက်ရလေသည်။

နံပါတ်(၉)ကား မိန်းကလေးဖြစ်၍ အရက်သောက်သည်ကို မတွေ့ရပေ၊ အားလုံးကလည်း နံပါတ်(၉)ကို နားလည်ကြတန်တူသည်၊ ထို့အတူ တစ္ဆေမျက်နှာဖုံးကို စွပ်ထားသော အမျိုးသမီးများသည် အရက်ခွက်ကိုမသောက်ဘဲ အစားအသောက်ကို စားသောက်နေကြ၏၊

အိုင်အိုနန်းထိုက်ကတော့ အစားအသောက်များ စားရင်း အကဲခတ် ကြည့်ရှုနေလေသည်၊ နံပါတ်(၃)ကတော့ အရက်အတော်ပင် သောက်နိုင်သည်၊ ငှဲ့ထည်းပေးသမျှ အရက်များကို တစ်ခွက်ပြီးတစ်ခွက် သောက်၍ ရှေ့မှ ဘဲတင်များကိုလည်း နှိုက်ကာစားနေတော့၏၊

နံပါတ်(၉)ကတော့ မျက်လုံးပေါက်မှ အိုင်အိုနန်းထိုက်ကို မကြာခဏ လှမ်းကြည့်သည်၊ ပြီးတော့ သူ့ရှေ့မှ ကြက်ကြော်ပန်းကန်ကို မသိမသာ အိုင်အိုနန်းထိုက်ရှိရာသို့ တိုး၍ပေးလိုက်ပြန်လေသည်၊

အိုင်အိုနန်းထိုက်ကလည်း သူ့ရှေ့တွင် ရှိနေသော အငွေ့တထောင်းထောင်း ထနေသည့် ငါးပေါင်းပန်းကန်ကို နံပါတ်(၉)ရှိရာသို့ တိုးကာ မသိမသာပေးလိုက်၏။



သူတို့နှစ်ဦးက တစ်ဦးနှင့်တစ်ဦး ဟင်းပန်းကန်များ တိုးပေးနေသည်ကို နံပါတ်(၃)သည် မသိမသာ အကဲခတ်ကြည့်ရှုနေလေသည်။

သူ၏ရှေ့တွင်ရှိသော သစ်သားကုတ်တံကို ယူကာ နံပါတ်(၃)က နံပါတ်(၉) တိုးပေးလိုက်သည့် ကြက်ကြော်ပန်းကန်ကို လှမ်း၍ကုတ်ကာ သူ့ရှေ့သို့ ဆွဲယူလိုက်သည်၊

"ထန်"

"ချွမ်"

ဘေးတွင် ပန်းကန်များရှိသောကြောင့် နံပါတ်(၃)သည် ပန်းကန်များကြားမှ ကြက်ကြော်ပန်းကန်ကို ဆွဲယူသောအခါ ပန်းကန်ချင်း တိုက်မိသံ ထွက်ပေါ်လာသည်။

ကြက်ကြော်ပန်းကန်ကို နံပါတ်(၃)က ယူနေမှန်းသိသောကြောင့် နံပါတ်(၅) အိုင်အိုနန်းထိုက်သည် ကြက်ကြော်ပန်းကန်ကို မကာ နံပါတ်(၃)ရှေ့ ချပေးလိုက်တော့၏၊

*

www.burmeseclassic.com

www.burmeseclassic.com



ဂိုဏ်းချုပ်ဖြစ်သော နံပါတ်(၁)နှင့် သူ့အနီးမှနံပါတ်(၂) တို့သည် စားသောက်ခြင်းကိုရပ်ကာ ထလိုက်ကြ၏။ နံပါတ် (၁)က. . .

"ကဲ. . . ပျော်ပျော်ပါးပါး စားသောက်ကြ၊ စားသောက်ပြီးရင် ကိုယ့်တာဝန်ရှိတာ ကိုယ်ဆက်လုပ်၊ နံပါတ်(၅)က စက်လှေရဲ့လုံခြုံရေး တာဝန်ကို ထမ်းရွက်ရမည့် အချိန်ကျပြီနော်"

ဟုပြောကာ ခန်းမထဲမှထွက်ခွာ သွားလေတော့သည်၊ ခေါင်းဆောင်ကြီးနှင့် နံပါတ်(၂)တို့ ထွက်ခွာသွားသည်နှင့်ပင် အိုင်အိုနန်းထိုက်သည် အစားအသောက်ကို ရပ်ကာထလိုက်သည်၊

နံပါတ်(၉)ကလည်း သူစားလက်စကို အမြန်ဆုံး လက်စသတ်ကာ ထရပ်လိုက်သည်ကို တွေ့လိုက်ရလေသည်။

"နံပါတ်(၅) ဘယ်သွားမလို့လဲ၊ မင်းက စားသောက်ပွဲတွေသိမ်းပြီးရင် စားပွဲခင်းကိုသန့်စင်ပြီး မင်း အခန်းထဲမှာ ပြန်သိမ်းရမယ် မဟုတ်လား"

နံပါတ်(၃)က လှမ်း၍အမိန့် ပေးလိုက်သည်။ နံပါတ်(၅)သည် ယခင်က နံပါတ်(၃)ကို မည်သို့ဆက်ဆံသည်ကို မသိပေ၊ စားသောက်ပွဲတွင် ထိုင်နေရသည်မှာ ကျဉ်းကျပ်လှသောကြောင့် အိုင်အိုနန်းထိုက်မှာ နံပါတ်(၃)ကို ခေါင်းတစ်ချက်ဆတ်ပြကာ လှေဝမ်းထဲမှတက်သည့် လှေကားအတိုင်း တက်လာကာ လှေကြီး၏ကုန်းပတ်ဘေးမှ ဦးပိုင်းသို့ လမ်းလျှောက်လာခဲ့လေသည်၊



လရောင်မှာ ပင်လယ်ပြင်တွင် ထိန်ထိန်သာနေ၏။ အိုင်အိုနန်းထိုက်သည် လှေကြီးကုန်းပတ်ပေါ်မှထိုင်ရင်း သဲသောင်ပြင်နှင့် ပင်လယ်ကမ်းစပ်ကို ငေးမျှော်ကြည့်ရှုနေလေသည်။

ထိုအချိန်မှာပင် လှေကြီး၏ကုန်းပတ်ပေါ်မှ လျှောက်လှမ်းလာသော လူရိပ်တရိပ်ကို တွေ့မြင်လိုက်ရလေတော့၏။

*

သူရှိရာသို့ တစ္ဆေမျက်နှာဖုံးဖြင့် ဝတ်ရုံဝတ်ကာ လျှောက်လှမ်းလာသူမှာ နံပါတ်(၉)မျက်နှာဖုံး စွပ်ထားသော ဖြူဖြူပင်ဖြစ်လေသည်။

"အစ်ကိုက ဒီမှာ အေးအေးဆေးဆေး လာထိုင်နေတာကိုး"

"ဪ. . ဖြူဖြူလာရလေ. . ဒီမှာ လရောင်ကလည်း သာနေတာနဲ့ အေးအေးဆေးဆေး ထိုင်ချင်လို့ ထိုင်နေတာ"

အိုင်အိုနန်းထိုက်၏ ဘေးတွင် ဖြူဖြူက ဝင်ထိုင်လိုက်သည်။

"သံမဏိကျွန်းကို ရောက်ရင် ကျွန်မရဲ့အစ်ကိုကို ဖွင့်ပြောပြီးတော့ အစ်ကိုနဲ့ညီမ လက်ထပ်လိုက်ကြရအောင်နော်"

www.burmeseclassic.com

www.burmeseclassic.com



"သံမဏိကျွန်းကို ဘယ်တော့ သွားကြမှာလဲ ဖြူဖြာ"

"အစ်ကိုကမဲ့ မသိတာကျနေတာပဲ၊ သံမဏိကျွန်းကို ဖြူဖြူလုပ်ဆောင်ရမယ့် ကိစ္စပြီးရင် သွားမှာပေါ့၊ ဖြူဖြာ မနက်ဖြန် ကျရင် စပြီးလှုပ်ရှားရတော့မယ်လေ"

"ဩော်. . ဟိုစုံထောက်ကို လုပ်ကြမယ်ဆိုတဲ့ ကိစ္စလား ဖြူဖြာ. ."

"ဟုတ်တယ်လေ"

ဂျမဒါမှူးသာကို လုပ်ကြံမည့် မိန်းမလှလေးတစ်ဦးနှင့် အတူ အိုင်အိုနန်းထိုက်မှာ ချစ်သူအဖြစ် နေထိုင်နေရသည်ကို ဂျမဒါမှူးသာက သိတော့မည် မဟုတ်ပေ။

"အစ်ကို သိတဲ့အတိုင်းပဲ၊ သံမဏိကျွန်းမှာက ကျွန်မတို့ ပိုင်ဆိုင်တဲ့ စက်လှေတွေအများကြီး ရှိနေပြီ၊ အဲဒီစက်လှေတွေကို နိုင်ငံခြားသားတွေကို ရောင်းစားမယ်၊ ပြီးရင် အစ်ကိုနဲ့ ညီမနဲ့က နိုင်ငံခြားတစ်နိုင်ငံမှာ အခြေချပြီး နေကြတာပေါ့၊ အင်္ဂလိပ်ရှားဆိုရင် အစ်ကို သဘောကျတယ်မို့လား"

အိုင်အိုနန်းထိုက်မှာ သူ့ကို စီအိုင်ဒီမှ စုံထောက်မှန်း မသိဘဲ၊ ဘဝရှေ့ရေး တိုင်ပင်နေရှာသော ဖြူဖြာ၏စကားကို နားထောင်ကာ ကရုဏာသက်သွားသည်၊ အိုင်အိုနန်းထိုက်က သက်ပြင်းချလိုက်၏။

"ဟင်း. ."



"ဟင်. . အစ်ကိုက ဘာလို့ သက်ပြင်းချလိုက်တာလဲ"

"ဖြူဖြာအတွက် စိတ်ပူလို့ပါ ဖြူဖြာ"

"ဘာ ပူစရာရှိသလဲ အစ်ကို၊ ဖြူဖြာ ဂျမဒါမှူးသာဆိုတဲ့ စုံထောက်ကို အသာလေး လုပ်ကြံနိုင်ပါတယ်"

"ဖြူဖြာ့နောက်ကို အစ်ကိုပါ လိုက်ခဲ့ချင်တယ်၊ ဖြူဖြာ တစ်ခုခု ဖြစ်မှာစိုးလို့"

အိုင်အိုနန်းထိုက်က ဖြူဖြာ့လက်ကလေးကို ဆုပ်ကာ ပြောလိုက်လေသည်။

"ဂိုက်းချုပ်ကြီးကို အစ်ကိုအကြောင်း တစ်ခုခုပြပြီး ထွက်ခဲ့ပေါ့၊ ဖြူဖြာနဲ့အစ်ကို စိမ်းရွှက်ဝါ တည်းခိုခန်းမှာ ဆုံကြတာပေါ့"

"ဟုတ်ပြီ. . ဒီစုံထောက်ကို ဖြူဖြာ့ကိုယ်စား အစ်ကိုလုပ်ကြံပေးမယ်"

အိုင်အိုနန်းထိုက်က ဖြူဖြာ့ ကိုယ်လေးကိုဖက်ရင်း ပြောလိုက်သည်၊ သို့သော် ဖြူဖြာ၏ ပါးစပ်ကို သူက နမ်းခွင့်မရပေ၊ အဘယ်ကြောင့်ဆိုသော တစ္ဆေမျက်နှာဖုံးနှစ်ခုက သူတို့ မျက်နှာများတွင် ခံနေသောကြောင့် ဖြစ်၏၊ အိုင်အိုနန်းထိုက် ဖက်တွယ်ထားရာမှ ဖြူဖြာက ရုန်းဖယ်ကာ ထရပ်လိုက်လေသည်။

"တော်ကြာ နံပါတ်(၃)ရောက်လာရင် မကောင်းဘူး အစ်ကို၊ ဒါ ဖြူဖြာ့အခန်း မဟုတ်ဘူးရှင့်. . သတိထားပြီး"

ဖြူဖြာက ရယ်သံလေးတစ်ဝက်ဖြင့် ပြောလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



အိုင်အိုနန်းထိုက်မှာ ဖြူပြာ့ကိုယ်လေးကို မလွှတ်ချင်လွှတ်ချင်ဖြင့် လွှတ်ပေးလိုက်ရလေတော့သည်။

ထိုစဉ်မှာပင် လှေကြမ်းပြင်ပေါ်၌ ခြေသံပြင်းပြင်းဖြင့် လျှောက်နင်းလာသော ခြေသံကို ကြားလိုက်ရလေတော့သည်။

"ဒေါက်. . ဒေါက်. . ဒေါက်. . "

ထိုခြေသံကိုကြားသည်နှင့် ဖြူပြာသည် အိုင်အိုနန်းထိုက်နှင့်ခွာကာ တစ်ဖက်လှေဦး၏ နံရံနားတွင် ရွေ့၍ ရပ်လိုက်လေတော့သည်။ လှေဦးသို့ လျှောက်လာသူမှာ သံမဏိမုဆိုးဂိုဏ်းမှ နံပါတ်(၃)အဆင့်ရှိသူပင် ဖြစ်လေသည်။

"ဟော့. . နံပါတ်(၅) မင်းရဲ့အပြစ်တွေ သိပ်များနေပြီ"

*

ပြောပြောဆိုဆို နံပါတ်(၃)သည် သူ၏ခါးတွင် ပတ်ထားသော ကြာပွတ်ကို ဆွဲ၍ဖြုတ်လိုက်လေသည်။ ခပ်ဝေးဝေးတွင် ရပ်နေသော ဖြူပြာက. .

"အို. . နံပါတ်(၃)၊ သူ ခုပဲ စားပွဲခင်းကို လာပြီးသိမ်းတော့ မလို့ပါ"

ဟုပြောလိုက်လေသည်။ နံပါတ်(၃)က ဖြူပြာ၏စကား



ကို အမှုမထားဘဲ. .

"နံပါတ်(၉) နံပါတ်(၁)ဂိုဏ်းချုပ်ကြီးက တာဝန်မရှိဘဲ လှေကုန်းပတ်ပေါ်မှာ နံပါတ်(၉)တို့ နံပါတ်(၁၂)တို့လို လမ်းလျှောက်မနေရဘူးလို့ အမိန့်ထုတ်ထားတယ် မဟုတ်လား၊ ထွက်သွားစမ်း"

နံပါတ်(၉)မှာ ရုတ်တရက် တစ်စုံတစ်ရာ ပြန်ပြောမည်ပြုပြီးမှ သူ့အစ်ကို အမိန့်ထုတ်ခြင်းကို သိရှိလိုက်ရ၍ မည်သည့်စကားမျှ မပြောဘဲ လှေဦးမှ ထွက်ခွာသွားလေတော့သည်။ သူမသည် နံပါတ်(၅)အတွက် စိတ်မချဖြစ်မိ၏။

သို့သော် ကြာပွတ်နှင့် သုံးလေးချက် နံပါတ်(၃)က ရိုက်နှက်ကာ နံပါတ်(၅)ထံမှ ပြန်လည်ထွက်ခွာသွားမည်ဟု ယူဆမိသောကြောင့် သူမ အခန်းရှိရာ လှေကြီး၏ပဲ့ပိုင်းသို့ ထွက်ခွာလာခဲ့တော့၏။

သူမကဝင့်၍ အပြင်းအထန် တားမြစ်ခဲ့လျှင် သူမ၏အစ်ကို ဂိုဏ်းချုပ်က နံပါတ်(၅)နှင့် ချစ်ကြိုးသွယ်နေမိသည်ကို သိရှိကာ နံပါတ်(၅)ကို ပေလာ့လောဆယ် သေဒဏ်ပေးလိုက်မှာ စိုးရိမ်မိသောကြောင့်ပင် ဖြစ်လေသည်။

သံမဏိမုဆိုးဂိုဏ်းတွင် နံပါတ်(၁)၊ (၂)နှင့်(၃)တို့၏ ဩဇာကို မည်သူမျှ လွန်ဆန်၍မရပေ။

"ရှမ်း. . ."

www.burmeseclassic.com

www.burmeseclassic.com



ကြာပွတ်ကို ဆန့်တန်းလိုက်လေသည်။

"နံပါတ်(၅) မင်းကို ငါကြည့်နေတာ ကြာပြီ၊ မင်းဟာ ဂိုဏ်းစည်းကမ်းကို ဖောက်ဖျက်တာ အကြိမ်ကြိမ်ရှိနေပြီ၊ ခု တစ်ကြိမ်ကတော့ အဆိုးရွားဆုံးပဲ"

နံပါတ်(၃)က ဒေါသသံဖြင့် ပြောဆိုလိုက်လေသည်။ နံပါတ်(၅) ဟန်ဆောင်ထားသော အိုင်အိုနန်းထိုက်က မည်သည့်စကားမျှ ပြန်မပြောပေ၊ နံပါတ်(၃)၏ အခြေအနေကိုသာ သူသည် စောင့်ကြည့်နေ၏။

"ဒီအတွက် မင်းကိုငါ ဂိုဏ်းရဲ့ထုံးစံအတိုင်း အပြစ်ပေးရမှာပဲ"

ပြောပြောဆိုဆို ကြာပွတ်ကို ဝှေ့ရမ်းကာ ရိုက်ချလိုက်လေသည်။

"ရှမ်း . . "

"အိုး . . . "

အိုင်အိုနန်းထိုက်က သူ၏ခန္ဓာကိုယ်ရှိရာသို့ ဝှေ့ဝိုက်ကာ ရိုက်ချလာသော ကြာပွတ်ကို ခုန်၍ရှောင်ပေးလိုက်လေသည်၊ ယခင်အကြိမ်များက ကြာပွတ်ရိုက်ချက်ဖြင့် ဒဏ်ပေးလျှင် အသာတကြည်ခံတတ်သော နံပါတ်(၅)၏ ပြောင်းလဲဆန့်ကျင်ကာ ရှောင်တိမ်းလိုက်မှုကြောင့် နံပါတ်(၃)မှာ ဒေါသ အကြီးအကျယ် ထွက်သွားလေတော့၏။



"ကြော် . . မင်းက အားလုံးအသေသေ ရှိနေပြီပေါ့ ဟုတ်လား၊ ဘယ်အချိန်ထမှ ငါ့ကို ဆောင့်ကျောင်းခဲ့တဲ့မင်းက နံပါတ်(၉) အားကိုးနဲ့ ဆန့်ကျင်လာပြီလား၊ တွေ့ကြသေးတာပေါ့ကွာ"

"ရှမ်း"

"ရှမ်း"

နံပါတ်(၃)သည် ကြာပွတ်ကို ဘယ်ညာပြောင်းကာ ရိုက်ချလိုက်လေသည်၊ ကြာပွတ်ရိုက်ချက်များကို အိုင်အိုနန်းထိုက်သည် ဘယ်ညာခုန်ပျံ၍ ရှောင်တိမ်းလိုက်သည်ကို တွေ့မြင်ရ၍ နံပါတ်(၃)က သူ့ခါးတားမြှောင်ကိုထုတ်ကာ ပစ်လွှတ်လိုက်ပြန်လေသည်။

"ဝှစ် . . "

"ဒေါင်"

သတိဖြင့်နေသော အိုင်အိုနန်းထိုက်သည် ဘယ်လက်ဖြင့် ဓားမြှောင်ကိုထုတ်ယူကာ လျှပ်တပြက် ပစ်ခတ်လိုက်သော နံပါတ်(၃)၏ ပစ်ခတ်မှုကို ခြေတစ်ဖက်ပေါ်သို့ ဒူးညွှတ်ချကာ ကိုယ်ကိုဝပ်ပေးရင်း ရှောင်တိမ်းလိုက်၍ လေ့ကြီးဦးပိုင်းရှိနံရံတွင် ဓားမြှောင်က စိုက်ဝင်သွားခဲ့တော့၏။

*

www.burmeseclassic.com

www.burmeseclassic.com



နံပါတ်(၃)မှာ သူ့ကို အသေတိုက်ခိုက်နေပြီဖြစ်ကြောင်း အိုင်အိုနန်းထိုက် ရိပ်မိသည်။ ယခုအချိန်တွင် အခြားအဖွဲ့ဝင်များက မော်တော်ဦးပိုင်းတွင် မရှိသေးပေ။ အိုင်အိုနန်းထိုက်သည် သံမဏိဂိုဏ်းချုပ်ကို တိတ်တဆိတ် ဖမ်းဆီးကာ ခေါ်ဆောင်သွားဖို့ စိတ်ကူးခဲ့သော်လည်း နံပါတ်(၃)၏ ဝင်ရောက် နှောင့်ယှက်မှုကြောင့် သူ၏အကြံအစည် မအောင်မြင်နိုင်တော့ကြောင်းကို ရိပ်မိသွားလေတော့သည်။

ဓားချက် လွဲချော်သွားကြောင်း သိသည်နှင့် နံပါတ်(၃)သည် ဒူးညွှတ်ချကာ တစ်ဖက်သို့ဝပ်၍ ရှောင်လိုက်သော အိုင်အိုနန်းထိုက်၏ ကျောပေါ်သို့ သူ၏ကြာပွတ်ကို ရိုက်ချလိုက်တော့၏။

"ရွှမ်း"

သည်တစ်ကြိမ်တွင် အိုင်အိုနန်းထိုက်သည် ကြာပွတ်ကို လွှတ်မှအခင် မရှောင်တိမ်းတော့ပါ။ သူ့ကျောပေါ်သို့ ရိုက်ချလိုက်သည့် ကြာပွတ်ကို သူ၏ဘယ်လက်ဖြင့် ဆီးကြိုကာ ဖမ်းဆီးလိုက်လေတော့သည်။

ကြာပွတ်ရိုက်ချက်က သူ့လက်ပေါ် ကျလာပြီးနောက် ကြာပွတ်ဖျားက သူ့ဝမ်းဗိုက်မကို ရိုက်ခတ်မိသွား၏။ သို့သော် အသဲခိုက်အောင် နာကျင်မှုကို အံတင်းကာ အိုင်အိုနန်းထိုက်သည် သူ မိထားသော ကြာပွတ်စကို ဆောင့်၍ ဆွဲယူလိုက်လေတော့



သည်။

"အိုး. ."

နံပါတ်(၃)မှာ ရှေ့သို့ငိုက်စိုက်ငိုက်စိုက် ပါလာသော်လည်း သတိကောင်းသူ ဖြစ်သောကြောင့် သူ၏ကြာပွတ် ကိုင်ထားသော လက်ကို လွှတ်ပေးလိုက်သည်။

"ဝုန်း"

ဆွဲယူမှုအားနှင့် အရှိန်လွန်ကာ အိုင်အိုနန်းထိုက် လှေကြီးဦးပိုင်းမှ ကြမ်းပြင်ပေါ်တွင် လိမ့်၍ကျသွားလေသည်။

သို့သော် တစ်ပတ်နှစ်ပတ် လိမ့်ကာ အိုင်အိုနန်းထိုက်က ခုန်ထလိုက်သည်။ လက်တွင်ပတ်နေသော ကြာပွတ်ကို ဖြေလိုက်ကာ ညာလက်ဖြင့် ကြာပွတ်လက်ကိုင်ပုံ ကိုင်လိုက်လေသည်။

ထိုအချိန်မှာပင် နံပါတ်(၃)သည် နောက်ထပ် ဓားမြှောင်တစ်ချောင်းကို ခြေသလုံးမှဖြုတ်ယူကာ အိုင်အိုနန်းထိုက်ကို ပစ်ပေါက်လိုက်လေတော့၏။

"ရွှမ်း"

"အိုး"

အိုင်အိုနန်းထိုက်မှာ နံပါတ်(၃) ပေါက်လိုက်သည့် ဓားချက်ကိုဘေးသို့ တိမ်းရှောင်လိုက်၍ သူ၏လည်တိုင်နားမှ သီသီလေးပွတ်ကာ ဓားက ပင်လယ်ထဲသို့ ကျသွားလေသည်။ အိုင်အိုနန်းထိုက်သည် သူ၏လက်ထဲတွင် ရလာသော ကြာပွတ်ဖြင့်

www.burmeseclassic.com

www.burmeseclassic.com



နံပါတ်(၃)ကို ဆွမ်း၍ရိုက်ချလိုက်တော့၏။

"ရှမ်း"

"အိုး. . ."

ရှတ်တရက် ရိုက်ချလိုက်သည့် ကြာပွတ်ရိုက်ချက်က နံပါတ်(၃)၏ ကျောပေါ်တွင် ကျသွားသောကြောင့် နံပါတ်(၃)က ခါးကော့သွားလေသည်။ နောက်ထပ် ကြာပွတ် ရိုက်ချက်တစ်ချက်ကို အိုင်အိုနန်းထိုက်က ထပ်၍ရိုက်ချလိုက်ပြန်သည်။

"ရှမ်း"

"အား. . ."

ကြာပွတ်များမှာ ကြမ်းတမ်းလှသော အဖုအခက်လေးများ ပါသောကြောင့် နံပါတ်(၃)သည် မချိမဆန့် ခံစားရကာ ဒူးထောက် ကျသွားလေသည်။

သူသည် ဒူးထောက်ကျနေရာမှ နောက်ထပ်ကြာပွတ် ရိုက်ချက်ကိုရိုက်ရန် ဖြစ်နေသော အိုင်အိုနန်းထိုက်ကို ဝုန်းကနဲ ခုန်အုပ်လိုက်လေတော့သည်။

အိုင်အိုနန်းထိုက်၏ ကြာပွတ်ကိုင်သော လက်ကို နံပါတ်(၃)က ဖမ်းဆီးပြီးနောက် ဝမ်းဗိုက်ကို ခေါင်းဖြင့်ဆောင့်ကာ တိုက်ချလိုက်၏။

"ဘုန်း"

"အွတ်"



အိုင်အိုနန်းထိုက်မှာ နံပါတ်(၃)၏ခေါင်းဖြင့် တိုက်ခြင်းခံရသောကြောင့် နောက်သို့လန်ကာ ဖင်ထိုင်ကျသွား၏။ နံပါတ်(၃) လက်ထဲတွင် လက်နက်မရှိတော့ပေ။

ထို့ကြောင့် ဖင်ထိုင်ကျသွားသော အိုင်အိုနန်းထိုက်ကို သူ၏ညာခြေဖြင့် ပြေး၍ မျက်နှာကို ကန်လိုက်လေသည်။

"ဖန်"

အိုင်အိုနန်းထိုက်က နံပါတ်(၃)၏ ကန်လိုက်သော ခြေထောက်ကို ဘယ်လက်ဖြင့်ခံကာ ညာလက်ဖြင့် အုပ်ကိုင်ဖမ်းလိုက်ပြီး လျှင်မြန်စွာ လိမ့်ချပစ်လိုက်လေတော့သည်။

"ဘုန်း"

"အင့်. . ."

ခြေလိမ်ချခြင်းခံရ၍ နံပါတ်(၃)သည် မှောက်လျက်သား ကျသွားသည်။ သူသည် အနိုင်မခံ အရှုံးမပေးစိတ်ဓာတ်ဖြင့် အိုင်အိုနန်းထိုက် ရင်ဆိုင်ရန် လူးလဲ၍ထလိုက်သည်။

သို့သော် သူသည် နောက်ကျသွားပြီ ဖြစ်သည်။ အိုင်အိုနန်းထိုက်သည် ကုန်း၍ထနေသော နံပါတ်(၃)၏နံကြားကို သူ၏ဖိနပ်ဦးဖြင့်လွှဲကာ ကန်ထည့်လိုက်တော့၏။

"ဒုတ်"

"အွတ်. . ."

သည့်တစ်ကြိမ်တွင်တော့ နံပါတ်(၃)သည် လုံးဝမလှုပ်

www.burmeseclassic.com

www.burmeseclassic.com



ရှားနိုင်တော့ဘဲ လှေကြီး၏ကြမ်းပြင်ပေါ်သို့ လေးလံစွာ လဲ
သွားလေသည်။

အိုင်အိုနန်းထိုက်သည် နံပါတ်(၃)၏ အခြေအနေ
စောင့်ကြည့်လိုက်သည်။ နံပါတ်(၃)မှာ ခြေပစ်လက်ပစ် ကျ
ငြိမ်သက်နေပြီ ဖြစ်သည်။

အိုင်အိုနန်းထိုက်သည် နံပါတ်(၃)၏ မျက်နှာဖုံးကို
ချွတ်ကာ မျက်နှာကို ကြည့်လိုက်လေသည်။

"ဟင်.."

လရောင်ကြောင့် နံပါတ်(၃)၏ မျက်နှာကိုထင်ရှား သဲ
စွာ မြင်လိုက်ရ၏။ ထင်မှတ်ထားသော သူတစ်ဦးမဟုတ်၊ နံပါတ်
သရဲမျက်နှာဖုံး စွပ်ထားသူမှာ နတ်မြင်းပျံဟိုတယ်တွင် ဂျမဒါမူးသ
အား ရန်ရှာခဲ့ပြီးနောက် တောထဲတွင်ဖမ်းကာ ဂျမဒါမူးသာအ
သတ်ဖို့ကြိုးစားခဲ့သည့် အရက်သမားနှစ်ဦးထဲမှ 'ဘအေး'ဆိုသူ
ကြောင်း သိလိုက်ရသည်။

"လက်စသပ်တော့ ဘအေးဟာ သံမဏိမုဆိုးဂိုဏ်း
နံပါတ်(၃) ဖြစ်နေတာကိုး"

ထိုအချိန်မှာပင် လှေကြီးဝမ်းထဲမှ ဆူဆူညံညံ ပြေးလွှား
လာသံများကို ကြားလိုက်ရလေတော့သည်။ အိုင်အိုနန်းထိုက်သည်
စဉ်းစား၍မနေတော့ဘဲ လှေဦးမှ ရေထဲသို့ ဗိုင်းဗင်ထိုး
ခုန်ချလိုက်လေတော့သည်။

ဗွမ်းကနဲ ရေသံနှင့်အတူ သူ့တစ်ကိုယ်လုံးမှာ အေး



သွားလေတော့သည်။

*



ဂျမဒါမူးသာသည် ဝန်ထောက်ကြီး ဦးကျော်၏ လှည့်
တ်မေးမြန်းခြင်းကို အမျိုးမျိုးပင် ဖြေဆိုနေခဲ့ရသည်။ ဝန်
ထောက်ကြီး၏ အမူအရာမှာ ကျော့ဖိုးသာ လူသတ်မှုနှင့်ပတ်သက်
ပြီး ပုလိပ်ဌာနတွင် တစ်နေ့ကုန် အချိန်ဖြုန်းကာ အေးဆေးစွာ
စမ်း ပြောဆိုနေထိုင်လိုပုံရလေသည်။

ဂျမဒါမူးသာကတော့ သူ့အား စီအိုင်ဒီမှ အမှုထမ်းတ
ယောက်ဟု သက်သေခံတွေရှိရပါက စကားအနည်းအငယ်ပြော
ပြီး ဝန်ထောက်ကြီး ကျေနပ်သွားလိမ့်မည်ဟု ထင်ခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



လက်တွေ့တွင် ထိုသို့မဟုတ်ဘဲ ဝန်ထောက်ကြီးမော အင်မတန် နှိုက်နှိုက်ချွတ်ချွတ် စေ့စေ့ပေါက်ပေါက် မေးမြန်း စားပွဲပေါ်ရှိ ဆေး လိပ်ခွက်ထဲမှ ဆေးပြင်းလိပ်ကို မီးညှိဖွာရှိုက်လို စဉ်းစားလိုက် လုပ်နေသည်ကို တွေ့နေရသည်။

ဂျာမဒါမူးသာ စိတ်အပျက်ဆုံးအရာမှ ဆေးပြင်းလိ နံ့ပင်ဖြစ်သည်။ ဆေးပြင်းလိပ်နံ့သည် အခြားဆေးပေါ့လိပ် စီးကရက်နံ့နှင့်မတူ လုံခြုံသော အခန်းထဲတွင် ပို၍ အခံရခ နေသည်။

"ဟင်. . . ဟတ်ချိုး"

မခံနိုင်တော့သည့်အဆုံးတွင် ဂျာမဒါမူးသာသည် ဆေး ပြင်းလိပ်ငွေ့သည် သူ၏နှာခေါင်းကို ကလိနေ၍ လက်ကိုင် ပ ထုတ်ကာ ချေလိုက်မိတော့၏။

ထိုအခါတွင်မှ ဝန်ထောက်ကြီး ဦးကျော်သည် သူ ဆေးပြင်းလိပ်ငွေ့ကို ဂျာမဒါမူးသာ မနှစ်သက်ကြောင်း သတိထား သွားမိဟန်မျိုးဖြင့်. . .

"အိုး ဆောရီး မောင်ရင်. . . မောင်မူးသာက ဆေး လိပ်သောက်တတ်ဘူး ထင်တယ်"

"ကျွန်တော် စီးကရက်သောက်တတ်ပါတယ် ဒါပေမယ့် ဆေးပြင်းလိပ်အငွေ့နံ့ကတော့ နည်းနည်းပိုပြင်းတယ်ထင်တယ် ရပါတယ် ကိစ္စမရှိပါဘူး"



ဝန်ထောက်ကြီးကို အားနာသောကြောင့် ဂျာမဒါမူးသာက အလိုက်သင့် ပြန်၍ဖြေလိုက်ရ၏။

"ကျွန်တော့်ကို မေးစရာတွေများရှိသေးလား"

ပြန်လိုသည့် သဘောကို ဂျာမဒါမူးသာက မသိမသာ ပေါ်ပြလိုက်သည်။ ထိုအခါ ကုလားထိုင်နောက်မှီတွင် မှီနေသော ဝန်ထောက်ကြီး၏ ခေါင်းသည် ရှေ့သို့မတ်လာလေသည်။

"နည်းနည်းတော့ သည်းခံပါ မောင်မူးသာ၊ ကျုပ်ကကိစ္စတစ်ခုကို တစ်ထိုင်တည်းနဲ့ စဉ်းစားပြီး မေ့ကျန်ခဲ့တာမျိုး မရှိအောင် စကားပြောတတ်တဲ့ အကျင့်ရှိလို့ပါ မောင်မူးသာ ကျုပ်နဲ့ စကားပြောရတာ ငြီးငွေ့နေပြီးလား"

"မဟုတ်ပါဘူး မေးစရာရှိသေးရင်တော့ ကျွန်တော်ဖြေဖို့အဆင်သင့်ပါပဲ"

ဝန်ထောက်ကြီးက စားပွဲပေါ်ရှိ သူ့အတွက်အဆင်သင့် ချပေးထားသော ရေနွေးအိုးပေါ်မှ ဂွမ်းအုပ်ကိုမကာ ရေနွေးကြမ်းပန်းကန်ထဲသို့ ရေနွေးတစ်ခွက်ထည့်ကာ သောက်လိုက်လေ၏။ ရေနွေးတစ်ပန်းကန်ကို အနည်းငယ်မျှတ်ကာသောက်လိုက်ပြီးမှ. . .

"မောင်မူးသာ တစ်ခြားလူတွေက မြင်လိုက်တယ်လို့ ပြောတဲ့ လူသတ်သမားကိုတော့ မမြင်လိုက်ရတာ သေချာတယ်နော်"

ဟု စိုက်ကြည့်ရင်း ဆိုလာပြန်သည်။ ဂျာမဒါမူးသာ စိတ်

www.burmeseclassic.com

မရှည်ချင်သလို ဖြစ်လာသည်။ ထိုမေးခွန်းကို သူဖြေကြားခဲ့ပြီး ဖြစ်သည်။ ယခုတစ်ပတ်ပြန်၍ ကျော့လာပြန်လေပြီ။

"ကျွန်တော်ပြောပြီးပါပကော ကျွန်တော် အပြင်ဘက်ကို ရောက်နေပါတယ်လို့"

"မောင်မှူးသာ စိမ်းရွက်ဝါတည်းခိုခန်းမှာ နေတာပဲ ဒီအချိန် ညနေစာစားတဲ့ အချိန်၊ အပြင်က လူတွေထဲ စားသောက်ခန်းမမှာလာပြီး စားကြတဲ့အချိန် မဟုတ်လားကွဲ့"

"ဟုတ်ပါတယ် ခင်ဗျာ. . . ကျွန်တော်က ကိစ္စရှိလို့ပါ"

"ကားတစ်စီးစီး သွားရှာနေတဲ့ ကိစ္စများ ဖြစ်နေမလား မောင်မှူးသာ"

ဝန်ထောက်ကြီးက တစ်စုံတစ်ရာကို သိလိုဇောဖြင့် ရှေ့သို့ ခေါင်းငိုက်ကာ ဂျာမဒါမှူးသာ၏ မျက်လုံးများကို စိုက်ကြည့်ရင်း မေးလိုက်ခြင်းဖြစ်၏။

"ကျွန်တော်ရဲ့ ကိုယ်ရေးကိုယ်တာ ကိစ္စဆိုပါတော့"

ဝန်ထောက်ကြီးတွင် သက်သေအထောက်အထား ရှိနေပါက လိုးလွှဲရှောင်တိမ်းနိုင်ရန် မေးခွန်းကို အနည်းငယ် ပိတ်ဆို့သောသဘောဖြင့် ပြောလိုက်သည်။

"ကိုယ်ရေး ကိုယ်တာဆိုတာ ဦးကို ဖွင့်ပြောလို့ မရတဲ့ ကိစ္စလို့ ဆိုလိုတာလား"

တော်ရုံ စိတ်မရှည်သူဆိုလျှင်တော့ ဝန်ထောက်ဦးကျော်



၏ မေးခွန်းကြောင့် ဒေါသထွက်ကာ ထင်ရာမြင်ရာပြောရင်း ဖြစ်မှန် ပေါ်ပေါက်သွားနိုင်သည်။ ဂျာမဒါမှူးသာသည် ကြိုး ားကာ စိတ်ကိုထိမ်းထားလိုက်၏။

"ဘာရယ်မဟုတ်ပါဘူး ပြောပြလို့ရပါတယ်။ ဥပမာ သုံးအဆောင် ပစ္စည်းဝယ်တားမျိုးဆိုပါတော့ ဆိုင်တွေဝင်ပြီး ယ်ဖြစ်မဲ့ ဟိုကြည့်သည်ကြည့်လုပ်တာမျိုး လုပ်တာပါ"

"ဘာပစ္စည်းများ ဝယ်ချင်တဲ့ စိတ်ပေါ်လို့ပါလိမ့်"

အတော်အစရှာသည့် ဝန်ထောက်ကြီးပဲဟု ဂျာမဒါမှူး ာ မှတ်ချက်ချမိ၏။

"အင်း. . . အဲဒီတုန်းက ဘာပစ္စည်းဝယ်ချင်တယ်ဆို ာတောင် ကျွန်တော်ကိုယ် ကျွန်တော် မတွေးမိပါဘူးဗျာ၊ ဆိုင် စ်ဆိုင်ကို သွားချင်တယ်။ ဆိုင်ထဲရှိတာ ကြည့်ပြီးမှ ကိုယ် ချင်တာနဲ့ အပ်စပ်ရင် ဝယ်မယ့်သဘောပါ။ ဥပမာ-အတွင်းခံ တာင်းဘီလိုဟာ ဆိုပါတော့"

ဂျာမဒါမှူးသာက အမြင်ကပ်ကပ်ဖြင့် အနည်းငယ် ညစ် မ်းသော ဥပမာ- မျိုးနှိုင်းပြလိုက်သည်။ ဝန်ထောက်ကြီး၏ က်နှာရှုံ့မဲ့သွားသည်။

"အိုး. . . ဟုတ်ပါတယ် ကျုပ်ကနေရှာတကာ လိုက်ပြီး စုသလို ဖြစ်နေပါပြီ ကဲ. . . မောင်မှူးသာဖဲ လူတစ်ယောက် တစ်မျိုးပြီး တစ်မျိုး မေးနေတာ စိတ်ထဲခုလု ခုလု ဖြစ်ရော

www.burmeseclassic.com

www.burmeseclassic.com



ပေါ့။ ကျုပ် နောက်ဆုံး လုပ်စရာတော့တစ်ခုပဲ ရှိပါတော့တယ်"

ဂျာမဒါမှူးသာ အံ့အားသင့်သွားသည်။ ဝန်ထောက်ဦး ကျော် ဘာလုပ်မှာပါလိမ့်ဟု စိတ်ထဲက အဖြေရှာနေမိသည်။ သို့သော် အံ့ဩထိတ်လန့်သည့် အမူအရာမျိုး မဖြစ်အောင်တော့ ကိုယ့်ကိုယ်ကို ထိမ်းထားလိုက်သည်။

မေးခွန်းများ မေးနေရာမှ နောက်ဆုံးလုပ်စရာ တစ်ခုဟု ဆိုခြင်းမှာ ဘာကိစ္စများဖြစ်မည်နည်း အိုင်အိုနန်းထိုက်အား တိတ်တဆိတ် ဖမ်းဆီးထားမိခြင်းကို မိမိရှေ့တွင် ခေါ်ကာပြ၍ ပင် အရှက်ခွဲမည်လား။ ပူမည်ဆိုလျှင် ပူစရာပင်။

သို့သော် ထိုသို့ မွမ်းကြပ်သော အခက်အခဲများကို မကြာခဏတွေ့ခဲ့ဖူးသော ဂျာမဒါမှူးသာသည် တင်းကြပ်နေသည့် သူ၏စိတ်များကို လျှော့ချထားလိုက်၏။

ဝန်ထောက်ဦးကျော်သည် သူကို ပြန်နိုင်ပါပြီဟူသော စကားမျိုးကို မပြောသေးပေ။ ထို့ကြောင့် သူသဘောနှင့်သူ လုပ်၍မရ တစ်မျိုးအထင်လွဲကာ သူ့နောက်သို့ ပို၍ မယုံသင်္ကာဖြင့် ပုလိပ်များကို ခြေရာခံနိုင်သည်။

ဤသို့ပြုလုပ်ပါက သူတို့ စုံစမ်းဖေါ်ထုတ်နေသော သံမဏိမုဆိုးဂိုဏ်းကို မဖေါ်ထုတ်နိုင်မိမှာပင် အိုင်အိုနန်းထိုက်သည် လူသတ်မှုဖြင့် အထောက်အထားခိုင်လုံစွာ အဖမ်းခံရနိုင်၏။

ဤသို့ဖြစ်သွားပါက တစ်ဖက်က ဆင်ထားသော ထောင်



ချောက်ထဲသို့ ကျရောက်သွား၍ အိုင်အိုနန်းထိုက်ကို မည်သူမျှ ကယ်တင်နိုင်မည်မဟုတ်။

တရားရုံးမှ တရားသူကြီးက ခိုင်လုံသော သက်သေဖြင့် လူသတ်တရားခံအဖြစ် စီရင်ချက်ချသည်ကို စီအိုင်အဖွဲ့ကြီးက လည်း ဝင်ရောက်ကာကွယ်နိုင်မည် မဟုတ်တော့ပေ။

ဂျာမဒါမှူးသာ စဉ်းစားနေသည်ကို ဝန်ထောက်ကြီး ဦးကျော်က မင်သေသေဖြင့် ကြည့်ရှုနေလေသည်။

*

တစ်ခန်းလုံး တိတ်ဆိတ်ငြိမ်သက်နေသည်။ ဂျာမဒါမှူး သာလည်း တွေးနေသည် ဝန်ထောက်ကြီးဦးကျော်ကလည်း တွေးနေသည်။ ဆေးလိပ်ခွက်ထဲမှ ဆေးပြင်းလိပ်ကို ဝန်ထောက် ကြီး ဦးကျော်က ကောက်ယူလိုက်ပြန်သည်။

"မောင်မှူးသာ"

"ဗျာ"

"စိမ်းရွှက်ဝါ တည်းခိုခန်းဖက်က လူသတ်တရားခံကို သေသေချာချာ မြင်လိုက်ရတဲ့လူက ဘယ်သူဘယ်ဝါဆိုတာ လူ

www.burmeseclassic.com

www.burmeseclassic.com



မြင်ရင် လက်ညှိုးထိုးပြနိုင်ပါတယ်လို့ ကျုပ်တို့ဆီမှာလာပြီး ပြောကြားခဲ့တယ်လို့ ကျုပ်ပြောခဲ့တယ်နော်"

"ဟုတ်ကဲ့"

"အဲဒီလူကို မောင်မှူးသာ စိတ်မဝင်စားဘူးလား။ ဦးခွန်သာကို သတ်တဲ့ လူသတ်တရားခံကို မြန်မြန်ဖမ်းမမိစေချင်ဘူးလား"

"ဗျာ"

ဝန်ထောက်ကြီး၏ စကားက အဓိပ္ပာယ်တစ်မျိုးဆောင်နေ၍ ဂျာမဒါမှူးသာ အံ့အားသင့်သွားရသည်။

"ကျွန်တော်က ဥပဒေဖက်တော်သားဆိုတာတော့ ဝန်ထောက်ကြီး မမေ့သင့်ပါဘူး ခင်ဗျာ၊ ပြစ်မှုကျူးလွန်တဲ့ ဘယ်လိုရာဇဝတ်ကောင်ကိုဖြစ်ဖြစ် အမြန်ဆုံး ဖမ်းမိစေလိုတဲ့ စိတ်ကျွန်တော်မှာ ရှိနေမယ်ဆိုတာတော့ သံသယ မဖြစ်သင့်ပါဘူး"

"အိုး. . . ဆောရီး. . . ဆောရီ. . . မောင်မှူးသာ ကျုပ်စကားပြောနည်းနည်း လောသလို ဖြစ်သွားတာ ခွင့်လွှတ်ပါ၊ ကျုပ်က မောင်မှူးသာကို မယုံသင်္ကာဖြစ်တဲ့ သဘောမဟုတ်ပါဘူး။ လူသတ်တရားခံကို မြင်ဖူးတဲ့ လူတစ်ယောက် ကျုပ်တို့ဆီမှာလာပြီး တာဝန်သိသိနဲ့ ထွက်ဆိုတာ ကျုပ်တို့အတွက် အားထားရတယ်မို့လား။ ဒါကိုတွေးမိတာနဲ့ ကျုပ်စကားကို အားရပါးရ ပြောမိတာပါ"



ဝန်ထောက်ကြီးဦးကျော်ကား ပြဇာတ်မင်းသား တစ်ဦးလိုပင် သရုပ်ဆောင်ကောင်းလှသည်။ အမှန်ပင် အားနာသည့် အမူအရာမျိုးဖြင့် မျက်နှာပေါ်မှကျော်ကြည့်ကာ ခေါင်းတညိတ်ညိတ်ဖြင့် သူ့ကို တောင်းပန်စကား ဆိုလိုက်လေတော့သည်။

အမှုလိုက်သည့် နေရာတွင်ကာ ဤကဲ့သို့သော ရာဇဝတ်ဝန်ထောက်မျိုးမှာ အလွန်ပင် ထက်မြက်သော အရည်အချင်းရှိသူဟု ချီးကျူးရမည် ဖြစ်သည်။

"ရပါတယ် ခင်ဗျာ၊ ကျွန်တော် ဘယ်လိုမှ သဘောမထားပါဘူး"

"အဲဒီလူဟာ အခု ရှိနေပါတယ် မောင်မှူးသာ၊ ကဲ. . မောင်မှူးသာရော သူ့ကို တွေ့ဖူးတယ် ရှိတာပေါ့"

မကြာသေးမီက 'ကျုပ် လုပ်စရာရှိတာ လုပ်ပါတော့မယ်' ဆိုသော စကား၏အဓိပ္ပာယ်ကို ယခုမှ ဂျမဒါမှူးသာ သဘောပေါက်လာသည်။

တကယ်တော့ ဂျမဒါမှူးသာ ကိုယ်တိုင်ကလည်း ထိုသူကို တွေ့မြင်ဖူးချင်သည်။ စိမ်းရွှက်ဝါ စားသောက်ဆိုင်တွင် တည်းခိုနေသူများထဲမှ တစ်ဦးဦး သို့မဟုတ် လာရောက်စားသောက်သူထဲမှ တစ်ဦးဦးဖြစ်လိမ့်မည်ဟု ထင်ရသည်။

ဂျမဒါမှူးသာက ဝန်ထောက်ကြီး၏ နောက်ဆုံးပြောသော စကားမှာ မေးခွန်းလည်းမကျ၊ ထင်မြင်ချက်ပေးစေချင်သော

www.burmeseclassic.com

www.burmeseclassic.com



သဘော မပါဘူး။ သူဟာသူ ယူဆပြောဆိုလိုက်သော စကား တစ်ခွန်းသာ ဖြစ်နေသောကြောင့် မည်သို့မျှမပြောဆိုဘဲ နား ထောင်၍သာ နေလိုက်မိတော့၏။

ဝန်ထောက်ကြီး ဦးကျော်က သူစကားအတိုင်းပင် သူ လုပ်စရာရှိတာကို ဆက်၍လုပ်လေတော့သည်။

"မောင်သာခင်ရေ. . မောင်သာခင်"

သူ၏ရုံးစေကို လှမ်းခေါ်လိုက်သည်။ သူ၏ရုံးစေက အခန်းအပြင်တွင် လိုအပ်တာရှိတာ ခိုင်းစေနိုင်ရန် တံခါးဝတွင် ခုံတစ်လုံးဖြင့် ထိုင်စောင့်လျက် အသင့်ရှိနေရာမှ ထလာသည်။

"အမိန့်ရှိပါ ဝန်ထောက်မင်း"

"သွား. . . ရာဇဝတ်အုပ်ကို စောစောက ဦးမှာထားတဲ့ သူရောက်ရင် လွှတ်လိုက်လို့"

"ဟုတ်ကဲ့ပါ ခင်ဗျား"

ကတုံးနှင့် သာခင်ဆိုသူ ရုံးစေက ကပျာပယာ ထွက် သွားသည်။ မကြာမီ ရုံးခန်းထဲသို့ တိုက်ပုံအင်္ကျီ အသားအရောင် ဗန်ကောက်လုံချည် ရွှေဖလားရောင် ဝတ်ဆင်ထားသော လူ တစ်ယောက် ဝင်လာသည်။ ထိုသူမှာ ဂျမဒါမှူးသာ မြင်တွေ့ဖူး သူ မဟုတ်ပေ။

"ဪ. . ဦးထွန်းညို၊ လာပါထိုင်ပါ ခင်ဗျာ"

ဦးထွန်းညိုက် ဂျမဒါမှူးသာဘေးရှိ ခုံလွတ်တွင် အသာ



အယာဝင်ကာ ထိုင်လိုက်၏။

"စိမ်းရွက်ဝါ တည်းခိုခန်းက ထွက်လာပြီးမှ နောက် ပြန်ဝင်ပြေးသွားတဲ့ လူသတ်သမားဆိုတာ ဒီက လူလားဆို ကြည့်ပါဦး"

မျက်လုံးပြူးပြူး နဖူးကျယ်ကျယ်နှင့် ဦးထွန်းညိုက လှ ကြည့်ရင်း. . .

"မဟုတ်ပါဘူး ခင်ဗျာ၊ ဒီသူငယ်နဲ့ မတူပါဘူး၊ သူထ အရပ်မြင့်ပါတယ်၊ ဒီသူငယ်ကိုတော့ ကျွန်တော် မမြင်ဖူးပါဘူ

ဟု ပြောလေသည်။ ဝန်ထောက်ကြီး ဦးကျော်က. . .

"ကျေးဇူးပါပဲ ဦးထွန်းညို၊ သူက စုံစမ်းထောက်လှမ်း ဌာနက ထောက်လှမ်းရေး သမားတစ်ဦးပါပဲ၊ ဂျမဒါမှူးသာတဲ့

ဂျမဒါမှူးသာက ပြုံး၍ခေါင်းညိတ် ပြလိုက်၏။

"ဟုတ်ကဲ့. . ကျွန်တော်က တာဝန်အရ စုံစမ်းထော လှမ်းဖို့ ရောက်လာတဲ့သူပါ"

ဦးထွန်းညိုမှာ ရိုးသားသူတစ်ဦးသာ ဖြစ်ဟန်တူပြီး မြင်တွေ့ခဲ့ရသည့် မြင်ကွင်းကိုမြင်၍ ပြောပြနေခြင်း ဖြစ်သည်

"လူသတ်သမားက ဝရံတာပေါ်က ပေါ်လာတာ သတ်လိုက်တဲ့သူ သေမသေလာ ငုံ့ကြည့်တာ ထင်ရှာ၊ သူ ကုတ်အင်္ကျီမှာ သွေးစွန်းနေတာကို မီးရောင်နဲ့မြင်လိုက်ရပါတ အရပ်မြင့်တယ်၊ နှာတံပေါ်တယ်၊ အသားဖြူတယ်၊ ဆံပင်က

www.burmeseclassic.com

www.burmeseclassic.com



သပ်သပ်ရပ်ရပ်နဲ့ အနေတော် ကြည့်ကောင်းရုံပါပဲ၊ သူက ချက်ချင်း ဝရုံတာအကွေ့ကို ပြန်မြေးထွက်သွားတာပါ"

ဝန်ထောက်ကြီး ဦးကျော်က ခေါင်းတညိတ်ညိတ် လုပ်နေသည်။ ခဏအကြာတွင် ဝန်ထောက်ကြီး ဦးကျော်က. . .

"မောင်မှူးသာ သွားနိုင်ပါပြီ"

ဟု ပြောလိုက်လေတော့၏။

*

အိုင်အိုနန်းထိုက် ရေထဲသို့ရောက်သည်နှင့် စက်လှေနှင့် ဝေးနိုင်သမျှဝေးအောင် ကူးခပ်ကာ ကမ်းစပ်သို့ တက်လာခဲ့သည်။

ကံကောင်းထောက်ပံ့မှုမှာကား အနောက်ဖက်သို့ စောင်း၍သွားသော လဆန်းရက်လခြမ်းကို တိမ်မည်းများမှ ဖုံးအုပ်သွားခြင်းပင် ဖြစ်သည်။ သူသည် လမုချုံများရှိရာ ကမ်းစပ်သို့ တဟုန်ထိုး ပြေးတက်လာလေတော့သည်။

လမုချုံထဲမှ သူဖြတ်သန်းကာ ထားဝယ်မြို့ထဲသို့ လျှောက်လှမ်းလာသောအချိန်တွင် အုန်းမောင်းခေါက်သံကို ကြားလိုက်ရလေတော့သည်။



"တုံ. . . တုံ. . တုံ. ."

ထားဝယ်မြို့ရှိ လမ်းမများကို မြေပုံအရ အိုင်အိုနန်းထိုက်သည် လေ့လာထားပြီးသား ဖြစ်သောကြောင့် ကုတ်အကျီအိတ်ထဲမှ အသင့်ဆောင်ထားသော နှုတ်ခမ်းမွှေးအတုနှင့် ပါးသိုင်းမွှေးအတုကို ဝတ်ဆင်လိုက်သည်။

သူ၏ ဝတ်ရုံနှင့်မျက်နှာဖုံးကို ချွတ်လိုက်ပြီး အောက်မှ ရှပ်အကျီနှင့် ဘောင်းဘီရှည်ကိုဝတ်ကာ မိုးအလင်းဖွင့်သော ကာကာဆိုင်သို့ဝင်ကာ ထိုင်နေလိုက်တော့၏။

လက်ဖက်ရည်စောစော သောက်သူများ မကြာမီ ရောက်ရှိလာပြီးနောက် အိုင်အိုနန်းထိုက်လည်း နံပြားနှင့် လက်ဖက်ရည်သောက်ကာ မြို့စွန်ချောင်ကျသော ကာကာဆိုင်တွင် မိုးလင်းသည်အထိ ထိုင်နေလိုက်တော့သည်။

သူ တည်းခိုခန်းသို့ သူပြန်ရမည်။ သူဝတ်ထားသော အဝတ်အစားကို လဲရမည်။ သူသည် လိုအပ်ပါကသုံးရန် နံပါတ် (၅)မျက်နှာဖုံးနှင့် ဝတ်ရုံကိုတော့ အထုပ်တစ်ထုပ်ဖြင့် လမုတောထဲတွင် လုံခြုံစွာ ဝှက်သိုထားခဲ့ပြီ ဖြစ်၏။

နေရောင်ခြည် တောက်ပလာကာ နံနက် ရှစ်နာရီကျော်ခန့် ရှိတော့မှပင် သူ နေထိုင်သည့် တည်းခိုခန်းရှိရာဖက်သို့ တက်လာခဲ့လေသည်။ လောလောဆယ်တော့ သူသည် ဂျမဒါဖြူသာနှင့် မြကေသီတို့ကို ဆက်သွယ်၍ မရသေးပေ။

www.burmeseclassic.com

www.burmeseclassic.com



သူတည်းခိုရာ တည်းခိုခန်းထောင့်ရှိ သစ်ပင်အောက် တွင် အမျိုးသမီးတစ်ဦး ရပ်နေသည်။ သူ မနီးမဝေးသို့ ရောက်ရှိသော အခါတွင်မှ ထိုအမျိုးသမီးမှာ မြကေသီဖြစ်နေသည်ကို တွေ့ရ၏။

စပို့ရှပ် လက်ရှည်အနက်၊ ဘောင်းဘီအနက်နှင့် မုတ်ဆိတ်မွေး၊ နှုတ်ခမ်းမွေး ခပ်ထူထူဖြစ်နေသော အိုင်အိုနန်းထိုက်ကို ဖျတ်ကနဲကြည့်ကာ မြကေသီက မျက်နှာလွှဲလိုက်သည်။

ပန်ချာပီကုလားတစ်ဦးဟု မြကေသီက ထင်မှတ်သွားပုံရလေသည်။ အိုင်အိုနန်းထိုက်က မြကေသီ၏အနီးသို့ လျှောက်လှမ်းရင် အနီးတွင်ရပ်လိုက်၏။

မြကေသီက မျက်စောင်းထိုး ကာ လမ်းဘေးသို့တိုးရွှေ့ကာ တည်းခိုခန်းဖက်သို့ မျက်နှာမူ၍ ရပ်လိုက်သည်။ အိုင်အိုနန်းထိုက်က နောက်မှလိုက်သွားကာ အနီးတွင် ရပ်လိုက်ပြန်သည်။

"အို . . ဒါ ဘာလုပ်တာလဲ"

မြကေသီက ဒေါသသံလေးဖြင့် လှည့်ကာ မေးလိုက်၏၊ အိုင်အိုနန်းထိုက်က မြကေသီကို ပြုံး၍ပြလိုက်လေသည်။

"ရှင် . . ကျွန်မကို မနှောင့်ယှက်နဲ့ ဒုက္ခရောက်သွားချင်သလား ကျွန်မကို ဘာထင်လို့လဲ"

"ကေသီကလဲ ကိုယ့်ကို တကယ်မမှတ်မိဘူးလား"

"ဟင် . . ."

အိုင်အိုနန်းထိုက်၏ အသံကိုကြားရတော့မှပင် မြကေ



သီသည် အံ့အားသင့်သွားသည်။

"ကျွန်မ စိတ်ပူလိုက်ရတာ ကိုနန်းထိုက်ရယ်. . ညကလဲ စောင့်ကြည့်တာ မတွေ့ရဘူး၊ ဒီနေ့မနက် စောစောလဲ မမြင်ရလို့ တစ်ခုခုဖြစ်ပြီလားလို့ ပြီးတော့ မှူးသာကိုလဲ မတွေ့ရတာ မနေ့ကတည်းကပဲ"

"ကဲလာ ဒီမှာစကားပြောလို့ သိပ်မကောင်းဘူး၊ တစ်နေရာရာ သွားပြီးတော့ စကားပြောရအောင်"

"အို . . ကိုနန်းထိုက်တ ဒီပုံကြီးနဲ့ ကျွန်မကို ပန်ချာပီကုလားနဲ့ တွဲနေတဲ့ ကောင်မလေးလို့ လူတွေက ထင်မှာပေါ့"

အိုင်အိုနန်းထိုက်က တဟားဟား ရယ်လိုက်လေသည်။

"ကဲ . . ဒါဆိုရင်လဲ ကေသီ ဈေးထိပ်က လွှတ်ရည်ဆိုင်က သွားစောင့် ကိုနန်းထိုက် လာခဲ့မယ်၊ ဒါပေမယ့် အရင် ကိုနန်းထိုက်ပုံမျိုးနဲ့တော့ မဖြစ်ဘူးနော်. . ပုလိပ်တွေက လူသတ်သမားအဖြစ်နဲ့ ကိုယ့်ကိုရှာနေတယ်"

"ကဲ . . ဒါဆို လဲမနေပါနဲ့တော့ မြင်းလှည်းသာ ငှားလိုက်ပါ"

အချိန်စောင့်ရမည် စိုးသောကြောင့် မြကေသီက မြင်းလှည်း ငှားခိုင်းလိုက်လေသည်။ မြင်းလှည်းတစ်စီး အသင့် မောင်းလာသည်ကို တွေ့သည်နှင့် အိုင်အိုနန်းထိုက်က တားလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



ပန်ချာပီကုလားပုံမျိုး ခေါင်းတွင်အဝတ်တစ်ခု ပေါင်းထားသော အိုင်အိုနန်းထိုက်နှင့် မြကေသီတို့ကို ပြုံးစေ့စေ့နှင့်ကြည့်ကာ မြင်းလှည်းရပ်ပေးလိုက်သည်။

"ဘယ်ကို သွားမလို့လဲ"

မြင်းလှည်းသမားက မေးသည်။

"ဈေးကြီးမကော်ကို"

အိုင်အိုနန်းထိုက်က မြင်းလှည်းပေါ် အလျှင်တက်လိုက်သည်။ ထို့နောက် မြကေသီ၏ လက်ကလေးကိုဆွဲကာ မြင်းလှည်းပေါ် သို့ တင်ပေးလိုက်၏။

မြင်းလှည်းသမားက ရှေ့သို့ လှည့်မောင်းနေရာမှ နောက်သို့မကြာခဏ လှည့်ကြည့်သည်။ ထိုအချက်ကို သိသော အိုင်အိုနန်းထိုက်က. . .

"ကောင်မလေး. . နင့်ကိုငါ အိမ်ကြီးကြီး ကောင်းကောင်းနဲ့ ထားမှာပါ"

ဟု ပြောလိုက်၏။ မြကေသီက အိုင်အိုနန်းထိုက်၏ လက်မောင်းကို မသိမသာ ဆွဲ၍လိမ်လိုက်သည်။

မြင်းလှည်းမောင်းသော လူရွယ်မှာ နောက်သို့လှည့်မကြည့်တော့ပေ။ သူ၏စိတ်ထဲတွင် ချောမောလှပသော မြန်မာမိန်းကလေးတစ်ဦး ပန်ချာပီကြီးနှင့် လိုက်ပါလာ၍ စိတ်မကောင်းဖြစ်နေဟန် တူပေသည်။



ဈေးထောင့်သို့ရောက်၍ အိုင်အိုနန်းထိုက်နှင့် မြကေသီတို့ဆင်းကာ လွှတ်ရည်ဆိုင်လေးထဲသို့ ဝင်သွားသည့်တိုင်အောင် မြင်းလှည်းသမားမှာ မြင်းလှည်းပေါ်မှ ငေးမော့ကြည့်ရှုနေလေ၏။ လွှတ်ရည်ဆိုင်ထဲသို့ရောက်မှ. . .

"မြင်းလှည်းဆရာကတော့ ကေသီ့ကို တော်တော် နှမြောနေတဲ့ပုံပဲ"

ဟု မြကေသီ နားသို့ ကပ်ကာ ခပ်တိုးတိုး ပြောလိုက်လေသည်။

"တော်ပါ ကိုနန်းထိုက်က သူများကို သိက္ခာကျအောင် လုပ်ရမယ်ဆိုရင် နှစ်ယောက်မရှိဘူး၊ နောက် ဒီအဝတ်အစားမျိုးနဲ့ဆို ကေသီဘယ်တော့မှ တွဲမသွားတော့ဘူး"

မြကေသီက နှုတ်ခမ်းစူလိုက်၏။

"ဒါက အခြေအနေအရ ဝတ်ထားရတာပါ ကေသီရယ်၊ ကေသီကလဲ တယ်ပြီး ပတ်ဝန်းကျင်က ကြည့်တာကို ရှက်တာကိုး"

"ရှက်တာပေါ့ရှင့်. . ကျွန်မက မိန်းမကောင်းအပျို သိရဲ့လား"

မြကေသီက ရန်ထောင်လိုက်သည်။ ထိုအခါမှ လှေကြီးပေါ်၌ အမှတ်မထင် တွေ့ခဲ့ရသော ဖြူဖြူကို အိုင်အိုနန်းထိုက် သတိရလိုက်မိတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



"ကဲပါ. . ခု အလုပ်ကိစ္စ ပြောမယ်၊ ဒါတွေ မေ့ထားလိုက်တော့"

အိုင်အိုနန်းထိုက်က အသံကိုနှိမ့်၍ ပြောလိုက်၏။ မြကေသီက ဆတ်ကနဲ မျက်နှာလွှဲကာ ထားလိုက်သည်။

"စိမ်းရွက်ဝါက မြကေသီကို အထင်လွဲကြသေးသလား"

"မလွဲပါဘူး ကိုနန်းထိုက်၊ ဘာလိုဖြစ်ရတာလဲ ကိုနန်းထိုက်ကို ဦးခွန်သာသတ်တဲ့ လူလို့ စားသောက်ရင်း တွေ့တဲ့လူတွေက ပြောတယ်၊ ဘာတွေ ဖြစ်ကုန်တာလဲ"

"ဒီလို ကေသီရေ. . သူတို့က ဦးသွားတာ ဆိုပါတော့"

ဦးခွန်သာအခန်းထဲတွင် ဖြစ်ပုံပျက်ပုံများကို အိုင်အိုနန်းထိုက်က မြကေသီအား ပြောပြလိုက်သည်။ ဂျမဒါမှူးသာက သူ့ကိုကားဖြင့် လူအုပ်ကြားထဲမှ လွတ်အောင် ကယ်ဆယ်သွားပုံတို့ကို ပြောပြလိုက်လေသည်။

"နောက်ပိုင်းကိုတော့ ကျွန်မ ရိပ်မိပါတယ်၊ ဈော့ဖိုးသာ နှုတ်ပိတ်ခံလိုက်ရတယ် မဟုတ်လား။ စိမ်းရွက်ဝါ တည်းခိုခန်းက လူတွေ ပြောသံဆိုသံ ကြားရတယ်၊ ဒါဆို ဘာတွေ ဆက်ဖြစ်လို့လဲ"

"ရိပ်မိတယ်ဆို မှူးသာကို ပုလိပ်က မသင်္ကာလို့ ဆွဲသွားပြီပေါ့"

"ဟင်. . ဟုတ်လား"



"ဟုတ်တယ်၊ ဒါပေမယ့် အရေးမကြီးပါဘူး၊ သူက တရားဝင် ဈော့ဖိုးသာကို စုံစမ်းဖို့လာတာပဲ၊ သူ့ရဲ့စုံစမ်းရေးကဒ်ပြား ထုတ်ပြလိုက်ရင် အဆင်ပြေသွားမှာပါ၊ ကိုယ်ကသာ သေမလို ဖြစ်ခဲ့ရတာ"

"ရှင်. . ဘယ်လို"

ဈော့ဖိုးသာ သေဆုံးပြီးနောက် ဈော့ဖိုးသာ သတ်သောသူနောက်သို့လိုက်ရင်း စက်လှေကြီးပေါ်သို့ ရောက်ရှိသွားပုံ၊ သံမဏိမုဆိုးဂိုဏ်းထဲသို့ ရောက်ရှိသွားရာမှ နံပါတ်(၃) လူသတ်တရားခံနှင့် ရင်ဆိုင်ခဲ့ရပုံတို့ကို ပြောပြလိုက်လေသည်။

မြကေသီမှာ အိုင်အိုနန်းထိုက် ပြောကြားသည်တို့ကို တထိတ်ထိတ်ဖြင့် နားထောင်ရင်း. .

"တော်သေးတာပေါ့ ကိုနန်းထိုက်ရယ်၊ ဒီလိုဂိုဏ်းကြီး တစ်ခုလုံးကို တစ်ယောက်တည်း ဖမ်းလို့ရမလား၊ ကိုယ်ပါ အလိမ်ပေါ်ပြီးတော့ အဖမ်းခံရမယ်၊ တိတ်တဆိတ် သုတ်သင်တာ ခံရမယ်" ဟု အပြစ်တင်လိုက်သည်။

"အခုက ကိုယ့်ထက်အရေးကြီးတဲ့သူ တစ်ယောက် ရှိနေတယ် ကေသီ"

"ဟင်. . ဘာဖြစ်လို့လဲ"

"သံမဏိမုဆိုး ဂိုဏ်းချုပ်က ကိုယ့်ရှေ့မှာတင် နံပါတ်(၃)ကို ဂျမဒါမှူးသာကို သတ်ဖို့ အမိန့်ချလိုက်ပြီ၊ ဒီတော့ သူ့ကို

www.burmeseclassic.com

www.burmeseclassic.com



တွေ့ဖို့ ကိုယ်အမြန်ဆုံး ရှာရမယ်ကေသီ၊ ကေသီ့ဆီ စိမ်းရွှက်ဝါမှာ သတိနဲ့ထားနေပါ၊ ဂျင်မီနဲ့ ရင်းနှီးတာ ဘာထူးသလဲ"

"ဘာမှ မထူးပါဘူး၊ ဒီလူက အင်မတန်အကြွားသန်တဲ့ အူကြောင်ကြောင်ပါပဲ"

*

ထိုစဉ်မှာပင် လှောက်ရည်ဆိုင်ရှေ့မှ မြင်းလှည်းတစ်စီး ဖြတ်မောင်းသွားသည်ကို တွေ့ရသောကြောင့် အိုင်အိုနန်းထိုက်က မြင်းလှည်းကိုလိုက်ကြည့်နေ၏။

မြင်းလှည်းမောင်းသွားသူမှာ မိန်းမပျိုတစ်ဦး ဖြစ်သည်။ အဝါရောင် ဝဲဒူမွှာရှပ်လက်ရှည် ဝတ်ဆင်ထားပြီး လည်ပင်းတွင် အနီရဲရဲ ပိုးပုဝါတစ်ထည်ကို ရင်ပတ်ထား၏။

မြင်းလှည်းကို မှမောင်းနှင်းလာသောကြောင့် နောက်ဖက်တွင် ဝေ့ဝဲနေသောဆံပင်နှင့် အနီရောင်ပိုးပုဝါက တလူလူ လွင့်နေ၏။ စကားမပြောနိုင်ဘဲ စောင့်ကြည့်နေသော အိုင်အိုနန်းထိုက်၏ မျက်နှာကိုကြည့်ရင်း မြကေသီက မကျေနပ်သံဖြင့်. . .

"ကိုနန်းထိုက်"

ဟုခေါ်လိုက်၏။

"ဟင်. . "

"အသက်မှ ရှုနိုင်သေးရဲ့လား"



"ဘာလဲ ကေသီရဲ့. . "

"အို. . ကိုနန်းထိုက် မြင်းလှည်းမောင်းသွားတဲ့ မိန်းကလေးကို လိုက်စိုက်ကြည့်နေတာ ကျွန်မတိုတောင် သတိမထားမိဘူး၊ ဟိုမိန်းကလေးရဲ့အလှကို တော်တော်စွဲတာပဲ"

"မဟုတ်ဘူး ကေသီ အကြောင်းရှိလို့ ကြည့်နေမိတာပါ"

"အို. . . အပိုတွေ ပြောမနေပါနဲ့ လှလို့ချောလို့ ကိုယ်ကြည့်တယ်ဆိုရင် လိုက်ကြည့်တယ် ဝန်ခံစမ်းပါ"

မြကေသီက မယုံသင်္ကာသံဖြင့် ပြောလိုက်သည်။

"မဟုတ်ပါဘူး ကေသီရယ် ဒီမိန်းကလေးကို ကိုယ်မြင်ဖူးသလိုလိုရှိလို့ပါ"

"တော်ပါ ယောကျ်ားတွေဟာ ဒီလိုပဲ လှည့်ပတ်ပြောတတ်ကာပဲ အရင် ကိုနန်းထိုက်မှာ ဒီလိုစိတ်မျိုးတွေ မရှိပါဘူး"

ရှင်းပြ၍မရနိုင်သောကြောင့် အိုင်အိုနန်းထိုက်က သက်ပြင်းချလိုက်သည်။

"ပြောချင်သလိုပြော ထင်ချင်သလိုသာ ထင်ဖတော့ ကေသီရေ၊ ဒီကိစ္စက မလွယ်ဘူး ကိုယ်လိုက်သွားမှ ဖြစ်မယ်"

"ဟင်"

"ဟုတ်တယ်. . . ဂျာမဒါမူးသာအတွက် အန္တရာယ်ရှိနိုင်တယ်"

"အို. . . မဟုတ်တာ၊ ဂျာမဒါမူးသာကို ဒီလိုပဲချောချော

www.burmeseclassic.com

www.burmeseclassic.com



မိန်းကလေးက ဘာလုပ်မှာတဲ့လဲ"

"ကေသီ မသိဘူးနော်. . သံမဏိမုဆိုးဂိုဏ်းက ပရိယာယ်များတယ်"

စင်စစ် အိုင်အိုနန်းထိုက်သည် ညက စက်လှေပေါ်တွင် တဒင်္ဂချစ်ကြိုးသွယ်ခဲ့သော ဖြူပြာ၏အကြောင်းကို ဖွင့်ဟပြောကြားခဲ့ခြင်းမရှိပေ။

မြကေသီ သိသွားလျှင် သူ့အပေါ်တွင် အထင်အမြင် လွဲမှားသွားမည်ကို စိုးရိမ်သည်။ ကျေနပ်နိုင်လိမ့်မည် မဟုတ်ဟု အိုင်အိုနန်းထိုက်က တွက်ဆထားပြီးဖြစ်၍ ထိုအချက်ကို ချန်ထားခြင်းဖြစ်လေသည်။

"ဒီလောက် အိန္ဒြေပျက်မနေပါနဲ့ ကိုနန်းထိုက်ရယ်၊ သူများ မြို့ရွာမှာ မကောင်းပါဘူး ဟိုကဆော် လိုက်လို့ မမီတော့ပါဘူး"

ထရပ်နေသော အိုင်အိုနန်းထိုက်သည် မြကေသီ၏ တားမြစ်မှုကြောင့် ပြန်ထိုင်လိုက်ရတော့သည်။ မြင်းလှည်းမောင်းသွားသော မိန်းကလေးမှာကား "ဖြူပြာ" မှ "ဖြူပြာ" ဟု အိုင်အိုနန်းထိုက် သိရှိထားပြီး ဖြစ်လေသည်။

လောလောဆယ် ထွက်၍လိုက်လျှင် ဖြူပြာ၏ မြင်းလှည်းကို သူမီနိုင်တော့မည် မဟုတ်သည့်အပြင် မြကေသီက သူ့ကို အထင်လွဲတာ စိတ်ဆိုးသွားမည် သေချာသောကြောင့် ထိုင်ခဲ့တွင်



ပြန်၍ထိုင်လိုက်ရ၏။

"ဂျင်မီအကြောင်းကို ပြောပါဦး"

"ရှင့် စိတ်တွေငြိမ်သွားပြီလား"

မြကေသီက ခနဲ့လိုက်ပြန်သည်။

"ကိုယ့်စိတ်တွေက ငြိမ်သွားပါပြီ၊ ကေသီရဲ့ အရင်ကဆို ဒီအတိုင်းပဲ အခုဆို ဒီအတိုင်းပါပဲ"

"မသိပါဘူး စိတ်တွေက ဟိုမိန်းမနောက်ပါသွားလို့ တစ်ခြားကိစ္စတွေများ စိတ်မဝင်စားတော့ဘူးလားလို့ပါ"

"ကေသီကလေ ပြောလေဆိုးလေပဲ"

"ကဲကဲ. . . ကေသီအဆိုးပဲ ထားလိုက်ပါ၊ ဒီဟာမရဲ့ အဖြစ်ပါပဲ၊ ဂျင်မီက ထားဝယ်ကို ဘာကိစ္စနဲ့ လာသလဲလို့ ကေသီက စကားနိုက်ပြီးမေးတော့ သူကအလွန် အရေးကြီးတဲ့ ကိစ္စလို့ ပြောတယ်"

"ဟင်. . . ဟုတ်လား"

"ဟုတ်တယ်. . . သူက လေကြွားတာပါ နောက်တော့ ပြောရင်းဆိုရင်းနဲ့ ဘာမှမဟုတ်ဘူး၊ သူ အဖော်လိုက်လာခဲ့တဲ့၊ မစ္စအေမီဆိုတဲ့ မိန်းမရဲ့ ကိစ္စ သူက သက်သက်လိုက်လာတာ။ သေသွားတဲ့ ဂျွန်စမစ်ရဲ့ ပစ္စည်းတစ်ချို့ ထားဝယ်မှာ အပ်နှံထားတာရှိလို့ ယူဖို့လာကြတာပါ၊ သူက စကားပြောရင်ဆို ရယ်ရွှင်ဖော်ရွှမ်းနဲ့ သတိကလည်း မကြာမကြာမေ့တဲ့သူ"

www.burmeseclassic.com

www.burmeseclassic.com



"ကေသီရှေ့မှာ ဘာတွေများ မေ့ဖူးလို့လဲ ကေသီရဲ့"

"အိုစုံနေတာပဲ. . . သူဆောင်းတဲ့ ဦးထုပ် မေ့ချင်မေ့တယ်။ တစ်ခါတလေဆဲ မီးခြစ် မေ့ကျန်တတ်တယ်။ အရေးတကြီးထွက်လာတဲ့အခါ ကိုယ့်ဖိနပ်ကြိုးတစ်ဖက် ကိုယ်ချည်ဖို့ တောင်မေ့တဲ့သူမျိုး သူတော့ဘာမှအထင်ကြီး စရာမရှိပါဘူး ကိုနန်းထိုက်ရယ် ပေါတီးပေါ့စ ပေါးလားဝါးလားသမားပါ"

"အင်းလေ. . . ကေသီ ဒါဆို သူတို့နှစ်ယောက်ကိုတော့ မသိမသာ ဆက်အကဲခတ်ပေါ့၊ ကိုယ်ကတော့ ဟိုမျက်နှာဖုံး စွပ်ထားတဲ့ သံမဏိမုဆိုး ဂိုဏ်းချုပ်နံပါတ်(၁)နဲ့ သူ့အဖွဲ့ကို ဖမ်းမိဖို့ ကြိုးစားရမယ် လောလောဆယ် ပုလိပ်အဖွဲ့နဲ့ ပူးပေါင်းလို့ မရဘူး ဖြစ်နေသေးတယ်"

ခဏကြာသောအခါ လှတ်ရည်ဆိုင်မှ သူတို့နှစ်ဦး လမ်းခွဲလိုက်ကြလေသည်။

*

ဂျာမဒါမူးသာသည် ဝန်ထောက်ကြီး၏ ခွင့်ပြုချက်ရသည်နှင့် အခန်းထဲမှ ထွက်လာခဲ့သည်။ သူသည် ရာဇဝတ်အုပ် ဦးထွန်းကျော်ကို သွားရောက်နှုတ်ဆက်လိုက်၏။



"ကျုပ်သွားတော့မယ် ဗျို့"

"ကောင်းပါပြီ. . . ကိုမူးသာ အကြောင်းရှိရင် ကျွန်တော်တို့နဲ့ဖဲ ဆက်သွယ်ပေါ့ ဦးခွန်သာသတ်တဲ့ လူပေါ်ဖို့ ကိစ္စမှာ ကူညီပါဦး"

ဦးထွန်းကျော်က ဂျာမဒါမူးသာကို အားကိုးတကြီးဖြင့် ပြောလိုက်လေသည်

"ဟုတ်ကဲ့ . . . ကျွန်တော် တတ်နိုင်သမျှ ကူညီဖော်ထုတ်ပါဦးမယ် ကျော့ဖိုးသာ သတ်သူကိုဇာ အတိအကျဖေါ်ထုတ်တစ်ပြနိုင်မှ ကျွန်တော့် အထက်ရာရှိတွေက လက်ခံမှာဆိုတော့ ကျွန်တော် ထားဝယ်မှာ ဆက်နေဦးမှာပါ"

"ကျွန်တော်တို့ဖက်က ကူညီအညီပေးနိုင်တာ ရှိရင်ဖဲ ပြောပါ"

"ကောင်းပါပြီ ကျေးဇူးပါဖဲ ဦးထွန်းကျော် ကျွန်တော့်ကို ပြောပါဦး"

နေက ကျဲကျဲတောက်ပူပြင်းနေသည်။ သူ နေထိုင်ရာ စိမ်းရွက်ဝါ တည်းခိုခန်းသို့ ပြန်ရန်အတွက် မြင်းလှည်းတစ်စီးစီး ငှားစီးရလျှင် ကောင်းမည်ဟု ဂျာမဒါမူးသာ စိတ်ကူးမိသည်။ ဂျာမဒါမူးသာသည် ပုလိပ်ဌာနရှေ့မှ မြေနီလမ်းကြီးအတိုင်း ဖြည့်သည်ကြည့်ဖြင့် လျှောက်လှမ်းလာခဲ့သည်။

လောလောဆယ်တွင် မြင်းလှည်းနှင့် တူသည့်အရာဆို၍

www.burmeseclassic.com

www.burmeseclassic.com



အစအနပင် မမြင်ရ၊ သို့သော် သူလမ်းချိုးကွေ့သို့ ရောက်သော အခါတွင် သစ်ပင်ကြီးတစ်ပင်အောက်၌ ရပ်နားထားသော မြင်းလှည်းတစ်စီးကို တွေ့လိုက်ရလေသည်။

မြင်းလှည်းမှာ သစ်ပင်အောက်တွင် ရှိနေသော မြင်းကို သစ်ပင်နှင့် ချည်နှောင်ထားသည်ကို တွေ့ရ၏။

အရိပ်ကောင်းသောကြောင့် မြင်းလှည်းကို ချည်ကာ မြင်းလှည်းမောင်းသူ အနီးဝန်းကျင်တွင် နားနေခြင်းဖြစ်နိုင် သည်ဟု ဂျာမဒါမူးသာက ထင်မိသည်။ မြင်းလှည်းရပ်ထားသော သစ်ပင်နောက်တွင် ချုံနွယ်သစ်ပင်များ ထူထပ်စွာရှိနေသည်။

ခပ်ဝေးဝေးတွင်မူ ခြံစိုက်ဟန်တူသော တဲကလေးနှစ်လုံး သုံးလုံးရှိနေ၏။ ပဲပင်နှင့် သီးနှံပင်များကို ထိုတဲလေးရှေ့တွင် စိုက် ပျိုးထားသည်ကို တွေ့လိုက်ရလေတော့သည်။

"မြင်းလှည်းဆရာ ဗျို့ . . . မြင်းလှည်းဆရာ"

မြင်းလှည်းနားတွင် ရပ်ကာအော်လိုက်သည်။ ချုံနွယ် များထဲမှ မည်သည့်အသံမျှ မကြားရပေ။

"မြင်းလှည်းဆရာ ဘယ်သွားနေလဲဗျို့၊ ကျုပ် မြင်းလှည်း ငှားချင်လို့ပါ"

ဂျာမဒါမူးသာက တဲအိမ်လေးများ ရှိရာဖက်သို့ လှည့် ကာ အော်လိုက်သည်. ထိုစဉ်မှာပင် တဲအိမ်များထဲမှ မိန်းမပျို တစ်ယောက် ပြေးထွက်လာသည်ကို တွေ့ရသည်။



လှပချောမွေ့သော မိန်းမပျိုတစ်ဦးဖြစ်ပြီး ပဒုမ္မာအင်္ကျီ လက်ရှည်ကို ဝတ်ဆင်ထားကာ လည်တိုင်တွင် ပိုးပုဝါအနီရောင် ကို ရစ်သိုင်းထားသည်ကို တွေ့ရ၏။ ထိုမိန်းမပျိုက မြင်းလှည်း ၏ အနီးသို့ ပြေးလာနေသည်။

ဂျာမဒါမူးသာက မြင်းလှည်းနှင့်ပါလာသော မိန်းက လေးဟု ထင်မှတ်သွားသောကြောင့် . . .

"ဟော့ . . . ဒီမြင်းလှည်းနဲ့ မင်းလာတာလား"

ဟု မေးလိုက်သည်။

"ဟုတ်တယ်ရှင့် ဘာဖြစ်လို့လဲ"

မိန်းမပျိုက မျက်မှောင်ကြုတ်ကာ ဂျာမဒါမူးသာကို ပြန် မေးလိုက်လေတော့၏။

"မြင်းလှည်းဆရာရော"

"ခစ်"

ဂျာမဒါမူးသာ၏ အမေးကို မိန်းမပျိုက ခစ်ကနဲ ရယ် မောလိုက်သည်။

"မင်းက ဘာရယ်တာလဲ"

"မြင်းလှည်းဆရာ ဆိုလို့ပါ"

"ဟုတ်တယ်လေ မင်းစီးလာတဲ့ မြင်းလှည်းကို မောင်း လာတဲ့ မြင်းလှည်းဆရာလေ"

"ကျွန်မပဲရှင့်"

www.burmeseclassic.com

www.burmeseclassic.com



"ဘာ မင်းကမြင်းလှည်းဆရာလား"

မိန်းကလေး မြင်းလှည်းမောင်းသူကို မတွေ့ဖူးသောကြောင့် ဂျာမဒါမူးသာက အံ့ဩသံဖြင့် မေးလိုက်လေသည်။

"ကျွန်မက မြင်းလှည်းဆရာတော့ မဟုတ်ဘူးရှင့်၊ ဒါပေမယ့် ကျွန်မမြို့ထဲကို မြင်းလှည်း လျှောက်စီးချင်းလို့ မြင်းလှည်းငှားလာတာ ကျွန်မဟာ ကျွန်မ မောင်းချင်လို့ဆိုပါတော့"

"မင်းက မြင်းလှည်းမောင်းတတ်တယ် ဟုတ်လား"

"မြင်းလှည်းမောင်းတာများ ဘာခက်ခဲရှင် မြင်းစီးတတ်ရင် မြင်းလှည်းမောင်းတတ်တာပဲပေါ့ မြင်းကို ကိုယ်လိုချင်တဲ့ဖက်က ဇာတ်ကြိုးဆွဲပေးရုံပဲ လှည်းအိမ်တော့ ဟိုဟာနဲ့ ဒီဟာ နဲ့ ဝင်မတိုက်မိအောင် ထိန်းတတ်ရတာပေါ့"

နှုတ်သွက်လျှာသွက် ရွှန်းရွှန်းဝေအောင် ပြောနေသော မိန်းမပျိုကို ဂျာမဒါမူးသာက ငေးကြည့်နေသည်။

"အင်း ဒီကောင်မလေးက သဘောကောင်းတာပဲ၊ ငါသွားရမယ့် ခရီးကဝေးတယ်။ သူ့ကိုပဲ တောင်းပန်ပြီး လိုက်ပို့နိုင်းရရင် ကောင်းမယ်"

ဂျာမဒါမူးသာ တစ်ကိုယ်တည်း တွေးတောလိုက်မိလေသည်။

"မင်းဘယ်ကို ပြန်မှာလဲ"

"ဖြူပြာကို မေးတာလား"



မိန်းမပျိုက သူမ၏ရင်ဘတ်ကို ဖိပြရင်း ဟန်ပါပါ ပြန်မေးသည်။

"အေးလေ ဒီမှာ စကားပြောနေတာ မင်းနဲ့ငါနဲ့ နှစ်ယောက်ထဲရှိတာပဲ မင်းကိုမမေးလို့ ငါကစကားမပြောတတ်တဲ့ မြင်းကို မေးပါ့မလား"

"ခစ်"

ဖြူပြာ တစ်ချက်ရယ်လိုက်ပြန်လေသည်။

"မင်းက ဘာရယ်တာလဲ"

"ရှင်က ကြံကြံဖန်ဖန် ပြောတတ်လို့ပါ။ ဘာလဲ ဒီမြင်းလှည်းကို ကျွန်မ မောင်းလာတယ်ဆိုတာ မယုံဘူးလား"

"ယုံပါတယ်. . . မင်း မြင်းလှည်းပိုင်ရှင် တစ်ယောက်ယောက်ဆီက ငှားလာတာဖြစ်မှာပေါ့"

"ဟုတ်တယ် ရှင့်. . . အခု မြင်းလှည်းငှားချင်တာ မဟုတ်လား"

သွက်လက်သော ဖြူပြာက မျက်ခုံးပင့်ကာ ပြောလိုက်သည်။ ဂျာမဒါမူးသာက ခေါင်းညိတ်လိုက်၏။

"ဟုတ်တယ် တို့ဒီနားမှာ မြင်းလှည်းရှာတာ မတွေ့လို့ပါ"

ဂျာမဒါမူးသာက ရိုးသားစွာပင် ဝန်ခံပြောဆိုလိုက်လေသည်။ ဖြူပြာက ဂျာမဒါမူးသာကို သိနှင့်ပြီးသားဖြစ်သည်။

စိမ်းရွှက်ဝါမှာကတည်းက ဂျာမဒါမူးသာ သွားသည့် ခရီး

www.burmeseclassic.com

www.burmeseclassic.com



စဉ်ကို စုံစမ်းကြည့်ပြီးသား၊ စိမ်းရွက်ဝါတွင်ရှိသော သံမဏိ မုဆိုးဂိုဏ်းမှ ချက်ပြုတ်သည့် စားဖိုဆောင်တွင် အချက်အပြုတ်သမားအဖြစ် ဟန်ဆောင်ကောင်းသူက. . .

"ကြားရတဲ့ သတင်းအရ ဂျာမဒါမူးသာ ပုလိပ်ဌာနကို တစ်ခါတည်းခေါ် သွားတယ် ကြားတယ်"

ဟု ပြောကြားခဲ့၏။

ထို့ကြောင့် အဆင်ပြေလျှင် ပုလိပ်ဌာနအတွင်းသို့ ဝင်ရောက် လုပ်ကြံသတ်ဖြတ်ရန်နှင့် အဆင်မပြေပါက လူသူရှင်းရာသို့ ဂျာမဒါမူးသာကို ဖျားယောင်းခေါ်ဆောင်ပြီးမှ လုပ်ကြံသတ်ဖြတ်ရန် စိတ်ကူးခဲ့သည်။

ပုလိပ်ဌာနနှင့် မနီးမဝေးမှ အခြေအနေစောင့်ကြည့်နေစဉ် သားကောင်က ထောင်ချောက်ထဲသို့ ဝင်လာပြီးဖြစ်၍ ဖြူပြာက ကျေနပ်သွားခြင်းပင် ဖြစ်လေသည်။

"ကျွန်မက မြင်းလှည်းမောင်းသမားတော့ မဟုတ်ဘူးနော်။ ရှင်ဘယ်သွားမှာလဲ"

"စိမ်းရွက်ဝါ တည်းခိုခန်း သွားမှာပါ"

ဖြူပြာက မေးထောက်ကာ စဉ်းစားဟန်ပြုလိုက်သည်။

"ဘယ်လိုလဲ လိုက်မပို့နိုင်ဘူးလား လိုက်မပို့နိုင်ရင်လည်း ကိစ္စမရှိပါဘူး"

ဂျာမဒါမူးသာက လမ်းလျှောက်သွားရင်း အခြားမြင်း



လှည်းတစ်စီးကို ငှားကာ ထွက်သွားဖို့ ခြေလှမ်းပြင်လိုက်လေသည်။

"နေပါဦးရှင့်"

ဂျာမဒါမူးသာ၏ ခြေလှမ်းများ တုန့်ကနဲ ရပ်ဆိုင်းသွားကြ၏။

"ကျွန်မလိုက်တော့ပို့မယ် ဒါပေမယ့် ဒီလမ်းက နေတည့်တည့်တော့မသွားသေးဘူး ကျွန်မတစ်နေရာဝင်ဦးမယ် ရှင့်၊ ခဏစောင့်နိုင်မလား"

"ရပါတယ် ခရီးကြုံစီးတာမဲ့ စောင့်ရတာပေါ့"

"ဒါဆိုရှင် မြင်းလှည်းပေါ် တက်နိုင်ပြီ"

ဖြူပြာက ပြောပြောဆိုဆို သစ်ပင်တွင် ချည်ထားသော ဇာတ်ကြိုးကိုဖြုတ်ကိုင်ကာ လှည်းအိမ်ပေါ် သို့ တက်ထိုင်လိုက ၏။

*

ဂျာမဒါမူးသာလည်း မြင်းလှည်းပေါ် သို့ တက်ထိုင်လိုက်လေသည်။ ဖြူပြာက မြင်းကို နှင်တံတို့ရင်း မြင်းလှည်းကို ခပ်မှန်မှန်မောင်းနှင်လာခဲ့၏။

မြို့ထဲသို့ ဝင်သည့်လမ်းဖက်သို့ မချိုးဘဲ တောအုပ်သို့ဝင်သည့် လမ်းဘက်သို့ ချိုးကာ မြင်းလှည်းကို မောင်းလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"မင်းက ဘယ်သွားမှာလဲ"

"ဒါက ရှင့် အလုပ်မဟုတ်ဘူးလေ ရှင်က ဘာလို့ စပ်စုရတာလဲ ရှင့် တည်းခိုခန်းရောက်ရင် ပြီးရောပေါ့"

ဖြူပြာက ခပ်တည်တည်ပြောလိုက်၍ ဂျာမဒါမူးသာက ငြိမ်နေလိုက်ရသည်။

"ဘယ်လို မိန်းကလေးပါလိမ့် သဘောတော့ကောင်းပုံရပါတယ်။ တစ်ချက်တစ်ချက် ဘုဆတ်ဆတ်နဲ့ ဆတ်ဆတ်ကဲ မလေးထင်ရဲ့"

ဟု စိတ်ထဲမှ တွေးကာ လာမိ၏။

တောအုပ်ထဲသို့ဝင်လာရာ မြင့်လှည်းသွားဖူးသော လမ်းမျိုးမဟုတ်ဘဲ မညီမညာဖြစ်လာသည်။ ထိုအခိုက်မှာပင် မြင်းသည် ထ၍ဟီလိုက်၏။

"ဟီး. . . ဟီး. . . ဟီး"

မြင်းသည် တောထဲမှ ဖြတ်ပြေးသွားသော နွားတစ်ကောင်ကို မြင်ကာ လန့်သွားခြင်းဖြစ်သည်။

"ကိုင်ထားလိမ့်ကျမယ် မြင်းက လန့်သွားတာ ထင်တယ် မင်းနိုင်ရဲ့လား"

မြင်းက ထရပ်မလို လုပ်ပြီးတော့မှ တောထဲသို့ တဟုန်းထိုးပြေးတော့သည်။

"ဇက်ကြိုးကိုဆွဲထား ဆွဲထားလေ"



"အားမရဘူးရှင့် လုပ်ပါဦး"

မြင်းမှာ စိတ်ပေါက်သွားပြီဖြစ်၍ ထင်ရာမြင်ရာ စွပ်၍ပြေးရာ တောင်စောင်းတစ်ခုပေါ်သို့ ရောက်ရှိလာလေတော့သည်။

"ဟာ ဒုက္ခပဲ. . . မင်းက မြင်းကိုမှ မထိန်းနိုင်ဘဲကိုး"

ဘယ်ယိမ်း ညာယိမ်းဖြစ်နေသော ဖြူပြာ၏နောက်မှ ဂျာမဒါမူးသာက မြင်းဇက်ကြိုးကို လှမ်း၍ ဆွဲလိုက်လေတော့သည်။

သို့သော် မြင်းမှာ တဟုန်ထိုး ပြေးနေသောကြောင့် ဂျာမဒါမူးသာသည် မြင်းဇက်ကြိုးကို မဆွဲမိတော့ဘဲ လွတ်ထွက်သွားလေတော့သည်။

သူပါ မြင်းလှည်းပေါ်မှ ပြုတ်မကျအောင် လှည်းအိမ်ကို ဖက်ထားရသည်။ သည်အတိုင်းဆိုလျှင် မလွယ်။ မြင်းကရပ်၍မရတော့ ဇက်ကြိုးလည်း မရှိတော့ပေ။

"ကိုင်ထား လှည်းကိုဖက်ထား မင်း ပြုတ်ကျသွားမယ်"

"အား . . . လုပ်ပါဦး"

ဖြူပြာမှာ ကိုယ့်ဇာတ်လမ်းကို ကိုယ်မနိုင်ဖြစ်ကာ ထိတ်လန့်တကြားဖြင့် လှည်း၏ တိုင်ကို တိုင်ထား၏။ သို့သော် မြင်းသည် တောင်စောင်းရှိ ကမူတစ်ခုကိုဝင်၍ တိုက်လိုက်သောကြောင့် ကျယ်လောင်သော အသံကြီးပေါ်လာသည်။

"ဝုန်း"

www.burmeseclassic.com

www.burmeseclassic.com



"အား"

ဖြူဖြူသည် မြင်းလှည်းပေါ်မှ လွင့်စင်ထွက်သွား၏။ ဂျာမဒါမူးသာမှာလည်း မှောက်တော့မည့် မြင်းလှည်းပေါ်မှ ခုန်ချလိုက်ရလေတော့သည်။

မြင်းကြီးမှာ ပို၍ထိတ်လန့်ကာ အခြမ်းစောင်းသွားသော လှည်းအိမ်ကြီးကို ဆွဲကာ တောအုပ်ထဲသို့ တဝုန်းဝုန်း တိုးဝင်သွားလေတော့သည်။

ဖြူဖြူသည် မြင်းလှည်းပေါ်မှ အရုပ်တစ်ရုပ်လို တောင်စောင်းပေါ်သို့ ကျသွားပြီးနောက် မတ်စောက်သော တောင်စောင်းမှ ချောက်ထဲသို့ လိမ့်၍ကျသွားလေတော့သည်။

ဂျာမဒါမူးသာမှာ တောင်စောင်းပေါ်သို့ ခုန်ချလိုက်ပြီးဘေးမှ သစ်ငုတ်ကို ဆွဲဖမ်းလိုက်ရလေတော့၏။

"ဟင် ဟိုကောင်မလေး ချောက်ထဲ လိမ့်ကျသွားပါလား အသက်မှရှိသေးရဲ့လား မသိဘူး"

ဂျမဒါမူးသာသည် ပေသုံးလေးဆယ် နက်သောချောက်ထဲသို့ လိမ့်ကျသွားသည့် ဖြူဖြူကို ငုံ့ကြည့်လိုက်မိသည်။

*



လမ်းလျှောက်၍ ပြန်ရမည်ကို ခရီးဝေးသောကြောင့် ကြုံရာမြင်းလှည်းနှင့် လိုက်လာကာမှ မမျှော်လင့်သော မြင်းလှည်းပျောက်မှုကြောင့် ဂျမဒါမူးသာသည် လှည့်ပြန်၍ မရတော့ပေ။

သူသည် ဖြူဖြူ တစ်လိမ့်ချင်း လိမ့်ကျသွားရာ ချောက်ထဲသို့ ဆင်းလာပြီး ဗိုက်ပေါ်သို့ လက်တစ်ဖက် တင်ကာ လက်တစ်ဖက်ဆန့်လျက် ငြိမ်နေသော ဖြူဖြူကို ငုံ့ကြည့်လိုက်၏။

အသက်ကို မျှင်းမျှင်းရှုနေသည်ကို တွေ့လိုက်ရသည်။ ခန္ဓာကိုယ်မှာလည်း နှလုံးခုန်လျက် ရှိသည်ကို သတိထားမိလေသည်။

"တော်ပါသေးရဲ့ အသက်တော့ ရှိသေးတယ်၊ သူ့ကို သတိရအောင် တစ်နေရာရာမှာ ပြုစုရတော့မှာပဲ"

ဂျမဒါမူးသာသည် ဖြူဖြူ၏ သွယ်လျသော ခန္ဓာကိုယ်လေးကို လက်နှစ်ဖက်ဖြင့် ပွေ့ချီလိုက်သည်၊ ထို့နောက် ချောက်ထဲမှ တဖြည်းဖြည်းချင်း ကုန်းပေါ်သို့ ပြန်တက်လာခဲ့သည်။

မြင်းမှာ တဟုန်းထိုး ပြေးနေသောကြောင့် မည်မျှလောက် တောနက်နက်ထဲသို့ ရောက်ရှိလာသည်ကို သူ မခန့်မှန်းမိပေ။ လူသူမနီးသော တောကြီးထဲသို့ ရောက်ရှိနေသည်ကတော့ သေချာနေပေတော့၏။

ကုန်းပေါ်သို့ ရောက်လာသောအခါ မြင်းလှည်းကို လှည့်

www.burmeseclassic.com

www.burmeseclassic.com



ပတ်ရှာဖွေသော်လည်း အစအနမျှပင် မတွေ့တော့ပေ။ လှည်းအိမ်ကို ဆွဲသွားသော မြင်းမှာ ဝေးကွာသော နေရာတစ်ခုသို့ ရောက်ရှိသွားဟန်တူ၏။

"ဒုက္ခပဲ. ... ဒီမိန်းကလေး သတိမေ့နေတယ်။ တစ်နေရာရာမှာတော့ သူ့ကိုထားပြီး ပြုစုမှဖြစ်မယ်"

ဖြူပြာ၏ ကိုယ်ကိုထမ်းကာ ကုန်းမြင့်တောအုပ်ထဲ၌ လှည့်ပတ်ရှာဖွေသောအခါတွင် သဘာဝကျောက်ဂူကို တွေ့ရလေသည်။ ဂျာမဒါမှူးသာသည် ဂူထဲတွင် ဖြူပြာကိုချကာ မနီးမဝေး ချောင်းကလေးမှ ရေများကိုခပ်ကာ ယူဆောင်လာပြီး မျက်နှာနှင့် ခြေလက်များတွင် ပေကျံနေသော ဖုံများသုတ်ပေးလိုက်သည်။

ပြီးနောက် ပါးစပ်ထဲသို့ ဖက်ကတော့ထဲမှ ရေများကို တစ်စက်စက်ချကာ တိုက်ပေးလိုက်လေသည်။ ဖြူပြာမှာ ကလေးငယ်တစ်ဦး အိပ်မောကျသကဲ့သို့ ငြိမ်သက်စွာ လဲလျောင်းလျက်ရှိ၏။

သွေးစသွေးနများကို မမြင်တွေ့ရသောကြောင့် ဖြူပြာတွင် ဒဏ်ရာပြင်းထန်ထန်ကား ရရှိဟန်မတူပေ။ ဂူအနီးအနားမှ ထင်းချောက်များကို ကောက်ကာ အမှောင်သမ်းလာ၍ ဂူဝတွင် မီးပုံတစ်ပုံကို ဖိုထားလိုက်၏။ တောရဲတိရစ္ဆာန်များ ဂူထဲသို့ မဝင်ရောက်နိုင်ရန်ပင်ဖြစ်သည်။



ဂူပေါက်ဝ၌ ထိုင်ကာ ဂျာမဒါမှူးသာသည် အမှောင်ထဲတွင် မအိပ်နိုင်ဘဲ ဖြူပြာ အခြေအနေကို စောင့်ကြည့်နေသည်။ မကြာခဏ ရေစက်များကို ပါးစပ်ထဲသို့ ချ၍ပေးနေလေသည်။

ဤသို့ဖြင့် ညအမှောင်ထုသည် တဖြည်းဖြည်း နက်ရှိုင်း၍လာလေတော့သည်။ တဖောက်ဖောက် မြည်နေသော မီးပုံမှ သစ်ခြောက်တို့ မြည်သံသာ တောထဲတွင် လွှမ်းမိုးနေလေတော့၏။

*

အိုင်အိုနန်းထိုက်မှာ ဂျာမဒါမှူးသာကို ရုပ်ဖျက်၍ လိုက်လံရှာဖွေရာ တစ်မြို့လုံးအနှံ့ မတွေ့နိုင်အောင်ပင် ဖြစ်နေလေသည်။ သူသည် တတ်နိုင်သလောက် ပုလိပ်ဌာနနှင့် မဆက်ဆံချင်ပေ။

ပုလိပ်များက သူ့ကို အိုင်အိုနန်းထိုက်မှန်း သိရှိကာ မူလရုပ်သွင်ကို တွေ့မြင်ရပါက လူသတ်တရားခံဟု စွပ်စွဲကာ ဖမ်းဆီးမည်ကို စိုးရိမ်ရသောကြောင့် ဖြစ်၏။

အိုင်အိုနန်းထိုက်သည် ဂျာမဒါမှူးသာနှင့် ပတ်သက်၍ စုံစမ်းစရာ နှစ်နေရာသာ ရှိတော့သည်။ ထိုနေရာမှာ ထားဝယ်ဆိပ်ကမ်းရှိ တံငါလှေများနှင့်ဝေးရာ နေရာတွင် ကျောက်ချထားသော သက်တံရောင် လှေကြီးရှိရာနှင့် ပုလိပ်ဌာနရှိရာ မြို့ထဲမှ

www.burmeseclassic.com

www.burmeseclassic.com



အဆောက်အဦတို့ပင် ဖြစ်၏။

သက်တံရောင် လှေကြီးမှာ သံမဏိမုဆိုးအဖွဲ့ ခိုအောင်းခဲ့ရာ နေရာဖြစ်သည်။ ညအချိန်က သူ တက်ရောက်၍ နံပါတ် (၅) ဂိုဏ်းသားအဖြစ် ဟန်ဆောင်ခဲ့သောကြောင့် လှေကြီး၏ နှုတ်ခမ်းစပ်ရှိ သက်တံရောင်အနား သတ်မျဉ်းလိုင်းများကို မှတ်မိနေသည်။

အိုင်အိုနန်းထိုက်သည် သွားခေါ်သော တရုပ်ကပြားလေး အသွင်ဖြင့် လှေကြီးနားသို့ ဒူးလောက်ရှိသော ဘောင်းဘီတိုဖြင့် ကပ်သွားခဲ့သည်။ လှေကြီးတစ်စင်းလုံးမှာ ငြိမ်သက် တိတ်ဆိတ်နေသည်။ အိုင်အိုနန်းထိုက်သည် လှေကြီးနားသို့ မရဲတရဲ ကပ်လာခဲ့သည်။

ထို့နောက် လှေကြီးရှိရာသို့ ထိုးခင်းထားသော ကုန်းဘောင်ပြားပေါ်မှ တစ်ဆင့် လှေကြီးပေါ်သို့ တက်လာခဲ့၏။ လှေကြီးပေါ်သို့ ရောက်သောအခါတွင်ကား အိုင်အိုနန်းထိုက်မှာ လုံးဝ အံ့အားသင့်သွားသည်။

"ဟင်"

လှေကြီးထဲ၌ သူမြင်ရသော မြင်ကွင်းမှာ ညကတွေ့ရသော မြင်ကွင်းနှင့် မတူတော့ပေ။ လှေကြီးထဲတွင် မည်သည့်အခန်းမှုမရှိဘဲ တံငါလှေကြီးဖြစ်ကာ လှေဝမ်းထဲတွင် ငါးဖမ်းသမားများ အလုပ်ရှုပ်နေသည်ကိုသာ တွေ့ရလေတော့သည်။



"အင်း ညက လှေနဲ့တော့ ဆော်တော်တူတာပဲ၊ ဒါပေမယ့် ဒီလှေဟာ သံမဏိမုဆိုးဂိုဏ်းရဲ့ လှေမဟုတ်တော့ဘူး"

သူထင်မြင်သလို သံမဏိဂိုဏ်းသားတစ်ဦးမျှပင် မမြင်တွေ့ရဘဲ ငါးဖမ်းသမားများနှင့် လှေဝမ်းထဲမှ ငါးများကို ချိန်ခွင်ကြီးဖြင့် သယ်ကာချိန်တွယ်နေကြသူများကို တွေ့မြင်ရသောကြောင့် ကုန်းဘောင်ပြားပေါ်မှ စိတ်ပျက်ပျက်ဖြင့် ပြန်၍ဆင်းလာရတော့သည်။

ရှာစရာဆို၍ ထားဝယ် လှေဆိပ်ကမ်းတွင် မည်သည့်စက်လှေမျှမရှိတော့။ မတတ်နိုင်၊ ရဲစခန်းကိုစွကိုဇ္ဇတော့ မြကေသီကို အကူအညီ တောင်းရတော့မည် ဖြစ်သည်။ သူလှေကြီးပေါ်မှ ပြန်၍ ဆင်းလာစဉ်မှာပင် အသံတစ်သံကို ကြားလိုက်ရလေသည်။

"ဟေ့ . . ဟိုမှာ လူတစ်ယောက် တို့လှေပေါ်က ဆင်းသွားတာ ဘာကိစ္စလဲ မသိဘူး"

"ဟင်"

သူ့ကို ရိပ်မိသွားမှန်းသိ၍ အိုင်အိုနန်းထိုက်သည် ခြေကုန်သုတ်ကာ ထွက်ပြေးလာခဲ့လေတော့သည်။

*

www.burmeseclassic.com

www.burmeseclassic.com



မြကေသီမှာ တရုတ်ကပြားယောင်ဆောင်ကာ ရောက်ရှိလာသော အိုင်အိုနန်းထိုက်ကိုကြည့်ကာ ရယ်ချင်စိတ်ပေါ်သွားသည်။ ခါးကလည်း ကုန်းထားသောကြောင့် တရုတ်အဖိုးကြီးနှင့်ပင် တူနေလေသေးတော့သည်။

"ကဲ. . . ဒါဆို ကျွန်မ အကြောင်းတစ်ခုခု မြပြီးတော့ ရဲစခန်းကို သွားမယ် ပင်လယ်ဖက်မှာ မရှိရင်တော့ မူးသာဟာထားဝယ်မြို့ထဲက တစ်နေရာရာမှ လုပ်ကြံခံရပြီ ထင်တယ်"

မြကေသီသည် အိုင်အိုနန်းထိုက်နှင့် အတူ ထားဝယ်မြို့ခွန့်ရှိ မြင်းမွေးမြူသော လူတစ်ယောက်ထံမှ မြင်းနှစ်စီးငှားကာ ပုလိပ်ဌာနရှိရာသို့ စိုင်းနှင်လာခဲ့ကြလေတော့၏။

ပုလိပ်ဌာန၏ မနီးမဝေးနေရာ ရောက်ရှိမှပင် မြကေသီသည် မြင်းပေါ်မှဆင်းကာ ပုလိပ်ဌာနသို့ လျှောက်လှမ်းသွားခဲ့လေသည်။ သစ်ပင်ရိပ်တွင် အိုင်အိုနန်းထိုက်က မြင်းနှစ်ကောင်နှင့် ရပ်စောင့်ရင်း အနီးအပါးကို လေ့လာကြည့်လေသည်။

စိုက်ပျိုးရေးခြံများကို တွေ့ရှိရသောကြောင့် မြင်းကို သစ်ပင်တွင် ချည်နှောင်ကာ တဲအိမ်လေးများရှိရာသို့ လျှောက်လှမ်းသာခဲ့သည်။ ပဲပင်များကြားထဲတွင် မြက်နှုတ်နေသော အဖွားအိုတစ်ဦးကို တွေ့လိုက်ရလေသည်။

"ဟင်"



အဖွားအိုက အံ့ဩသံဖြင့် လှည့်ကြည့်ရင်း. . .

"ဘာလဲ ရေသောက်ချင်လို့လား တဲထဲမှာရေအိုးစင်ရှိပါတယ်"

ဟု ပြောလိုက်သည်။

"ကျွန်တော် ရေမသောက်ပါဘူး မေးစရာရှိလို့ပါ၊ ဒီက အဖွားတို့ ခြံထဲမှ မြင်းလှည်းရှိသလား"

"မရှိပါဘူးကွယ်"

"သစ်ပင်အောက်မှ သဲပေါ်မှ မြင်းလှည်းဘီးရာတွေ တွေ့လို့ နွားလှည်းလားတော့ မသိဘူး"

အိုင်အိုနန်းထိုက်က အမှန်အတိုင်း ပြောပြလိုက်လေသည်။ လှည်းဘီးရာကို တွေ့၍ မေးခြင်းမှာ မနက်က တွေ့လိုက်သော မြင်းလှည်းပေါ်မှ ဖြူဖြူတို သတိရ၍ဖြစ်သည်။

"ဪ. . အဲဒါက မနေ့က မြင်းလှည်းတစ်စီးကို မိန်းကလေးတစ်ယောက်က မောင်းလာတယ်ကွယ့်၊ နောက်တော့ ဒီမှာရေလာ တောင်းသောက်တယ်"

"ဟုတ်လား အဖွား၊ ပြီးတော့ ဘယ်ဘက် ထွက်သွားလဲ"

အဖွားကြီးက ခေတ္တစဉ်းစားလိုက်၏။

"မိန်းကလေးက ချောချောလေးကွယ် အဝါရောင်အကျႌနဲ့ လည်ပင်းမှာ ပိုးပုဝါးအနီးလေးပတ်ထားတယ်။ နောသို့ အဖော်လားမသိဘူး ဂါတ်တဲဖက်က လူရွယ်တစ်ယောက် ထွက်

www.burmeseclassic.com

www.burmeseclassic.com



လာတော့ ခဏရပ်စကားပြောပြီး သူ့မြင်းလှည်းပေါ် တင်ခေါ်သွားတယ်"

"ဘယ်ဘက် ထွက်သွားလဲ အမွှား"

သူက ထိုသို့ မေးလိုက်သည်နှင့် အဖွားအိုသည် အိမ်ထဲဖက်သို့ လှမ်းအော်လိုက်သည်။

"သားရေ . . . ဖိုးအောင်ရေ ဒီကို ခဏလာပါဦး"

"ဒီမှာကွယ် မင်း မနေ့က ထင်းခုတ်ပြန်လာတော့ မိန်းကလေးမောင်းလာတဲ့ လှည်းတွေ့တယ်ဆို . . . ဘက်ဘက်မောင်းသွားလဲလို့ မေးနေတယ်"

ကတုံးဆံတောက်ဆံပင်နှင့် လူငယ်က. . .

"ဟာ. . . ကျွန်တော်တောင် အံ့သြတယ် မြို့ထဲဝင်တဲ့ လမ်းထဲမဝင်ဘဲနဲ့ အဲဒီမြင်းလှည်းက တောအုပ်ထဲမောင်းသွားတာဗျ၊ နောက်မှာဇာ ဘောင်းဘီရှည်နဲ့ လူတစ်ယောက်ပါသွားတယ်"

"ဘယ်ဘက်က သွားရတာလဲ"

"ဒီရွှေ လမ်းကဝင်သွား တစ်ခေါ်လောက်ဆို တောစပ်ရောက်တာပဲ"

"ကျေးဇူးပဲ ညီလေး"

အိုင်အိုနန်းထိုက်သည် သူမြင်းကို ကြိုးချည်ထားသောနေရာသို့ပြန်၍ ရောက်ရှိလာလေသည်။ မြကေသီ ပုလိပ်ဌာနသို့



ထွက်သွားသည်မှာ အတော်ကြာပြီ ဖြစ်၏။ ယခုထိ ပြန်မလာသေး။

ပုလိပ်ဌာနတွင် တစ်ခုခုများ ပြဿနာတက်နေပြီလားဟု စိုးရိမ်သွားမိ၏။ ထိုအချိန်တွင်မှ လမ်းဆုံမှ ထွက်လာသော မြကေသီ၏ အသွင်ကို တွေ့လိုက်ရလေတော့သည်။

မြကေသီသည် အိုင်အိုနန်းထိုက်ရှိရာသို့ သွက်လက်သော ခြေလှမ်းဖြင့် ရောက်ရှိလာ၏။

"ရာဇဝတ်အုပ်ကတော့ ပုလိပ်ဌာနမှ မရှိဘူး ပင်လယ်ကမ်းစပ်ဖက် သွားတယ်တဲ့၊ အဲဒါနဲ့ သူ့လက်ထောက် လူဆိုးထိန်းက မေးမြန်းတာစုံနေလို့ ဖြေနေရတယ်။ ဂျာမဒါမူးသာနဲ့ ဘယ်လိုပတ်သက်လဲ ဘယ်တုန်းက သိတာလဲ မေးလိုက်တာ စုံနေတာပဲ"

"နောက်ဆုံးတော့ ဘာအဖြေထွက်သလဲ"

"မင်းက ညနေပိုင်းမှာ မူးသာရဲ့ စခန်းထဲက ထွက်သွားခဲ့တယ်လို့ ပြောတယ်"

အိုင်အိုနန်းထိုက်က. . .

"ဒါဆိုရင်သေချာပြီ ကဲ မြင်းပေါ်တက် မြကေသီ၊ သူတို့ တောအုပ်ထဲကို မနေ့ကကတည်း ထွက်သွားကြတယ်။ မူးသာရဲ့ အသက်ကို မီပါတော့မလား မသိဘူး"

"ဘာဖြစ်လို့လဲ ကိုနန်းထိုက်"

"မေးမနေနဲ့ အမြန်လိုက်မှ ဖြစ်မယ်"

www.burmeseclassic.com

www.burmeseclassic.com



အိုင်အိုနန်းထိုက်က မြင်းဇက်ကြိုးကို ဖြုတ်ပေးကာ မြကေသီကို မြင်းပေါ် တက်ခိုင်းလိုက်သည်။ မြကေသီမှာလည်း ထပ်မေးမနေတော့ဘဲ မြင်းပေါ်သို့ သံကွင်းကိုနင်းကာ တက်လိုက်ရတော့သည်။

အိုင်အိုနန်းထိုက်က မြင်းကို လွှားကနဲ ခုန်စီးကာ စိုက်ပျိုးရေးခြံမှ ကောင်လေးညွှန်ပြသော လမ်းအတိုင်း ထွက်ခွာလာခဲ့၏။ ရှေ့သို့ အတော်ကြာကြာ သွားမိသောအခါတွင် လမ်းခွဲနှစ်ခုကို တွေ့ရသည်။

တစ်ခုမှာ ထားဝယ်မြို့ထဲသို့ ပြန်၍ကွေ့သည့် အရှေ့ဖက်လှည်းလမ်းဖြစ်၍ ကျန်တစ်လမ်းမှာ ထားဝယ်မြို့အနောက်ဖက် တောအုပ်ထဲသို့ ဝင်သောလမ်းဖြစ်နေသည်။ အိုင်အိုနန်းထိုက်သည် တောအုပ်ဖက်သို့ ကွေ့သည့် လမ်းအတိုင်းမြင်းကို မှန်မှန်စီးလာခဲ့သည်။

"ကိုနန်းထိုက်. . . ကိုနန်းထိုက် ခဏနေပါဦး"

နောက်မှ အိုင်အိုနန်းထိုက်က လှမ်းအော်လိုက်၍ မြင်း၏အရှိန်ကို လျှော့လိုက်ရလေသည်။

"ဘာလဲ ကေသီ"

"တောအုပ်ကြီးထဲကို တမြေ့မြေ့ရောက်လာပြီ"

"ဟုတ်တယ် ကေသီ ဒီမှာ မြင်းလှည်းရာတွေ ရှိပါတယ်။ နင်းကျထားလို့ စိုနေတဲ့ လှည်းရာသစ်တွေပဲ၊ ဂျာမဒါမူးသာက



ဒီလှည်းပေါ်မှာ ပါသွားနိုင်တယ်"

"ဖြည်းဖြည်းမောင်းပါ. . . ကေသီက မြင်း သိပ်မစီးတတ်ဘူး"

အိုင်အိုနန်းထိုက်မှာ မြကေသီ ကြောက်နေပြီမှန်းသိသောကြောင့် မြင်းကို အရှိန်လျှော့ကာ စောင့်၍စီးလာခဲ့လေသည်။ သစ်ပင်ရိပ်များကြားမှ နေရောင်ခြည် ထိုးကျနေသောကြောင့် သစ်ရွက်များပေါ်တွင် မြင်းလှည်းရာက ပျောက်သွားပြန်လေသည်။

အိုင်အိုနန်းထိုက်သည် ပတ်ဝန်းကျင်ကို လှည့်ကြည့်လိုက်ပြန်၏။ ထိုအခါတွင် သစ်ရွက်များ သစ်ခက်များ ရှင်းသောမြေပေါ်တွင် မြင်းလှည်းရာကို တွေ့လာရ၍ ထိုနေရာအတိုင်း ဆက်၍ခရီးနှင့် လာရလေတော့သည်။

တဖြည်းဖြည်း ချောက်ကမ်းပါးကုန်းပေါ်သို့ ရောက်၍လာကြသည်။ သာမန် မြင်းလှည်းမောင်းသူတို့သည် ထိုကုန်းပေါ်မှ တက်မောင်းမည် မဟုတ်ပေ။ တစ်နေရာသို့ ရောက်သောအခါတွင် အိုင်အိုနန်းထိုက်သည် အံ့အားသင့်သွားလေတော့သည်။

"ဟင်"

သစ်ခက်တစ်ခုတွင် ချိတ်နေသော ပိုးပဝါ အနီလေးကို တွေ့ရသောကြောင့်ပင် ဖြစ်၏။

*

www.burmeseclassic.com

www.burmeseclassic.com





ရာဇဝင်အုပ် ဦးထွန်းကျော်သည် သက်တန့်ရောင်လှေကြီးပေါ်သို့ တက်လာခဲ့သည်။ ပင်လယ်ကမ်းစပ်တွင် သက်တန့်ရောင် လှေကြီးတစ်စင်းရပ်ထားသည်။

ထိုလှေကြီးပေါ်မှ လူတစ်ဦးသည် ငွေသောင်ပြင် အရက်ဆိုင်သို့ လာရောက်၍ အရက်သောက်တတ်သည် ဆိုခြင်းကို သူ့ပုလိပ် ပတ္တရောင်များထံမှ သတင်းရရှိထားသည်မှာ ကြာပြီဖြစ်၏။

"ရှော့ဖိုးသာသတ်မှု" ဖြစ်ပွားလာသောအခါတွင် ငွေသောင်ပြင် အရက်ဆိုင်ပိုင်ရှင်နှင့် စားပွဲထိုးများကို ဦးထွန်းကျော်က တစ်ဦးချင်း ခေါ်ယူစစ်ဆေးလျက် အရက်ဆိုင်တွင် လာရောက်၍ နေ့စဉ်သောက်သုံးသူများအကြောင်းကို စုံစမ်းလေ့လာခဲ့



လေသည်။

ထိုအခါတွင် သက်တန့်ရောင် အနားသတ်လှိုင်းပါသည့် စက်လှေကြီးတစ်စီးသည် ထားဝယ်ဆိပ်ကမ်းတွင် ဆိုက်ကပ်လေ့ရှိပြီး တစ်ခါတစ်ရံတွင် ထိုလှေကြီးပေါ်၌ မီးရောင်များလင်း၍ ကြောက်မက်ဖွယ်ရာ တစ္ဆေများ လှုပ်ရှားသွားလာ နေတတ်ကြောင်း စားပွဲထိုးတစ်ဦးက ထွက်ဆိုခဲ့သည်။

အလားတူပင် စိမ်းရွှက်ဝါ တည်းခိုခန်းကို စစ်ဆေးသောအခါတွင် ချက်ပြုတ်ဆောင်မှ မသင်္ကာစရာ လူတစ်ဦးကို တွေ့ရှိရ၍ ဖမ်းဆီးချုပ်နှောင်ထားခဲ့သည်။

ထိုသူမှာ သံမဏိမုဆိုး ဂိုဏ်းသားတစ်ဦး ဖြစ်သောကြောင့် သူတို့၏ ဂိုဏ်းချုပ်နှင့် အဖွဲ့သားများအကြောင်းကို ထုတ်ဖော်ဝန်ခံရသည်။

သို့သော် ဂိုဏ်းချုပ်၏ အမည်နာမနှင့် ပုံပန်းသွင်ပြင်ကို ပြောနိုင်ခြင်းမရှိဘဲ ဦးချုပ်ပါသော ရေဲသားမျက်နှာဖုံးကို စွပ်ထားသည်ဟုသာ သိရှိရသည်။

နေ့လည်ပိုင်းတွင် ပုလိပ်တစ်ဖွဲ့နှင့်အတူ ဦးထွန်းကျော်သည် ထားဝယ်ဆိပ်ကမ်း၌ရှိသော လှေကြီးကို ဝိုင်းဝန်း၍ တက်ရောက် စီးနင်းလေတော့သည်။

သို့သော် စိမ်းရွှက်ဝါ တည်းခိုခန်းမှ စဖိုဆောင်ဝန်ထမ်းယောင် ဆောင်နေသူက ထွက်ဆိုသကဲ့သို့ သက်တန့်ရောင်လှိုင်း

www.burmeseclassic.com

www.burmeseclassic.com



များနှင့် ဆိပ်ကမ်းတွင် ရပ်ဆိုင်းထားသော လှေကြီးပေါ်တွင် တာစွေမျက်နှာဖုံးနှင့် လူများကို မတွေ့ရဘဲ "ဦးသာဒင်" ဟူသော လှေဦးစီးကြီးက ငါးဖမ်းလှေအဖြစ် ပင်လယ်ပြင်ကို ထွက်ခွာရန် ဒလှေကြီးကို ပြင်ဆင်နေကြောင်း တွေ့ရှိရသည်။

ရာဇဝတ်ဦးထွန်းကျော်သည် ဦးသာဒင်ကို လှေကြီးပေါ်မှာပင် စစ်ဆေးမေးမြန်းလေသည်။

"ဒီစက်လှေဟာ ခင်ဗျားပိုင်တဲ့ စက်လှေလား"

"ဟုတ်ပါတယ်. . . မနေ့က နေ့ခင်းကမှ ဒီစက်လှေကို ဝယ်ယူလိုက်တာပါ"

ဘာ. . . ဝယ်လိုက်တာ"

"ဟုတ်ပါတယ် စက်လှေရဲ့ လက်ရှိပေါက်စျေးထက် တစ်ဝက်လျှော့ပြီး ရောင်းလို့ ကျွန်တော် ငွေချေပြီး ချက်ချင်းဝယ်လိုက်ပါတယ်"

"ခင်ဗျားကို စက်လှေရောင်းတဲ့ လူတွေက ဘယ်သူတွေလဲ"

"သူကိုယ်သူ သံမဏိမုဆိုးလို့ ပြောပါတယ် စာချုပ်ထဲမှာလဲ သံမဏိမုဆိုးလို့ပဲ လက်မှတ်ရေးထိုးထားပါတယ်။ လူကတော့ လူရွယ်ပါ. . . သူနဲ့အတူ အမျိုးသမီးတစ်ယောက်လဲ ပါလာပါတယ် ခပ်ချောချောပါပဲ"

ဦးသာဒင်က သူ့မျက်နှာမှ ချွေးများကို သုတ်ကာပြော



လိုက်သည်

"ခင်ဗျားက အချောင်ရလို့ ဝယ်လိုက်တယ် ဆိုပါတော့၊ စက်လှေပေါ်မှာ အဲဒီတုန်းက လူဘယ်နှစ်ယောက်ရှိသလဲ"

"ငွေချေတော့ ကျွန်တော်နေတဲ့ ရွာကိုလာပြီးတော့ ယူတာပါ စက်လှေကို ကျွန်တော် လာကြည့်တဲ့အခါ ဘယ်သူမှ မရှိတော့ပါဘူး"

"သူတို့ ဘယ်ကိုထွက်သွားကြသလဲ"

"ညတွင်းချင်းပဲ ခရီးထွက်စရာရှိတယ်လို့ ပြောပါတယ်"

ရာဇဝတ်အုပ် ဦးထွန်းကျော်မှာ သံမဏိမုဆိုးကို ဖမ်းရန် မိမိ အနည်းငယ် နောက်ကျသွားကြောင်း သိရှိလိုက်ရလေတော့သည်။

"သူတို့ တစ်ခြားစက်လှေ တစ်စီးစီးနဲ့ ထွက်သွားကြတယ်လို့ ထင်သလား"

ဦးသာဒင်က ခေါင်းခါလိုက်သည်။

"ကျွန်တော့် အထင်တော့ ဒီထားဝယ်မြို့ကနေ မြင်းနဲ့ ထွက်သွားကြတယ်လို့ ထင်ပါတယ်။ မြင်းတွေ သူတို့ မြင်းစောင်း ရှိတဲ့နေရာမှာ သွားတပ်နေလို့ ကျွန်တော့်လှေက တံငါတစ်ဦးက ပြောတယ်"

ရာဇဝတ်အုပ် ဦးထွန်းကျော်သည် ထားဝယ်မြို့ထဲတွင် နေထိုင်ရန်အတွက် လူဆိုးစာရင်းဝင်သူများကို ခေါ်ယူစစ်ဆေး

www.burmeseclassic.com

www.burmeseclassic.com



ရန်အတွက် ပုလိပ်ဌာနသို့ ပြန်လာခဲ့၏။

ထိုအခါတွင် အမျိုးသမီးတစ်ဦးက ဂျာမဒါမူးသာကို လာရောက်စုံစမ်းသွားကြောင်း ပုလိပ်ဌာနတွင် အစောင့်ထားခဲ့သည့် ပုလိပ်တပ်ကြပ်က ဦးထွန်းကျော်ကို ပြောကြားခဲ့လေတော့၏။

*

ဖြူပြာ၏ လည်စီးပုဝါ အနီရောင်ကို တွေ့သောအခါတွင် အိုင်အိုနန်းထိုက်သည် မြင်းပေါ်မှ လွှားကနဲ ခုန်ချလိုက်တော့သည်။

အိုင်အိုနန်းထိုက်သည် ခရီးရှည် မြင်းစီးလာရသောကြောင့် သူ့မျက်နှာတွင် တပ်ဆင်ထားသော သွားတုမှာလည်း ပြုတ်ကျသွား၍ ဆံပင်များမှာလည်း ပုံမှန်အနေအထားသို့ ပြန်ရောက်နေသည်။

အဝတ်အစားကသာ တရုတ်များ ဝတ်လေ့ရှိသော ဘောင်းဘီပွနှင့် လည်ဝိုင်းလက်စက အင်္ကျီစနှင့်ဖြစ်နေသည်။ သစ်ပင်အကိုင်းတွင် ချိတ်နေသော ဖြူပြာ၏ ပိုးပဝါအနီလေးကို ဖြုတ်ကာ ယူလိုက်လေသည်။

မြင်းလှည်းဘီးရာနှင့် မြေနီပေါ်တွင် လှုပ်ရှားသွားသော



ဂျာမဒါမူးသာ၏ ခြေရာကို အိုင်အိုနန်းထိုက်တွေ့ရှိလိုက်ရသည်။ ဂဝံမြေမှာ အမှုန့်ဖြစ်နေသော မြေပွဖြစ်၍ ခြေရာများမှာ ထင်ရှားသည်။ နိမ့်လျော့သော ချောက်ထဲသို့ လျှော့လှိမ့်ကျသွားသည့် ဖြူပြာ၏ ကိုယ်လုံးရာကို တွေ့လိုက်ရသည်။

စွပ်ပါးဆွဲသလို အခင်းကြောင်းကြီးက မြေနီမှုန့်များပေါ်တွင် ထင်ရှားနေ၏။

မြကေသီမှာလည်း မြင်းပေါ်မှဆင်းကာ သူမ၏ မြင်းကို အိုင်အိုနန်းထိုက် မြင်းချည်နှောင်သည့် နေရာတွင် ချည်ထားလိုက်ကာ အိုင်အိုနန်းထိုက်ရပ်ကြည့်နေသော တောင်စောင်းသို့ ရောက်ရှိလာသည်။

လှည်းဘီးရာကတော့ ရှေ့ဆက်သွားနေသော်လည်း ဂျာမဒါမူးသာ၏ ခြေရာကို အိုင်အိုနန်းထိုက် ကောင်းကောင်း သတိထားမိလိုက်သည်။

မြင်းလှည်း၏ အမိုးတခြမ်းမှာ အင်ကြင်းပင် အကိုင်းတွင် ချိတ်၍နေသည်ကို အိုင်အိုနန်းထိုက် မြင်တွေ့လိုက်ရတော့၏။

"တစ်ခုခုတော့ တစ်ခုခုပဲ ကေသီ"

"ဘာလဲ ကိုနန်းထိုက်"

"ဒီမှာ ဂျမဒါမူးသာရဲ့ ခြေရာကို တွေ့ရတယ် ဖြူပြာ ရဲ့ ခြေရာကို မတွေ့ရဘူး"

"ဖြူပြာဆိုတာ ဘယ်သူလဲ ကိုနန်းထိုက်"

www.burmeseclassic.com

www.burmeseclassic.com



"ဖြူဖြာဆိုတာ မနေ့မနက်က မြင်းလှည်းမောင်းသွားတဲ့ မိန်းကလေးလေ ဒါသူ့ လည်စီးပေါ့"

မြကေသီသည် ထိုအခါတွင်မှ လည်စီးပဝါနီလေးကို သတိရမိသွားသည်။

"ဟုတ်ပါရဲ့ ဒါမနေ့က ကိုနန်းထိုက် ငေးပြီး လိုက်ကြည့်နေတဲ့ မိန်းမခပ်ချောချောရဲ့ လည်စီးပုဝါပဲ၊ ကိုနန်းထိုက်ကတော့ တောင်းကောင်း မြင်မိတယ်နော်"

"မှတ်မိတာပေါ့ ကေသီ၊ သူ့ကို စက်လှေပေါ်မှာကတည်းက ကိုယ်ကမြင်ဖူးတာကိုး. . . ကဲ သူ့ရဲ့ခြေရာမတွေ့ရဘဲ မူးသာရဲ့ ခြေရာကို တွေ့မြင်ရတာက ထူးခြားတယ်။ ပြီးတော့ ဆင်းတဲ့ ခြေရာထက် ပြန်တက်လာတဲ့ ခြေရာတွေက ပိုနက်ပြီး ပိုထင်ရှားတယ်တွေ့လား"

"အဲဒါ ဘာသဘောလဲ"

"ရှင်းပါတယ် ပိန်တဲ့လူက နင်းရင်ခြေရာဟာ သိပ်မနက်ဘူး ကိုယ်ခန္ဓာကြီးတဲ့လူရဲ့ ခြေရာက ပိုပြီးနက်တယ်ဆိုတာ မြကေသီ သင်ဖူးတယ်မို့လား"

"ဟုတ်တယ် ကိုနန်းထိုက်. . . ဒါဆိုရင် ဆင်းတုန်းက လူချည်းဖြစ်ပြီး ပြန်တက်လာတဲ့အခါ အလေးအပင် တစ်ခုခု မ,လာတဲ့ သဘောပေါ့"

မြကေသီကလည်း စုံထောက်သင်တန်း တက်ဖူးသူဖြစ်၍



ခြေရာတစ်ခု၏ အတိမ်အနက်သဘောကို သိရှိထားလေသည်။

"ကေသီပြောတာ မှန်တယ်၊ ကေန္တ လှည်းထဲက ကျသွားတဲ့အရာတစ်ခုခုကို သူက ဆင်းပြီးတော့ သယ်ယူတာပဲ ဒီအချိန်မှာ မြင်းလှည်းက ထွက်သွားနိုင်တယ်"

အိုင်အိုနန်းထိုက်သည် ပုဝါအနီလေးကို စုံ၍ကိုင်ကာ တောအုပ်ထဲသို့ လှမ်းလျှောက်လာသည်။ သစ်ခက်သစ်ရွက်များ ကျိုးပြတ်ခြင်း မြက်ရိုင်းပင်များလဲ ကျခြင်းတို့ကိုကြည့်ကာ လျှောက်လှမ်းလာရာ ကျောက်ဂူတစ်ခုကို တွေ့လိုက်လေသည်။

"ရှူး"

မြကေသီကို လှည့်၍ အသံမထွက်ရန် သတိပေးလိုက်သည်။ ထို့နောက် ဂူ၏အနီးသို့ တိုးကပ်လာသောအခါတွင် ဂူအဝကို မှီကာ အိပ်ပျော်နေသော ဂျာမဒါမူးသာကို တွေ့လိုက်ရသည်။

ထိုစဉ်မှာပင် ဂူထဲမှ လူပ်ရှားမှုတစ်ခုကို တွေ့သောကြောင့် အိုင်အိုနန်းထိုက်သည် မြကေသီ၏ လက်ကိုဆွဲကာ ချုံအကွယ်တွင် ထိုင်၍ချလိုက်တော့သည်။

သူတို့ပုန်းလိုက်သော ချုံမှာ ဂူပေါက်ဝကို ကျောမှီ၍ အိပ်ပျော်နေသော ဂျမဒါမူးသာနှင့် ဆယ်ပေခန့်သာ ကွာပေတော့သည်။ ဂူထဲတွင် လှုပ်ရှားလာသော လူရိပ်မှာ ဂူပေါက်ဝသို့ တရွေ့ရွေ့တိုးကပ်လာသည်ကို တွေ့မြင်လိုက်ရလေသည်။

www.burmeseclassic.com

www.burmeseclassic.com



*

စင်စစ် ဂျမဒါမူးသာသည် တစ်ညလုံး သတိမရသော ဖြူပြာကို သူ သင်ကြားနားလည်ထားသည့် နည်းဖြင့် တောထဲမှ ယူကာလစ်ရွက်၊ ဂုံကမံရွက်၊ ဆေးပေါင်းရွက် စသည်တို့ဖြင့် ကျိတ်ကာ ဒဏ်ရာရ၍ ပွန်းပဲ့ထားသော တံတောင်ဆစ်၊ ဒူးနှင့် ခေါင်းတို့ကို အနာသက်သာစေရန် အုံခဲထားခဲ့သည်။

မကြာမကြာ ရေစက်ကိုလည်း ဖြူပြာ၏ နှုတ်ခမ်းအစုံပေါ်တွင် အစက်ချပေးခဲ့၏။ နံနက်လင်း၍ နေရောင်ပေါ်ထွက်လာသောအခါ ပင်ပန်းနွမ်းနယ်ခြင်းနှင့် အိပ်ရေးပျက်ခြင်းတို့ကြောင့် မဟာန်နိုင်တော့ဘဲ အိပ်မောကျသွားခြင်းပင် ဖြစ်လေသည်။

နံနက် (၁၀) နာရီလောက်က အိပ်ပျော်သွားသော ဂျမဒါမူးသာမှာ နေ့လည်တစ်နာရီရှိပြီဖြစ်သော အိုင်အိုနန်းထိုက်နှင့် မြကေသီတို့ ရောက်လာချိန်တွင် ကောင်းကောင်းအိပ်ပျော်နေဆဲသာဖြစ်လေသည်။

မြင်းများကို ကြိုးချည်းကာ အိုင်အိုနန်းထိုက်နှင့် မြကေသီတို့ ကျောက်ဂူနားသို့ တိုးကပ်လာသည့်အချိန်တွင် ဖြူပြာသည် တစ်ညနှင့် နေ့တစ်ဝက်မျှ သတိမေ့နေရာမှ သတိရလာလေသည်။ ပထမဆုံး သူမသည် မျက်လုံးကိုဖွင့်ကာ သူမ ရောက်ရှိနေသည့် နေရာကို ကြည့်လိုက်၏။

"ဟင်. . . ငါဘာဖြစ်သွားတာလဲ"



ရုတ်တရက် အုံ့အားသင့်ကာ သူမ စဉ်းစားကြည့်သည်။

ထိုအခါတွင်မှ ဂျာမဒါမူးသာကို ထားဝယ်မြို့ထဲမှ မြင်းလှည်း တင်ခေါ်လာခဲ့ပုံ၊ တောထဲသို့ အရောက်တွင် သူ့ အစ်ကို သံမဏိ မုဆိုးတို့ ပုန်းအောင်းနေရာသို့ ခေါ်ဆောင်သွားရန် ရည်ရွယ်ခဲ့သော်လည်း မြင်းမှာ ထိတ်လန့်၍ တရကြမ်း ပြေးဆွဲသွားသောကြောင့် သူ မြင်းလှည်းပေါ်မှ ပြုတ်ကျ၍ သတိမေ့ပုံတို့ကို အမှတ်ရလာ၏။

"အင်း. . . ကြည့်စမ်းဒါဆိုရင် ချောက်ထဲကနေ ငါ့ကို ဂျမဒါမူးသာက ●ယ်တင်လာတာထင်တယ် တော်သေးတာပေါ့။ ဒါပေမယ့် ငါ့တာဝန်က သူ့ကို သတ်ဖို့တာဝန်ပဲ. . . သူရော အခု ဘယ်မှာလဲ"

ခေါင်းထောင်ကာ ဂူထဲတွင် လှည့်ပတ်ရှာဖွေလိုက်သည်။ သူမ၏ ခန္ဓာကိုယ်မှာ နာကျင်ကိုက်ခဲနေသည်။ သို့သော် အားယူ၍ လေးလံစွာထလိုက်သည်။

"ငါ့ကို ငါ့အစ်ကိုက သူ့ကိုသတ်ဖို့ တာဝန်ပေးထားတာပဲ။ သူကတော့ အိပ်ပျော်နေပြီ"

ဖြူပြာသည် ထ၍ရပ်လာကာ သူမ၏ ခြေသလုံးတွင် ဝှက်၍ယူဆောင်လာခဲ့သော ဓားမြှောင်ကို ကုန်း၍နှုတ်ယူလိုက်သည်။

ထို့နောက် ဓားကိုညာလက်နှင့် ဆုပ်ကိုင်ရင်း ဂူပေါက်ဝ

www.burmeseclassic.com

www.burmeseclassic.com



တွင်မှီကာ အိပ်မောကျနေသော ဂျမဒါမှူးသာ ရှိရာသို့ လျှောက်လှမ်းလာခဲ့လေတော့၏။

အဝါရောင်အကျီနှင့် လုံခြည်ကိုဝတ်ဆင်ထားသော ဖြူပြာ၏ လှုပ်ရှားမှုကို ဂူပေါက်ဝရှေ့ရှိ ခြုံအကွယ်တွင် ချောင်းကြည့်နေသော အိုင်အိုနန်းထိုက်မှာ ထိတ်လန့်စွာ တွေ့မြင်လိုက်ရလေသည်။

"အစ်ကိုမှူးသာကို ဟိုမိန်းမ သတ်တော့မယ်ထင်တယ် သေနတ်နဲ့ ပစ်လိုက်ပါ"

မြကေသီက သေနတ် ဆုပ်ကိုင်းထားသော အိုင်အိုနန်းထိုက်ကို ခပ်တိုးတိုး သတိပေးစကား ပြောကြားလိုက်၏။ အိုင်အိုနန်းထိုက်က မြကေသီကို အသာနေဟူသော အမူအရာမျိုး ဖြင့် နှုတ်ခမ်းကို လက်ညှိုးထောင်ကာ သတိထားလိုက်သည်။

ဤသို့ဖြင့် ဖြူပြာသည် တဖြည်းဖြည်း ဂူပေါက်ဝသို့ ချဉ်းကပ်လာသည်။ သူမသည် ဂူနံရံကို မှီနေသော ဂျာမဒါမှူးသာ ရှေ့တွင် ဓားကိုဆုပ်ကိုင်၍ ရပ်နေ၏။

"အင်း သူက ငါ့ကို ချောက်ထဲကျသွားတာတောင် ဆင်းကယ်ပြီး ဒီဂူထဲမှာ ဒဏ်ရာတွေ ဆေးထည့်ပေးထားတဲ့ ကျေးဇူးရှင်ပဲ ငါသတ်လို့ ကောင်းပါမလား"

ဖြူပြာသည် ခဏမျှရပ်ကာ တွေဝေနေ၏ ထို့နောက် အံကိုကြိတ်လိုက်ကာ. . .



"အို. . . ဒါဟာ ငါတို့ သံမဏိမုဆိုးအဖွဲ့ရဲ့ တာဝန်ပဲ ကျေးဇူးတွေက တွေဝေနေရင် အချိန်ကြာတယ် ကဲ"

ဟု ဆိုကာ ဂျာမဒါမှူးသာ၏ ရင်ဝသို့ လက်ထဲတွင် ဆုပ်ကိုင်ထားသော ဓားမြှောင်ကို စိုက်ချရန် ရွယ်လိုက်လေတော့သည်။

ထိုအချိန်မှာပင် အိုင်အိုနန်းထိုက်သည် ခြုံထဲမှ ခုန်းကနဲ ခုန်ကာ ထွက်လိုက်လေတော့၏။

"ဖြူပြာ"

"ဟင်"

အိုင်အိုနန်းထိုက်၏အသံကြောင့် ဖြူပြာသည် ဓားရွယ်ထားရင်း အံ့သြသံဖြင့် လှည့်ကြည့်လိုက်လေသည်။ အိုင်အိုနန်းထိုက်က ဖြူပြာထံသို့ ပြေးသွားကာ ဓားကိုင်လက်ကို ဖမ်း၍ဆုပ်လိုက်လေတော့၏။

*

"အစ်ကို. . . အစ်ကိုဘာမှ မဖြစ်ဘူးနော်"

ဖြူပြာသည် အိုင်အိုနန်းထိုက်ကို မှတ်မိသွားကာ ဓားကို လွှတ်ချ၍ ပြေးဖက်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ဘာမှမဖြစ်ပါဘူး ဖြူပြာ. . . အစ်ကိုနံပါတ်(၃)ရဲ့ ရန်ကြောင့် လှေပေါ်က ထွက်ပြေးခဲ့တာပါ"

ဖြူပြာကို အလိုက်သင့် ပြန်ဖက်ထားလိုက်ရင်း အိုင်အိုနန်းထိုက်က ပြောလိုက်လေသည်။ ဖြူပြာနှင့် အိုင်အိုနန်းထိုက်တို့ တစ်ဦးနှင့် တစ်ဦးစကားပြောသံကြောင့် အိပ်မောကျနေသော ဂျာမဒါမူးသာသည် ဆတ်ကနဲ နိုးလာလေတော့၏။

"ဟင်. . . ဆရာ ကိုနန်းထိုက်"

"မူးသာ မင်းသတိရလာပြီလား"

ဂျာမဒါမူးသာ သတိရလာသောကြောင့် အိုင်အိုနန်းထိုက်နှင့် ဖြူပြာတို့မှာ လူချင်းခွဲလိုက်ရလေသည်။ မြကေသီမှာလည်း အိုင်အိုနန်းထိုက်နှင့် ဖြူပြာတို့၏ သံယောဇဉ်ကို တွေ့မြင်လိုက်ရသောကြောင့် အံ့အားသင့်ကာ မျက်ရည်များ ဝဲသွားလေသည်။

ထိုအချိန်မှာပင် တောထဲမှ သစ်ရွက်ခြောက်ပေါ်သို့ ခြေနင်းလာသံများကို ကြားရလေတော့သည်။

"ကိုနန်းထိုက်. . . ကိုနန်းထိုက်. . . ရန်သူတွေလာ နေပြီ"

ဖြူပြာက ခြုံထဲမှထကာ အော်ဟစ်သတိပေးလိုက်သည်။ ထိုအချိန်မှာပင် သေနတ်သံများကို စ၍ ကြားလိုက်ရလေတော့သည်။

"စုံထောက်ကောင်တွေ မင်းတို့ ငါလက်က လွတ်မယ် ထင်သလား"

BURMESE CLASSIC .com



"ဖောင်း. . . ဖောင်း. . . ဖောင်း"

"အိုး"

ဂျမဒါမူးသာသည် သူ၏သေနတ်ကို ထုတ်ကာ သေ နတ်သံများလာရာသို့ ပြန်၍ထိုးကာ ပစ်ခတ်လိုက်၏။

ဓာတ္တေမျက်နှာဖုံးများသည် တောအုပ်ထဲမှ ပေါ်လာကာ တဖြည်းဖြည်း ဝန်းရံလာလေသည်။

"စုံထောက်ကောင်တွေကို မလွှတ်စေနဲ့"

"ဖောင်း. . . ဖောင်း"

သံမဏိမုဆိုးဂိုဏ်းချုပ် နံပါတ်(၁) သည် သစ်ပင်တစ် ပင်ကို ကွယ်ကာ သူ့သေနတ်နှင့် ပစ်နေသည်။ အိုင်အိုနန်းထိုက် သည် ဖြူပြာ၏ လက်ကိုဆွဲကာ ကျောက်ဂူဘေးတွင် ကပ်နေရာမှ အုပ်စုနှစ်ဖက်ကြားတွင် ရောက်ရှိနေသော မြကေသီကို သတိရ သွားသည်။

"ကေသီ. . . မထနဲ့ ခြုံထဲမှာဝပ်နေ"

"ဖောင်း. . . ဖောင်း. . . ဖောင်း"

ကေသီမှာ ဂူနားတောင်ကုန်းပေါ်တွင် ရောက်နေသော ကြောင့် သံမဏိမုဆိုးတို့ဖက်မှ မြင်သာနေသည်။

"ဖောင်း"

"အား"

"မြကေသီ အောက်ဖက်ကို လှိမ့်ချ အဲဒီနားမှာ မနေနဲ့"

www.burmeseclassic.com

www.burmeseclassic.com



ဂျာမဒါမူးသာက လှမ်းအော်၍ မြကေသီက လှိမ့်ကာ ချလိုက်လေတော့၏။

*

မြကေသီမှာ လောလောဆယ် ပစ်ကွင်းမှ လွတ်မြောက်သွားသော်လည်း သံမဏိမုဆိုးဂိုဏ်းချုပ်နံပါတ်(၁) ပုန်းအောင်းနေရာသစ်ပင်နှင့် မနီးမဝေးသို့ ရောက်ရှိသွားလေတော့သည်။

"ဖောင်း. . . ဖောင်း. . . ဖောင်း"

ငရဲသားကဲ့သို့ ဦးဂြိုဟ်နှစ်ဖက်ဆောင်သည့် မျက်နှာဖုံးစွပ်ထားသော သံမဏိမုဆိုးဂိုဏ်းချုပ် နံပါတ်(၁)သည် မြကေသီရှိရာသို့ လွှားကနဲ ပြေး၍ လှိမ့်ကာ မြကေသီကို ဖမ်းချုပ်၍ သေနတ်နှင့် ချိန်ထားလိုက်လေတော့သည်။

"အား"

မြကေသီမှာ နံပါတ်(၁)၏နောက်မှ လက်ကိုလိမ်ချိုး၍ ဖမ်းခြင်းခံရသောကြောင့် ထိတ်လန့်စွာ အော်လိုက်သည်။

သံမဏိမုဆိုးဂိုဏ်းချုပ်သည် မြကေသီကို အကာအကွယ်ယူကာ ထရပ်လိုက်သည်။

"ဟေ့. . . ဂျာမဒါမူးသာနဲ့ အိုင်အိုနန်းထိုက် မင်းတို့ လက်နက်မချရင် မင်းတို့လက်ထောက် စုံထောက် မမြကေသီကို

BURMESE CLASSIC .com



ငါ ပစ်သတ်လိုက်မယ်"

"ဟင်"

အိုင်အိုနန်းထိုက်မှာ အံ့အားသင့်သွားသည်။ သူ၏ ရှေ့တွင် ဖြူဖြူက ရှိနေသည်။ ဖြူဖြူသည် ကြောက်ရွံ့၍ တုန်တုန်ရင်ရင်ဖြစ်နေ၏။

အိုင်အိုနန်းထိုက်က ဖြူဖြူ၏ ခါးကိုဖက်လိုက်တာ. . .

"သံမဏိမုဆိုးဂိုဏ်းချုပ် ဒီမှာ မင်းရဲ့ ညီမဖြူဖြူကို ငါ ပစ်သတ်လိုက်မယ် မင်း ကေသီကို လွှတ်ပေးလိုက်"

သူ့ညီမကို အကာအကွယ်ယူကာ ထရပ်လိုက်သော အိုင်အိုနန်းထိုက်စကားကြောင့် သံမဏိမုဆိုးဂိုဏ်းချုပ်မှာ ဒေါသထွက်သွားသည်။

"ဖောင်း. . . ဖောင်း. . . ဖောင်း"

သူ့ဘေးမှ သံမဏိမုဆိုးအဖွဲ့သားများက အိုင်အိုနန်းထိုက်နှင့် ဂျမဒါမူးသာတို့ရှိရာသို့ သေနတ်များဖြင့် လှမ်းပစ်နေသည်။

"ဖောင်း. . . ဖောင်း. . . ဖောင်း"

"အား"

"အမလေး"

သံမဏိမုဆိုးဂိုဏ်းချုပ်သည် မြကေသီကို ဖမ်းကာ အကြွပ်ကိုင်နေသကဲ့သို့ အိုင်အိုနန်းထိုက်ကလည်း မျက်ရည်များ

www.burmeseclassic.com

www.burmeseclassic.com



ရွဲကာ အံကြိတ်ထားသော ဖြူဖြူကို ခါးမှတင်းတင်းဖက်ကာ ရပ်နေ၏။

"ဖြူဖြူကို ပစ်သတ်ချင်သတ်ပါ အစ်ကို၊ ရှင်က စုံထောက်ကြီး . . . ကျွန်မအစ်ကိုကို အကြွပ်မကိုင်ပါနဲ့"

ဖြူဖြူက နာကျင်ကြေကွဲသော အသံဖြင့် မရုန်းဘဲ ငြိမ်နေရင်း ပြောလိုက်သည်။

"ကိုယ့်ကိုခွင့်လွှတ်ပါ ဖြူဖြူ . . . ဖြူဖြူရဲ့ အစ်ကိုကို လက်နက်ချခိုင်းပါ ဖြူဖြူတို့ သက်သာဖို့ ဥပဒေဖက်က အစ်ကို တာဝန်ယူပါတယ်"

အိုင်အိုနန်းထိုက်က ဖြူဖြူကို ဖက်ရင်းချော့မော့ ဖျောင်းဖျလိုက်သည်။

မြကေသီမှာလည်း သံမဏိဂိုဏ်းချုပ် ချုပ်ကိုင်ထားသည့် ကြားမှ ရုန်းကန်နေသည်။

"ပြောလိုက်လေ ဖြူဖြူ . . . ဖြူဖြူ ဒီလိုမပြောရင် လူတွေအများကြီး သေကုန်မယ်"

ဖြူဖြူသည် ငိုယိုနေရာမှ . . .

"အစ်ကို လက်နက်ချလိုက် နောက်မှာပုလိပ်တွေလာနေပြီ"

"ခွေးမ ပါးစပ်ပိတ်ထားစမ်း နင့်အကောင်ဆီက ပြေးလာခဲ့"



မရဏမုဆိုးမှာ စကားအဆုံးတွင် သေနတ်နှင့် လှမ်း၍ ပစ်လိုက်ပြန်၏။

"ဖောင်း"

"အိုး"

အိုင်အိုနန်းထိုက်သည် သူ၏ညီမကိုပင် မညှာဘဲ သေနတ်နှင့် ထိုးပစ်လိုက်သောကြောင့် ဖြူဖြူကို မထိအောင်ဘေး သို့ ဆွဲကာ နှစ်ဦးလုံး လှဲချ၍ ရှောင်တိမ်းလိုက်၏။

"အစ်ကို . . . ရှင် သိပ်မှားနေပြီ"

လဲကျသွားစဉ် ဖြူဖြူက ခပ်တိုးတိုး ပြောလိုက်လေသည်။

"ဘာဖြစ်လို့လဲ ဖြူဖြူ"

"ဂိုဏ်းချုပ်က ကျွန်မရဲ့ အစ်ကိုအရင်း မဟုတ်ပါဘူး။ ကျွန်မကို တိတ်တိတ်ပုန်းယူထားတဲ့ လူပါ၊ ဒါကြောင့် ကျွန်မရော ရှင့်ကိုပါ သူက ပစ်သတ်မှာပါပဲ"

"ဟင်"

*

www.burmeseclassic.com

www.burmeseclassic.com



အိုင်အိုနန်းထိုက်သည် ရင်နာစရာကောင်းလှသော ဖြူပြာ၏ဘဝကို သိမြင်လိုက်ရသည်။

"ဖြစ်ရလေ ဖြူပြာ. . . ဒါဆို ဖြူပြာသူ့ဆီကို ပြန်မသွားဘူးပေါ့"

ပြန်သွားရင် ငရဲကျတာထက် ဆိုးတဲ့ဘဝ ရောက်မှာပါ အစ်ကို"

အိုင်အိုနန်းထိုက်သည် ရာဇဝတ်အုပ် ဦးထွန်းကျော်နှင့် ပုလိပ်အဖွဲ့ နောက်ဖက်မှ ရောက်ရှိလာကြောင်း သိရသောကြောင့် ဖြူပြာကိုလွှတ်ကာ တော်ကုန်းအောက်သို့ လိုမ့်ချလိုက်တော့သည်။

ဖြူပြာသည်လည်း အိုင်အိုနန်းထိုက်၏ နောက်မှ လိုက်၍လိုမ့်ချလာ၏။

"ဖြူပြာ မလိုက်ခဲ့နဲ့"

အိုင်အိုနန်းထိုက်ကလှည့်ကာ သတိပေးလိုက်၏။ ထိုအချိန်မှာပင် ပျောက်ကွယ်ပုန်းအောင်းနေသော ဘီလူးမျက်နှာဖုံးစွပ်ထားသော နံပါတ်(၂)သည် မနီးမဝေး သစ်ပင်အကွယ်မှ အိုင်အိုနန်းထိုက်၏ ကျောကို သေနတ်နှင့် ချိန်ရွယ်ကာ ထိုးပစ်လိုက်၏။

"ဖောင်း"

"အား"

သေနတ်ပြောင်းဝကို တွေ့မြင်လိုက်သော ဖြူပြာမှာ



အိုင်အိုနန်းထိုက်၏ ကျောဖက်သို့ ပြေးကာ ကာလိုက်ရာ နံပါတ်(၂)၏ သေနတ်ကျည်ဆံက ဖြူပြာ၏ ကျောပြင်ထဲသို့ ဖောက်ကာဝင်သွားတော့၏။

ဖြူပြာ ဒူးထောက်ကျသွားသည်။ အိုင်အိုနန်းထိုက်က နံပါတ်(၂)ကို လှည့်ကာပစ်လိုက်လေသည်။

"ဖောင်း"

"အမလေး"

နံပါတ်(၂)ကို ကျည်ဆံမှန်ကာ လဲကျသွားသည်ကို တွေ့ရ၏။

နှစ်ဖက်ညှပ်၍ ပစ်နေသော သေနတ်သမားများကြောင့် သံမဏိမုဆိုး ဂိုဏ်းချုပ်မှာ မြကေသီကို တန်ဆာခံလုပ်ကာ နောက်ဖက်မှ သူ့လူများကို တစ်ဦးပြီးတစ်ဦး ပစ်ချကာ ဝန်း လာသော ရာဇဝတ်အုပ်ဦးထွန်းကျော်ကို လှည့်၍ ကာကွယ် သည်။

ထိုအခြေအနေကို ရိပ်မိသော မြကေသီမှာ ရှေ့သို့ ညာ တစ်လှမ်းတက်လိုက်ကာ အချုပ်ခံထားရသော ဘယ်လက်ကို ဖြေ ညာဒူးဖြင့် လှည့်ကာ သံမဏိဂိုဏ်းချုပ် နံပါတ်(၁)ကို တိုက် လိုက်တော့၏။

"ဒုတ်"

"အား"

www.burmeseclassic.com

www.burmeseclassic.com



အမှတ်မထင် တိုက်ကွက်ဖြစ်သောကြောင့် သံမဏိဂိုဏ်းချုပ်မှာ ဖင်ထိုင်လျက်ကျသွားသည်။ အိုင်အိုနန်းထိုက်သည် ထိုအဖြစ်အပျက်ကို တွေ့မြင်ရ၍ လွှားကနဲ ပြေးကာညာလက်ထဲမှ သေနတ်ကို ကန်ထုတ်လိုက်လေတော့သည်။

"ဖောင်း"

"အား"

သေနတ်သည် ချုံထဲသို့ လွင့်ထွက်သွားသည် အိုင်အိုနန်းထိုက်က သံမဏိဂိုဏ်းချုပ်၏ရင်ဝကို သေနတ်နှင့် ချိန်လိုက်သည်။

ရာဇဝတ်အုပ် ဦးထွန်းကျော်၏ လူများက ရောက်ရှိလာကာ သံမဏိဂိုဏ်းချုပ်ကို လက်ထိပ်ခတ်၍ ဖမ်းဆီးလိုက်လေတော့သည်။ ဂျမဒါမှူးသာသည်လည်း သူ့ဖက်သို့ ပြေးလာသော သံမဏိမုဆိုး ဂိုဏ်းသားများကို တစ်ဦးပြီးတစ်ဦး ပစ်ချနေသောကြောင့် သံမဏိမုဆိုး ဂိုဏ်းသားများမှာ လက်နက်ချကာ အဖမ်းခံရလေတော့၏။

"ကေသီ ဘာဖြစ်သွားသေးလဲဟင်"

"ကေသီ ဘာမှမဖြစ်ပါဘူး ကိုနန်းထိုက် မမဖြူပြာရော"

မြကေသီက မေးလိုက်တော့မှပင် ဖြူပြာကို သတိရကာ လှည့်ကြည့်လိုက်သည်။

"ဟင်"



ဖြူပြာမှာ ရင်ဝကိုလက်နှင့်ဖိကာ ခေါင်းငိုက်နေသည်ကို မြင်၍ အိုင်အိုနန်းထိုက်က ပြေးကာပွေ့လိုက်သည်။

"ဖြူပြာ"

ဖြူပြာသည် အသက်ကို ကြိုးစား၍ရှူရင်း မော့ကြည့်လိုက်လေသည်။

"အစ်ကို. . . အစ်ကို. . . ဘာမှမဖြစ်ဘူးနော်"

"ဘာမှ မဖြစ်ပါဘူး ဖြူပြာသတိထားပါ၊ ဖြူပြာကို အချိန်မီ ဆေးကုရမယ်"

အိုင်အိုနန်းထိုက်က ပွေ့ဖက်ထားရင်း ပြောလိုက်သည်။ ဖြူပြာက ခေါင်းခါလိုက်သည်။

"ဖြူပြာသိပါတယ် အစ်ကို ဖြူပြာ မနေရတော့ပါဘူး ဒါပေမယ့် ဖြူပြာကျေနပ်ပါတယ် ဟိုလူယုတ်မာကို မိ. . . မိသွားပြီ"

ဖြူပြာက ငရဲသားမျက်နှာဖုံးကို ပုလိပ်များက ဆွဲချွတ်၍ထားသော ဂိုဏ်းချုပ်နံပါတ်(၁)ကို လှမ်း၍ကြည့်လိုက်သည်။

"အော်. . . ဂျင်မီကိုး"

မစ္စအေမီနှင့် ထားဝယ်သို့ ရောက်လာသော ဂျင်မီသည် မရဏာမုဆိုးဂိုဏ်းချုပ် ဖြစ်နေသည်ကို တွေ့မြင်လိုက်ရတော့၏။

"အစ်ကို. . . ကျွန်မ ရှင့်ကို သိပ်ချစ်တယ်"

ဖြူပြာက ခပ်တိုးတိုးပြောကာ ငြိမ်သက်သွားလေတော့

www.burmeseclassic.com

www.burmeseclassic.com



၏။

"ဖြူဖြာ. . . ဖြူဖြာ"

အိုင်အိုနန်းထိုက်က ခေါ်သော်လည်း ဖြူဖြာသည် ပြန်၍ မထူးနိုင်တော့ပေ။ ဖြူဖြာ၏ကိုယ်ကို အိုင်အိုနန်းထိုက်သည် အသာအယာချလိုက်၏။

ဂျမ်ဗါမူးသာက ဆွဲထုတ်လာသော ဘီလူးမျက်နှာဖုံးနှင့် သေနတ်မှန်နေသော နံပါတ်(၂)ကို မြကေသီက မျက်နှာဖုံး ချွတ်ကြည့်လိုက်၏။

"အော်. . . သူတာလဲ မစ္စအေမီပဲကိုး"

အိုင်အိုနန်းထိုက်က မှတ်ချက်ချလိုက်မိလေတော့သည်။ မရဏမုဆိုးဂိုဏ်းသား ဆယ့်နှစ်ဦးနှင့် ဂိုဏ်းချုပ်ဂျင်မီကို ရာဇဝတ်အုပ် ဦးထွန်းကျော်နှင့် အိုင်အိုနန်းထိုက်တို့ ဖမ်းဆီးရမိလိုက်သည်။ အိုင်အိုနန်းထိုက်၏အနီးတွင် မြကေသီက ခေါင်းငုံ့ကာ ရပ်နေသည် အိုင်အိုနန်းထိုက်က ဖြူဖြာ၏ အလောင်းကို ငေးကြည့်နေ၏။

"သွားကြစို့ ကိုနန်းထိုက် ဟိုမှာ ရာဇဝတ်အုပ် ဦးထွန်းကျော်တို့အဖွဲ့ သွားကြပြီး

မြကေသီက သတိပေးစကားပြောကြားလိုက်မှ အိုင်အိုနန်းထိုက်သည် ဖြူဖြာကို ကျောခိုင်းလိုက်ရလေတော့သည်။ အလောင်းများကို စောင့်ကြပ်၍ သယ်ယူရန် ပုလိပ်အဖွဲ့များက



ဆောင်ရွက်နေကြပြီဖြစ်လေသည်။

အိုင်အိုနန်းထိုက်သည် မြကေသီနှင့် အတူ တိတ်ဆိတ်ငြိမ်သက်စွာ ထွက်ခွာလာခဲ့ရလေတော့၏။

ပြီးပါပြီ

သူရိန်ဆွေ

BURMESE CLASSIC .com

www.burmeseclassic.com